http://www.dhammadownload.com

K-850.

ဆဋ္ဌသင်္ဂီတိပုစ္ဆက

အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

# မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# ဘာရသုတ္တန်

## တရားတော်

သာသနာ - ၂၅၄၉ ကောဇာ - ၁၃၆၈ ခရစ် - ၂၀၀၆

http://www.dhammadownload.com

## ဘာရသူတွာန် တရားတော်ကြီး

ဆောင်ပုဒ်

လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးဆိုတာ ဘယ်ဟာလဲ။
ငါ့, ငါ့ဥစ္စာလို့ ထင်ရတဲ့ ခန္ဓာငါးပါး တရားပဲ။
ဝန်ထမ်းသမားဆိုတာ ဘယ်သူလဲ။
ခန္ဓာငါးပါးရှိနေတဲ့ ပုဂ္ဂိုလ်ပဲ။
ဝန်ထုပ်ကို ခံယူတယ်ဆိုတာ ဘယ်ဟာလဲ။
နှစ်သက်လိုချင်တဲ့ တဏှာပဲ။
ဝန်ထုပ်ကို ပစ်ချတယ်ဆိုတာ ဘယ်ဟာလဲ။
နှစ်သက်လိုချင်တဲ့ တဏှာကို ပယ်တာပဲ။

ဝန်ထုပ်ဆိုတာ၊ ငါးခန္ဓာ၊ လွန်စွာ လေးလှသည်။
ဝန်ထမ်းခေါ်လတ်၊ ပုဂ္ဂိုလ်မှတ်၊ ပညတ်သာဖြစ်သည်။
ဝန်ကိုယူက၊ ဆင်းရဲစွ၊ ပစ်ချ ချမ်းသာသည်။
မြစ်ရင်းပါဖျက် တပ်မက်ပယ်လျှင်၊
ဆာလောင်တောင့်တ၊ လုံးလကင်းစင်၊
ဝန်ဟောင်းစွန့်ပစ်၊ ဝန်သစ် မတင်၊
ပူခပ်သိမ်း၊ အေးငြိမ်း နိဗ္ဗာန်ဝင်။

http://www.dhammadownload.com

ဆဋ္ဌသင်္ဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ

ကမ္ဘာ့သာသနာပြု



ကျေးဇူးတော်ရှင် – မဟာစည်ဆရာတော်ဘုရားကြီး

http://www.dhammadownload.com

အဂ္ဂမဟာပဏ္ဍိတ၊ ဆဋ္ဌသင်္ဂီတိပုစ္ဆက

ကျေးဇူးတော်ရှင်

မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# ဘာရသုတ္တန်

# တရားတော်ကြီး

စတုတ္ထအကြိမ်

သာသနာ - ၂၅၄၉ ကောဇာ - ၁၃၆၇ ခရစ် - ၂၀၀၅

http://www.dhammadownload.com


# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၂၀၉၃၉၀၅၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် -

အုပ်ရေ - ၁၀၀၀
၂၀၀၆ ခုနှစ် ၊ နိုဝင်ဘာလ

## ထုတ်ဝေသူ

ဦးတင်ဝမ်း (၂၄၀)၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
၁၆ ၊ သာသနာ့ရိပ်သာလမ်း ၊ ဗဟန်းမြို့နယ်က ထုတ်ဝေ၍

## အဖုံးဖလင်ကာလာခွဲခြင်း ကို

**STARS** Colour Repro
အမှတ်(၁၈၇)၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
(ဖုန်း-၂၄၂၉၃၃၊ ၃၈၈၄၂၆၊ ၀၉၉၉ ၂၀၅၉၄) မှ လျှူဒါန်းပြီး

## အတွင်းဖလင်ကာလာခွဲခြင်း ကို

**EMPIRE** Colour Repro
အမှတ်(၁၈၈)၊ ၃၄ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
(ဖုန်း-၇၂၄၃၇၆) မှ လျှူဒါန်းသည့်အပြင်

## စာအုပ်ပုံနှိပ်ခြင်း အတွက်

**STARS EMPIRE** One Stop Printing Service (၀၇၆၅၁)
အမှတ်(၂၈/၃၂)၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
(ဖုန်း-၀၉၅၁ ၄၉၅၇၄၊ ၃၇၈၉၈၄) မှ လျှူဒါန်းပါသည်။

## ဖြန့်ချိရေး

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ ဟိတေသီအဖွဲ့၊ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့
ဖုန်း - ၅၄၁၉၇၁၊ ၅၄၅၉၁၈

http://www.dhammadownload.com



# နိဒါန်း

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## အကြောင်းရင်း

ဤ ဘာရသုတ္တန် တရားတော်ကြီး ထွက်ပေါ် လာခြင်း၏ အကြောင်းရင်းကို ဖော်ပြရလျှင် ကျေးဇူးရှင်ဖြစ်တော်မူသော မဟာစည်ဆရာတော်ဘုရားကြီးသည် ရွှေဘိုမြို့၊ ဆိပ်ခွန်ရွာ မဟာစည်ကျောင်းတိုက်၌ သီတင်းသုံးလျက် ဝိပဿနာဘာဝနာလုပ်ငန်း တရားကို ဟောကြားညွှန်ပြနေရာမှ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၏ ပင့်လျှောက်ချက်အရ ရန်ကုန်မြို့ သာသနာ့ရိပ်သာသို့ ကြွရောက်တော်မူလာကာ ၁၃၁၁-ခုနှစ် နတ်တော်လပြည့်နေ့မှစ၍ ဝိပဿနာ လုပ်ငန်းတရားတော်များကို တစ်လလျှင်လေးကြိမ် သီတင်းနေ့တိုင်း မှန်မှန်ဟောကြားတော်မူခဲ့ပါသည်။ ယခု ၁၃၃၀-ပြည့်နှစ် အထိဆိုလျှင် ၁၉-နှစ်ပြည့်မြောက်ခဲ့လေပြီ။

## အတုယူဖွယ် ကောင်းလှပါပေသည်

ထိုသို့ ဟောကြားရာတွင်လည်း အခြေအမြစ်မရှိ အတ္တနောမတိမျှဖြင့် ဟောကြားလေ့မရှိဘဲ ပါဠိကပါဠိတော်မှ သုတ္တန်တစ်ခုခုကို မူရင်းအခြေခံပြုကာ ယောဂီတို့၏ ကိုယ်တွေ့ ဉာဏ်တွေ့

http://www.dhammadownload.com



နှင့် ဆက်စပ်လျက် ဟောကြားတော်မူလေ့ရှိခဲ့ပေသည်၊ အတုယူဖွယ်ကောင်းလှပါပေသည်။ ယင်းသို့ ဟောကြားတော်မူသောတရားတော်ကြီးများထဲတွင် ခေတ်နှင့်ကိုက်ညီ၍ ဤခေတ် ဤအခါမှာ ကြားနာရန် လွန်စွာထိုက်တန်လှပေသော ဤဘာရသုတ္တန်တရားတော်ကြီးသည်လည်း မဟာစည်မွေ့ဒေသနာအစဉ် ပန်းကုံးကြီး၏ အစိတ်အပိုင်းဒေသနာတစ်ပွင့် အဖြစ်ဖြင့် ပါဝင်ခဲ့ပေသည်။

## တရားသံကို ဖမ်းယူထားခြင်း

ယင်းတရားတော်ကြီးကို ၁၃၂၈-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့နှင့် လကွယ်နေ့များတွင် ရန်ကုန်မြို့ သာသနာ့ရိပ်သာဖလ်ယဉ်မွှာရုံကြီး၌ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးဟောကြားတော်မူစဉ်အခါက နောင်လာနောက်သားတို့အားအကျိုးများစေရန် ရည်သန်မျှော်လင့်ချက်ဖြင့် ဓမ္မမာမကပုဂ္ဂိုလ်တို့က အသံဖမ်းစက်များဖြင့် ဖမ်းယူထားခဲ့ကြလေသည်။ ယင်းတရားသံကို ပြန်လည်ဖွင့်ကာ နာယူကြရာမှ အလွန်လေးနက်သောအနက်အဓိပ္ပါယ်တို့နှင့်ပြည့်စုံ၍ ဝိပဿနာဉာဏ်အဆင့်ဆင့် နှင့်တကွ မဂ်ဖိုလ်တံခါးတိုင်အောင် ဖွင့်လှစ်ပေးနိုင်သည့် ဂုဏ်ကျေးဇူးတို့နှင့်လည်း ပြည့်စုံသော ဤဘာရသုတ္တန်တရားတော်ကြီးကိုအရပ်ရပ် အနယ်နယ်မှ ဓမ္မမာမက သူတော်စင်အပေါင်းတို့အားနာကြားစေလိုသော သဒ္ဓါဆန္ဒထက်သန်စွာ ဖြစ်ပေါ်လာခဲ့ကြပေသည်။

## စာမူကြမ်းအဖြစ်သို့ ရောက်စေသည်

သို့ဖြစ်၍ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၏ အတွင်းရေးမှူး

http://www.dhammadownload.com



ဦးသိန်းအောင်သည် ယင်းတရားတော်ကြီးကို တိပ်ကြိုးခွေမှ ထုတ်၍ စာမူကြမ်းအဖြစ်သို့ရောက်အောင် ရွက်ဆောင်ခဲ့ပေသည်။ ယင်းစာမူကြမ်းကို ကျေးဇူးရှင်မဟာစည်ဆရာတော် ဘုရားကြီးထံတင်ပြ၍ ပုံနှိပ်ဖြန့်ဝေခွင့်တောင်းရာ ဆရာတော်ဘုရားကြီးက ဖြည့်စွက်ပြင်ဆင်သုတ်သင်၍ ပုံနှိပ်ခွင့်ပြုတော်မူခဲ့ပေသည်။

ယင်းသို့ ပုံနှိပ်ရန် အဆင်သင့်ရှိနေစဉ် အချိန်ကာလအတွင်းမှာပင် ဤနိဒါန်းရေးသူ (သဒ္ဓမ္မသီတဂူဆရာတော်)သည် မိမိ၏ မျက်စိရောဂါကုသရန်အတွက် ရန်ကုန်မြို့သို့ လာရောက်ခိုက်နှင့် ကြုံကြိုက်သဖြင့် ၁၃၃၀-ခုနှစ်၊ နတ်တော်လဆန်း၊ ၁ရက်နေ့က ဆရာတော်ဘုရားကြီးထံ သွားရောက်၍ဖူးမြော်ကန်တော့သောအခါ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက ယင်းဘာရသုတ္တန်တရားတော်ကြီး စာမူချောကိုပါ ပေးအပ်၍ နိဒါန်းရေးရန် အမိန့်ချတော်မူလိုက်ပါသည်။

## ရောက်လာသောတာဝန် ကျေပွန်အောင် ဆောင်ရွက်သင့်သည်

ထိုအခါ "အာဂတော ဘာရော အဝဿံ ဝဟိတဗ္ဗော" ဟူသောကျမ်းဂန်စကားအရ "ကိုယ်နှင့်ထိုက်တန်၍ ကိုယ့်ထံရောက်လာသော တာဝန်နှင့်ဝတ္တရားကို မချွတ်မယွင်းဆောင်ရွက်ရပေလိမ့်မည်" ဟု နှလုံးသွင်းကာ ဆရာတော်ဘုရားကြီးထံမှ စာမူကို လက်ခံယူပြီးလျှင် မိမိ၏ ခေတ္တတည်းခိုနေထိုင်ရာ အင်းလေးမြွာရုံကျောင်းသို့ ပြန်လာခဲ့ပေသည်။ တည်းခိုနေထိုင်ရာသို့ ရောက်၍ ဘာရသုတ္တန်တရားတော်ကြီးစာမူကို သေချာစေ့ငုကြည့်ရှုဆင်ခြင်လိုက်သောအခါ ယင်းတရားတော်ကြီးသည် မိမိ၏အသိဉာဏ်တွင်

http://www.dhammadownload.com



အောက်ပါအတိုင်းထင်ရှားပေါ်လွင်လာခဲ့ပေသည်။

## သာမညတရားမဟုတ်

ဤဘာရသုတ္တန်တရားတော်ကြီးကို ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ဟောကြားထားသည်မှာ ကြားနာကောင်းရုံ ဟောထားသော သာမညတရားမဟုတ်ပေ။ နာရင်း ဖတ်ရှုရင်းပင် ငြိမ်းအေးမှုနိဗ္ဗာန်ဉာဏ်ကို ဖြစ်ပွားစေလျက် အသက်ထက်ဆုံး စိတ်နှလုံး၌ သိမ်းကျုံးသိုမှီးထားထိုက်လောက်အောင် စကားဝါကျအနေအထားပုဒ်သွားပုဒ်လာ ဥပမာ ဥပမေယျတို့ဖြင့် သိုက်မြိုက်စုံလင်စွာ တန်ဆာဆင်လျက် ဖွင့်လှစ်ဟောကြားထားအပ်သော တရားတော်ကြီးဖြစ်ပေသည်။ မြတ်စွာဘုရား၏ အလိုတော်ဖြစ်သော မူရင်းသုတ္တန်၏ ဦးတည်ချက်ကို မပျက်စေဘဲ အဋ္ဌကထာ ဋီကာဖွင့်ပြချက်တို့ဖြင့် ဖြည့်စွက်ထည့်သွင်းကာ ပဋိပဒါနည်းစံနစ် ကျကျဖြင့် ဟောကြားထားပေသည်၊ ဘုရားရှင်၏ အလိုတော်နှင့် ဆရာတော်ဘုရားကြီး၏ ရည်မှန်းချက်ဖြစ်သည့် နိဗ္ဗာန်ဆိပ်ကမ်းဆီသို့ ကြားနာသူတို့ ဦးခိုက်သွားရောက်နိုင်အောင် ဓမ္မကထိကအစစ်၏ ဂုဏ်အင်္ဂါလက္ခဏာတို့ဖြင့် စုံလင်စွာတန်ဆာဆင်၍ စီစဉ်ဟောကြားထားပေသည်၊ ဤသို့ စသည်ဖြင့် တွေ့မြင်ရသောကြောင့် ဤသုတ်တရားတော်ကြီးနှင့်စပ်၍ အထူးပင်သဒ္ဓါတရားဖြစ်ပွားရပေသည်၊ ဤတရားတော်ကြီးစာအုပ်ကို ဖတ်ရှုသူတို့လည်း နည်းတူပင် သဒ္ဓါတရားဖြစ်ပွားကြပါလိမ့်မည်။

## အမြဲတမ်းသစ်လွင်လျက် ခေတ်မီနေသော တရားတော်

လောက၌ အချို့သောစာပေ အရေးအသား ဟောကြား

ချက်များသည် သူ့ခေတ်တစ်ခေတ်မှာ ခေတ်မီစာပေကောင်း တရားကောင်း ဖြစ်နေခဲ့ပြီးသော်လည်း နောင်တစ်ခေတ်သို့ ရောက်သောအခါ ခေတ်ဟောင်းသွားပြီဖြစ်၍ စာပေကောင်း တရားကောင်း မဖြစ်တော့ဘဲ ခေတ်၏စွန့်ပစ်ခြင်းကို ခံရလေသည်၊ ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့သော တရားတော် စာပေတို့မှာမူ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူသော ခေတ်သုံးပါးလုံး မှာပင် အမြဲတမ်းသစ်လွင်လျက် ခေတ်မီနေသော တရားတော် စကားတော် စာပေများသာ ဖြစ်နေပေသည်။

## ဗုဒ္ဓ၏စကားတော်ကို ခေတ်ကျော်မသွားနိုင်

လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀-ကျော်က ဟောကြားတော်မူခဲ့သော ဗုဒ္ဓ၏ တရားတော် စကားတော်နှင့် ဟောမိန့်တော်မူချက်တို့ ကို ယခုပစ္စုပ္ပန်ခေတ်တိုင်အောင် သိပ္ပံပညာအမျိုးမျိုးဖြင့် စမ်းသပ်မွှေနှောက်ကာ ရှာဖွေကြပါသော်လည်း ဗုဒ္ဓ၏ ဟောပြ ချက်များကို ကျော်လွန်နိုင်သော သိပ္ပံပညာကား ပေါ်လာသေးချေ၊ အနန္တစကြဝဠာနှင့်စပ်၍ ဗုဒ္ဓဟောတော်မူခဲ့သော အချက်များကို သိပ္ပံပညာဖြင့် ယခုတိုင်ကုန်စင်အောင် ရှာလို့မရနိုင်သေးချေ။ ယခုမှ ပထဝီကမ္ဘာ၏အရံဂြိုဟ်မျှဖြစ်သော လကမ္ဘာသို့သွားရန် စူးစမ်းကြံစည်နေသော အဆင့်မျှသာရှိချေသေးသည်၊ သိပ္ပံပညာဖြင့် ဘယ်လိုမှရှာဖွေလို့မတွေ့နိုင်သော ဝိပဿနာပညာ မဂ်ဖိုလ်ပညာနှင့်နိဗ္ဗာန် တိုင်အောင်သော ချမ်းသာတို့သည် ဗုဒ္ဓ သာသနာဝင်တို့၏ လက်ထဲမှာသာ အထင်အရှားရှိနေကြပေသည်၊ ထို့ကြောင့် ဗုဒ္ဓ၏ တရားတော် စကားတော်များသည် ယနေ့တိုင်အောင် ခေတ်၏ရှေ့မှ ပြေးလျက်ပင်ရှိနေကြောင်း ထင်ရှားလှပါပေသည်။

http://www.dhammadownload.com



နောင်လည်း ခေတ်၏ ရှေ့မှပြေးလျက်ပင်ရှိနေလိမ့်မည်ဟု ပညာရှိတို့အား အနုမာနဉာဏ်ဖြင့် ထင်ရှားလျက်ပင်ရှိပါလိမ့်မည်။

## ခေတ်မီဟောကြားချက်

ထိုကဲ့သို့ ခေတ်တိုင်းနှင့်လျော်ညီအောင် ဟောကြားတော်မူခဲ့သော ဗုဒ္ဓမြတ်စွာနှင့် မူရင်းစကားတော်-တရားတော်များကို အခြေခံမူတည်ကာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက ခေတ်နှင့်လျော်ညီသောစကား, လက်ဝဲ လက်ယာ အစွန်းနှစ်ဖက်သို့ မထွက်စေသော စကားတို့ဖြင့် တန်ဆာဆင်ကာ ခေတ်သူခေတ်သားတို့ နားလည်လွယ်သော အသုံးအနှုန်းစကားလုံးတို့ဖြင့် ဖန်တီးလျက် ဤဘာရသုတ္တန်တရားတော်ကြီးကို ပေါ်လွင်ထင်ရှားစွာ ဟောကြားတော်မူပေသည်။ ထိုသို့ ဟောရာ၌လည်း ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော နိဗ္ဗာန်ဆိပ်ကမ်းသို့ တက်လှမ်းဆိုက်ရောက်နိုင်ရေးကို အလေးပေးလျက် စနစ်တကျကျင့်ကြံပွားများ အားထုတ်ပုံများကိုပါ ဖော်ပြလျက် ဟောကြားတော်မူပေသည်။ ယင်းသို့ ဟောကြားတော်မူသဖြင့် ဗုဒ္ဓမြတ်ဘုရား၏ အလိုတော်ကျ မဂ္ဂကထိကအစစ်၏ ဂုဏ်အင်္ဂါလက္ခဏာတို့နှင့်လည်း ပြည့်စုံပါပေ၏။

## မဂ္ဂကထိက၏ အင်္ဂါ

အခါတစ်ပါး၌ ရဟန်းတစ်ပါးက မြတ်စွာဘုရားကို "အဘယ်မျှလောက် ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံလျှင် မဂ္ဂကထိက အစစ်မည်ပါသနည်း အရှင်ဘုရား" ဟုမေးလျှောက်သည်။ ထိုအမေးကို မြတ်စွာဘုရားက အောက်ပါအတိုင်း ဖြေကြားတော်မူပါသည်။

http://www.dhammadownload.com



ရူပဿ စေ ဘိက္ခု နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဓမ္မံ ဒေသေတိ၊ ဓမ္မကထိကော ဘိက္ခုတိ အလံ ဝစနာယ။

ရုပ်ကိုငြီးငွေ့ ရွံမုန်းလာအောင်၊ တပ်မက်သာယာမှုကင်း သွားအောင်၊ ရုပ်တရား (တပ်မက်မှု) ချုပ်ငြိမ်းသွားအောင် တရား ကိုဟောပြလျှင် တရားဟော ဓမ္မကထိကဟုဆိုထိုက်ပေ၏။

ရူပဿ စေ ဘိက္ခု နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ပဋိပန္နော ဟောတိ၊ ဓမ္မာနုဓမ္မပဋိပန္နော ဘိက္ခုတိ အလံ ဝစနာယ။

ရုပ်ကိုငြီးငွေ့ ရွံမုန်းလာအောင်၊ တပ်မက်သာယာမှုကင်း သွားအောင်၊ ရုပ်တရား (တပ်မက်မှု) ချုပ်ငြိမ်းသွားအောင်ကျင့်လျှင် လောကုတ္တရာတရား ၉-ပါးအားလျော်သော အကျင့်ကို ကျင့်သော ရဟန်းဟုဆိုထိုက်ပေ၏။

ရူပဿ စေ ဘိက္ခု နိဗ္ဗိဒါ ဝိရာဂါ နိရောဓာ အနုပါဒါ ဝိမုတ္တော ဟောတိ၊ ဒိဋ္ဌဓမ္မနိဗ္ဗာနပ္ပတ္တော ဘိက္ခုတိ အလံ ဝစနာယ။

***(သံယုတ်ပါဠိ တတိယတွဲ နှာ ၁၃၃။)***

ရုပ်ကို ငြီးငွေ့ခြင်း, မတပ်မက်ခြင်း, တပ်မက်မှုချုပ်ခြင်း ကြောင့် အစွဲအလမ်းကင်း၍ လွတ်သွားလျှင် မျက်မှောက်ငြိမ်းအေး မှု-နိဗ္ဗာန်သို့ ရောက်နေသာရဟန်းဟု ဆိုထိုက်ပေ၏။

(ဝေဒနာ- သညာ- သင်္ခါရ- ဝိညာဏ်ခန္ဓာတို့နှင့် စပ်၍ လည်း နည်းတူပင် ဖြေကြားတော်မူပါသည်။)

အထက်ပါဖြေဆိုချက်အရအားဖြင့် ခန္ဓာငါးပါး ရုပ်နာမ် တရားတို့ကို ငြီးငွေ့ရွံမုန်းလာအောင်၊ တပ်မက်သာယာမှုကင်းကွာ သွားအောင်၊ ထိုခန္ဓာတို့၌ တပ်မက်မှုချုပ်ငြိမ်းသွားအောင် ဟော နိုင်ပါမှ ဓမ္မကထိကအစစ်ဟု ဆိုထိုက်ကြောင်း သိရပေသည်။ ထို့ပြင် ဓမ္မကထိကဖြစ်ရုံမျှနှင့်လည်း မပြီးသေး၊ ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ်

http://www.dhammadownload.com



ဒိဋ္ဌဓမ္မနိဗ္ဗာနပ္ပတ္တပုဂ္ဂိုလ် ဖြစ်အောင်ကျင့်ဖို့လည်း လိုသေးသည်ဟူ၍လည်း သိရပေသည်။

သို့ဖြစ်ရာတွင် ဤဘာရသုတ္တန်တရားတော်ကြီးဝယ် နေရာပေါင်းများစွာတို့၌ ခန္ဓာငါးပါးတို့ကို ငြီးငွေ့ရွံမုန်းလာအောင် တပ်မက်မှု ကင်းကွာသွားအောင် တပ်မက်မှုတဏှာ ချုပ်ငြိမ်းသွားအောင် ထင်ရှားဖော်ပြထားသည်တို့ကို တွေ့ရသောကြောင့် ဤတရားတော်ကြီးကို ဓမ္မကထိကအစစ်၏ ဂုဏ်အင်္ဂါလက္ခဏာတို့နှင့် ညီညွတ်စွာဟောထားပေသည်တကားဟု နှလုံးသွင်းဆင်ခြင်လျက် ပီတိပါမောဇ္ဇနှင့်တကွ သဒ္ဓါတရားဖြစ်ပွားရပေသည်။

ထိုပြင် ခန္ဓာငါးပါးနှင့်စပ်၍ နိဗ္ဗိန္ဒ ဝိရာဂ နိရောဓ ပြီးမြောက်အောင် ရှုမှတ်ပွားများပုံ, ကိလေသာအကြွင်းမဲ့ချုပ်ရာသို့ရောက်အောင်ကျင့်ပုံများကိုလည်း စနစ်တကျဖွင့်ပြထားသောကြောင့် ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ်ဖြစ်အောင်, ဒိဋ္ဌဓမ္မနိဗ္ဗာနပ္ပတ္တပုဂ္ဂိုလ်ဖြစ်အောင်လည်း ညွှန်ပြထားပေသည်ဟူ၍လည်း အာရုံပြုလျက် ကြည်ညိုသဒ္ဓါ ဖြစ်ပွားရပါပေသည်။

ဤစာကို ရေးသူကဲ့သို့ပင် ဤတရားတော်ကို လေးလေးနက်နက်ဖတ်ရှုဆင်ခြင်သူတိုင်းပင် ပီတိပါမောဇ္ဇ သဒ္ဓါတရားများဖြစ်ပွားကြပေလိမ့်မည် ဟူ၍လည်း မြော်မြင်မိပါသည်။

## ဘာရသုတ်တရားတော်၏ ဦးတည်ချက်

စာတစ်ခုကို ရေးသည်ဖြစ်စေ၊ တရားတစ်ပုဒ်ကို ဟောသည်ဖြစ်စေ ဦးတည်ချက်ကား ရှိစမြဲပင်၊ ဦးတည်ချက်မရှိဘဲ ရေးသားဟောကြားရန် မဖြစ်နိုင်ပေ။ ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်ဘုရားက ဤဘာရသုတ္တန်တရားတော်ကြီးကို ဦးတည်ချက်ကြီး

http://www.dhammadownload.com



လေးပါးဖြင့် ပိုင်းခြား၍ဟောကြားတော်မူခဲ့ပေသည်၊ သင်္ဂါယနာ တင် အရှင်မြတ်တို့က ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၌ ၂၂-ခုမြောက် သုတ်အဖြစ်ဖြင့် သင်္ဂါယနာတင်ထားတော်မူခဲ့ကြပေသည်၊ ယင်းသုတ်ကို ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးကလည်း ထို၄-ချက်ကိုပင် ဦးတည်၍ ယခုခေတ်လူများ နားလည်လွယ်သော စကားဝါကျ အသုံးအနှုန်းတို့ဖြင့် တန်ဆာဆင်ကာ ဖွင့်ပြဟောကြား တော်မူခဲ့ပေသည်။

## ဦးတည်ချက်ကြီး ၄-ပါးဟူသည်မှာ-

၁။ ဘာရ- ခန္ဓာငါးပါး ဝန်ထုပ်ကြီး၊

၂။ ဘာရဟာရ- ဝန်ထမ်းပုဂ္ဂိုလ်၊

၃။ ဘာရာဒါန- ဝန်ထုပ်ကို လက်ခံနေသော တဏှာ၊

၄။ ဘာရနိက္ခေပန- ဝန်ထုပ်ကို ဖယ်ရှားပစ်ချခြင်း-

ဟူသော ဤ ၄-ပါးပင်ဖြစ်ပါသည်။ ဤ ၄-ပါးတို့ကို ဤ တရားတော်ကြီး၌ အကွက်ကျကျ ရှင်းရှင်းလင်းလင်း ဖော်ပြထား သည်ကို တွေ့ကြရပါလိမ့်မည်။

## ၁-ဘာရ = လူတိုင်းကြိုက်တဲ့ ဝန်ထုပ်ကြီး

ဥပါဒါနက္ခန္ဓာငါးပါးကို (ကိလေသာ မကင်းသေးသော) သတ္တဝါတိုင်း ကြိုက်ကြသည်၊ မိမိခန္ဓာတို့ကိုလည်း ကြိုက်ကြသည်၊ သူတစ်ပါး၏ ခန္ဓာတို့ကိုလည်း ကြိုက်ကြသည်။ ယင်းခန္ဓာတို့ကို ဗုဒ္ဓမြတ်စွာဘုရားက အလွန်လေးလံလှစွာသော ဝန်ထုပ်ကြီးများဟု ဟောကြားတော်မူခဲ့ပေသည်။ ထိုခန္ဓာဝန်ထုပ်ကြီးများ လေးလံပုံ ကိုလည်း တစ်ခဏမျှ ထမ်းဆောင်ရသည်မဟုတ်ပဲ အနမတဂ္ဂ

http://www.dhammadownload.com



သံသရာတစ်လျှောက်လုံး အစဉ်ထာဝရ ထမ်းဆောင်နေရပုံ, ခေတ္တ ခဏမျှသော်လည်း ချထား၍ မရပုံ-စသည်ဖြင့် ဖော်ပြထားသည်ကို တွေ့ကြရပါလိမ့်မည်။

## ကံအမျိုးမျိုးကြောင့် ခန္ဓာဝန်အမျိုးမျိုး ထမ်းနေရပုံ

အကုသိုလ်ကံ ပြုမိသော ပုဂ္ဂိုလ်တို့မှာ အပါယ်လေးဘုံ ရောက်ပြီး ငရဲခန္ဓာ၊ ပြိတ္တာခန္ဓာ၊ တိရစ္ဆာန်ခန္ဓာ၊ အသူရကာယ်ခန္ဓာ ဝန်တို့ကို ထမ်းနေကြရပုံ၊ ကုသိုလ်ကံ ရှိသူတို့မှာလည်း လူ့ခန္ဓာ, နတ်ခန္ဓာဝန်တို့ကို ထမ်းနေကြရပုံ၊ ရူပဘဝ, အရူပဘဝတို့ကို အထင်ကြီးပြီး ရူပဈာန်ကုသိုလ်, အရူပဈာန်ကုသိုလ်တို့ကို ပွားစေသော ပုဂ္ဂိုလ်တို့မှာလည်း ရူပဗြဟ္မာဘဝ, အရူပဗြဟ္မာဘဝကို ရောက်ပြီး ကမ္ဘာပေါင်းများစွာ ဗြဟ္မာ့ ခန္ဓာဝန်ကို ထမ်းနေကြရပုံ၊ ထိုဗြဟ္မာဘဝမှ စုတေပြီးသည့်နောက်ကာလမှာလည်း လူ့ခန္ဓာ, နတ်ခန္ဓာ, အပါယ်ခန္ဓာဝန်တို့ကို ထမ်းနေကြရပုံများကိုလည်း ဤတရားတော်ကြီး၌ ထင်ရှားဖော်ပြထားပေသည်။

## ဝန်ထုပ်ကို ထမ်းနေကြရတာ ဘယ်လောက်ကြာပြီလဲ

ခန္ဓာဝန်ထုပ်ကို ထမ်းနေကြရတာ ဘယ်လောက်ကြာပြီလဲ ဆိုတဲ့ မေးဖွယ်အတွက် "အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော" အစရှိသော သာဓကစကားဖြင့် အစမထင်သည့် သံသရာကာလ တစ်လျှောက်လုံး ကြာခဲ့ပြီဆိုသော အချက်ကိုလည်း ဤတရားတော်ကြီး၌ ဖော်ပြထားပါသည်။

ထို့ပြင် ဘယ်လောက်ကြာအောင် ဆက်ပြီးထမ်းနေကြရဦးမလဲဆိုတဲ့ မေးဖွယ်အတွက်လည်း "အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ

http://www.dhammadownload.com



တဏှာသံယောဇနာနံ” အစရှိသော သာဓကစကားဖြင့် အဝိဇ္ဇာနှင့် တဏှာမကင်းသေးသမျှ ကာလပတ်လုံး ထမ်းဆောင်နေကြရမည် ဆိုသောအချက်ကို သိနားလည်စေသောအားဖြင့် ဤတရားတော်ကြီး၌ ဖြေရှင်းထားပါသည်။

## ၂- ဘာရဟာရ = ဝန်ထမ်းပုဂ္ဂိုလ်

ဝန်ထမ်းပုဂ္ဂိုလ်ဟူသည်မှာ ခန္ဓာငါးပါးကို စွဲ၍ခေါ်ဝေါ် ပညတ်အပ်သော လောကဝေါဟာရမျှသာ ဖြစ်ကြောင်း၊ မြတ်စွာဘုရားသည် ပရမတ်ကို ဟောသင့်ရာ၌ ပရမတ်ကိုဟောကြောင်း၊ ပညတ်ဖြင့် ဟောသင့်ရာ၌ ပညတ်တင်၍ဟောကြောင်း၊ အလှူဒါန အရာ၌ ပုဂ္ဂလိကဒါန, သံဃိကဒါနနှစ်မျိုးရှိရာတွင် အလှူခံပုဂ္ဂိုလ်၏ဂုဏ်, သံဃာ၏ဂုဏ်ကို အာရုံပြုပြီး လှူရကြောင်း၊ ထိုသို့လှူမှ အကျိုးကြီးကြောင်း၊ ဝိပဿနာ အတုအယောင်တင်ပြီး လှူခြင်းသည် ဘုရားအလိုတော်နှင့် မညီ၍ သဘာဝမကျကြောင်း စသည်ဖြင့် ဝန်ထမ်းပုဂ္ဂိုလ်နှင့်စပ်၍ အကျိုးများဖွယ် ဩဝါဒများကိုပါ ပြထားသည်ကိုလည်း တွေ့ကြရပါလိမ့်မည်။

## ၃- ဘာရာဒါန = ဝန်ထုပ်ကို ခံယူခြင်း

ခန္ဓာဝန်ထုပ်ကို ထမ်းနေကြရသည်မှာ ဘယ်သူကပေးလို့ ထမ်းနေကြရသနည်း၊ ဘယ်ပုံဘယ်နည်းဖြင့် ခန္ဓာဝန်ကို ရလာသနည်းဟူသော အချက်ကို မြတ်စွာဘုရားက-

(၁) လိုချင်နှစ်သက်ဖွယ် ကာမဂုဏ်အာရုံကို လိုချင်နှစ်သက်သော ကာမတဏှာ၊

(၂) အမြဲတမ်းတည်နေသည်ဟု ထင်ရသော ဘဝနှင့်စပ်၍

http://www.dhammadownload.com



နှစ်သက်သော ဘဝတဏှာ၊

(၃) သေလျှင်အလိုလိုပင် ဘဝကင်းပြတ်သွားမည်ဟု ထင်၍ နှစ်သက်သော ဝိဘဝတဏှာ၊

ဟူသော ဤတဏှာ သုံးပါးဖြစ်လျှင် ခန္ဓာဝန်ကို လက်ခံယူခြင်း ဖြစ်ကြောင်း ဟောပြထားတော်မူ၏။ ထိုအရာတွင် ဒွါရ ၆-ပါး၌ ထင်ပေါ်လာသော အာရုံ ၆-ပါးနှင့်စပ်၍ နှစ်သက်လိုချင်မှုဖြစ်တိုင်း ခန္ဓာဝန်ကို လက်ခံပြီး ယူနေသည်မည်ကြောင်း အကျယ်ဖွင့်ပြထားသည်ကိုလည်း ဤတရားတော်ကြီး၌ ထင်ရှားတွေ့ရပါလိမ့် မည်။

အထူးအားဖြင့် ဥစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်သော တဏှာကို ဝိဘဝတဏှာ ခေါ်ကြောင်း အဋ္ဌကထာ၌ ဖွင့်ပြထားရာတွင် ဘယ်လိုတဏှာဟု တိတိကျကျသိရန် မလွယ်ကူဘဲရှိနေချေသည်။ ထို့ကြောင့် ယခုခေတ် အချို့ပုဂ္ဂိုလ်တို့က (ဘဝသမ္ဘန္ဓော မဟာဝိဘဝေါ) ဟူ၍လည်းကောင်း၊ (အသီတိကောဋိဝိဘဝေါ)ဟူ၍ လည်းကောင်း ဆိုသောစကား တို့ကို အကိုးအကားပြု၍ "ဘဝ၏ စည်းစိမ်ချမ်းသာတို့နှင့် ပြည့်စုံကြွယ်ဝ အောင်မြင်မှုရနေသည်၌ နှစ်သက်မှုကို ဘဝတဏှာ" ဟုခေါ်ကြောင်း ပြောဆိုကြလေသည်၊ ထိုသို့ပြောဆိုရာ၌လည်း ဗုဒ္ဓစာပေ ပိဋကဆိုင်ရာ ပါဠိ, အဋ္ဌကထာအဖွင့်များကို မကိုးကားဘဲ ပါမောက္ခရိုက်စ်ဒေးဗစ်၏ (The craving for success in this present life.) ဟူသော ဝိဘဝတဏှာ အဖွင့်ဘာသာပြန်ကို ကိုးကားထားကြလေသည်။ ထိုသို့ဆိုလျှင် ဝိဘဝတဏှာသည်လည်း ကာမဂုဏ်စည်းစိမ်ချမ်းသာ၌ လိုချင်နှစ်သက်မှုပင် ဖြစ်နေသောကြောင့် ကာမတဏှာနှင့် ထပ်တူပင်ဖြစ်နေလေရာ၏။ ထိုသို့ ရိုက်စ်ဒေးဗစ်၏ ပြန်ဆိုချက်အတိုင်း

http://www.dhammadownload.com



ဝိဘဝတဏှာပုဒ်ကို မှားယွင်းစွာ ပြန်ဆိုမိခြင်းသည် ထိုဝိဘဝ တဏှာ-ပုဒ်၏အနက် အသိခက်သောကြောင့်ပင်ဖြစ်သည်။

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည်ကား "ကတမာ ဝိဘဝဒိဋ္ဌိ၊ န ဘဝိဿတိ အတ္တာ စ လောကော စာတိဟာ ဓဝရူပါဒိဋ္ဌိ။ ပ။ အယံ ဝုစ္စတိ ဝိဘဝဒိဋ္ဌိ။ ဝိဘဝဒိဋ္ဌိ ဟူသည် အဘယ်နည်း၊ အတ္တသည်လည်းကောင်း, လောကသည် လည်းကောင်း မရှိတော့ဘဲ ပြတ်စဲသွားမည်ဟု ဤသို့သော အကြင် အယူသည်ရှိ၏။ ပ။ ဤအယူကို ဝိဘဝဒိဋ္ဌိဟု ဆိုအပ်၏" ဟူသော ဓမ္မသင်္ဂဏီပါဠိတော် (၂၅၇)နှင့်လည်း ညီညွတ်သော "ဥစ္ဆေဒဒိဋ္ဌိသဟဂတော ရာဂေါ ဝိဘဝတဏှာ" ဟူသော ဘာရ သုတ်အဖွင့် အဋ္ဌကထာမူရင်းကိုသာ မြဲမြံစွာ စွဲကိုင်ပြီးလျှင် "ဝိဘဝမှာ၊ ဥစ္ဆေဒါ၊ ထင်ကာ နှစ်သက်မှု" ဟု ဆောင်ပုဒ်မူချကာ သေပြီးလျှင် ဘဝအလိုလိုပြတ်သွားမည်ဟု ယူဆပြီး ဝိဘဝတဏှာ ဖြစ်ပုံကို ပေါ်လွင်ထင်ရှားစွာ ဤတရား တော်ကြီး၌ ဖွင့်ပြထား တော်မူပါပေသည်။ ထိုဖွင့်ပြချက်များစွာထဲမှ အောက်ပါမှာ ဖွင့်ပြချက်တစ်ခု ဖြစ်ပါသည်။

> "အဲဒီလို သေပြီးရင် ဘာမျှမရှိတော့ဘူး၊ လုံးဝ ပျောက်ကွယ်သွားတယ်လို့ယူတဲ့ ဥစ္ဆေဒဒိဋ္ဌိနဲ့ ယှဉ်ပြီးဖြစ် တဲ့ နှစ်သက်လိုချင်မှုကို ဝိဘဝတဏှာခေါ်တယ်။ ဒီ တဏှာက ဘာမျှမကျင့်ရဘဲနဲ့ သေပြီးတဲ့နောက် ဘာမျှမ ဖြစ်ရတော့ဘဲ ပြတ်စဲသွားတာကိုလည်းကြိုက်တယ်၊ ဘာ ကြောင့်လဲဆိုရင် အဲဒီအယူရှိတဲ့သူက ကောင်းမှုကို မပြု ချင်ဘူး၊ မကောင်းမှုကိုလည်း မရှောင်ချင်ဘူး၊ ပြုထားတဲ့ မကောင်းမှုတွေကလည်း များစွာရှိနေတယ်၊ ဒီတော့သေပြီး

http://www.dhammadownload.com



တဲ့နောက် ဘဝသစ်ဖြစ်နေဦးမယ်ဆိုရင် မကောင်းမှုတွေက မကောင်းကျိုးတွေကို ပေးနေဦးမယ်၊ အဲဒါကို သူက မလိုလားဘူး။ သေပြီးတဲ့နောက် ဘာမှုမဖြစ်ပါမှ သူ့မှာ သင်ပုန်းချေသလိုဖြစ်ပြီး အပြစ်ကင်းသွားမယ်၊ ဒါကြောင့် ဒီတဏှာက သေပြီးရင် ပြတ်စဲသွားတာကို နှစ်သက်သဘောကျတာပါပဲ၊ နောက်ပြီးတော့ မသေခင်ဘဲ ခံစားရမယ်လို့ ယူဆထားတဲ့အတွက် မသေခင်အတွင်း ရရသမျှကို ခံစားဖို့ရာလည်း ပြင်းပြင်းပြပြနှစ်သက် မက်မောနေတယ်။ . အဲဒီလို နောက်ဘဝမရှိဘူးဆိုတဲ့ အယူဖြင့် ယခုလောလောဆယ်ခံစားဖို့ နှစ်သက်လိုချင်တိုင်း, မိမိ၏ လက်ရှိကိုယ်ကို ချမ်းသာစေလိုတိုင်း ဘဝသစ်ခန္ဓာဝန်ကို ခံယူနေသည် မည်ပါတယ်" ***(နှာ- ၁၃၈)။***

နောက်ပြီးတော့ ဝန်လေးပုံပြသည့် အခန်း(နှာ-၄၅)မှာ လည်း တဏှာဖြင့် ခန္ဓာဝန်ယူပုံကို အောက်ပါအတိုင်း ထည့်သွင်း ပြီးဖော်ပြထားပါတယ်။

"ယခုခေတ်မှာ ကျေးဇူးမသိတတ်တဲ့ သူတွေရဲ့ အတွေးအခေါ်တွေကို လေ့လာပြီး ကျေးဇူးမသိတတ်တဲ့ ခေတ်သဘောချင်းတူတဲ့သူတွေက မိဘတွေကို ကျေးဇူး မတင်ချင်ကြဘူး၊ ကျေးဇူးမတင်ရုံတောင် မကသေးဘူး၊ မိဘတွေ ကမြင်းလို့ လူဖြစ်လာပြီး ဒုက္ခရောက်နေရတယ် လို့တောင် အပြစ်ပြောတတ်ကြသေးတယ်။ အဲဒါကတော့ တော်တော်ကြောက်စရာကောင်းတဲ့ အမြင်မှားကြီးပါပဲ။ အမှန်ကတော့ ဒီခန္ဓာဝန်ကို ရလာရမှာ အကြောင်းရင်းက မိဘမဟုတ်ဘူး၊ ကိလေသာနဲ့ ကံကအကြောင်းရင်းပဲ။

http://www.dhammadownload.com



မိဘကတော့ အထောက်အပံ့အကြောင်းလောက်သာ ဖြစ်ပါတယ်။ အကယ်၍ လူသားဖြစ်တဲ့ မိဘတွေ မရှိဘူးဆိုရင် ကိလေသာနဲ့ ကံမကောင်းတဲ့သူတွေမှာ အပါယ်၄ -ပါးမှာ ဖြစ်ဖို့က များနေပါတယ်"။

အထက်ပါ မိန့်ဆိုချက်ဟာ သင့်လျော်မှန်ကန်လှပါပေသည်။ သင့်လျော်မှန်ကန်ကြောင်းကို အနည်းငယ်ထုတ်ပြရလျှင် ဗုဒ္ဓမြတ်စွာဘုရားက သန္ဓေတည်နိုင်ခြင်း၏ အကြောင်းများကို အောက်ပါအတိုင်းပြထားပါသည်။

(၁) မာတာပိတရော စ သန္နိပတိတာ-မိဘနှစ်ပါးတို့ ပေါင်းဆုံခြင်း၊

(၂) မာတာ စ ဥတုနီ - အမိမှာ သွေးဥကျဆင်းပြီးရှိခြင်း၊

(၃) ဂန္ဓဗ္ဗော စ ပစ္စုပဋ္ဌိတော-တဏှာအစရှိသော ကိလေသာနှင့် ကုသိုလ်ကံရှိ၍ လူ့ဘဝသို့ရောက်ထိုက်သူ အသင့်ရှိခြင်း။

အထက်ပါအကြောင်း ၃-ပါးတို့တွင် အမှတ် (၁)အကြောင်းမျှဖြင့် သန္ဓေမတည်နိုင်၊ အကယ်၍တည်နိုင်မည်ဆိုပါက မိဘတစ်စုံတစ်စုံမှာ သားသမီးပေါင်း ရာထောင်မက များလေရာ၏။

ထို့ပြင် အမှတ်(၁နှင့်၂) အကြောင်းနှစ်ပါးမျှဖြင့်လည်း သန္ဓေမတည်နိုင်၊ အကယ်၍ တည်နိုင်မည်ဆိုပါက တစ်လတစ်ကြိမ် သားဥကျဆင်းသည်ဟု ဆေးကျမ်းတို့၌ ဆိုသောကြောင့် မိခင်တစ်ဦးမှာ တစ်နှစ်လျှင် ကလေးတစ်ယောက်ကျမက ရလေရာ၏။ ထို့ကြောင့်အထက်ပါအကြောင်းသုံးပါးလုံး ညီညွတ်မှ သန္ဓေတည်နိုင်ကြောင်း မဟာတဏှာသင်္ခယသုတ် (မ ၁-၃၃၂)မှာ ဗုဒ္ဓမြတ်စွာ

http://www.dhammadownload.com



ဘုရားက အထင်အရှားဟောထားပေသည်။ ထိုအချက်မှန်ကန်ကြောင်းကိုလည်း ချမ်းသာကြွယ်ဝသူတို့မှာ သားသမီးလိုချင်ပါလျက် သားသမီးမရခြင်း, သားသမီး နည်းပါးခြင်းက ထောက်ခံလျက် ရှိပေ၏။

သို့ဖြစ်၍ ထိုအကြောင်းသုံးပါးထဲမှ လူ့ဘဝသို့ရောက်ထိုက်သော ဂန္ဓဗ္ဗခေါ် သူငယ်လောင်းသည် လိုရင်းဖြစ်နေကြောင်း၊ ထိုသူငယ်လောင်းမှာလည်း တဏှာ အစရှိသော ကိလေသာနှင့် လူဖြစ်ဖို့ ကံရှိဖို့ လိုကြောင်း ထင်ရှားလှပါပေသည်။ အကယ်၍ လူတွေအကုန်လုံးက အပြဟ္မစရိယမှ ကြဉ်ရှောင်နေကြမည်ဆိုလျှင် လူဖြစ်ဖို့ ကံရှိနေသော သူတို့သည်လည်း လူ့ဘဝကို ရောက်ရတော့မည်မဟုတ်၊ ကိလေသာနှင့် အကုသိုလ်ကံအားလျော်စွာ အပါယ်ဘုံမှာဖြစ်ဖို့သာ များလေတော့မည်။ ထို့ကြောင့် ဆရာတော်ဘုရားကြီးက ဤ၌ထုတ်ပြခဲ့သော အဆိုပါ စကားကို မိန့်တော်မူပေသည်။

## ၄-ဘာရနိက္ခေပန - ဝန်ထုပ်ကိုပစ်ချခြင်း

ခန္ဓာဝန်ထုပ်ကြီးကို ပစ်ချခြင်းဟူသည်မှာ ဘဝသစ်ခန္ဓာဖြစ်စေတတ်သော တဏှာကို ပယ်စွန့်ခြင်းပင်ဖြစ်ကြောင်း ဗုဒ္ဓမြတ်စွာဘုရားက အထင်အရှားဟောကြားတော်မူခဲ့ပေသည်။ ထိုအရာ၌လည်း ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက အလွန်အမြတ်ဆုံးကို ယူရသည့် ဥက္ကဋ္ဌနည်းအားဖြင့် တဏှာကို အရဟတ္တမဂ်ဖြင့် ပယ်ခြင်းဖြစ်ကြောင်း၊ လျှော့၍ရသင့်သမျှကို ယူရသည့် ဩမကနည်းအားဖြင့် အောက်မဂ်သုံးပါးဖြင့် ပယ်ခြင်းနှင့် ဝိပဿနာဖြင့် ပယ်ခြင်းများလည်း ဝန်ထုပ်ကိုချခြင်း ဖြစ်ကြောင်းများကို ပြပြီးလျှင်

http://www.dhammadownload.com



ပါဠိအဋ္ဌကထာ ဋီကာတို့၌လာသော ပဋ္ဌာနဒါနည်းစံနစ်များကို ယောဂီတို့၏ ကိုယ်တွေ့ ဉာဏ်မြင်များနှင့် နှိုးနှော၍ အကျယ်ရှင်းလင်းဖော်ပြသွားတော်မူပေသည်။

အချုပ်အားဖြင့် ဤဘာရသုတ္တန်တရားတော်ကြီး၌ ဟောပြထားပုံများကို အသီးအသီးထုတ်၍ ချီးမွမ်းဖော်ပြနေမည်ဆိုလျှင် ဤတရားတော်ကြီးထက် အဆပေါင်းများစွာကျယ်ပြန့်လာဖွယ်ရှိပါသည်။ သို့ဖြစ်၍ ဤတရားတော်ကြီးကို မိမိတို့ကိုယ်တိုင်ပင် စေ့စေ့စပ်စပ် ဖတ်ရှုပြီးလျှင် လေးလေးနက်နက် ဉာဏ်သက်၍ သုံးသပ်ဆင်ခြင်ကြစေလိုပါသည်။

ထိုသို့ ဖတ်ရှုဆင်ခြင်ပြီးလျှင် မိမိတို့၏ ခန္ဓာဝန်ထုပ်ကြီးကို ငြီးငွေ့ရှုံမုန်းကာ ယင်းခန္ဓာဝန်ထုပ်ကြီးကို ပစ်ချနိုင်အောင် ဝိပဿနာဘာဝနာအလုပ်ကို တကယ်တမ်း အားထုတ်ကြ၍ ခန္ဓာဝန်ထုပ်ကြီးကို အပြီးတိုင် ပစ်ချ စွန့်ပယ်ရာဖြစ်သော နိဗ္ဗာန်စခန်းသို့ လျင်မြန်စွာ တက်လှမ်းဆိုက်ရောက်ကြပါစေကုန်သတည်း။

***အရှင်အာစိဏ္ဏ***

သာသနာတော်နှစ် ၂၅၁၂-ခု၊ နာယက ကမ္မဋ္ဌာနာစရိယဆရာတော်
မြန်မာသက္ကရာဇ် ၁၃၃၀-ခု၊ သာသနဓဇသိရီပဝရဓမ္မာစရိယ
နတ်တော်လဆန်း (၈)ရက်၊ သဒ္ဓမ္မသီတဂူသာသာနာ့ရိပ်သာ၊
ပုသိမ်မြို့။

http://www.dhammadownload.com



# မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**

## ဘာရသုတ္တန်တရားတော်ကြီး ပထမပိုင်း


- တရားပလ္လင်ခံ ၁
- သုတ်၏နိဒါန်း ၁
- ဗုဒ္ဓကိစ္စငါးပါး ၃
- (၁) ပုရေဘတ္တကိစ္စ ၄
- (၂) ပစ္ဆာဘတ္တကိစ္စ ၇
- (၃) ပုရိမယာမကိစ္စ ၁၂
- (၄) မဇ္ဈိမယာမကိစ္စ ၁၃
- (၅) ပစ္ဆိမယာမကိစ္စ ၁၄
- ရဟန်းတော်များကို ခေါ်ပြီးဟောခြင်းအကြောင်း ၁၄
- တရားခေါင်းစဉ် ပဋိညာဉ် ၁၅
- အကျယ်ဝေဖန် ဟောပြချက် လေးလံတဲ့ဝန်ထုပ် ၁၇
- ခန္ဓာဝန်တွေက သာပြီးလေးတယ် ၁၉
- ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ ၂၀
- ဥပါဒါန် ၄-ပါး ၂၂
- စွဲလမ်းပုံ ၂၅
- ဥပါဒါနက္ခန္ဓာခေါ်ရပုံ ၂၇
- အတ္တစွဲက ကင်းခဲသည် ၂၉
- အတ္တစွဲ ပြုတ်ပုံ ၃၁
- ရှုမှတ်ရုံနဲ့ အတ္တစွဲပြုတ်ကြောင်း ၃၃

http://www.dhammadownload.com



# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ■ စွဲလမ်းပုံအဆက် | ၃၈ |
| ■ ခန္ဓာဝန်လေးပုံ | ၄၂ |
| ■ အရိုးစုပြိတ္တာ ဝတ္ထု | ၄၈ |
| ■ အသားတုံးပြိတ္တာ | ၅၂ |
| ■ အသားစုပြိတ္တာ | ၅၃ |
| ■ အရေခွံမရှိတဲ့ ပြိတ္တာ | ၅၃ |
| ■ သန်လျက်မွေးတွေနဲ့ ပြိတ္တာ | ၅၃ |
| ■ လှံအမွေးတွေနဲ့ ပြိတ္တာ | ၅၄ |
| ■ မြားအမွေးတွေနဲ့ ပြိတ္တာ | ၅၅ |
| ■ ကုမ္ဘဏ္ဍာပြိတ္တာ | ၅၅ |
| ■ ပြိတ္တာမျိုးစုံ | ၅၆ |
| ■ စီးပွားစုဆောင်းသည့် ပြိတ္တာမများ | ၅၆ |
| ■ ခန္ဓာဝန်လေးပုံအဆက် | ၅၈ |
| ■ ဝန်ထုပ်ကို သဘောကျနေရင် လေးတယ်မထင် | ၆၂ |
| ■ အပြစ်မြင်မှ လေးမှန်းသိသည် | ၆၃ |
| ■ ဝန်ထုပ်ကို ထမ်းဆောင်နေသူ | ၆၄ |
| ■ လောကဝေါဟာရ အတ္တ | ၆၇ |
| ■ လောကဝေါဟာရ ပုဂ္ဂိုလ်သတ္တဝါ | ၆၉ |
| ■ မာရ်နတ် အမေး ဝဇိရာ အဖြေ | ၇၀ |
| ■ ပုဂ္ဂိုလ်ဆိုတာ အမည်ပညတ်မျှဖြစ်သည် | ၇၃ |
| ■ ဒေသနာတော် ၂-မျိုး | ၇၄ |

http://www.dhammadownload.com



# မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**


■ ပုဂ္ဂိုလ်ပညတ် ဟောခြင်းအကြောင်းရှစ်ပါး ၇၄
■ ဒက္ခိဏာဝိသုဒ္ဓိ ၄-ပါး ၇၈
■ ပုဂ္ဂလိကအလှူ ၁၄-ပါး ၇၉
■ ပုဂ္ဂလိက အလှူ ၁၄-ပါး၏အကျိုးများ ၈၀
■ သံဃိကအလှူ (၇) ပါး ၈၄
■ ဒါနထဲ ဝိပဿနာအတု သဘာဝမကျ ၈၈
■ လောကဝေါဟာရ မပယ်လို၍ ပုဂ္ဂိုလ်ပညတ်နဲ့ဟောသည် ၉၀

## ဘာရသုတ္တန်တရားတော်ကြီး ဒုတိယပိုင်း

■ ဝန်ထုပ်ကို ခံယူခြင်း ၉၃
■ တဏှာက အာရုံဆာတယ် ၉၅
■ တဏှာက ရောက်ရာမှာပျော်တယ် ၉၇
■ စမွေယျနဂါးမင်း ဝတ္ထု ၉၈
■ ဥပရိမိဖုရား ဝတ္ထု ၁၀၀
■ တဏှာသုံးပါး ၁၀၉
■ ကာမတဏှာ ၁၁၀
■ လိုချင်တာကိုချည်း ရသည်မဟုတ် ၁၁၁
■ နောင်တကင်းရေး သတိပေးသည် ၁၁၅
■ ပညာရှိအမြင် ယောဂီအမြင်နဲ့ဆိုရင်တော့ ၁၂၀
■ ဘဝတဏှာဖြင့် ခန္ဓာဝန်ကို ယူပုံ ၁၂၂
■ ဝိဘဝတဏှာဖြင့် ခန္ဓာဝန်ကို ယူပုံ ၁၂၄

http://www.dhammadownload.com



# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ■ တဏှာသုံးပါးဖြစ်တိုင်း ဝန်ထုပ်ကို ခံယူတာပဲ | ၁၂၉ |
| ■ ဝန်ထုပ်ကို ပစ်ချခြင်း | ၁၃၀ |
| ■ ဝိပဿနာဖြင့်လည်း ခန္ဓာဝန်တွေ ပစ်ချနိုင်သည် | ၁၃၃ |
| ■ သောတာပန်မှာ ပစ်ချသည့် ဝန်ထုပ်များ | ၁၄၂ |
| ■ အထက်မဂ်များဖြင့် ပစ်ချသည့်ဝန်ထုပ်များ | ၁၄၈ |
| ■ ဘာရ စသည်ကို သစ္စာ ၄-ပါး၌ သွင်းပြခြင်း | ၁၅၁ |
| ■ ဆောင်ပုဒ်ပမာ ဂါထာတရား | ၁၅၂ |
| ■ နိဂုံးချုပ် | ၁၆၅ |
| ■ ပြဟ္မစိုရ်တရားတော် ပထမပိုင်း | ၁၇၀ |
| ■ ပြဟ္မစိုရ်တရားတော် ဒုတိယပိုင်း | ၁၈၀ |
| ■ ပြဟ္မစိုရ်တရားတော် တတိယပိုင်း | ၁၉၀ |
| ■ ပြဟ္မစိုရ်တရားတော် စတုတ္ထပိုင်း | ၂၀၀ |
| ■ မဟာစည်ဆရာတော်ဘုရား၏ ဓမ္မဒေသနာ ဆောင်ပုဒ်များ | ၂၁၁ |

http://www.dhammadownload.com



# ဘာရသုတ္တန်တရားတော်ကြီး

## ၁၃၂၈-ခု၊ တန်ဆောင်မုန်းလပြည့်နေ့ ဟောသည်
## နမော ဗုဒ္ဓဿ သုနိက္ခိတ္တသဗ္ဗဘာရဿ
## ပထမပိုင်း တရားပလ္လင်ခံ

ဒီကနေ့ နိကာယ်ငါးရပ်ရှိတဲ့အနက်က သံယုတ္တနိကာယ်မှ သံယုတ်ငါးကျမ်းရှိတဲ့အနက်ကလည်း ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်မှ ဘာရသုတ္တန်ကို ဟောရမယ်၊ ဘာရသုတ္တန်ဆိုတာ တိုတိုကျဉ်းကျဉ်း ကလေးနဲ့ လိုရင်းအဓိပ္ပါယ်တွေ ပြည့်စုံတယ်၊ ဒီသုတ်ကို ရှေးကလည်း ဟောဖူးပါတယ်၊ ဒါပေမယ့် နှစ်ပေါင်းက ကြာသွားတော့ မှတ်မိတဲ့သူ ရှိချင်မှရှိတော့မယ်၊ မကြားဖူးသေးတဲ့သူတွေမှာ အသစ်ပေါ့၊ ကြားဖူးတဲ့ သူတွေမှာတော့ ထပ်ပြီးကြားနာရတဲ့အတွက် ပိုပြီးရှင်း လင်းသွားပါလိမ့်မယ်။

### သုတ်၏နိဒါန်း

အဲဒီသုတ်မှာ နိဒါန်းကို ဒီလိုပြထားပါတယ်။

ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ-စသည်ဖြင့် ပြထားပါ

http://www.dhammadownload.com



တယ်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးတဲ့နောက် ၄-လ မြောက်ရောက်တဲ့အခါ အရှင်မဟာကဿပ မထေရ်အမှူးရှိသော သံဃာတော်ငါးရာက ရာဇဂြိုဟ်မြို့အနီး ဝေဘာရတောင်ဝှမ်းမှာ မြတ်စွာဘုရား ဟောတော်မူခဲ့တဲ့ တရားတော်တွေကို စုပေါင်းပြီး သင်္ဂါယနာ တင်တော်မူကြတယ်။ အဲဒီပထမ စပြီး သင်္ဂါယနာတင်တော်မူကြစဉ်အခါတုန်းက နောင်လာနောက်သားတွေ မှတ်ရအောင်လို့ အရှင်မဟာကဿပမထေရ်ကြီးက ဒီဘာရသုတ်ကို ဘယ်အရပ်မှာ ဟောတော်မူခဲ့ပါသလဲ၊ ဘယ်ပုဂ္ဂိုလ်တို့အား ဟောတော်မူခဲ့ပါသလဲ စသည်ဖြင့် မေးမြန်းတော်မူခဲ့ပါတယ်။ အဲဒီမေးခွန်းများအရ အရှင်အာနန္ဒာမထေရ်မြတ်က မေ၊ အကျွန်ုပ်သည်။ ဧဝံ သုတံ၊ ဤသို့ ကြားနာမှတ်သားရဖူးပါသည်- စသည်ဖြင့် ဖြေကြားတော်မူပါတယ်။ ဘယ်လိုကြားနာ မှတ်သားခဲ့ရပါသလဲလို့ဆိုတော့-

ဧကံ သမယံ၊ အခါတစ်ပါး၌။ ဘဂဝါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ သာဝတ္ထိဆိုတာ ပသေနဒီ ဘုရင်မင်းမြတ်၏ နေရာမြို့တော်ပါပဲ၊ တိုင်းပြည်ကတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် နေပြည်တော်ဖြစ်တဲ့အတွက် ရှေးဆရာများက သာဝတ္ထိပြည်လို့ ပြန်ဆိုကြတာပါပဲ၊ အမှန်ကတော့ ကာသိတိုင်း, ကောသလတိုင်း ၂-ပြည်ထောင်ရဲ့ မြို့တော်ပါပဲ။ ဒါကြောင့် သာဝတ္ထိယံ၊ သာဝတ္ထိမြို့၌။ အနာထပိဏ္ဍိကဿ အာရာမေ၊ အနာထပိဏ်သူဌေး၏ကောင်းမှု အာရာမ်ဖြစ်သော။ ဇေတဝနေ၊ ဇေတဝန်မည်သော ကျောင်းတိုက်၌။ ဝိဟရတိ၊ သီတင်းသုံးနေတော်မူ၏။

မြတ်စွာဘုရားက တစ်ရံတစ်ခါ ရာဇဂြိုဟ်မြို့ ဝေဠုဝန်

http://www.dhammadownload.com



ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်၊ တစ်ရံတစ်ခါ အဲဒီ ရာဇဂြိုဟ်မြို့မှာပဲ ဂိဇ္ဈကုဋ်တောင်မှာ သီတင်းသုံးနေတော်မူပါတယ်၊ တစ်ရံတစ်ခါ ဝေသာလီမြို့အထွတ်တပ်တဲ့ ပြာသာဒ်ကျောင်း တော်မှာ သီတင်းသုံးနေတော်မူပါတယ်၊ တစ်ရံတစ်ခါ ကောသမ္ဗီ မြို့မှာ၊ တစ်ရံတစ်ခါ အာဠဝီမြို့မှာ၊ တစ်ရံတစ်ခါ ကပိလဝတ်မြို့ မှာ စသည်ဖြင့် ကျွတ်ထိုက်တဲ့ဝေနေယျ ပုဂ္ဂိုလ်တွေရှိရာ ထိုထိုမြို့ရွာ အရပ်ဒေသတွေမှာ သီတင်းသုံးနေတော်မူပါတယ်၊ အဲဒီလိုသီတင်း သုံးနေတော်မူရာဌာနတွေထဲက ယခုဒီဘာရသုတ်ကို ဟောတဲ့အခါ မှာတော့ သာဝတ္ထိမြို့အနီး ဇေတဝန်ခေါ်တဲ့ ကျောင်းတိုက်တော်မှာ သီတင်းသုံးနေတော်မူပါတယ်၊ အဲဒီကျောင်းတိုက်ကလည်း အနာ ထပိဏ်သူဌေးကြီးက လှူဒါန်းထားတဲ့ကျောင်းတိုက်ကြီးဖြစ်ပါတယ်။ ဒါကြောင့် အဲဒီအခါတုန်းက မြတ်စွာဘုရားဟာ အနာထပိဏ် သူဌေးကြီး၏ ကောင်းမှုဖြစ်တဲ့ ဇေတဝန်ကျောင်းတိုက်မှာ နေဆဲ ဖြစ်တဲ့အကြောင်း ဖော်ပြပါတယ်။

တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ ဘိက္ခဝေါတိ။

တတြ၊ ထိုသို့ သာဝတ္ထိမြို့ အနာထပိဏ်သူဌေး၏ ကောင်း မှုဖြစ်သော ဇေတဝန်ကျောင်းတော်ဝယ် သီတင်းသုံးနေတော်မူစဉ် အခါကာလ၌။ ဘဂဝါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ ဘိက္ခူ၊ တရားသဘင်၌ စည်းဝေးလျက်ရှိသော ရဟန်းတော်တို့ကို။ ဘိက္ခဝေါတိ၊ ရဟန်းတို့ဟူ၍။ အာမန္တေသိ၊ အာရုံပြုရေး သတိပေး မိန့်ခေါ်တော်မူလေပြီ။

## ဗုဒ္ဓကိစ္စငါးပါး

မြတ်စွာဘုရားမှာ နေ့စဉ်ပြုလုပ်ဆောင်ရွက်တော်မူမြဲ ဖြစ်

http://www.dhammadownload.com



တဲ့ ဗုဒ္ဓကိစ္စငါးပါးဆိုတာ ရှိပါတယ်၊ အဲဒါတွေက ဘယ်လိုဟာတွေလဲဆိုရင် (၁) နံနက်ပိုင်း ဆွမ်းကိစ္စပြီးသည့်တိုင်အောင်ပြုရတဲ့ ပုရေဘတ္တကိစ္စက တစ်ပါး၊ (၂) ဆွမ်းကိစ္စပြီးသည့်နောက် နေ့ခင်းပိုင်း ပြုရတဲ့ ပစ္ဆာဘတ္တကိစ္စကတစ်ပါး၊ (၃) ညနေချမ်းနှင့် ညဦးယာမ်မှာပြုရတဲ့ ပုရိမယာမကိစ္စကတစ်ပါး၊ (၄) ညဥ့်အလယ်ပိုင်းမှာပြုရတဲ့ မဇ္ဈိမယာမကိစ္စကတစ်ပါး၊ (၅) ညဥ့်၏နောက်ဆုံးပိုင်း မိုးသောက်ယာမ်မှာပြုရတဲ့ ပစ္ဆိမယာမကိစ္စကတစ်ပါး၊ ဒီငါးပါးပါပဲ။

## (၁) ပုရေဘတ္တကိစ္စ

ဒီငါးပါးထဲမှာ (၁) ပုရေဘတ္တကိစ္စဆိုတာ နံနက်ပိုင်းဆွမ်းကိစ္စပြီးသည်တိုင်အောင် နေ့စဉ်ဆောင်ရွက်တော်မူရတဲ့ကိစ္စပါပဲ၊ ဆောင်ရွက်တော်မူပုံကတော့ မြတ်စွာဘုရားဟာ နံနက်စောစောပိုင်းမှာ အလုပ်အကျွေးပုဂ္ဂိုလ်က ဆက်ကပ်တဲ့ မျက်နှာသစ်ရေ၊ ဒန်ပူတို့ကိုခံယူပြီး မျက်နှာသစ်တော်မူတယ်၊ အဲဒီကနောက် ဆွမ်းခံချိန်တိုင်အောင် ဆိတ်ငြိမ်ရာအရပ်မှာ သီတင်းသုံးတော်မူတယ်၊ ဆွမ်းခံချိန်ကျတော့ သင်္ကန်းများကို သပ္ပါယ်စွာပြုပြင်ဝတ်ရုံပြီးတော့ တစ်ရံတစ်ခါ တစ်ပါးတည်း၊ တစ်ရံတစ်ခါ သံဃာတော်များနှင့်တကွ မြို့ရွာနိဂုံးများသို့ ဆွမ်းခံကြွတော်မူတယ်၊ တစ်ရံတစ်ခါ တန်ခိုးမပြဘဲ ရိုးရိုးကြွတော်မူတယ်၊ တစ်ရံတစ်ခါမှာတော့ တန်ခိုးပြာဋိဟာတွေပြပြီး ကြွတော်မူတယ်။

ဘယ်လိုတန်ခိုးပြာဋိဟာတွေလဲဆိုရင် မြတ်စွာဘုရားကြွတော်မူမည့်လမ်းကို နူးညံ့သိမ်မွေ့တဲ့လေတွေက တိုက်ခတ်ပြီး သုတ်သင်ရှင်းလင်းတယ်၊ မိုးတိမ်တွေက မိုးရေပေါက်များ ရွာချပြီး ဆွတ်ဖျန်းပေးတယ်၊ အဲဒီလိုမိုးရေဆွတ်ဖျန်းပြီး မြူမှုန်တွေကို ငြိမ်သက်စေ

http://www.dhammadownload.com



သည့်အပြင် မြတ်စွာဘုရား၏အထက်မှ ဗိတာန်မျက်နှာကြက်သဖွယ် ဖြစ်ပြီးတော့လည်း လိုက်ပါနေတယ်၊ အခြားလေတွေက ပန်းတွေကို တိုက်ခတ်ဆောင်ယူလာပြီးတော့ လမ်းတစ်လျှောက်မှာ ဖြန့်ကြဲပြီးခင်းကြတယ်၊ မြေပြင်မှာ မြင့်မောက်တဲ့နေရာတွေက နိမ့်ပြီး၊ ချိုင့်တဲ့နေရာတွေကလည်း မြင့်တက်လာပြီး ညီညွတ်နေတယ်၊ ဆူးငြောင့်ခလုတ်ကျင်းချိုင့်တွေမရှိဘဲ လမ်းဟာ တပြင်တည်းချောပြီး ညီညာနေတယ်၊ ညီညာရုံတွင်တောင်မဟုတ်သေးဘူး၊ ခြေတော်နင်းချလိုက်တဲ့အခါ နူးညံ့ချောညက်တဲ့ ကြာပန်းစသည်က ခံလျက်ခံလျက် ဖြစ်နေတယ်။

ရွှာတံခါး မြို့တံခါးပေါက်က ဝင်မိသည်နှင့် တစ်ပြိုင်နက် ညိုသောရောင်ခြည်တော်၊ ဝါရွှေသောရောင်ခြည်တော်၊ နီမြန်းသောရောင်ခြည်တော်၊ ဖြူသောရောင်ခြည်တော်၊ အနီနုပန်းရောင်ရှိတဲ့ မောင်းသောရောင်ခြည်တော်၊ ပြိုးပြိုးပြက်ပြက်တလက်လက်တောက်ပသော ရောင်ခြည်တော်ဆိုတဲ့ ဒီရောင်ခြည်တော် ၆-သွယ်က ကိုယ်တော်မှထွက်ပေါ်လာကြပြီး ထိုထိုအရပ်သို့ ပြေးသွားကြတယ်၊ ယခုကာလမီးရောင်အမျိုးမျိုးနဲ့ ဆလိုက်ထိုးတာလိုနေမှာပေါ့။

ဆင်၊ မြင်း၊ ငှက်စသည်တို့ကလည်း သူတို့နေရာမှ နေရင်းသာယာတဲ့အသံနဲ့မြည်နေကြတယ်၊ စောင်း၊ တယော၊ ပုံအစရှိတဲ့ တူရိယာတွေကလည်း မတီးမမှုတ်ရဘဲ သူ့အလိုလို မြည်နေကြတယ်။

ဒီလို တန်ခိုးပြာဋိဟာတွေကို ပြရတာကလည်း တခြားအကြောင်းကြောင့်မဟုတ်ပါဘူး၊ ဒီလိုတန်ခိုးပြာဋိဟာကို တွေ့ရမှ မြတ်စွာဘုရားအပေါ်မှာ ကြည်ညိုမှုသဒ္ဓါတရားဖြစ်ပြီး ကျွတ်တမ်းဝင်နိုင်မည့်ပုဂ္ဂိုလ်တွေအား အကျွတ်တရားရစေလိုတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။ သတ္တဝါတွေက အမျိုးမျိုးရှိနေကြတယ်၊ တချို့က

http://www.dhammadownload.com



ရှိုးရှိုးတရားဟောတာလောက်ပဲကြိုက်တယ်၊ တချို့ကတော့ ထူးထူးဆန်းဆန်းတန်ခိုးပြတာကို ကြိုက်တယ်။ တစ်ခါက အထူးအဆန်းကြိုက်တဲ့ ဒကာမကြီးတစ်ယောက်ကို တွေ့ဖူးတယ်၊ သူက ဘုရားပင့်တဲ့အခါ ရွှေသက်န်းကို ရုံပြီး၊ စိန်စီတဲ့မြသပိတ်နဲ့ ရတနာမျိုးစုံခြယ်စီထားတဲ့ တောင်ဝှေးကို စွဲကိုင်ပြီး သူ့ခေါင်းပေါ်ကြွရောက်စံနေတော်မူပါ စသည်ဖြင့် ဖွဲ့ဖွဲ့နွဲ့နွဲ့ ပင့်ပြီးကြည်ညိုလေ့ရှိပါတယ်၊ သဒ္ဓါတရားအားကြီးပြီး ပင့်တာပါဘဲ။ ဒါပေမယ့် သူ့အစ်ကိုက ကြားတော့ဟဲ့- နင်ဘုရားပင့်တာက ကိရိယာကျယ်လှပါကလား။ နင့်ခေါင်းပေါ်ကြွဖို့ရာ မြတ်စွာဘုရားမှာ အများကြီးဖန်ဆင်းရ ပြုပြင်ရဦးမယ်၊ ငါသာဘုရားဆိုရင်တော့ ဒီလိုပင့်တဲ့နေရာ ကြွမှာမဟုတ်ဘူး-လို့ ပြောသတဲ့။

အနောက်နိုင်ငံက အမျိုးသမီးကြီးတစ်ယောက်ကတော့ မြန်မာပြည်က စေတီတော် ဆင်းတုတော်တွေမှာ ရွှေတွေ ကျောက်တွေနဲ့ စက္ကူပန်း၊ ပလပ်စတစ်ပန်းတွေနဲ့ ဒီလိုပူဇော်ထားတာကို တောင် အပိုတွေပဲ၊ သက်တော်ထင်ရှားဘုရားသာဆိုရင် သူ့အနားမှာ ဒီလိုဟာတွေ လာထားရင် လက်ခံမှာမဟုတ်ဘူးစသည်ဖြင့် သူက ဝေဖန်ပြောဆိုပါတယ်။ စိတ်ခေတ်ချင်းမတူဘဲ ကွဲနေကြတာတွေပါပဲ။ အဲဒီလိုစိတ်ခေတ်ကွဲနေကြရာမှာ အထူးအဆန်းတွေ့ရမှ ကြည်ညိုနိုင်မည့်ပုဂ္ဂိုလ်တွေအတွက် တစ်ရံတစ်ခါ တန်ခိုးပြာဋိဟာတွေနဲ့ ဆွမ်းခံကြွတော်မူပါတယ်။ ဒါပေမယ့် အဲဒီလိုတန်ခိုးပြာဋိဟာတွေနဲ့ ဆွမ်းခံကြွတာကတော့ အလွန်နည်း ဟန်လက္ခဏာရှိပါတယ်။

အဲဒီလို တန်ခိုးပြာဋိဟာတွေနဲ့ ကြွလာတော်မူလာတဲ့အခါ အဲဒီလမ်း အဲဒီရပ်ကွက်ကလူတွေက အဲဒီတန်ခိုးပြာဋိဟာတွေကို တွေ့ရတာနဲ့ "ဒီကနေ့ မြတ်စွာဘုရား ငါတို့လမ်း၊ ငါတို့ရပ်ကွက်ကို

http://www.dhammadownload.com



ဆွမ်းခံကြွလာတော်မူတယ်” လို့သိကြတယ်၊ အဲဒီလိုသိပြီးတော့ အဝတ်အစားများကို ကောင်းကောင်းမွန်မွန် သပ်သပ်ရပ်ရပ်ဝတ်ရုံပြီး ပန်းနံ့သာများနှင့်တကွ လမ်းထွက်ပြီး မြတ်စွာဘုရားကို ပူဇော်ကြရှိခိုးကြတယ်၊ မိမိတို့ကပ်နိုင်သမျှ သံဃာတော် ဆယ်ပါး၊ နှစ်ဆယ်၊ ငါးရာ၊ တစ်ရာ စသည်ဖြင့် ပင့်ပြီး ဆွမ်းလှူကြပါတယ်။

ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ မြတ်စွာဘုရားက တရားနာမည့် ပုဂ္ဂိုလ်တို့၏ အလိုအကြိုက်ကိုကြည့်ပြီး သင့်လျော်တဲ့တရားကို ဟောတော်မူတယ်၊ အဲဒီတရားကို ကြားနာကြပြီး တချို့က သရဏဂုံ တည်ကြတယ်၊ တချို့က ငါးပါးသီလ၌ တည်ကြတယ်၊ တချို့က သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်ကြတယ်၊ တချို့က ရဟန်းပြုပြီး ရဟန္တာဖြစ်ကြတယ်။

အဲဒီလို အနုမောဒနာတရား ဟောပြီးတဲ့အခါ ကျောင်းတော်ကိုပြန်ကြွတော်မူတယ်၊ ကျောင်းတော်ရောက်တော့ စည်းဝေးဆောင်ထဲက ဘုရားနေရာပလ္လင်မှာ ဆွမ်းကိစ္စမပြီးသေးတဲ့ရဟန်းတွေ၊ ပြန်မရောက်သေးတဲ့ ရဟန်းတွေကို စောင့်ရင်း ခေတ္တသီတင်းသုံး နေတော်မူပါတယ်၊ အကုန်လုံးဆွမ်းကိစ္စပြီးစီးကြတဲ့ အကြောင်းကို အလုပ်အကျွေးရဟန်းတော်က လျှောက်ထားတဲ့အခါမှာ မြတ်စွာဘုရားက ဂန္ဓကုဋီကျောင်းတော်သို့ ဝင်တော်မူပါတယ်၊ ဒါဟာ နံနက်ပိုင်း ပုရေဘတ္တကိစ္စကို ဆောင်ရွက်တော်မူပုံပါပဲ။

## (၂) ပစ္ဆာဘတ္တကိစ္စ

ပစ္ဆာဘတ္တကိစ္စကို ဆောင်ရွက်ပုံကတော့ ခုနကပြောခဲ့တဲ့အတိုင်း ဂန္ဓကုဋီကျောင်းတော်ကို ဝင်တဲ့အခါ ခြေတော်များကို ဆေးပြီး ရပ်တော်မူလျက် ရဟန်းတော်တို့အား ဒီလိုဩဝါဒစကား

http://www.dhammadownload.com



ကို မိန့်ကြားတော်မူပါတယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ အပ္ပမာဒေန၊ မမေ့မလျော့သော သတိတရားဖြင့်။ သမ္ပာဒေထ၊ သီလ, သမာဓိ, ပညာကိစ္စကို ပြီးစေကြကုန်လော့၊ ပြီးစီးပြည့်စုံအောင် အားထုတ်ကြကုန်လော့။ လောကသ္မိံ၊ လောက၌။ ဗုဒ္ဓုပ္ပါဒေါ၊ မြတ်စွာဘုရားတို့၏ ပွင့်ထွန်းရာကာလကို။ ဒုလ္လဘော၊ ရခဲ၏။ (မြတ်စွာဘုရားပွင့်တော်မူပြီးတော့ ဘုရားအဆုံးအမသာသနာတော် တည်ရှိနေတဲ့ အခါကာလကို ရခဲတယ်၊ ကြုံခဲတယ်။ ဒါကြောင့် ရခဲတဲ့ အခွင့်ကောင်းကြီးကို ရနေတဲ့အခါမှာ မမေ့ကြနဲ့၊ ကြိုးစားအားထုတ်ကြလို့ ဆိုလိုပါတယ်။) မနုဿတ္တပဋိလာဘော၊ လူ့အဖြစ်လူ့ဘဝကို ရခြင်းကို။ ဒုလ္လဘော၊ ရခဲကြုံခဲ၏။ သမ္ပတ္တိ၊ ပြည်စုံခြင်းကို။ ဒုလ္လဘာ၊ ရခဲ၏။ (ပြည့်စုံခြင်းဆိုတာ မဂ်ဖိုလ်တရားထူးကို ရရေးအတွက် သင့်လျော်သော အရပ်၌ နေရခြင်း၊ မျက်စိ, နား စသောရုပ်ရေအင်္ဂါလက္ခဏာတို့နှင့် ပြည့်စုံခြင်း ဘုရားစစ်, တရားစစ်, သံဃာစစ်ဆိုတဲ့ ရတနာသုံးပါးကို ကြည်ညိုတဲ့ သဒ္ဓါတရားနှင့်ပြည့်စုံခြင်း၊ ခေတ်ကာလကောင်းခြင်း၊ စားဖွယ်သုံးဖွယ်တို့နှင့် ပြည့်စုံခြင်း၊ ကျန်းမာခြင်း၊ တရားအားထုတ်နိုင်လောက်အောင် သန်စွမ်းခြင်းဆိုတာတွေပါပဲ။ အဲဒီ ရခဲတဲ့ ပြည့်စုံခြင်းတွေကို ရနေတဲ့အခါ ကြိုးစားအားထုတ်ကြရမယ်လို့ ဆိုလိုပါတယ်။) ပဗ္ဗဇ္ဇာ၊ ရှင်ရဟန်းအဖြစ်ကို။ ဒုလ္လဘာ၊ ရခဲ၏။ သဒ္ဓမ္မဿဝနံ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်း တရားကြားနာရခြင်းကို။ ဒုလ္လဘံ၊ ရခဲ၏ (အဲဒီ ရခဲတာတွေ ရနေတဲ့ ယခုအခါမှာ မေ့မနေကြနဲ့၊ အရဟတ္တမဂ်ဖိုလ် ရောက်သည် တိုင်အောင် ကြိုးစားအားထုတ်ကြလို့ ဆိုလိုပါတယ်။)

အဲဒီလို ဒုလ္လဘငါးပါးနဲ့ ဩဝါဒပေးပြီးတဲ့အခါမှာ တချို့

http://www.dhammadownload.com



ရဟန်းတော်တွေက မြတ်စွာဘုရားထံမှာ ကမ္မဋ္ဌာန်းတောင်းကြတယ်၊ မြတ်စွာဘုရားက သူတို့၏ စရိုက်ကိုကြည့်ပြီး သင့်လျော်တဲ့ ကမ္မဋ္ဌာန်းကို ပေးတော်မူတယ်။ အဲဒီလို ကမ္မဋ္ဌာန်းပေးပြီးတဲ့အခါ အားလုံးသော ရဟန်းတော်တွေဟာ တောအရပ်သစ်ပင်အောက် အစရှိတဲ့ သင့်လျော်ရာဌာနကိုသွားပြီး နှလုံးသွင်းအားထုတ်နေကြပါတယ်။

မြတ်စွာဘုရားလည်း ဂန္ဓကုဋီကျောင်းတော်ကို ဝင်ပြီးတော့၊ အလိုရှိခဲ့ပါလျှင် လက်ယာနံတောင်းဖြင့် ခေတ္တ ခဏလဲလျောင်းပြီး အနားယူတော်မူပါတယ်၊ ကိုယ်၏ ညောင်းညာ ပင်ပန်းမှု သက်သာရာရတဲ့အခါ လဲလျောင်း ရာမှ ထတော်မူပြီး ဒုတိယပိုင်းအချိန်မှာ လောကကို ဖြန့်ပြီးကြည့်ရှု တော်မူပါတယ်၊ သတ္တဝါတို့၏ သဒ္ဓါအစ ရှိသော ဣန္ဒြေအနုအရင့်ကို သိနိုင်တဲ့ ဣန္ဒြိယပရောပရိယတ္တိ ဉာဏ်တော်ရယ်၊ သတ္တဝါတို့၏ အလိုအကြိုက် စရိုက် စိတ်နေ သဘောထားတို့ကို သိနိုင်တဲ့ အာသယာနုသယ ဉာဏ်တော်ရယ်- ဒီဉာဏ်တော်ကြီး ၂-ပါးကို ဗုဒ္ဓစက္ခု- ဘုရားမျက်စိ လို့ခေါ်ပါတယ်၊ အဲ ဒီဗုဒ္ဓစက္ခုဖြင့် ကျွတ်သင့်ကျွတ်ထိုက်တဲ့ ဝေနေယျ သတ္တဝါတွေကို ကြည့်ရှုတော်မူတာပါပဲ၊ ကျွတ်ထိုက်တဲ့သူဟာ မိမိအထံသို့ ရောက်လာ မည်ဆိုလျှင် အသင့်စောင့်နေတော်မူပါတယ်၊ အဝေးမှာနေလျှင်လည်း ကိုယ်တော်တိုင် တန်ခိုးဖြင့်ကြွတော်မူပြီး ဟောကြားဆုံးမတော် မူပါတယ်။ အဲဒီလိုကြည့်ရှုတော်မူပြီးတဲ့နောက် တတိယပိုင်းအချိန်မှာ မြတ်စွာဘုရား သီတင်းသုံးရာ၊ ဆွမ်းခံရာ ဖြစ်တဲ့ မြို့ရွာနိဂုံးက လူတွေဟာ ကောင်းစွာဝတ်ရုံပြီး ပန်းနံ့သာများကိုလည်း ယူကာ တရားနာရန် ဘုရားထံသို့ လာကြတယ်၊ ရာဇဂြိုဟ်မြို့မှာဆို ရင် ဝေဠုဝန် ကျောင်းတော်မှာ သီတင်းသုံး နေခိုက် ဖြစ်တဲ့အတွက်

http://www.dhammadownload.com



ဇေတဝန်ကျောင်းသို့ လာကြတယ်။ ဝေသာလီမှာဆိုရင် မဟာဝုန်တောက ကျောင်းတော်ကြီးသို့ လာကြတယ်၊ ယခုပြောနေတဲ့ သာဝတ္ထိမှာဆိုရင်တော့ တစ်ရံတစ်ခါ ဝိသာခါ၏ ကောင်းမှုဖြစ်တဲ့ ပုဗ္ဗာရုံကျောင်းသို့ လာကြတယ်၊ ဒီဘာရသုတ်ကို ဟောတုန်းကတော့ မြတ်စွာဘုရားထံ ဇေတဝန်ကျောင်းသို့ လာကြတယ်။ ဇေတဝန်ကျောင်းတော်ဆိုတာ သာဝတ္ထိမြို့၏ အနောက်တောင်အရပ်မှာ တည်ရှိနေပါတယ်၊ ဒါကြောင့်မြို့ရဲ့ တောင်ဘက်တံခါးက ထွက်ပြီး အနောက်တောင်အရပ် ဇေတဝန်ကျောင်းဆီကို လာကြရမှာပေါ့၊ အဲဒီလိုတရားနာဖို့ အမျိုးသား အမျိုးသမီးတွေ တသီတတန်းကြီး လာနေကြပုံကိုလည်း အာရုံပြုပြီး ကြည်ညိုနိုင်ပါတယ်။ ယခုသာသနာ့ ရိပ်သာကို တရားနာဖို့ လာနေကြသလိုရှိမှာပေါ့၊ အဲဒီလို တရားနာ ပရိတ်သတ်တွေ မြို့ထဲကလာလို့ စုံလောက်တဲ့အခါ တရားဟော ချိန်ကျနေတဲ့အခါ မြတ်စွာဘုရားက ဓမ္မာရုံကြီးသို့ကြွပြီး သင့်လျော်တဲ့တရားကို ဟောကြားတော်မူပါတယ်၊ အဲဒီအခါမှာ ရဟန်းပရိသတ်တွေကလည်း ငါးရာ, တစ်ထောင်, နှစ်ထောင် စသည်ဖြင့် ရာနဲ့ထောင်နဲ့ချီပြီး များစွာပဲရှိနေပါတယ်၊ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောတယ်ဆိုတော့ အနီးအပါးမှာ ရှိသမျှ ကျန်းမာတဲ့ ရဟန်းတော်တွေဟာ အကုန်လုံးလာရောက်ပြီး တရားနာကြပါတယ်။ နောက်ပြီးတော့ အဲဒီတုန်းက ရဟန်းတော်တွေဟာ ရဟန်းဘောင်ဝင်ရောက် လာကတည်းက အများအားဖြင့် သံသရာဝဋ်ဆင်းရဲမှ မျက်မှောက်ဘဝတွင်ပဲ လွတ်မြောက်ဖို့ အရဟတ္တမဂ်ဖိုလ်ကိုရဖို့ ရည်ရွယ်ပြီး ရဟန်းပြုလာကြတာပဲ များပါတယ်၊ ဒါကြောင့် မဂ်ဖိုလ်နိဗ္ဗာန် ရောက်ကြောင်းတရားကို နာဖို့ရန် အလွန်ပဲ စိတ်ထက်သန်

http://www.dhammadownload.com



နေကြပါတယ်၊ အဲဒီလို စိတ်ထက်သန်တဲ့အတွက်လည်း အခွင့်သာတဲ့ရဟန်းတော်တွေဟာ အကုန်လုံးပဲ လာရောက်ပြီး တရားနာကြပါတယ်။ နောက်ပြီးတော့ ရဟန်းမိန်းမတွေလည်း လာရောက်ပြီး တရားနာကြပါတယ်။ ရဟန်းပရိသတ်ရယ်, ရဟန်းမိန်းမပရိသတ်ရယ်, အမျိုးသား ဥပါသကာပရိသတ်ရယ်, အမျိုးသမီး ဥပါသိကာမပရိသတ်ရယ် ဒီပရိသတ် ၄-ပါးလုံး အစုံရှိနေပါတယ်။ ဒါပေမဲ့ မြတ်စွာဘုရားက အများအားဖြင့် ပဓာနဖြစ်တဲ့ ရဟန်းတော်များကိုသာ ခေါ်တော်မူပြီး တရားဟောလေ့ရှိပါတယ်။ ဒါကြောင့် ဒီသုတ်ကို ဟောတော်မူတဲ့အခါမှာလည်း မြတ်စွာဘုရားက တရားဟောခါနီး ရဟန်းတော်တွေကို သတိပေးတဲ့ အနေနဲ့ ဘိက္ခဝေါ-ရဟန်းတို့လို့ ခေါ်တော်မူလိုက်ပါတယ်။ အဲဒါကို သင်္ဂါယနာတင်မထေရ် မြတ်တွေက-

တတြ၊ ထိုသို့ သာဝတ္ထိမြို့ အနာထပိဏ်သူဌေး၏ ကောင်းမှုဖြစ်သော ဇေတဝန်ကျောင်းတော်ဝယ် သီတင်းသုံးတော်မူစဉ် အခါကာလ၌။ ဘဂဝါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ ဘိက္ခူ၊ တရားသဘင်၌ စည်းဝေးလျက်ရှိသော ရဟန်းတော်တို့ကို။ ဘိက္ခဝေါတိ၊ ရဟန်းတို့ဟူ၍။ အာမန္တေသိ။ အာရုံပြုရေး သတိပေးမိန့်တော်မူလေပြီ-လို့ သုတ်၏နိဒါန်းအဖြစ်နဲ့ ဖော်ပြထားခဲ့ကြပါတယ်။

နိဒါန်းဆိုတာ ထိုထိုသုတ်ကို ဟောတဲ့အခါကာလ၊ ဟောရာဌာန၊ ဟောတဲ့ပုဂ္ဂိုလ်၊ နာခံတဲ့ပုဂ္ဂိုလ်စသည်တို့ကို ဖော်ပြထားတဲ့စကားပါပဲ၊ အဲဒါဟာ မည်သည့်ပုဂ္ဂိုလ်က ဟောတယ်၊ မည်သည့်ဌာနမှာဟောတယ်၊ မည်သူတို့အား ဟောတယ်စသည်ဖြင့် နောင်လာနောက်သားတို့ မှတ်သားရအောင်လို့ မြွက်တဲ့စကားပါပဲ။

http://www.dhammadownload.com



အဲဒီလို မြတ်စွာဘုရားက သတိပေးတဲ့အနေနဲ့ ခေါ်တော်မူလိုက်တဲ့အခါ ရဟန်းတော်များက အရှင်ဘုရားလို့ ခွန်းတုံ့ပြန် ကြားလျှောက်ထားကြပါတယ်။ အဲဒါကို သင်္ဂါယနာတင် မထေရ်မြတ်တွေက-

တေ ဘိက္ခူ၊ ထိုတရားသဘင်၌ရှိသော ရဟန်းတော်တို့သည်။ ဘဒ္ဒန္တေတိ၊ အရှင်ဘုရားဟူ၍။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ပစ္စဿောသုံ၊ ရှိသေစွာ ပြန်ကြားလျှောက်ထားကြလေပြီလို့ ပြဆိုထားပါတယ်။

အဲဒီကနောက် မြတ်စွာဘုရားက ဘာရသုတ်တရားတော်ကို ဟောတော်မူတာပါပဲ။ ဒါပေမယ့် ယခုပြောလာခဲ့တဲ့ စကားစပ်က ဗုဒ္ဓကိစ္စငါးပါးထဲက ပစ္ဆာဘတ္တကိစ္စကို ပြောနေတာဖြစ်တဲ့အတွက် အဲဒီဘာရသုတ်တရားကို မဟောသေးဘဲ ဗုဒ္ဓကိစ္စငါးပါးကို စုံလင်အောင် ဆက်ပြောရဦးမယ်။

မြတ်စွာဘုရားက ခုနကပြောခဲ့တဲ့အတိုင်း တရားနာပရိသတ် စုံလောက်တဲ့အခါ, တရားဟောချိန်ကျတဲ့အခါ ဓမ္မာရုံကြီးသို့ ကြွရောက်ပြီး ပရိသတ် ၄-ပါးအား သင့်လျော်တဲ့တရားကို ဟောတော်မူပါတယ်။ အဲဒီလိုဟောပြီးတဲ့အခါ ပရိသတ်ကို ပြန်ကြဖို့ အခွင့်ပေးတော်မူပါတယ်။ လူပရိသတ်များက မြတ်စွာဘုရားကို ရှိခိုးကန်တော့ပြီး ပြန်သွားကြပါတယ်။ အဲဒါဟာ ဆွမ်းကိစ္စပြီးတဲ့နောက် နေ့ခင်းပိုင်း ပစ္ဆာဘတ္တကိစ္စကို ဆောင်ရွက်တော်မူပုံပါပဲ။

## (၃) ပုရိမယာမကိစ္စ

(၃) ပုရိမယာမကိစ္စ ဆောင်ရွက်တော်မူပုံကတော့ ခုနက ပြောခဲ့တဲ့အတိုင်း နေ့ခင်းကိစ္စကို ဆောင်ရွက်ပြီးတဲ့နောက် ညနေ

http://www.dhammadownload.com



ချမ်းအချိန်မှာ အလိုရှိတော်မူလျှင် မြတ်စွာဘုရားဟာ ရေသုံးသပ် (ရေချိုး) တော်မူပါတယ်၊ ရေချိုးပြီးတဲ့နောက် ဂန္ဓကုဋိပရိဝုဏ်အတွင်းက တရားပလ္လင်မှာ တစ်ပါးတည်းထိုင်နေတော်မူပါတယ်၊ အဲဒီအခါ ထိုထိုအရပ်မှ ရဟန်းတော်များက လာရောက်ပြီး ခစားနေကြတယ်၊ တချို့က ပြဿနာမေးလျှောက်ကြတယ်၊ တချို့က ကမ္မဋ္ဌာန်းတောင်းကြတယ်၊ တချို့က တရားဟောဖို့ လျှောက်ကြတယ်၊ မြတ်စွာဘုရားက သူတို့၏ အလိုအားလျော်စွာ ပြည့်စုံအောင် ဖြေရှင်းဟောကြားတော်မူပါတယ်။ အဲဒါဟာ ညနေချမ်း ညဦးယာမ်ခေါ်တဲ့ ပုရိမယာမ်မှာ ဆောင်ရွက်တော်မူပုံပါပဲ။

## (၄) မဇ္ဈိမယာမကိစ္စ

(၄) အဲဒီလို စက်နာရီဖြင့် ည ၁၀-နာရီလောက်အထိ ညဦးယာမ်ကိစ္စကို ဆောင်ရွက်ပြီးတဲ့နောက် ရဟန်းများ ပြန်သွားကြတဲ့အခါ စကြဝဠာပေါင်း တိုက်တစ်သောင်းက နတ်ဗြဟ္မာတွေက မြတ်စွာဘုရားထံလာရောက်ပြီး အမျိုးမျိုးသော မေးခွန်းပြဿနာများကို မေးမြန်းကြပါတယ်၊ သဂါထာဝဂ်သံယုတ်မှာ ဒီလိုမေးခွန်းတွေ အများကြီးရှိပါတယ်၊ မင်္ဂလာမေးခွန်းမျိုးပါပဲ၊ အဲဒီလိုမေးခွန်းတွေ ဖြေကြားရင်း ညဥ့်သန်းခေါင်ယံကုန်သွားတယ်၊ စက်နာရီနဲ့ ပြောရရင် သန်းခေါင်ကျော် ၂-ချက်တီး အချိန်လောက် ရောက်သွားတယ်။ အဲဒါက ညဥ့်အလယ်ပိုင်းမှာ မဇ္ဈိမယာမကိစ္စကို ဆောင်ရွက်တော်မူပုံပါပဲ။

http://www.dhammadownload.com



## (၅) ပစ္ဆိမယာမကိစ္စ

(၅) ပစ္ဆိမယာမကိစ္စကို ဆောင်ရွက်တော်မူပုံကတော့အဲဒီ ၂-ချက်တီးအချိန်မှ နောက် မိုးလင်းချိန်အထိ ၃-နာရီလောက်ကို ၃-ပိုင်းပိုင်းပြီး ပထမပိုင်းအချိန်မှာ ကိုယ်ကာယမျှတအောင် စင်္ကြံကြွတော်မူပါတယ်၊ ဒုတိယပိုင်းအချိန်မှာ ကျိန်းစက်တော်မူပါတယ်၊ တတိယပိုင်းအချိန်မှာ ကျိန်းစက်ရာမှ ထပြီး လောကကြီးကို ကြည့်ရှုတော်မူပါတယ်၊ ပစ္ဆာဘတ္တကိစ္စပြောခဲ့တုန်းကလို ကျွတ်ထိုက်တဲ့ ဝေနေယျ သတ္တဝါတွေကို ကြည့်ရှုတော်မူတာပါပဲ။ အဲဒါဟာ မိုးသောက်ယာမ်မှာ ပစ္ဆိမယာမကိစ္စကို ဆောင်ရွက်တော်မူပုံပါပဲ။

အဲဒီလို ဗုဒ္ဓကိစ္စ ငါးပါးကို နေ့စဉ်မပြတ် မြတ်စွာဘုရားမှာ ဆောင်ရွက်တော်မူနေရပါတယ်၊ အားလပ်တဲ့ အချိန်ရယ်လို့ မရှိပါဘူး၊ အဲဒီဗုဒ္ဓကိစ္စငါးပါးထဲက ဒီဘာရသုတ်ကို ဟောတာဟာ ဘယ်ကိစ္စအနေနဲ့ဟောတော်မူပါသလဲဆိုရင် ပုရိမယာမကိစ္စအနေနဲ့ ဟောတယ်လို့ပဲ ယူဆနိုင်ပါတယ်၊ ဒါပေမယ့် ပရိသတ် ၄-ပါးလုံး ကြားနာသင့်တဲ့ တရားဖြစ်တဲ့အတွက် ပစ္ဆာဘတ္တကိစ္စအနေနဲ့ ဟောတော်မူတယ်ဆိုရင် သာပြီးသင့်လျော်ဖွယ်ရှိပါတယ်၊ ဒါကြောင့် ဘုန်းကြီးကတော့ ဒီသုတ်ကို ပစ္ဆာဘတ်ခေါ်တဲ့ မွန်းလွဲချိန်မှာ ပရိသတ် ၄-ပါးလုံးအား ဟောကြားတော်မူတယ်လို့ ယူဆထားပါတယ်။

## ရဟန်းတော်များကိုခေါ်ပြီး ဟောခြင်းအကြောင်း

အဲဒီလို ပရိသတ် ၄-ပါးလုံး အစုံအလင်ရှိသော်လည်း ရဟန်းတော်များက ပြဋ္ဌာန်းတဲ့ တရားနာပရိသတ်ဖြစ်တဲ့အတွက် ရဟန်းများကိုသာ ခေါ်တော်မူပြီး ဟောတော်မူတယ်လို့လည်း ယူဆထားပါတယ်၊ ဒါကြောင့် သင်္ဂါယနာတင် မထေရ်မြတ်များက-

http://www.dhammadownload.com



တတြ၊ ထိုသို့ သာဝတ္ထိမြို့ အနာထပိဏ်သူဌေး၏ ကောင်းမှုဖြစ်သော ဇေတဝန်ကျောင်းတော်ဝယ် သီတင်းသုံးနေတော်မူစဉ် အခါကာလ၌။ ဘဂဝါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ ဘိက္ခူ၊ တရားသဘင်၌ စည်းဝေးလျက်ရှိသော ရဟန်းတော်တို့ကို။ ဘိက္ခဝေါတိ၊ ရဟန်းတို့ဟူ၍။ အာမန္တေသိ၊ အာရုံပြုရေး သတိပေးမိန့်ခေါ်တော်မူလေပြီ- စသည်ဖြင့် ပြဆိုထားပါတယ်။

တရားကို စပြီးမဟောသေးဘဲ ရဟန်းတို့လို့ ဘာကြောင့် ခေါ်ပြီး သတိပေးရပါသလဲဆိုရင် အဲဒီမှာ တရားနာပရိသတ်တွေက အချင်းချင်းလည်း စကားမပြောကြဘူး၊ ဟိုဟိုဒီဒီလည်း ကြည့်ရှုမနေကြဘူး၊ ကိုယ့်တရားနဲ့ကိုယ် အသီးအသီး နှလုံးသွင်းနေကြ တယ်၊ အဲဒီလို နှလုံးသွင်းနေကြရာမှ သတိမပေးဘဲ တရားသားကို စပြီးဟောလိုက်ရင် အစပိုင်းက တရားအချို့ကို မမှတ်နိုင်ဘဲဖြစ်သွားနိုင်ပါတယ်၊ ဒါကြောင့် ရှေးဦးစွာ ရဟန်းတို့လို့ ခေါ်တော်မူပြီး သတိပေးရခြင်းဖြစ်ပါတယ်၊ အဲဒီလို ခေါ်တော်မူတဲ့အခါ-

တေ ဘိက္ခူ၊ ထိုတရားသဘင်၌ရှိသော ရဟန်းတော်တို့သည်။ ဘဒ္ဒန္တေတိ၊ အရှင်ဘုရားဟူ၍။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ပစ္စဿောသုံ၊ ရိုသေစွာ ပြန်ကြားလျှောက်ထားကြပါတယ်တဲ့။

အဲဒီအခါမှာ မြတ်စွာဘုရားက ရှေးဦးစွာ တရားခေါင်းစဉ် ပဋိညာဉ်ကို ဒီလိုဟောတော်မူပါတယ်။

## တရားခေါင်းစဉ် ပဋိညာဉ်

ဘာရဉ္စ ဝေါ ဘိက္ခဝေ ဒေသေဿာမိ ဘာရဟာရဉ္စ ဘာရာဒါနဉ္စ ဘာရနိက္ခေပနဉ္စ၊ တံ သုဏာထ သာဓုကံ မနသိကရောထ ဘာသိဿာမိ။

http://www.dhammadownload.com



ဘိက္ခဝေ၊ ရဟန်းတို့။ အဟံ၊ ငါသည်။ ဝေါ၊ သင်တို့အား။ ဘာရဉ္စ၊ ဝန်ထုပ်ဝန်ပိုးကိုလည်း ဒေသေဿာမိ-ဟောပေအံ့။ ဘာရဟာရဉ္စ-ဝန်ထုပ်ဝန်ပိုး ထမ်းဆောင်သူကိုလည်း ဟောပေအံ့။ ဘာရာဒါနဉ္စ၊ ဝန်ထုပ်ဝန်ပိုးကို ခံယူခြင်း, ထမ်းဆောင်ခြင်းကိုလည်း ဟောပေအံ့။ ဘာရနိက္ခေပနဉ္စ၊ ဝန်ထုပ်ဝန်ပိုးကို ပစ်ချခြင်းကိုလည်း ဟောပေအံ့။ တံ၊ ထိုငါဟောမည့် ဝန်ထုပ်ဝန်ပိုးတရားကို။ သုဏာထ၊ နာကြကုန်လော့။ သာဓုကံမနသိကရောထ၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့။ ဘာသိဿာမိ၊ ယခုပင် ဟောတော့မည်လို့ ဒီလိုတရားခေါင်းစဉ်ကို ကြေညာပြီး ပဋိညာဉ်ပြုတော်မူပါတယ်။

ပါဠိလို ဘာရခေါ်တဲ့ ဝန်ထုပ်ဝန်ပိုးကိုလည်း ဟောမယ်၊ လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးအကြောင်းကိုလည်း ဟောမယ်လို့ ဟောမည့်တရားခေါင်းစဉ်ကို ကြေညာပါတယ်၊ ဘာရဟာရခေါ်တဲ့ ဝန်ထုပ်ဝန်ပိုးထမ်းဆောင်နေတဲ့သူအကြောင်းကိုလည်း ဟောမယ်၊ အဲဒီဝန်ထုပ်ဝန်ပိုးကို ခံယူပြီး ထမ်းဆောင်နေပုံကိုလည်း ဟောမယ်၊ အဲဒီလေးလံတဲ့ ဝန်ထုပ်ဝန်ပိုးကို ပစ်ချပြီး ချမ်းသာရာရသွားပုံကိုလည်း ဟောမယ်လို့ တရားခေါင်းစဉ် ၄-ခုကို ကြေညာပြီး ပဋိညာဉ်ပြုတော်မူပါတယ်။

နောက်ပြီးတော့ ကောင်းကောင်းရိုရိုသေသေနာကြ၊ ကောင်းကောင်းရိုရိုသေသေ နှလုံးသွင်းကြလို့ ဒီလိုလည်း တိုက်တွန်းတော်မူပါတယ်။ ဘာကြောင့် ဒီလိုတိုက်တွန်းရသလဲဆိုရင် တရားဆိုတာ ကောင်းကောင်းရိုရိုသေသေနာယူမှတ်သားမှ, နှလုံးသွင်းမှ မိမိတို့ အလိုရှိတဲ့ အကျိုးထူးကို ရနိုင်ပါတယ်၊ ပေါ့ပေါ့ဆဆနဲ့ မရိုမသေ နာနေရင်တော့ မိမိတို့ အလိုရှိတဲ့အကျိုးကို မရနိုင်ပါဘူး။ တရားနာနေရင်း မဂ်ဖိုလ်တရားထူးတွေကို ရသွားကြတဲ့သူတွေဟာ ဒီလိုရိုရို

http://www.dhammadownload.com



သေသေနာလို့, နှလုံးသွင်းလို့ ရသွားကြတာပါပဲ။ တရား နာပြီး အားထုတ်သောအားဖြင့် တရားထူးရကြတာလည်း ဒီလိုရှိရှိသေသေ နာကြ, နှလုံးသွင်းကြလို့ပါပဲ။ ဒါကြောင့် မြတ်စွာဘုရားက-

တံ၊ ထို ငါဟောမည့် ဝန်ထုပ်ဝန်ပိုးတရားကို။ သုဏာထ၊ နာကြကုန်လော့။ သာဓုကံ မနသိကရောထ၊ ကောင်းစွာနာကြ နှလုံးသွင်းကြကုန်လော့- လို့ အလေးအနက် တိုက်တွန်းတော်မူပါတယ်။ နောက်ပြီးတော့-

ဘာသိဿာမိ၊ ယခုပင်ဟောတော့မယ်လို့လည်း ထပ်မံ ကြေညာတော်မူပြန်ပါတယ်။ အဲဒီအခါမှာ ရဟန်းတော်တွေကလည်း ဧဝံ ဘန္တေ-ကောင်းပါပြီ အရှင်ဘုရားလို့ ရိုသေစွာနာခံကြောင်း ပြန်ကြားကြပါတယ်။ အဲဒီတော့ မြတ်စွာဘုရားက အဲဒီဘာရသုတ္တန် ခေါင်းစဉ် ၄-ချက်ကို အသီးသီးဒီလိုဖွင့်ပြ ဟောကြားတော်မူပါတယ်။

## အကျယ်ဝေဖန်ဟောပြချက် လေးလံတဲ့ဝန်ထုပ်

ကတမော စ ဘိက္ခဝေ ဘာရော၊ ပဉ္စုပါဒါနက္ခန္ဓာတိဿ ဝစနီယံ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘာရော၊ ဝန်ထုပ်ဝန်ပိုးဟူသည်မှာ။ ကတမော စ၊ အဘယ်အရာပါနည်းဟူမူ။ ပဉ္စုပါဒါနက္ခန္ဓာတိ၊ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ဟူ၍။ ဝစနီယံ၊ ဖြေဆိုအပ်-ဖြေဆိုသင့်သည်။ အဿ၊ ဖြစ်ရာ၏-တဲ့။

လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးကြီးဆိုတာ ဘယ်ဟာလဲလို့မေးခဲ့ရင် ဥပါဒါနက္ခန္ဓာငါးပါးပါပဲလို့ ဖြေရမယ်တဲ့။ လောကအနေနဲ့ ဆိုရင်တော့ လေးလံတဲ့ဝန်ထုပ်ဝန်ပိုးတွေဆိုတာ အများကြီးရှိပါတယ်။ သင်္ဘောဆိပ်တွေမှာ, မီးရထားကုန်တင်ကုန်ချဌာနတွေမှာ

http://www.dhammadownload.com



လေးလံတဲ့ဝန်ထုပ်ဝန်ပိုးကြီးတွေကို သယ်ဆောင်ကြရတယ်၊ ပင်လယ်ကူးသင်္ဘောဆိပ်ဌာနတွေမှာတော့ လူအင်အားဖြင့် မသယ်ဆောင်နိုင်တဲ့ စက်ပစ္စည်း၊ ကား၊ သင်္ဘောကလေး အစရှိတဲ့ ဝန်တွေတောင်ရှိတယ်၊ အဲဒါတွေကတော့ ခေတ်အလျောက် ဝန်ချီစက်နဲ့ တင်ရ ချရတာမို့ တော်ပါသေးရဲ့၊ လူအင်အားနဲ့သာ တင်ရ ချရမယ်ဆိုရင် အလွန်ပဲခဲယဉ်းပါလိမ့်မယ်။ မြန်မာပြည်မှာ အများ အပြားတွေ့ရတဲ့ ဝန်တွေကတော့ ဆန်စက်တွေက ဆန်အိတ်တွေပါပဲ၊ အဲဒီဆန်အိတ်တွေဟာ အင်မတန်လေးပါတယ်၊ အားကောင်းတဲ့ သယ်ပိုးနေကျလူသန်တွေသာ သယ်ဆောင်နိုင်ပါတယ်။ အဲဒါလည်း အဲဒီ ဆန်အိတ်ဝန်ကို ၁-မိနစ် ၂-မိနစ်စသည် မိနစ်ပိုင်းလောက်သာ ထမ်းရလို့ ထမ်းနိုင်ကြတာ၊ တစ်နာရီ၊ နှစ်နာရီ စသည်ဖြင့် အကြာကြီးထမ်းထားရမယ် ဆိုရင်တော့ ထမ်းထားဖို့ အလွန်ခဲယဉ်းပါလိမ့်မယ်၊ တစ်နေ့လုံးထမ်းထားရမယ်ဆိုရင် သာပြီးခဲယဉ်းပါလိမ့်မယ်၊ အမြဲတမ်း ထမ်းနေရမယ်ဆိုရင်တော့ သေဖို့ပဲရှိပါတယ်။ ခေတ္တခဏ မိနစ်ပိုင်းလောက် ထမ်းဆောင်ရတာတောင် ထမ်းရတဲ့သူတွေမှာ ထမ်းနေခိုက်၌ အတော်ပင်ပန်းဟန် လက္ခဏာရှိပါတယ်၊ ဒါပေမဲ့ တစ်မိနစ်၊ နှစ်မိနစ်စသည် ကြာတော့ ချသင့်တဲ့နေရာရောက်ပြီး ပစ်ချလိုက်ရတဲ့အခါမှာ နေသာထိုင်သာဖြစ်ပြီး ချမ်းသာမှုရသွားတယ်။ အဲဒါဟာ လောကဝန်ထုပ်တွေ လေးလံပုံ၊ ထမ်းဆောင်ရတဲ့အတွက် ပင်ပန်းပုံ၊ ပစ်ချလိုက်တော့မှ သက်သာခွင့်ရသွားပုံတွေပါပဲ၊ ဒါတွေကတော့ မပြောဘဲနဲ့လည်း သိနားလည်နိုင်ကြပါတယ်။ ဒါပေမယ့် လိုရင်းဖြစ်တဲ့ ခန္ဓာဝန်တွေ လေးလံပုံ စသည်တွေကို သဘောပေါက်လွယ်အောင်လို့ သိလွယ်တာက စပြီး ပြောရတာပဲ။

http://www.dhammadownload.com



## ခန္ဓာဝန်တွေက သာပြီးလေးတယ်

ယခုဒီမှာ ပြောလိုရင်းကတော့ ခန္ဓာဝန်တွေပါပဲ၊ ဒီခန္ဓာဝန်တွေက သာပြီးလေးပါတယ်။ သတ္တဝါတိုင်းမှာ ကိုယ့်ခန္ဓာဝန်တွေကို အသီးသီးထမ်းဆောင်နေကြရတယ်၊ ကိုယ့်တစ်ကိုယ်လုံးကို ကျန်းမာချမ်းသာအောင် အမြဲတမ်းကြောင့်ကြစိုက်ပြီး ယုယုယယ နဲ့ ပြုစုလုပ်ကျွေးနေကြရတယ်၊ တချို့က ကိုယ့်ခန္ဓာတွင်တောင် မကဘူး၊ သူတစ်ပါးခန္ဓာတွေကိုပါ ထမ်းဆောင်နေကြရတယ်၊ အဲဒါဟာ မိနစ်ပိုင်းလောက် ခေတ္တခဏမျှပဲမဟုတ်ဘူး၊ နာရီပိုင်း, ရက်ပိုင်း, နှစ်ပိုင်းလောက်လည်းမဟုတ်ဘူး၊ မိမိတို့ တစ်သက်လုံးထမ်းဆောင်နေကြရတယ်၊ ဒါလည်းမျက်မြင်လောက် မှန်းဆနိုင် အောင်လို့ ပြောရတာပဲ၊ အမှန်စင်စစ်ကတော့ ကမ္ဘာကုဋေပေါင်း များစွာ မရေမတွက်နိုင်တဲ့ သံသရာတစ်လျှောက်လုံး အကန့်အသတ်မရှိ ထမ်းဆောင်နေကြရပါတယ်။ ခေတ္တခဏတောင် ချထားလို့လည်းမရဘူး၊ အစဉ်မပြတ် အမြဲတမ်းထမ်းဆောင် နေကြရပါတယ်။ ဒါကြောင့် လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးဆိုတာ ဘာလဲလို့မေးရင် ဥပါဒါနက္ခန္ဓာငါးပါးပဲလို့ ဆိုသင့်တဲ့အကြောင်း ဟောတော်မူပါတယ်။ အဲဒီဥပါဒါနက္ခန္ဓာငါးပါးဆိုတာ ဘယ်ဟာတွေလဲလို့ မေးစရာရှိတဲ့အတွက် မြတ်စွာဘုရားက ကိုယ်တော်တိုင်ပဲ မေးခွန်းထုတ်ပြီး ဒီလိုဖြေရှင်းပြတော် မူပါတယ်။

> ကတမေ ပဉ္စ၊ ရူပုပါဒါနက္ခန္ဓော, ဝေဒနုပါဒါနက္ခန္ဓော, သညုပါဒါနက္ခန္ဓော, သင်္ခါရုပါဒါနက္ခန္ဓော, ဝိညာဏုပါဒါနက္ခန္ဓော အယံ ဝုစ္စတိ ဘိက္ခဝေ ဘာရော။

ပဉ္စ၊ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ ဟူသည်မှာ။ ကတမေ၊ အဘယ်အရာတို့နည်းဟူမူ။

http://www.dhammadownload.com



ရူပုပါဒါနက္ခန္ဓော၊ ရုပ်ဥပါဒါနက္ခန္ဓာက တစ်ပါး။
ဝေဒနုပါဒါနက္ခန္ဓော၊ ဝေဒနာဥပါဒါနက္ခန္ဓာက တစ်ပါး။
သညုပါဒါနက္ခန္ဓော၊ သညာဥပါဒါနက္ခန္ဓာက တစ်ပါး။
သင်္ခါရုပါဒါနက္ခန္ဓော၊ သင်္ခါရဥပါဒါနက္ခန္ဓာက တစ်ပါး။
ဝိညာဏုပါဒါနက္ခန္ဓော၊ဝိညာဏ်ဥပါဒါနက္ခန္ဓာက တစ်ပါး။

ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤခန္ဓာငါးပါးအပေါင်းကို။ ဘာရော၊ လေးလံသော ဝန်ထုပ်ဝန်ပိုးဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်ပါသည်တဲ့။

လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးဆိုတာ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ ဒီဥပါဒါနက္ခန္ဓာငါးပါးပဲတဲ့။ ဒီဥပါဒါနက္ခန္ဓာငါးပါးအကြောင်းကတော့ ဒီသာသနာ့ရိပ်သာမှာ ခဏခဏဟောနေရတယ်။ ဟောဖူးတဲ့အကြိမ်ပေါင်းကို မျှားလှပါပြီ။ ဒါပေမယ့် မူရင်းဖြစ်တဲ့ သုတ်တရားထဲက ဥပါဒါနက္ခန္ဓာငါးပါးကို ထုတ်ပြထားတော့ အဲဒါကိုပဲ ထပ်ပြီးဟောရပြန်တာပဲ၊ ဒီဥပါဒါနက္ခန္ဓာငါးပါးကို မဟောရင် ဒို့ပြင်လည်း ဟောစရာမရှိဘူး၊ သတ္တဝါတွေရဲ့ သန္တာန်မှာ ဒီဥပါဒါနက္ခန္ဓာငါးပါးပဲရှိတယ်၊ ဒါကြောင့် ဒီဥပါဒါနက္ခန္ဓာငါးပါးကိုပဲ ထပ်ပြီးဟောရမယ်။

## ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ

ခန္ဓာဆိုတာ အဖို့အစုလို့ အနက်အဓိပ္ပါယ်ရှိတယ်၊ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အတွင်းအပြင်၊ အကြမ်းအနု၊ အယုတ်အမြတ်၊ အဝေးအနီးခွဲခြားလို့ ရကောင်းတဲ့တရားဟူသမျှကို ခန္ဓာလို့ခေါ်တယ်။ ရုပ်ဆိုရင် လွန်ခဲ့ပြီးအတိတ်လည်းရှိတယ်၊ ဖြစ်လာမည့် အနာဂတ်လည်းရှိတယ်၊ ဖြစ်ဆဲပစ္စုပ္ပန်လည်း ရှိတယ်၊

http://www.dhammadownload.com



ကိုယ်တွင်းမှာလည်းရှိတယ်၊ ကိုယ်ပမှာလည်းရှိတယ်၊ ရုပ်ကြမ်းလည်း ရှိတယ်၊ ရုပ်နုလည်းရှိတယ်၊ အညံ့စားလည်း ရှိတယ်၊ အကောင်းစား လည်း ရှိတယ်၊ အဝေးမှာလည်းရှိတယ်၊ အနီးမှာလည်းရှိတယ်၊ ဒါကြောင့် အတိတ်ရုပ်, အနာဂတ်ရုပ် အစရှိတဲ့ အဲဒီရုပ်ဟူ သမျှတွေကို ပေါင်းစုပြီး ရုပ်ခန္ဓာလို့ခေါ်ရတယ်။ ထို့အတူပင် ဝေဒနာဟူသမျှကို ပေါင်းစုပြီး ဝေဒနာခန္ဓာလို့ ခေါ်ရတယ်။ သညာဟူသမျှကို ပေါင်းစုပြီး သညာခန္ဓာလို့ ခေါ်ရတယ်။ သင်္ခါရ ဟူသမျှကို ပေါင်းစုပြီး သင်္ခါရခန္ဓာလို့ ခေါ်ရတယ်။ စိတ်ဝိညာဏ် ဟူသမျှကို ပေါင်းစုပြီး စိတ်ဝိညာဏ်ခန္ဓာလို့ ခေါ်ရတယ်။ အပေါင်း အစုကို ခန္ဓာခေါ်တယ်ဆိုတော့ ရုပ်တစ်ခုတည်း, ဝေဒနာ စသည် တစ်ခုတည်းကိုတော့ ခန္ဓာလို့ မခေါ်ရဘူးလားလို့ မေးစရာရှိပါ တယ်။ ပေါင်းစုလို့ ရနိုင်တဲ့ တရားများဖြစ်တဲ့အတွက် ရုပ်တစ်ခု တည်းကိုလည်း ခန္ဓာလို့ ခေါ်ရပါတယ်။ ဝေဒနာစသည် တို့မှာလည်း တစ်ခုတည်းပေမယ့် ခန္ဓာလို့ ခေါ်ရတယ်။ ပေါင်းစုလို့ မရနိုင်တဲ့ တရားကိုတော့ ခန္ဓာလို့ မခေါ်ရဘူး၊ အဲဒါကလည်း နိဗ္ဗာန်တရား တစ်ပါးသာ ရှိပါတယ်၊ နိဗ္ဗာန်ဆိုတာကတော့ တစ်ပါးတည်းသာရှိ တယ်၊ အတိတ်, အနာဂတ် စသည်ဖြင့် ခွဲလို့မရကောင်းဘူး၊ ဒါကြောင့် ပေါင်းစုပြီး ခေါ်ဝေါ်ပြောဆို လို့လည်း မဖြစ်ဘူး၊ အဲဒီလို အပေါင်းအစု မရကောင်းတဲ့အတွက် နိဗ္ဗာန်ကိုတော့ ခန္ဓာလို့ မခေါ် ရဘူး။

အဲဒီခန္ဓာဆိုတဲ့ပုဒ်ဟာ ဥပါဒါနဆိုတဲ့ ပုဒ်နဲ့ တွဲစပ်လိုက်တဲ့ အခါ ဥပါဒါနက္ခန္ဓာလို့ ဖြစ်လာတယ်၊ ဥပါဒါန-ဆိုတာ စွဲလမ်းမှုပဲ၊ ဒါကြောင့် ဥပါဒါနက္ခန္ဓာဆိုတာ စွဲလမ်းမှု၏ အာရုံဖြစ်တဲ့ တရားအစု တွေပါပဲ၊ တဏှာနဲ့ ဒိဋ္ဌိနဲ့ စွဲလမ်းနိုင်တဲ့ လောကီတရားအစုတွေလို့

http://www.dhammadownload.com



ဆိုလိုပါတယ်။ စွဲလမ်းမှု၏ အာရုံမဖြစ်တဲ့ မဂ်ဖိုလ်စိတ် စေတသိက် ဆိုတဲ့ လောကုတ္တရာတရားတွေကတော့ ခန္ဓာသာ မည်တယ်၊ ဥပါဒါနက္ခန္ဓာတော့ မမည်ဘူး၊ အဲဒီလောကုတ္တရာတရားတွေကတော့ မဂ်ဖိုလ်ဖြစ်ခိုက်မှာ ပါဝင်တဲ့တရားတွေပါပဲ၊ သူတို့ကတော့ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဆိုတဲ့ နာမ်ခန္ဓာ ၄-ပါးသာ ရှိတယ်။ ရုပ်ခန္ဓာတော့ မရှိဘူး၊ ဥပါဒါန်၏ အာရုံဖြစ်တဲ့ ဥပါဒါနက္ခန္ဓာဆိုတာတွေကတော့ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ငါးပါးလုံး ရှိတယ်။ ယခုဒီသုတ်မှာ ဘာရ-လေးလံတဲ့ ဝန်ထုတ်ဝန်ပိုးလို့ဆိုတဲ့ တရားတွေကတော့ ဥပါဒါန်၏ အာရုံဖြစ်တဲ့ အဲဒီလောကီ ရုပ်နာမ် ခန္ဓာတွေချည်းပဲ၊ လောကုတ္တရာခန္ဓာတွေ မပါဘူး၊ ဒါကြောင့် ဒီမှာ ခန္ဓာလို့ သာမညမဟောပဲ ဥပါဒါန-ပုဒ်နဲ့ အထူးပြုပြီး ဥပါဒါ-နက္ခန္ဓာ-လို့ဟောထားပါတယ်၊ လေးလံတဲ့ ဝန်ထုတ်ဝန်ပိုးဆိုတာ တဏှာ, ဒိဋ္ဌိနဲ့ ငါ့ဥစ္စာပဲလို့ စွဲလမ်းနိုင်တဲ့ လောကီခန္ဓာငါးပါးတရားတွေလို့ ဆိုလိုပါတယ်။

## ဥပါဒါန် ၄-ပါး

ဥပါဒါန်ဆိုတာ (၁) ကာမုပါဒါန်၊ (၂) ဒိဋ္ဌုပါဒါန်၊ (၃) သီလဗ္ဗတုပါဒါန်၊ (၄) အတ္တဝါဒုပါဒါန်အားဖြင့် ၄-ပါးရှိတယ်၊ ဒီ ဥပါဒါန် ၄-ပါးအကြောင်းကိုတော့ ပဋိစ္စသမုပ္ပါဒ်တရားတော်မှာ အကျယ်ပြောခဲ့ပါပြီ၊ ဒါကြောင့် ဒီမှာတော့ အကျဉ်းချုပ်လောက်ပဲ ပြောရမယ်။

အဲဒီ၄-ပါးထဲက (၁) ကာမုပါဒါန်ဆိုတာ နှစ်သက်လိုချင်စရာ ကာမဂုဏ်အာရုံတွေကို နှစ်သက်လိုချင်ပြီး စွဲလမ်းတာပါပဲ။ မိမိကိုယ်တွင်းသန္တာန်ကဖြစ်စေ၊ သူတစ်ပါးသန္တာန်ကဖြစ်စေ တစ်စုံ

http://www.dhammadownload.com



တစ်ခုကို နှစ်သက်လိုချင်ပြီး စွဲလမ်းနေရင် အဲဒါဟာ ကာမုပါဒါန်ပဲ၊ အထူးအားဖြင့်တော့ အဖိုသတ္တဝါတွေမှာ အမသတ္တဝါတွေနဲ့ စပ်တဲ့ ကာမဂုဏ်တွေကို သာယာတပ်မက်ပြီး စွဲလမ်းနေတတ်တယ်။ အမသတ္တဝါတွေမှာလည်း အဖိုသတ္တဝါတွေနဲ့ စပ်တဲ့ကာမဂုဏ်တွေကို သာယာတပ်မက်ပြီး စွဲလမ်းနေတတ်တယ်။ ယခုလောလောဆယ်မှာ တွေ့ရတဲ့ ကာမဂုဏ်အာရုံတွေကိုလည်း သာယာတပ်မက်ပြီး စွဲလမ်းနေတတ်တယ်၊ နောင်အခါရနိုင်မယ်လို့ မျှော်လင့်ရတဲ့ ကာမဂုဏ်အာရုံတွေကိုလည်း မျှော်လင့်တောင့်တပြီး စွဲလမ်းနေတတ်တယ်၊ မရသေးတာဆိုရင် အလွန်ရချင်နေတတ်တယ်၊ ရပြီးရှိပြီးဆိုရင်လည်း မစွန့်နိုင် မခွာရက်နိုင်ဖြစ်နေတတ်တယ်၊ ဒါတွေဟာ ကာမဂုဏ်အာရုံကို စွဲလမ်းတဲ့ ကာမုပါဒါန်ပါပဲ၊ နောက်ပြီးတော့ ကာမဂုဏ်အာရုံ မဟုတ်ပေမယ့် နှစ်သက်လိုချင်ဖွယ် ဖြစ်လို့ ဝတ္ထုကာမလို့ခေါ်ရတဲ့ လောကီရုပ်နာမ် ခန္ဓာဟူသမျှကို နှစ်သက်လိုချင်ပြီး စွဲလမ်းတာကိုလည်း ကာမုပါဒါန်လို့ပဲ ခေါ်ရတယ်၊ ဒါကြောင့် ရူပဘဝ အရူပဘဝနှင့်စပ်တဲ့ သဘောတရား အခြေအနေတွေကို နှစ်သက်လိုချင်ပြီး စွဲလမ်းတာလည်း ကာမုပါဒါန်မည်တာပဲ။ ဘာကြောင့်လည်းဆိုတော့ ဒီဥပါဒါန်အရာမှာ ရူပုပါဒါန် အရူပုပါဒါန်ရယ်လို့မရှိဘူး၊ ကာမုပါဒါန်လို့သာ ရှိပါတယ်၊ ဒါကြောင့် ဘာပဲဖြစ်ဖြစ် နှစ်သက်လိုချင်ပြီးစွဲလမ်းရင် ကာမုပါဒါန်ပဲလို့သာ မှတ်ရမယ်။

(၂) ဒိဋ္ဌုပါဒါန်ဆိုတာ မှားယွင်းတဲ့ အယူအစွဲပါပဲ၊ အယူဝါဒဆိုတာ စွဲလမ်းတာချည်းပဲ၊ မစွဲလမ်းတဲ့ အယူရယ်လို့မရှိဘူး၊ နည်းနည်းစွဲတာနဲ့ များများစွဲတာပဲကွာပါတယ်၊ ဒါကြောင့် မှားယွင်းတဲ့ အယူအစွဲဟူသမျှကို ဒိဋ္ဌုပါဒါန်လို့ဆိုသင့်ပါတယ်၊ ဒါပေမယ့်

http://www.dhammadownload.com



အကျင့်အမှားကို စွဲလမ်းတဲ့အယူနဲ့ အတ္တစွဲအယူ ဒီနှစ်ပါးကိုတော့ သီးခြားဥပါဒါန်အဖြစ်ဖြင့် ဟောထားလို့ အဲဒီ ၂-ပါးကို ချန်ထားရမယ်၊ ကျန်တဲ့အယူအစွဲဟူသမျှကို ဒိဋ္ဌုပါဒါန်လို့မှတ်ရ မယ်၊ အထူးဝိသေသအားဖြင့်ဆိုရင်တော့ ကုသိုလ်ကံ, အကုသိုလ်ကံမရှိ၊ ကံ၏အကျိုးမရှိ၊ နောင်တမလွန်ဘဝမရှိ-လို့ ယူတဲ့အစွဲအလမ်းဟာ ဒိဋ္ဌုပါဒါန်ပဲ၊ ဒိဋ္ဌမင်္ဂလာအစရှိတဲ့ အယူအစွဲတွေလည်း ဒိဋ္ဌုပါဒါန်ပဲ။

(၃) သီလဗ္ဗတုပါဒါန်ဆိုတာ သံသရာမှ လွတ်မြောက်ကြောင်း နိဗ္ဗာန်ရောက်ကြောင်း ချမ်းသာကြောင်း မဟုတ်တဲ့အလေ့ အကျင့်တွေကို သံသရာမှ လွတ်မြောက်ကြောင်း နိဗ္ဗာန်ရောက် ကြောင်း ချမ်းသာကြောင်း အကျင့်အနေဖြင့် ယုံကြည်စွဲလမ်းတဲ့ အယူအစွဲပါပဲ၊ နွား, ခွေး စသည်တို့၏ အလေ့အကျင့်ဖြင့် ဆင်းရဲမှ လွတ်မြောက်တယ်လို့ ယုံကြည်ကာ၊ နွား, ခွေး စသည်ကို ကိုးကွယ် ပူဇော်ခြင်း နတ်, သိကြား, ဗြဟ္မာ အရှင်သခင်ကြီးတွေကို ကိုးကွယ် ခြင်းမှုဖြင့် ဆင်းရဲမှ လွတ်မြောက်တယ်လို့ ယုံကြည်ယူဆတာ၊ ဂင်္ဂါ မြစ်ရေကို ချိုးရုံမျှဖြင့် မကောင်းမှုပပျောက်တယ်လို့ ယုံကြည်ယူဆ တာ၊ နွား, ကျွဲ, ဆိတ် စသည်တို့ကို သတ်ပြီးပူဇော်ခြင်းဖြင့် မကောင်း မှုအပြစ်ပပျောက်တယ်လို့ ယုံကြည်ယူဆတာ- ဒီလိုအယူအစွဲတွေ ကို သီလဗ္ဗတုပါဒါန်လို့ ခေါ်ပါတယ်၊ အတိုချုပ်အားဖြင့် ပြောရလျှင် မဂ္ဂင်ရှစ်ပါးမှ အလွတ်ဖြစ်တဲ့ အကျင့်မျိုးကို ဆင်းရဲမှလွတ်ကြောင်း အကျင့်ကောင်းအဖြစ်ဖြင့် ယုံကြည်ယူဆစွဲလမ်းတာဟာ သီလဗ္ဗတု ပါဒါန်ပါပဲ။

(၄) အတ္တဝါဒုပါဒါန် ဆိုတာကတော့ ကိုယ်ထဲမှာ အသက် ရှင်ပြီး တည်နေတဲ့အတ္တကောင် အသက်ကောင်ကလေး တကယ်ရှိ တယ်အနေနဲ့ယူဆတဲ့ အတ္တစွဲပါပဲ၊ အဲဒီအတ္တကောင်ဟာ မသေမီ

http://www.dhammadownload.com



သာရှိတယ်၊ သေပြီးတဲ့နောက် ဘာမျှမရှိတော့ဘူးလို့ယူလျှင် ဥစ္ဆေဒဒိဋ္ဌိဖြစ်တယ်၊ ပြတ်စဲအယူလို့လည်းခေါ်ရတယ်။ အဲဒီအတ္တကောင်ဟာ ပျက်စီးခြင်းမရှိဘူး၊ သေတဲ့အခါလည်း သူက တခြားဘဝတခြားခန္ဓာကိုယ်ထဲမှာ ပြောင်းရွှေ့ပြီး တည်မြဲ တည်ရှိနေတယ်လို့ယူလျှင် သဿတဒိဋ္ဌိဖြစ်တယ်၊ တည်မြဲအယူလို့လည်း ခေါ်ရတယ်။

တရားကိုယ်အားဖြင့်တော့ ဒီဥပါဒါန် ၄-ပါးဟာ တဏှာနဲ့ ဒိဋ္ဌိနှစ်ပါးပဲ ဖြစ်ပါတယ်၊ ကာမုပါဒါန်က တဏှာ၊ ကျန်တဲ့ဥပါဒါန် ၃-ပါးက ဒိဋ္ဌိချည်းပဲ။ ဒိဋ္ဌိက အထင်လွဲပြီးစွဲလမ်းတယ်၊ တဏှာက သာယာပြီး စွဲလမ်းတယ်၊ ဒါကြောင့် "ထင်လွဲ, သာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာ ဥပါဒါန်" လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကိုဆိုကြရမယ်။

**ထင်လွဲ, သာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာ ဥပါဒါန်။**

***(ဆို ၃-ခေါက်)***

## စွဲလမ်းပုံ

ခန္ဓာငါးပါးနှင့်စပ်ပြီး စွဲလမ်းပုံကတော့ မျက်စိကြည်လင်တာကို အကြောင်းပြုပြီးတော့လည်း သာယာစွဲလမ်းတယ်၊ နားကောင်းတာ, နှာခေါင်းကောင်းတာ, လျှာကောင်းတာတွေကိုလည်း အကြောင်းပြုပြီး သာယာစွဲလမ်းတယ်၊ အတွေ့အထိကို ဖမ်းယူနိုင်တဲ့ ကိုယ်ရုပ်ကိုလည်း အကြောင်းပြုပြီး သာယာစွဲလမ်းတယ်၊ ကိုယ့်သန္တာန်ကအဆင်းရုပ်၊ သူများသန္တာန်က အဆင်းရုပ်တွေကိုလည်း သာယာစွဲလမ်းတယ်၊ ထိုအတူ အသံ, အနံ့, အရသာ, အတွေ့ ရုပ်တွေကိုလည်း သာယာစွဲလမ်းတယ်၊ ကွေးလိုက် ဆန့်လိုက်၊ ထိုင်လိုက် ထလိုက် စသည်ဖြင့် အလိုရှိတိုင်းပြုလုပ်နိုင်တဲ့ တစ်ကိုယ်လုံးရုပ်တွေကိုလည်း နှစ်သက်သာယာပြီး စွဲလမ်းတယ်၊ အဲဒီ

http://www.dhammadownload.com



ရုပ်ဝတ္ထုတွေကို အကြောင်းပြုပြီး ငါ့သား, ငါ့မယား, ငါ့လင်, ငါ့ဥစ္စာ စသည်ဖြင့်လည်း နှစ်သက်သာယာပြီး စွဲလမ်းတယ်။ ဒါတွေဟာ ရုပ်ခန္ဓာကို အာရုံပြုပြီး ကာမုပါဒါန်ဖြင့်စွဲလမ်းပုံ အကျဉ်းချုပ်ပါပဲ။

ထို့အတူပင် ကောင်းတဲ့ခံစားမှုဝေဒနာကိုလည်း နှစ်သက်သာယာပြီး စွဲလမ်းတယ်။ ကောင်းတဲ့မှတ်သားမှု သညာကိုလည်း နှစ်သက်သာယာပြီး စွဲလမ်းတယ်၊ ကောင်းတဲ့ပြုလုပ်အားထုတ်မှု သင်္ခါရတွေကိုလည်း နှစ်သက်သာယာပြီး စွဲလမ်းတယ်။ ကောင်းတဲ့ စိတ်ကူးကြံစည်မှုကိုလည်း နှစ်သက်သာယာပြီး စွဲလမ်းတယ်။ ဒါတွေဟာ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဆိုတဲ့ နာမ်ခန္ဓာတွေကို အာရုံပြုပြီး ကာမုပါဒါန်ဖြင့် စွဲလမ်းပုံတွေပါပဲ။

ဒိဋ္ဌိနဲ့ စွဲလမ်းပုံကတော့ ရုပ်ကိုယ်ကြီးကိုပင် အသက်ရှင်နေတဲ့ အတ္တကောင် အသက်ကောင်လို့လည်း ထင်မှတ်စွဲလမ်းတတ်တယ်၊ အတ္တကောင် အသက်ကောင်က ရုပ်ကိုယ်ကြီးကို မှီပြီး တည်နေတယ်လို့ရင်လည်း ထင်မှတ်စွဲလမ်းတတ်တယ်။ ထို့အတူ အတ္တကောင် အသက်ကောင် ငါကောင်က အကောင်းအဆိုးတွေကို ခံစားနေရတယ်လို့ရင်လည်း ထင်မှတ်စွဲလမ်းတတ်တယ်။ မှတ်သားတာ မှတ်နိုင်တာဟာ ငါပဲလို့လည်း ထင်မှတ်စွဲလမ်းတတ်တယ်။ ကွေးအောင် ဆန့်အောင်၊ ထိုင်အောင် ထအောင်၊ သွားလာလှုပ်ရှားအောင်၊ ပြောဆိုအောင် ပြုလုပ်နေတာဟာ ငါပဲလို့လည်း ထင်မှတ်စွဲလမ်းတတ်တယ်။ ငါက နှစ်သက်တယ်, မနှစ်သက်ဘူး၊ ငါက ချစ်တယ်, မုန်းတယ် စသည်ဖြင့်လည်း ထင်မှတ်စွဲလမ်းတတ်တယ်၊ ငါက မြင်တယ်၊ မြင်တာဟာငါပဲ စသည်ဖြစ်လည်း ထင်မှတ်စွဲလမ်းတတ်တယ်။ ဒါတွေဟာ အတ္တစွဲဆိုတဲ့ ဒိဋ္ဌိဥပါဒါန်ဖြင့် ခန္ဓာငါးပါးကို စွဲလမ်းပုံတွေပါပဲ။

http://www.dhammadownload.com



ဒီလိုစွဲလမ်းမှုတွေဟာ မြင်တိုင်း, ကြားတိုင်း, တွေ့တိုင်း, သိတိုင်း ပါဝင်ပြီး ဖြစ်နေတတ်ပါတယ်၊ တစ်ရံတစ်ခါ အထင်လွဲပြီး စွဲလမ်းတာကို ဥပါဒါန်လို့ခေါ်တယ်။ ဒါကြောင့် ထင်လွဲ သာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာဥပါဒါန်လို့ ဆိုထားပါတယ်။ အဲဒီ စွဲလမ်းမှု ဥပါဒါန်တို့၏ အာရုံဖြစ်တဲ့ ရုပ်နာမ်ခန္ဓာတွေ၊ အထင်လွဲပြီး စွဲလမ်းနိုင်တဲ့ ရုပ်နာမ်ခန္ဓာတွေ၊ သာယာပြီးစွဲလမ်းနိုင်တဲ့ ရုပ်နာမ်ခန္ဓာတွေ အဲဒါတွေကို ဥပါဒါနက္ခန္ဓာလို့ ခေါ်တယ်။ ငါကောင်အနေနဲ့ ထင်မှတ်ရင် အထင်လွဲပြီး စွဲလမ်းတဲ့ ဒိဋ္ဌိဥပါဒါန်ပဲ၊ ငါ့ဥစ္စာအနေနဲ့ နှစ်သက် သိမ်းပိုက်လိုလျှင် သာယာပြီး စွဲလမ်းတဲ့ တဏှာဥပါဒါန်ပဲ။ ဒါကြောင့် "ငါ, ငါ့ဥစ္စာ၊ စွဲနိုင်တာ၊ ဥပါဒါနက္ခန်"လို့ ဆောင်ပုဒ် စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

**ငါ, ငါ့ဥစ္စာ၊ စွဲနိုင်တာ၊ ဥပါဒါနက္ခန်။** ***(ဆို)***

## ဥပါဒါနက္ခန္ဓာ ခေါ်ရပုံ

စွဲလမ်းတာက ဥပါဒါန်၊ အစွဲလမ်းခံရတာက ဥပါဒါနက္ခန္ဓာ။ ငါပဲ, ငါ့ဥစ္စာပဲလို့ စွဲလမ်းတာက ဥပါဒါန်၊ ငါပဲ, ငါ့ဥစ္စာပဲလို့ ထင်မှတ်ရတဲ့တရားတွေက ဥပါဒါနက္ခန္ဓာတဲ့။ အဲဒီမှာ ငါ့ဥစ္စာလို့ ထင်မှတ်စွဲလမ်းတယ်ဆိုတာနဲ့ နှစ်သက်သာယာပြီး စွဲလမ်းတယ်ဆိုတာဟာ အတူတူပါပဲ၊ နှစ်သက်သာယာတဲ့အခါမှာ ကိုယ့်ဥစ္စာ မဟုတ်ပေမယ့် ကိုယ့်ဥစ္စာအနေနဲ့သိမ်းပိုက်ပြီး နှစ်သက်သာယာ ပါတယ်။ ဈေးဆိုင်မှာ လိုချင်စရာပစ္စည်းတွေကို သွားကြည့်တဲ့အခါ အင်္ကျီဆိုရင်လည်း စိတ်ထဲက ဝတ်ကြည့်လိုက်တာပဲ၊ ဖိနပ်ဆိုရင်လည်း စိတ်ထဲက စီးကြည့်လိုက်တာပဲ၊ သက်ရှိသက်မဲ့ ဝတ္ထုတွေအားလုံးကို ဒီလိုချည်း ကိုယ်ပိုင်အနေနဲ့ အသုံးပြုပြီး နှစ်သက်သာယာလိုက်တာပဲ၊

http://www.dhammadownload.com



ဒါကြောင့် တဏှာနဲ့ သာယာပုံကို ပြတဲ့အခါမှာ ဇော် မမ-ဤ အရာသည် ငါ့ဥစ္စာပဲလို့ သာယာသိမ်းပိုက်ပြီးဖြစ်တဲ့ အကြောင်း ဟောထားပါတယ်၊ ဒီမှာလည်း အဲဒီဒေသနာနည်းကို ယူပြီး၊ ငါ့ဥစ္စာ အနေနဲ့ စွဲလမ်းတာကို တဏှာဥပါဒါန်၊ အဲဒီလို စွဲလမ်းနိုင်တဲ့တရား တွေကို ဥပါဒါနက္ခန္ဓာလို့ ပြဆိုထားပါတယ်။ အဲဒီ ဥပါဒါနက္ခန္ဓာ တွေက ဘာတွေလည်းဆိုရင် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် ဆိုတဲ့ ခန္ဓာငါးပါးတရားတွေပါပဲ။ ဒါကြောင့် ငါ, ငါ့ဥစ္စာ၊ စွဲနိုင်တာ၊ ဥပါဒါနက္ခန်။ ရုပ်, ဝေ, သညာ၊ သင်္ခါရာ၊ ဝိညာ ဤငါးတန်လို့ ဆိုထားပါတယ်။ အဲဒီ ၂-ပုဒ်ကို တဆက်တည်း ဆိုကြရမယ်။

**ငါ, ငါ့ဥစ္စာ၊ စွဲနိုင်တာ၊ ဥပါဒါနက္ခန်။ (ဆို)**
**ရုပ်, ဝေ, သညာ၊ သင်္ခါရာ၊ ဝိညာ ဤငါးတန်။ (ဆို)**

ရုပ်-က ရူပက္ခန္ဓာ၊ ဝေ-က ဝေဒနာက္ခန္ဓာ၊ သညာ-က သညာက္ခန္ဓာ၊ သင်္ခါရာ-က သင်္ခါရက္ခန္ဓာ၊ ဝိညာ-က ဝိညာဏက္ခန္ဓာ၊ အဲဒီခန္ဓာငါးပါးကို အတိုချုပ်မှတ်ရအောင် "ရုပ်, ဝေ, သညာ၊ သင်္ခါရာ၊ ဝိညာ ဤငါးတန်" လို့ ဆောင်ပုဒ်စီထားတယ်။ အမှန်စင်စစ်ကတော့ ဒီခန္ဓာငါးပါးဟာ အတ္တကောင် အသက်ကောင် မဟုတ်ဘူး၊ သဘောတရားမျှပါပဲ။ ဒါပေမယ့် ပုထုဇဉ်သတ္တဝါတွေက အဲဒါတွေကို အတ္တကောင် အသက်ကောင် ငါကောင်ပဲလို့ အထင်လွဲပြီးတော့လည်း စွဲလမ်းနေကြတယ်။ သာယာနှစ်သက်ပြီးတော့လည်း စွဲလမ်းနေကြတယ်။ ဒါကြောင့် အဲဒီတရားတွေကို ဥပါဒါနက္ခန္ဓာ လို့ခေါ်တယ်။

ရုပ်ခန္ဓာဆိုတာ အကြမ်းဖျင်းအားဖြင့် ပြောရရင် ရုပ်ကိုယ် ကြီးတစ်ခုလုံးပါပဲ။ အဲဒီတစ်ကိုယ်လုံးမှာ ဘယ်အပိုင်းကပဲဖြစ်ဖြစ် စွဲလမ်းနိုင်တယ်။ ဆံပင်ကလေး တစ်ပင်ကိုလည်း စွဲလမ်းနိုင်တာပဲ။

http://www.dhammadownload.com



မယုံရင်စမ်းကြည့်နိုင်ပါတယ်၊ လူတစ်ယောက်ရဲ့ ဆံပင်ကို ဆွဲကြည့်ပါ။ ငါ့ကို မဆွဲနဲ့လို့ ပြောပါလိမ့်မယ်။ ဆံပင်ကို ဆွဲနုတ်လိုက်ရင်တော့ ငါ့ကို ဆွဲနုတ်တယ်- ငါ့ကို စော်ကားတယ်-လို့ ဆိုမှာသေချာပါတယ်။ အဲဒါ ဆံပင်ကို ငါအနေနဲ့၊ ငါ့ဥစ္စာအနေနဲ့ စွဲလမ်းနေပုံပါပဲ။ ရုပ်ဆိုတာ အထက်ဆံဖျားမှ အောက်ခြေဖဝါးတိုင်အောင်၊ အောက်ခြေဖဝါးမှ အထက်ဆံဖျားတိုင်အောင် တစ်ကိုယ်လုံးမှာ အနံ့အပြားရှိနေတယ်၊ အဲဒီရှိသမျှရုပ်တွေကို ငါအနေနဲ့လည်း စွဲလမ်းတယ်၊ ငါ့ကိုယ်အနေနဲ့လည်း သာယာပြီး စွဲလမ်းတယ်။

## အတ္တစွဲက ကင်းခဲသည်

ရုပ်နာမ်အကြောင်း မလေ့လာဖူးတဲ့သူတွေမှာ အဲဒီရုပ်ကိုယ်ကြီးကိုပင် အသက်ရှင်နေတဲ့ ငါကောင်လို့ ထင်မှတ်စွဲလမ်းနေတယ်၊ တရားအားမထုတ်ဘူးတဲ့သူတွေ၊ အားထုတ်သော်လည်း ရုပ်နာမ်တရားကို ပိုင်းပိုင်းခြားခြား မသိသေးတဲ့သူတွေလည်း ဒီရုပ်ကိုယ်ကြီးကို ငါကောင်လို့ ထင်နေတာပဲ။ ရုပ်နဲ့ နာမ်မျှသာရှိတယ်၊ ပုဂ္ဂိုလ် သတ္တဝါကောင် ငါကောင်ရယ်လို့ စင်စစ်အားဖြင့် မရှိဘူးဆိုတာကို ကြားနာမှတ်သားဖူးတဲ့သူတွေ၊ ရုပ်နာမ်အကြောင်း လေ့လာဖူးတဲ့သူတွေမှာတော့ အဲဒီလိုစွဲလမ်းမှု သက်သာပါတယ်၊ ဒါပေမယ့် လုံးလုံးကင်းတာတော့ မဟုတ်ဘူး၊ စွဲလမ်းမှုကတော့ ရှိနေသေးတာပဲ။ ဘုရားဟောထားတဲ့အတိုင်း၊ တရားကျမ်းဂန်တွေက ပြဆိုထားတဲ့အတိုင်း၊ ဆရာသမားတွေက ဟောပြောထားတဲ့အတိုင်း ယုံကြည်တဲ့ သဒ္ဓါနဲ့ မှတ်သားထားတဲ့ သညာသိကြောင့်သာ စွဲလမ်းမှုသက်သာနေတာ၊ ကိုယ်တိုင်တွေ့ပြီး သိထားတာမဟုတ်တဲ့အတွက် အစွဲအလမ်းကတော့ ရှိနေသေးတာပဲ၊ စာပေကျမ်းဂန်

http://www.dhammadownload.com



ဗဟုသုတနဲ့ပြည့်စုံလို့ ဟောပြောနေတဲ့ ပုဂ္ဂိုလ်တွေမှာလည်း ဝိပဿနာဉာဏ်ဖြင့် ကောင်းကောင်းမတွေ့သေးလျှင် ဒီအတ္တစွဲရှိနေသေးတာပဲ၊ လုံးလုံးကင်းသွားပြီလို့တော့ မဆိုနိုင်ဘူး။

ဝိပဿနာရှုလို့ ခဏမစဲ ပျက်နေတဲ့ရုပ်နာမ်သဘောတွေကို သေသေချာချာတွေ့နေရရင်တော့ ဒီအတ္တစွဲဟာ မဖြစ်နိုင်ပဲ ကင်းနေတတ်ပါတယ်၊ ဒါတောင် အရိယာမဂ်ကို မရောက်သေးပဲ နားနေရင် ဒီအတ္တစွဲက ဖြစ်မယ်ဆို ဖြစ်နိုင်သေးတာပဲ။ လုံးဝကင်းတာကတော့ သောတာပတ္တိမဂ်ကိုရောက်မှ ဒီအတ္တစွဲက လုံးဝကင်းပါတယ်။ တချို့က "ဝိပဿနာတရားအားထုတ်ချင်ရင် အတ္တဒိဋ္ဌိ အတ္တစွဲကို အလျှင်ဖြုတ်ရမယ်၊ ပယ်ရမယ်၊ အတ္တစွဲ မပြုတ်ဘဲနဲ့ ဝိပဿနာအားထုတ်လို့မဖြစ်ဘူး" လို့ ပြောကြဟောကြတယ်၊ အဲဒါကတော့ သဘာဝမကျပါဘူး၊ အတ္တဒိဋ္ဌိပြုတ်ရင် သောတာပန်ဖြစ်နေပြီပဲ၊ ဒီတော့ ဝိပဿနာမရှုရပဲနဲ့ သောတာပန်ဖြစ်တယ်လို့ဆိုရာရောက်နေပါတယ်။ အမှန်ကတော့ ဝိပဿနာရှုမှ အတ္တဒိဋ္ဌိ အတ္တအစွဲက ပြုတ်တာ။ ဒါကြောင့် ဝိသုဒ္ဓိမဂ်မှာ-

နာမရူပါနံ၊ နာမ်နှင့်ရုပ်တို့ကို။ ယာထာဝဒဿနံ၊ ဟုတ်တိုင်းမှန်စွာ သိမြင်ခြင်းသည်။ ဝါ၊ သိမြင်သောဉာဏ်သည်။ ဒိဋ္ဌိဝိသုဒ္ဓိ နာမ၊ အတ္တဒိဋ္ဌိ အညစ်အကြေးမှ စင်ကြယ်သော ဒိဋ္ဌိဝိသုဒ္ဓိမည်တယ်-လို့လည်း မိန့်ဆိုထားပါတယ်။ နောက်ပြီးတော့ အနတ္တာနုပဿနာကို ပွားစေတဲ့သူမှာ အတ္တသညာ အတ္တအမှတ်အစွဲကို ပယ်တယ်လို့လည်း ပြဆိုထားပါတယ်။

အဲဒီတော့ စောစောပိုင်းက ဖြုတ်ဖို့လိုတဲ့ အတ္တစွဲကတော့ တရားအားမထုတ်နိုင်လောက်အောင်, ရုပ်နာမ်မျှသာ ရှိတယ်ဆိုတာကို မယုံကြည်နိုင်လောက်အောင်, ခိုင်ခိုင်မြဲမြဲ စွဲနေတဲ့ အတ္တစွဲကို

http://www.dhammadownload.com



သာ တရားနာခြင်း၊ ရုပ်နာမ်တရားကို လေ့လာခြင်း စသည်ဖြင့် ဖြတ်ဖို့လိုပါတယ်။ ဒီလိုဓမ္မန္တရာယ်ဖြစ်လောက်အောင် ခိုင်မြဲတဲ့ အတ္တစွဲဆိုတာကတော့ ဗုဒ္ဓမြတ်စွာဘုရား၏တရားကို လေးလေး စားစား ယုံကြည်နေတဲ့ ဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်တွေမှာ မရှိနိုင်ပါ ဘူး၊ ဒီလိုမရှိတဲ့အတွက်ပဲ ဝိပဿနာတရားကို အားထုတ်နိုင်ကြတာ။

မြတ်စွာဘုရား လက်ထက်တော်ကဆိုရင် တော်တော်ခိုင်မြဲတဲ့ အတ္တစွဲရှိနေတဲ့ ပုဂ္ဂိုလ်တွေတောင် မြတ်စွာဘုရားထံ လာရောက်ပြီး တရားဆွေးနွေးရင်း၊ တရားနာရင်းနဲ့ နှလုံးသွင်းပြီး အတ္တစွဲလည်းပြုတ် အရိယာမဂ်ဖိုလ်လည်း ရောက်သွားကြသေးတာပဲ။ အဲဒါဟာ စောစောက အတ္တစွဲကို ဖြုတ်ရတာ မဟုတ်ပါဘူး၊ တရားနာရင်း၊ နှလုံးသွင်းရင်းနဲ့ အတ္တစွဲလည်းပြုတ် အရိယာမဂ်ဖိုလ်လည်း ရောက်သွားကြတာပဲ။ ဒါကြောင့် ဝိပဿနာတရားအားထုတ်ချင်ရင် ရှေးဦးစွာ အတ္တစွဲဖြုတ်ရမယ်၊ အတ္တစွဲဖြုတ်ပြီးမှ အားထုတ်ရမယ် ဆိုတာဟာ သဘာဝမကျပါဘူး၊ ဘုရားအလိုတော်မကျပါဘူး။

## အတ္တစွဲပြုတ်ပုံ

အမှန်ကတော့ ရုပ်နာမ် အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘော တရား မျှသာရှိတယ်လို့ ကြားနာမှတ်သားဖူးပြီး ယုံကြည်တဲ့သူ ဆိုရင် ဝိပဿနာရှုကောင်းပါတယ်၊ သတိပဋ္ဌာန်နည်းအရ ဒွါရ ၆-ပါးက ဖြစ်တိုင်း ဖြစ်တိုင်းသော ရုပ်နာမ်တွေကို ရှုကောင်း ပါတယ်။ မျက်စိက မြင်ရင် မြင်တာကိုရှု၊ နားကကြားရင် ကြားတာ ကိုရှု၊ နှာခေါင်းက နံရင် နံတာကိုရှု၊ လျှာက အရသာကို စားသိရင် အဲဒီစားသိတာကိုရှု၊ ကိုယ်ကတွေ့ထိရင် တွေ့ထိတာကိုရှု၊ စိတ်ကူး စဉ်းစား ကြံစည်ရင် အဲဒီစိတ်ကူးစဉ်းစား ကြံစည်တာကိုရှု၊ ဒီလိုဖြစ်တိုင်း ဖြစ်တိုင်းကို

http://www.dhammadownload.com



မပြတ်ရှုနေရင် သိသင့်တဲ့တရားတွေကို မိမိ၏ ပါရမီဉာဏ် အားလျော်စွာ အကုန်သိတယ်၊ သိစရာ ဘာကျန်သေးသလဲ၊ ဘာမျှ မကျန်တော့ဘူး၊ အကုန်လုံးပဲ သိနိုင်ပါတယ်။

ဒါကြောင့် သတိပဋ္ဌာန်ဒေသနာတော်နည်းအရ မြင်တိုင်း ကြားတိုင်း, တွေ့တိုင်း, သိတိုင်း ခဏမစဲ မပြတ်ရှုမှတ်နေရင် သမာဓိအားကောင်းလို့ စိတ်စင်ကြယ်တဲ့အခါမှာ နာမ်နဲ့ရုပ်ကို ပိုင်းခြားပြီးသိတယ်၊ ရှုမှတ်ရတဲ့အာရုံနဲ့ ရှုမှတ်သိနေတာ ဒီရုပ်နဲ့ နာမ် ၂-ပါးမျှသာ ရှိတယ်၊ အတ္တကောင် ငါကောင်ဆိုတာ မရှိဘူးလို့ ကိုယ်ပိုင်ဉာဏ်ဖြင့်ပင်သိနိုင်ပါတယ်။ ဒီတော့ မူလက အတ္တစွဲ ရှိနေ ရင် အဲဒီအတ္တစွဲဟာ ကင်းသွားတာပေါ့။ အဲဒီကနောက် ရှုမှတ် နေရင်း အကြောင်းရုပ်နာမ်နဲ့ အကျိုးရုပ်နာမ်မျှသာ ရှိတယ်ဆိုတာကိုလည်း ကိုယ်ပိုင်ဉာဏ်ဖြင့် သိရပြန်တယ်။ အဲဒီတော့ အတ္တကောင် ငါကောင်ဟာ ယခုဘဝမတိုင်မီက ရှိခဲ့လေသလား၊ ယခုဘဝမှာမှ ရှိလာတာလေလား၊ နောင်လည်း ရှိဦးမှာလေလား စသည်ဖြင့် ဖြစ် တတ်တဲ့ ယုံမှားမျိုးတောင် ကင်းသွားပြန်တယ်။

အဲဒီကနောက် မှတ်သိရတဲ့အာရုံတွေရော၊ မှတ်သိတဲ့ စိတ်ရော မှတ်ရင်းမှတ်ရင်း ပျောက်ပျောက်သွားတာကိုချည်း တွေ့ရတဲ့အတွက် မမြဲဘူး၊ မမြဲတဲ့ တရားတွေပဲလို့လည်း သိရ ပြန်တယ်၊ ဆင်းရဲချည်းပဲလို့လည်း သိရပြန်တယ်။ သူ့သဘော အတိုင်း သူဖြစ်ပျက်နေတဲ့ သဘောတရားချည်းပဲ၊ အနတ္တတရား ချည်းပဲလို့လည်း သိရပြန်တယ်၊ အဲဒီတော့ အတ္တကောင် ငါကောင် လို့ စွဲလမ်းစရာကို မရှိတော့ဘူး၊ ရှေးတုန်းက တို့မသိလို့ အတ္တကောင် အသက်ကောင် ငါကောင် ရှိနေတယ်လို့ ထင်မှတ်ခဲ့တယ်၊ ယခု ရှုမှတ်ကြည့်လိုက်တော့ မှတ်သိရတဲ့ အာရုံတွေကလည်း ဖြစ်ပေါ်ပြီး

http://www.dhammadownload.com



ချက်ချင်းပျောက်ပျောက်သွားတာချည်းပဲ၊ မှတ်သိတဲ့စိတ်ကလည်း ချက်ချင်းပျောက်ပျောက်သွားတာချည်းပဲ၊ အမြဲတမ်းတည်နေတဲ့ အတ္တကောင် ငါကောင်ဆိုတာ မရှိဘူး၊ ခဏမစဲ ဖြစ်ပျက်နေတဲ့ သဘောတရားမျှချည်းပဲလို့ ဒီလိုသဘောကျပြီး ကိုယ်ပိုင်ဉာဏ် ဖြစ်ပေါ်လာပါတယ်။ ဒီတော့ဘယ်မှာ အတ္တစွဲဖြစ်နိုင်တော့မလဲ၊ ဖြစ်နိုင်ခွင့်မရှိတော့ပါဘူး။

## ရှုမှတ်ရုံနဲ့ အတ္တစွဲပြုတ်ကြောင်း

အချို့ကလည်း ဒီလိုဖြစ်ခိုက် ရုပ်နာမ်ရှုမှတ်နေရုံနဲ့ မပြည့်စုံသေးဘူးလို့ ထင်ကြတယ်၊ ရုပ်ရယ် နာမ်ရယ်လို့ စဉ်းစားဆင်ခြင်လိုက်ရမှ၊ ဖြစ်တယ် ပျက်တယ်လို့ ဆင်ခြင်လိုက်ရမှ ပြည့်စုံတယ်လို့ ထင်နေကြတယ်။ အမှန်ကတော့ ဆင်ခြင်တယ်ဆိုတာ ကိုယ်တိုင်သိတဲ့ဉာဏ် မဟုတ်ပါဘူး၊ စာပေကျမ်းဂန်အရဖြစ်စေ၊ တစ်ဆင့်ကြားရလို့ဖြစ်စေ မှတ်ထားတဲ့အတိုင်း မှန်းဆပြီး ဆင်ခြင်နေတာပဲ၊ သညာသိမျှပဲ ဖြစ်ပါတယ်၊ ကိုယ်တိုင်သိ ဉာဏ်အစစ် မဖြစ်ပါဘူး။ ဒါကြောင့် စာကျက်ပြီး မှတ်မိနေတာမျိုးလောက်ပဲ ရှိပါတယ်။ သိပ်ခရီးမရောက်နိုင်ပါဘူး။ ယခုပြောခဲ့တဲ့ ဖြစ်ခိုက်ဖြစ်ခိုက်လိုက်ပြီး မပြတ်ရှုနေတာကမှ ကိုယ်ပိုင်ဉာဏ်ဖြင့်တွေးပြီး ကိုယ်ပိုင်သိဉာဏ်ဖြစ်တာ။ ဥပမာ ခြံဝင်းတံခါးပေါက်ကဖြစ်စေ၊ ရွာတံခါးပေါက်ကဖြစ်စေ စောင့်ပြီးကြည့်နေရင် ဝင်တိုင်း ထွက်တိုင်း လူတွေကို ကိုယ်တိုင်တွေ့ သေသေချာချာသိရတယ်၊ စာပေကျမ်းဂန်အရ ဖြစ်စေ၊ တစ်ဆင့်ကြားစကားအရဖြစ်စေ၊ စဉ်းစားဆင်ခြင်နေဖို့ မလိုပါဘူး၊ စောင့်ကြည့်နေရုံနဲ့ပဲ အမှန်အတိုင်းသိရပါတယ်၊ ဒါလို ပါပဲ၊ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်ဆိုတဲ့ ဒွါရ၆-ပါးက ဖြစ်တိုင်းဖြစ်တိုင်း

http://www.dhammadownload.com



ကိုသာ စောင့်ပြီး ရှုမှတ်နေပါ၊ သဘောမှန်တွေကို အကုန်လုံးသိနိုင်ပါတယ်။ ရုပ်ရယ် နာမ်ရယ် ဖြစ်တယ် ပျက်တယ်လို့ အထူးစဉ်းစားဆင်ခြင်နေဖို့ မလိုပါဘူး။

တစ်နည်း ဥပမာအားဖြင့် လမ်းဘေးမှာ ကြည်လင်တဲ့ မှန်ကိုထောင်ထားပါ။ လူဖြစ်စေ၊ ကားဖြစ်စေ လာလာသမျှ တွေဟာ အဲဒီမှန်ထဲမှာ သူ့ပုံမှန်အတိုင်းပဲ ထင်ပေါ်ထင်ပေါ် သွားကြမယ်၊ အဲဒါလိုပါပဲ၊ ဒွါရ၆-ပါးက ပေါ်လာသမျှကို သတိဉာဏ် နဲ့ စောင့်ပြီး ရှုမှတ်နေရင် ရုပ်နာမ်သဘောတရားတွေဟာ သူ့ပုံမှန် အတိုင်းပဲ ထင်ပေါ်ထင်ပေါ်သွားကြပါတယ်၊ အာရုံကို မသိတတ်တဲ့ ရုပ်ကလည်း အာရုံကို မသိတတ်တဲ့အနေနဲ့ပဲ ထင်ပေါ်သွားပါတယ်၊ အာရုံသိတတ်တဲ့ နာမ်ကလည်း အာရုံကို သိတတ်တဲ့အနေနဲ့ပဲ ထင်ပေါ်သွားပါတယ်၊ ပေါ်လာတဲ့အာရုံရော, မှတ်သိနေတဲ့ စိတ်ရော အသစ်အသစ်ဖြစ်ပေါ်ဖြစ်ပေါ်ပြီး ပျောက်ပျက်သွားတဲ့ အနေနဲ့ပဲ ထင်ပေါ်သွားပါတယ်။ ဒီတော့ ရှုနေတဲ့ယောဂီက ရုပ်နဲ့ နာမ်မျှပဲရှိတယ်ဆိုတာလည်း ရှုမှတ်နေရုံမျှနဲ့ပဲ သိရတယ်၊ ခဏ မစဲဖြစ်ပြီး ပျောက်ပျက်သွားလို့ မမြဲဘူးဆိုတာလည်းသိရတယ်၊ နှစ်သက်သာယာဖွယ်၊ အားကိုးဖွယ်မရှိဘဲ ဆင်းရဲတွေချည်းပဲ ဆိုတာလည်း သိရတယ်၊ သူ့သဘောအတိုင်း သူဖြစ်ပျက်သွားတဲ့ သဘောတရားမျှပဲဆိုတာလည်းသိရတယ်။

ဒီလိုဖြစ်ခိုက်မှာ ရှုမှတ်နေရုံနဲ့ အမှန်အတိုင်း သိနေရင် စဉ်းစားဆင်ခြင်ဖို့ လိုပါဦးမလား၊ မလိုတော့ပါဘူး။ အဲဒီလိုဖြစ်ခိုက် ရုပ်နာမ်ကိုတော့ မရှုပါဘဲ ဆင်ခြင်တာက သဘာဝမကျဘူး။ ဘာကြောင့်လဲဆိုရင် အကောင်အထည်ကြီးလိုက် တွေ့နေပါလျက်နဲ့ ရုပ်နာမ် ရုပ်နာမ်လို့ ပြင်းချက်ထုတ်ပြီး ဆင်ခြင်နေရင် အဲဒါ ကိုယ်ပိုင်

http://www.dhammadownload.com



အသိဉာဏ် ဟုတ်ပါ့မလား၊ တကယ်ဖြစ်တာ ပျက်တာကို မတွေ့ရပါဘဲလျက်နဲ့ ဖြစ်ပျက်ဖြစ်ပျက်နဲ့ ရွတ်ဆိုပြီး ဆင်ခြင်နေရင်လည်း ကိုယ်ပိုင်အသိဉာဏ် ဟုတ်ပါ့မလား။ ကိုယ်တိုင် မတွေ့ရပါဘဲနဲ့ အဲဒီလို ဆင်ခြင်တာဟာ ကိုယ်ပိုင်အသိဉာဏ် မဟုတ်ပါဘူး၊ မှတ်သားထားတဲ့အတိုင်း နှလုံးသွင်းတဲ့ သညာသိသာ ဖြစ်ပါတယ်၊ ကျက်ထားတဲ့ စာပေကို ထပ်ကာထပ်ကာ ရွတ်ဆိုနေတာမျိုးသာ ဖြစ်ပါတယ်။

ဒါကြောင့် ဖြစ်ပေါ်လာသမျှ တရားတွေကို ဖြစ်ခိုက်ဖြစ်ခိုက်မှာ ရှုနေတာက လိုရင်းပဲ။ အဲဒီလို မရှုပါပဲနဲ့ ဟိုလိုနှလုံးသွင်းလိုက် ဒီလိုနှလုံးသွင်းလိုက်နဲ့ စဉ်းစားဆင်ခြင်နေတာက လိုရင်းမဟုတ်ဘူး၊ အဲဒီလို စဉ်းစားဆင်ခြင်နေရင် သမာဓိလည်းမဖြစ်ဘူး၊ သမာဓိမဖြစ်ရင် ဉာဏ်အစစ်လည်း မဖြစ်ဘူး။ နောက်ပြီးတော့ ဆင်ခြင်တယ်ဆိုတာ အမှန်ဆင်ခြင်မိရင်တော့ တော်ပါသေးရဲ့၊ အလွဲဆင်ခြင်မိရင်တော့ အလွဲအမှားတွေလည်း ထင်ပေါ်နိုင်တာပဲ၊ မမြဲတဲ့တရားကို မြဲတဲ့အနေနဲ့လည်း ဆင်ခြင်ရင် မြဲတဲ့အနေနဲ့လည်း ထင်ပေါ်လာနိုင်တာပဲ၊ အတ္တကောင် ရှိတဲ့အနေနဲ့ ဆင်ခြင်ရင် အတ္တကောင်အနေနဲ့လည်း ထင်ပေါ်လာနိုင်တာပဲ။ ဒါကြောင့်ပေါ့၊ အတ္တဝါဒအယူရှိတဲ့ လူတွေမှာ အတ္တကောင် တကယ်ရှိတဲ့အနေနဲ့ပဲ သူတို့မှာတွေ့နေကြတာ။ အဲဒါဟာ ဆင်ခြင်မှု ခရီး မရောက်ပုံ သက်သေသာဓကပါပဲ။

ဒါကြောင့် ဖြစ်ခိုက်တရားတွေကို ရှုမှတ်ရုံသာ ရှုမှတ်နေပါ၊ စင်္ကြံသွားနေတဲ့အခါ ကြွတယ်, လှမ်းတယ်, ချတယ်လို့ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ရှုမှတ်နေပါ၊ အဲဒီလိုမှတ်ရာမှာ ကြွတယ်လို့ မှတ်တာလည်း တကယ်ကြွတက်လာလို့ မှတ်တာပဲ၊ လှမ်းတယ်, ချတယ်လို့ မှတ်တာတွေလည်း တကယ်လှမ်းလို့ တကယ်နင်းချ

http://www.dhammadownload.com



လိုက်လို့ မှတ်တာပဲ၊ မဟုတ်ပဲနဲ့ ကြံတွေးပြီးမှတ်တာ မဟုတ်ဘူး၊ ဒါကြောင့် အမှန်တွေချည်းပဲ။ ဒါပေမယ့် ရှုမှတ်ခါစ ပုဂ္ဂိုလ်ကတော့ ပိုင်းပိုင်းခြားခြား မသိသေးပေဘူး။ နောက် သမာဓိဉာဏ် အားကောင်းလာတဲ့ အခါကျတော့ ကြွတယ်လို့ မှတ်တဲ့အခါ ပေါ်ပြီး ကြွတက်လာတဲ့ သဘောကလေးက တခြား၊ ကြွတယ်လို့ မှတ်သိတဲ့ သဘောကလေးက တခြား ကွဲပြားပြီး ထင်ပေါ်လာတာပါပဲ။ ထို့အတူ လှမ်းတယ်လို့ မှတ်ခိုက်မှာလည်း လှမ်းတာက တခြား၊ သိတာက တခြားကွဲပြားလာတယ်။ ချတယ်လို့ မှတ်ခိုက်မှာလည်း လေးလေးပြီး ကျသွားတာက တခြား၊ သိတာက တခြား ကွဲပြားလာတာပဲ။ အဲဒါဟာ သိစရာ ရုပ်နဲ့ သိတဲ့နာမ် ဒီရုပ်နာမ် ၂-ပါး ကွဲပြားပြီးထင်ပုံပါပဲ။

ထိုအတူပင် ကွေးတယ်လို့ မှတ်ရာမှာလည်း အားထုတ်ခါစ ကတော့ မှတ်ရမယ်ဆိုလို့သာ မှတ်နေရတယ်၊ ဘာမျှထူးထူးခြားခြား မသိရသေးဘူး၊ လေးငါးခြောက်ရက် စသည်ကြာလို့ သမာဓိဉာဏ် အားကောင်းလာတဲ့ အခါကျတော့ အဲဒီကွေးတယ်လို့ မှတ်ရာမှာ လည်း ရုပ်နဲ့နာမ် ကွဲလာတယ်၊ ကွေးတဲ့အခါမှာ တောင့်တဲ့သဘော တင်းတဲ့သဘော, တရွေ့ရွေ့ချင်းလှုပ်ရှားတဲ့ သဘောကလေးတွေ အဆင့်ဆင့်ဖြစ်နေတာကို တွေ့ရတယ်၊ အဲဒီလို တောင့်တင်း လှုပ်ရှား တာက တခြား၊ မှတ်သိတာက တခြား ကွဲပြားပြီးသိရတယ်၊ ဒီတော့ သိစရာနဲ့သိတာ ဒီနှစ်မျိုးပဲရှိတယ်။ ပုဂ္ဂိုလ် သတ္တဝါရယ်လို့ မရှိဘူးဆိုတာကို ကိုယ်ပိုင်ဉာဏ်ဖြင့် ပိုင်းခြားပြီး သိရတယ်။ အဲဒီလို ရုပ်အမူအရာကို မှတ်မိတိုင်း မှတ်မိတိုင်း မှတ်ရတဲ့ အာရုံရုပ်က တခြား၊ မှတ်သိတဲ့ စိတ်နာမ်က တခြား ကွဲပြားပြီးထင်တယ်၊ ဒါကြောင့် "သိစရာရုပ်နဲ့ သိတဲ့စိတ်နာမ် ဒါကလေးနှစ်ခုရှိတာပဲ၊ ဒီ့ပြင် ပုဂ္ဂိုလ်သတ္တဝါရယ်လို့ မရှိတော့ဘူး၊ တို့ရှေးတုန်းက အသက်ရှင်နေတဲ့

http://www.dhammadownload.com



အကောင်ကလေး ရှိနေတယ်လို့ ထင်နေခဲ့တယ်၊ ယခု ရှုမှတ်ကြည့် လိုက်တော့ ဒီလိုအမြဲတည်ရှိနေတဲ့ အသက်ကောင်က လေးဆိုတာ မရှိဘူး၊ သူ့အခိုက်အတန့်နဲ့သူ အသစ်အသစ်ဖြစ်ပေါ် နေတဲ့ ရုပ်နာမ်မျှသာရှိတာပဲ" လို့ ရှုမှတ်နေရင်း သဘောကျပြီး သိလာတယ်၊ အဲဒါဟာ နာမရူပပရိစ္ဆေဒဉာဏ်ပဲ။ ဒီနာမရူပပရိစ္ဆေဒ ဉာဏ်ကောင်း ကောင်းဖြစ်ရင် အတ္တစွဲဟာ ကင်းတော့တာပါပဲ။

ဒါဖြင့် အဲဒီဉာဏ်လောက်နဲ့ အတ္တစွဲဟာ လုံးလုံးကင်းပြီလို့ ဆိုရပါသလားလို့ မေးစရာရှိပါတယ်၊ ဒီဉာဏ်လောက်နဲ့တော့ လုံး လုံးကင်းပြီလို့ မဆိုရသေးပါဘူး၊ ခုနကပြောခဲ့တဲ့အတိုင်း အနိစ္စ, ဒုက္ခ, အနတ္တ သဘောတွေကို သိနေတာတောင်မှ အရိယာမဂ် မရောက်သေးဘဲ ဝိပဿနာအလုပ်ကို ရပ်နားထားရင် အကြောင်း အားလျော်စွာ ဒီအတ္တစွဲက ဖြစ်ပေါ်နိုင်သေးတာပါပဲ။ ဒီအတ္တစွဲ လုံးလုံးကင်းတာကတော့ အဲဒီဉာဏ်ကနောက် အစဉ်အတိုင်း ရှုမှတ် ပြီး အနိစ္စ, ဒုက္ခ, အနတ္တသဘောတွေကို ပိုင်ပိုင်နိုင်နိုင်သိမြင်လို့ ဝိပဿနာဉာဏ် ရင့်သန်ပြည့်စုံတဲ့အခါမှာ အရိယာမဂ်ဉာဏ် ဖြစ် ပေါ်လာတယ်၊ အဲဒီအခါကျတော့မှ ဒီအတ္တစွဲက လုံးလုံးကင်းသွား တာ၊ အဲဒီလိုကင်းပုံကိုတော့ နောက်ပိုင်းကျမှ ပြောရမယ်။ ယခုပြော နေတာက ရုပ်ခန္ဓာစွဲလမ်းပုံ ပြောနေရာက အတ္တစွဲ ဖြစ်ပုံ ကင်းပုံကို စပ်မိစပ်ရာပြောလာခဲ့ခြင်းဖြစ်တယ်။

http://www.dhammadownload.com



## စွဲလမ်းပုံအဆက်

ခုနကပြောခဲ့တဲ့အတိုင်းပဲ ရုပ်နာမ်အကြောင်း ကောင်းကောင်းမလေ့လာဘူးသေးတဲ့ပုဂ္ဂိုလ်, ဝိပဿနာဉာဏ်ဖြင့် ရုပ်နာမ်ကို ကောင်းကောင်းမသိရသေးတဲ့ပုဂ္ဂိုလ်၊ အဲဒီလိုပုဂ္ဂိုလ်မှာ ကိုယ့်ကိုယ်ကို ဆင်ခြင်ကြည့်လိုက်ရင် အတ္တကောင် အသက်ကောင် ဟုတ်တဲ့အနေ, အတ္တကောင် အသက်ကောင် ရှိတဲ့အနေနဲ့ပဲ ထင်နေတတ်တယ်၊ ဆံဖျားက ခြေဖဝါးအထိ, ခြေဖဝါးက ဆံဖျားအထိ ရုပ်ကိုယ်ကြီးတစ်ခုလုံးဟာ အသက်ရှင်နေတဲ့ ငါကောင်အနေနဲ့ပဲ ထင်နေတတ်တယ်။ အဲဒါဟာ ရုပ်ကို အတ္တစွဲနေပုံပါပဲ။

နောက်ပြီးတော့ အကောင်းအဆိုး ခံစားမှုဝေဒနာကိုလည်း အတ္တကောင် ငါကောင်အနေနဲ့ စွဲလမ်းခဲ့တယ်၊ မြင်လို့, ကြားလို့, တွေ့လို့, ကြံသိလို့ ကောင်းတဲ့အခါ ငါကောင်းနေတယ်လို့ ထင်တယ်။ မကောင်းတဲ့အခါလည်း ငါ မကောင်းဖြစ်နေတယ်၊ ငါဆင်းရဲနေတယ်လို့ ထင်တယ်၊ အထူးအားဖြင့် နာကျင်ကိုက်ခဲခြင်း အနာရောဂါနှိပ်စက်ခြင်း စသည်ဖြင့် ကိုယ်ထဲမှာ မခံသာတဲ့ ဒုက္ခဝေဒနာ ဖြစ်နေတဲ့အခါမှာ ငါဆင်းရဲနေတယ်လို့ထင်တယ်၊ စိတ်ညစ်စရာ စိတ်ပျက်စရာ၊ ဘေးရန်အန္တရာယ်နဲ့တွေ့နေရတဲ့ အခါမှာလည်း ငါစိတ်ညစ်တယ်၊ စိတ်ပျက်တယ် ငါဒုက္ခရောက်နေတယ်လို့ပဲ ထင်တယ်၊ ချမ်းသာစွာနေထိုင်စားသောက်နေရတဲ့အခါ, ဝမ်းမြောက်ဝမ်းသာဖြစ်နေတဲ့အခါကျတော့လည်း ငါချမ်းသာနေတယ်, ငါဝမ်းသာနေတယ် စသည်ဖြင့်ထင်တယ်။ အဲဒါဟာ **ဝေဒနာက္ခန္ဓာ** ကို အတ္တကောင်အနေနဲ့ စွဲလမ်းပုံပါပဲ။

နောက်ပြီးတော့ မှတ်မိတဲ့ သညာကိုလည်း ငါကောင်အနေနဲ့ စွဲလမ်းတယ်၊ မှတ်မိတာ, မှတ်နိုင်တာကို အကြောင်းပြုပြီး

http://www.dhammadownload.com



ငါမှတ်မိတယ်၊ မှတ်နိုင်တယ်၊ မှတ်ဉာဏ်ကောင်းတယ်၊ ငယ်ငယ်က မှတ်မိခဲ့တာလည်း ငါပဲ၊ ယခုမှတ်မိတာလည်း ငါပဲလို့ထင်တယ်။ အဲဒါဟာ**သညာက္ခန္ဓာ**ကို အတ္တကောင်အနေနဲ့ စွဲလမ်းပုံပါပဲ။

နောက်ပြီးတော့ ပြုပြင်အားထုတ်မှုဆိုတဲ့ သင်္ခါရတွေကိုလည်း အတ္တကောင် ငါကောင်အနေနဲ့ စွဲလမ်းတယ်၊ ကွေးခြင်း ဆန့်ခြင်း, ထိုင်ခြင်း ရပ်ခြင်း, သွားလာလှုပ်ရှားခြင်း, ပြုံးရယ်ခြင်း, ပြောဆိုခြင်း အစရှိတဲ့ ကိုယ်အမူအရာတွေ, နှုတ်အမူအရာတွေ ဖြစ်ပေါ်အောင် ငါက လုပ်နေတယ်လို့ထင်တယ်။ စိတ်ကူးကြံစည်မှု ဖြစ်အောင်လည်း ငါက လုပ်နေတယ်လို့ထင်တယ်၊ ငါက နှစ်သက်တယ်။ ငါက စိတ်ဆိုးတယ်။ ငါက အစွဲအလမ်းကြီးတယ်၊ ငါက မယုံတတ်ဘူး၊ ငါက မိုက်တယ်၊ ငါက လိမ္မာတယ်၊ ငါက ကြည်ညိုတယ်၊ ငါက သနား တတ်တယ် စသည်ဖြင့် စိတ်အမူအရာတွေကိုလည်း ငါကောင်အနေနဲ့ ထင်မှတ်စွဲလမ်းနေတယ်။ အဲဒါတွေဟာ သင်္ခါရက္ခန္ဓာကို အတ္တအနေနဲ့ စွဲလမ်းပုံတွေပါပဲ။

နောက်ပြီးတော့ ဝိညာဏ်ဆိုတဲ့ စိတ်ကိုလည်းမြင်တိုင်း ကြားတိုင်း, တွေ့တိုင်း, သိတိုင်း ငါမြင်တယ်၊ မြင်တာဟာ ငါပဲ၊ ငါကြားတယ်၊ ကြားတာဟာ ငါပဲ၊ ငါနံတယ်၊ ငါစားတယ်။ ငါတွေ့ထိတယ်၊ တွေ့ထိတာဟာ ငါပဲ၊ ငါကြံတယ်, စဉ်းစားတယ်၊ ကြံတာ, စဉ်းစားတာဟာ ငါပဲ စသည်ဖြင့် စွဲလမ်းတယ်။ အဲဒါတွေဟာ စိတ်ဆိုတဲ့ ဝိညာဏက္ခန္ဓာကို အတ္တအနေနဲ့ စွဲလမ်းပုံတွေပါပဲ။

ယခုပြောခဲ့တာတွေဟာ ခန္ဓာငါးပါးကို အသီးအသီး တဏှာနဲ့ ဒိဋ္ဌိနဲ့ စွဲလမ်းပုံတွေပါပဲ။ ဒွါရနဲ့ ပြောရရင်တော့၊ မြင်တဲ့အခါမှာ မျက်စိရုပ် အဆင်းရုပ်တွေကို နှစ်သက်သာယာပြီးတော့လည်း စွဲလမ်းတယ်၊ အတ္တကောင် ငါကောင်အနေနဲ့ အထင်လွဲပြီးတော့

http://www.dhammadownload.com



လည်း စွဲလမ်းတယ်၊ အဲဒါ ရုပ်ခန္ဓာကို စွဲလမ်းပုံပဲ။ မြင်လို့ ကောင်းတာ၊ မကောင်းတာကိုလည်း ထို့အတူပင် သာယာပြီး စွဲလမ်းတယ်။ အထင်လွဲပြီးတော့လည်း စွဲလမ်းတယ်၊ ဝေဒနာခန္ဓာကို စွဲလမ်းပုံပဲ။ ထိုအတူ မှတ်မိတဲ့သညာကိုလည်း စွဲလမ်းတယ်၊ သညာခန္ဓာကို စွဲလမ်းပုံပဲ။ မြင်အောင်စူးစိုက်တာ, နှလုံးသွင်းအား ထုတ်တာကိုလည်း စွဲလမ်းတယ်၊ သင်္ခါရက္ခန္ဓာကို စွဲလမ်းပုံပဲ။ မြင်သိတာကိုလည်း စွဲလမ်းတယ်၊ **ဝိညာဏက္ခန္ဓာကို** စွဲလမ်းပုံပဲ။

ကြားတဲ့အခါ စသည်မှာလည်း ခန္ဓာငါးပါးကို တဏှာနဲ့ ဒိဋ္ဌိနဲ့ စွဲလမ်းပုံတွေဟာ နည်းတူပါပဲ၊ ထူးတာကတော့ ကြံသိတဲ့အခါမှာ ကြံသိမှု၏ တည်နေရာရုပ်နဲ့ ကြံမိတဲ့ရုပ်တွေကို နှစ်သက်သာယာပြီး တော့လည်း စွဲလမ်းတယ်၊ အတ္တကောင်အနေနဲ့ အထင်လွဲပြီးတော့ လည်း စွဲလမ်းတယ်၊ အဲဒီမှာ တည်ရာရုပ်ဆိုတာ နှလုံးရုပ်ကိုလည်း ယူနိုင်တယ်၊ တစ်ကိုယ်လုံးရုပ်ကိုလည်း ယူနိုင်တယ်၊ ကြံမိတဲ့ရုပ်တွေ ဆိုတာလည်း စိတ်ကူးကြံစည်မိတဲ့ ရုပ်အစစ်တွေရော၊ မိန်းမ ယောကျ်ားသဏ္ဌာန်စသည်အနေနဲ့ ကြံမိတဲ့ရုပ် အတုတွေရော အကုန်လုံးကို ယူနိုင်ပါတယ်။ နောက်ပြီးတော့ သင်္ခါရက္ခန္ဓာ စွဲလမ်းပုံ အရာမှာ ကိုယ်အမူအရာ, နှုတ်အမူအရာအမျိုးမျိုးဖြစ်အောင် ကြံစည် အားထုတ်မှုတွေရော၊ စိတ်ကူးကြံစည်မှုဖြစ်အောင် အားထုတ်မှုတွေ ရော၊ လိုချင်နှစ်သက်မှု၊ စိတ်ဆိုးမှုကြည်ညိုမှု အစရှိတဲ့ သင်္ခါရက္ခန္ဓာ စေတသိက်တွေရော အဲဒါတွေ စွဲလမ်းတာဟူသမျှကို အကုန်လုံး ယူရတယ်။ အဲဒါပဲ ထူးပါတယ်၊ ဒို့ပြင် ဝေဒနာ, သညာ, ဝိညာဏ် ခန္ဓာတွေ စွဲလမ်းပုံကတော့ နည်းတူပါပဲ။

အဲဒီတော့ မြင်ခိုက်မှာ ထင်ရှားပေါ်လာတဲ့ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ ခန္ဓာတွေကို တဏှာနဲ့ သာယာပြီး

http://www.dhammadownload.com



တော့လည်း စွဲလမ်းတယ်။ ဒိဋ္ဌိနဲ့အထင်လွဲပြီးတော့လည်း စွဲလမ်းတယ်၊ ဒါကြောင့် အဲဒါတွေကို ဥပါဒါနက္ခန္ဓာ = ဥပါဒါန်တို့၏ အာရုံဖြစ်တဲ့တရားအစု၊ ငါ ငါ့ဥစ္စာအနေအားဖြင့် စွဲလမ်းနိုင်တဲ့တရားအစုလို့ ခေါ်ရတယ်၊ ထိုအတူပဲ၊ ကြားခိုက်၊ နံခိုက်၊ စားသိခိုက်၊ တွေ့ထိခိုက်၊ ကြံသိခိုက်များမှာ ထင်ရှားပေါ်လာတဲ့ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ တရားတွေကိုလည်း တဏှာနဲ့ ဒိဋ္ဌိနဲ့ စွဲလမ်းနိုင်တဲ့အတွက် ဥပါဒါနက္ခန္ဓာလို့ခေါ်ရတယ်။ အတိုချုပ်ပြောရရင် တစ်ကိုယ်လုံးမှာရှိတဲ့ ရုပ်နာမ်တရားတွေဟာ ဥပါဒါနက္ခန္ဓာတွေချည်းပါပဲ။ ဒါကြောင့် "ထင်လွဲ, သာယာ၊ စွဲလမ်း တာ၊ နှစ်ဖြာဥပါဒါန်။ ငါ, ငါ့ဥစ္စာ၊ စွဲနိုင်တာ၊ ဥပါဒါနက္ခန်။ ရုပ်, ဝေ, သညာ၊ သင်္ခါရာ၊ ဝိညာ ဤငါးတန်"လို့ ဆောင်ပုဒ်က ဆိုထားတာ။ ကဲ - အဲဒါတွေကို ထပ်ပြီးဆိုလိုက်ကြဦးစို့။

**ထင်လွဲ, သာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာဥပါဒါန်။ (ဆို)**
**ငါ, ငါ့ဥစ္စာ၊ စွဲနိုင်တာ၊ ဥပါဒါနက္ခန်။ (ဆို)**
**ရုပ်, ဝေ, သညာ၊ သင်္ခါရာ၊ ဝိညာ ဤငါးတန်။ (ဆို)**

တစ်ကိုယ်လုံးမှာရှိတဲ့ ရုပ်ပဲဖြစ်ဖြစ်၊ အကောင်းအဆိုး ခံစားမှု ဝေဒနာပဲဖြစ်ဖြစ်၊ မှတ်သားမှု သညာပဲဖြစ်ဖြစ်၊ ပြုလုပ်အားထုတ်မှု သင်္ခါရပဲဖြစ်ဖြစ်၊ အာရုံကိုသိတဲ့ စိတ်ဝိညာဏ်ပဲဖြစ်ဖြစ် ဒီတရားတွေဟာ ငါကောင်အနေနဲ့ အထင်လွဲပြီးတော့လည်း စွဲလမ်းနိုင်တာတွေချည်းပဲ၊ ကောင်းတဲ့အနေနဲ့ သာယာပြီးတော့လည်း စွဲလမ်းနိုင်တာတွေချည်းပဲ၊ ဒါကြောင့် တစ်ကိုယ်လုံးမှာရှိနေတဲ့ ဒီရုပ်နာမ်တရားတွေကို ဥပါဒါနက္ခန္ဓာလို့ခေါ်တယ်။ အဲဒီဥပါဒါနက္ခန္ဓာ ခေါ်တဲ့ တစ်ကိုယ်လုံးက ရုပ်နာမ်တရားကို မြတ်စွာဘုရားက လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးကြီးတွေလို့ ဟောထားပါတယ်။

http://www.dhammadownload.com



## ခန္ဓာဝန်လေးပုံ

ဟုတ်တယ်၊ သေသေချာချာစဉ်းစားကြည့်ရင် ဒီရုပ်နာမ် ခန္ဓာဝန်ထုန်ဝန်ပိုးကြီးတွေဟာ အင်မတန်ဝန်လေးပါတယ်။ ဘယ်လောက်လေးလံသလဲဆိုရင် -အမိဝမ်းထဲမှာ ပဋိသန္ဓေတည်နေကတည်းက ဒီရုပ်နာမ် ခန္ဓာတွေကို ယုယုယယနဲ့ ပြုစုလာခဲ့ရတယ်။ မိခင်ဖြစ်တဲ့သူက မိမိဝမ်းထဲက သူငယ်ဟာ ချမ်းချမ်းသာသာနဲ့ ကြီးပွားလာပါစေဆိုတဲ့ စေတနာတွေနဲ့ ယုယုယယစောင့်ရှောက်လာခဲ့ရတယ်၊ အသွားအလာ အနေအထိုင်လည်း ဆင်ခြင်ရတယ်၊ အစားအသောက်လည်း ဆင်ခြင်ရတယ်၊ မိခင်က ဗုဒ္ဓသာသနာဝင်ဆိုရင် ဝမ်းထဲက ကလေးအတွက် ရည်ရွယ်ပြီးတော့ ကုသိုလ်ကောင်းမှုတွေကို အထူးပြုရတယ်၊ ဥပုသ်စောင့်ရတယ်၊ ဘုရားဂုဏ် စသည်ကို အာရုံပြုရတယ်၊ ဗုတီးစိပ်ရတယ်။

မွေးဖွားပြီးတဲ့အခါလည်း အဲဒီကလေးက သူ့ခန္ဓာဝန်ကို သူဟာသူ မဆောင်နိုင်သေးခင်မှာ မိဘ အစရှိတဲ့ လူကြီးတွေကစောင့်ရှောက်ဆောင်ရွက်လာခဲ့ရတယ်၊ နို့ရည်တိုက်ကျွေးရတယ်။ ဟိုဘက်ဒီဘက်လှည့်ပြီး ပြုပြင်ပေးရတယ်၊ အညစ်အကြေးကို သုတ်သင်ပေးရတယ်၊ ထူထိုင်ပေးရတယ်၊ ချီပိုးပြီးတော့လည်း တစ်နေရာမှတစ်နေရာကို ဆောင်ပေးရတယ်၊ နံ့သာ စသည်ဖြင့်လည်း လူးလိမ်းပေးရတယ်။ စားနိုင်တဲ့ အရွယ်ရောက်လာတော့ အစားအစာကျွေးရတယ်။ ဒီပုံဒီနည်းဖြင့် ကလေးသူငယ်တစ်ယောက်ရဲ့ ခန္ဓာဝန်ကို မိဘအစရှိတဲ့ လူကြီး တွေ၂-ယောက် ၃-ယောက် စသည်က ဆောင်လာခဲ့ကြရတယ်၊ အဲဒါတွေကို စဉ်းစားကြည့်မယ်ဆိုရင် သူ့ကျေးဇူးကိုလည်း သိတတ်တဲ့သူဆိုရင် မိဘတွေဟာ သားသမီးများအပေါ်မှာ

http://www.dhammadownload.com



အင်မတန် ကျေးဇူးကြီးကြောင်း ထင်ရှားပါတယ်။ မိဘတွင်တောင် မကသေးဘူး၊ အစ်ကိုတို့ , အစ်မတို့, အရီးအဒေါ်တို့ ဆိုတာတွေ လည်းကျေးဇူးကြီးကြပါပေတယ်။ ဒါပေမယ့် ယခုခေတ်မှာ ကျေးဇူးမသိတတ်တဲ့ သူတွေရဲ့ အတွေးအခေါ်တွေကို လေ့လာပြီး, ကျေးဇူးမသိတတ်တဲ့ ခေတ်သဘောချင်းတူတဲ့သူတွေက မိဘတွေကို ကျေးဇူးမတင်ချင်ကြဘူး၊ ကျေးဇူးမတင်ရှိတောင်မကသေးဘူး၊ မိဘတွေ ကာမြင်းလို့ လူဖြစ်လာပြီး ဒုက္ခရောက်နေတယ်လို့တောင် အပြစ်ပြောတတ်ကြသေးတယ်။ အဲဒါကတော့ တော်တော် ကြောက်စရာကောင်းတဲ့ အမြင်မှားကြီးပါပဲ၊ အမှန်ကတော့ ဒီခန္ဓာဝန်ကို ရလာရာမှာ အကြောင်းရင်းက မိဘမဟုတ်ဘူး၊ ကိလေသာနဲ့ ကံက အကြောင်းရင်းပဲ၊ မိဘကတော့ အထောက်အပံ့ အကြောင်းလောက်သာ ဖြစ်ပါတယ်။ အကယ်၍ လူသားဖြစ်တဲ့ မိဘတွေ မရှိဘူးဆိုရင် ကိလေသာနဲ့ ကံမကင်းတဲ့ သူတွေမှာ အပါယ်၄-ပါးမှာ ဖြစ်ဖို့က များနေပါတယ်။ အဲဒီလို အပါယ် ၄-ပါး ရောက်နေမှ သာပြီးဒုက္ခရောက်မှာ။

ကိုယ့်ဟာကိုယ် ပြုပြင်စောင့်ရှောက်နိုင်တဲ့ အချိန်ကစပြီး မိမိကိုယ် ချမ်းသာရေးကို အမြဲကြောင့်ကြစိုက်ပြီး ဆောင်ရွက်နေရတယ်၊ နေ့စဉ် ၂-ကြိမ် ၃-ကြိမ် အစာရှာကျွေးရတယ်၊ ရိုးရိုးအစာ မဟုတ်သေးဘဲ အထူးကောင်းတဲ့အစာ, ကြိုက်တတ်တဲ့အစာတွေ လည်း ရှာကျွေးရတယ်၊ အညစ်အကြေးတွေကို သုတ်သင်ပေးရတယ်၊ ရေချိုးပေးရတယ်။ တချို့မှာဆိုရင် နံ့သာတွေလည်း လိမ်းပေးရသေးတယ်၊ အဝတ်အထည်အဆင်တန်ဆာကောင်းတွေနဲ့လည်း ဝတ်ဆင်ပေးရတယ်၊ အညောင်းအညာပြေအောင် ထိုင်လိုက် ထလိုက် ကွေးလိုက် ဆန့်လိုက်၊ လှုပ်ရှားလိုက်နဲ့လည်း ပြုပြင်ပေးရတယ်၊

http://www.dhammadownload.com



ပူအိုက်တဲ့အခါ အေးအောင်လည်း ပြုပြင်ပေးရတယ်၊ အေးတဲ့အခါလည်း နွေးအောင် ပြုပြင်ပေးရတယ်၊ အိပ်ချိန်တန်တဲ့အခါလည်း လျှောင်းပြီးအိပ်ပေးရတယ်၊ နေမကောင်းထိုင်မသာ မဖြစ်ရအောင်လည်း ဂရုစိုက်ရတယ်။ သွားတဲ့အခါ ဆူးတို့ ခလုတ်တို့ မထိခိုက်အောင်လည်း ဂရုစိုက်ရတယ်။ ဘေးရန်အန္တရာယ်ကင်းအောင်လည်း ဂရုစိုက်ရတယ်၊ ဒီအထဲက မကျန်းမမာဖြစ်လာရင် ဆေးအမျိုးမျိုးနဲ့ ကုသရတယ်။ ရောဂါဆိုးများ စွဲကပ်နေရင် ဒီခန္ဓာကိုယ်ကြီးကို ပြုစုစောင့်ရှောက်ရတာ အင်မတန်ကို တာဝန်လေးပါတယ်။

အဲဒီလို ပြုစုစောင့်ရှောက်ရတာတွေထဲက စားသောက်ရေးဆိုတာ အင်မတန်ဝန်လေးပါတယ်၊ နေ့စဉ်နေ့တိုင်း သင့်တော်တဲ့အစာကို ရအောင်ရှာပြီး ကျွေးနေရတာဟာ ဝန်အလေးဆုံးလို့ ဆိုရမှာပဲ၊ တချို့မှာ ဆယ်နှစ်, ဆယ့်နှစ်နှစ်လောက်အရွယ်လောက်ကစပြီး စားရေးအတွက် အလုပ်လုပ်လာကြရတယ်။ တချို့မှာလည်း တော်တော်သိတတ်တဲ့အရွယ်ကစပြီး စားဝတ်နေရေးအတွက် အဆင်ပြေအောင် ပညာသင်လာကြရတယ်။ အသက်အစိတ်, သုံးဆယ်လောက်ထိအောင် သင်ကြရတယ်။ တချို့မှာတော့ ပညာကို အတော်အတန်လောက်သာ သင်နိုင်ပြီး အောက်တန်းစားအလုပ်တွေကို လုပ်ကိုင်ကြရတယ်။ ပညာကောင်းကောင်းတတ်တဲ့သူတွေမှာလည်း သူတို့နဲ့တန်တဲ့ အထက်တန်းစားအလုပ်တွေကို နေ့ညမအားအောင် ကြောင့်ကြစိုက်ပြီး လုပ်ကိုင်နေကြရတယ်။

ဒါပေမယ့် ရှေးကံကောင်းတဲ့သူတွေမှာတော့ မိမိတို့ခန္ဓာဝန်ကိုဆောင်နေရတာ ဝန်လေးမှန်းမသိကြဘူး၊ အဲဒီကံကောင်းတဲ့ သူတွေမှာ မွေးလာကတည်းက မိဘတွေက ကောင်းပေ့ဆိုတာတွေ

http://www.dhammadownload.com



ကို အသင့်ရှာပြီး ကျွေးလာခဲ့ကြတယ်၊ ပညာသင်ရာမှာလည်း ဘာမျှ လိုလေသေးမရှိရအောင် အထောက်အပံ့အကူအညီတွေကို ပေးကြ တယ်၊ ကြီးလာတဲ့အခါလည်း သူတို့ဟာ မိဘများရဲ့ အထောက်အပံ့ အကူအညီဖြင့် ပြည့်စုံကြွယ်ဝတဲ့ လူကြီးလူကောင်းတစ်ယောက် သို့မဟုတ် ရာထူးဌာနန္တရမြင့်တဲ့ လူကြီးတစ်ယောက်ဖြစ်ပြီး ဘာမ ဆို လိုတိုင်းရနေတယ်၊ ဒါကြောင့် စားသောက်ရေးတာဝန် လေး တယ်ဆိုတာကို အဲဒီလိုရှေးကံကောင်းတဲ့သူတွေက မသိကြပေဘူး။

ရှေးကံနည်းပါးတဲ့ တချို့လူတွေမှာဆိုရင်တော့ ငယ်ငယ် ကတည်းကစပြီး စားချင်တာ မစားရ၊ ဝတ်ချင်တာ မဝတ်ရနဲ့ တွေ့ ကြုံလာခဲ့ရတယ်၊ လူကြီးဖြစ်လာတဲ့အခါလည်း တစ်နေ့စာ တစ်နေ့ရ အောင် အင်မတန် ခဲခဲယဉ်းယဉ်းနဲ့ ရှာပြီး မသေရုံတမည်လောက် စားသောက်နေကြရရှာတယ်၊ တချို့မှာ ထမင်းချက်စရာဆန်က အဆင်သင့်မရှိလို့ နံနက်စောစောထပြီး စပါးကို ထောင်းရတယ်၊ သူများထံမှရင်လည်း ချေးပြီး ခဲခဲယဉ်းယဉ်းနဲ့ ချက်ပြုတ်စားရတယ်၊ အဲဒါကို ကိုယ်တိုင်တွေ့သိချင်ရင် ဆင်းရဲသားရပ်ကွက်တွေမှာ စုံ စမ်းကြည့်နိုင်ပါတယ်။

ဒါပေမယ့် မြန်မာပြည်မှာတော့ ဆန်ရေစပါး ပေါများတဲ့ ဌာနမို့ တော်သေးတယ်လို့ ဆိုရမှာပဲ၊ အဲဒီလို ဆန်မထွက်တဲ့ အရပ် တွေမှာဆိုရင် သာပြီးတာဝန်လေးကြပေလိမ့်မယ်။ ဒါပေမယ့် လူတွေမှာတော့ စားနပ်ရိက္ခာသိုလှောင်ထားမှု အချင်းချင်းကူညီ ထောက်ပံ့မှုဆိုတဲ့ ယဉ်ကျေးမှုတွေက ရှိနေလို့ တော်ပါသေးတယ်။ လူတွေထက် တိရစ္ဆာန်သတ္တဝါတွေမှာ သာပြီး တာဝန်လေးရှာကြ တယ်၊ တိရစ္ဆာန်သတ္တဝါတွေဆိုတာ အမျိုးမျိုးရှိတယ်၊ တချို့က မြက် တို့, သစ်ရွက်သစ်သီးတို့ဆိုတဲ့ ဒီလိုသက်မဲ့အစာတွေကို စားနေ

http://www.dhammadownload.com



ကြတယ်၊ အဲဒီလို သတ္တဝါတွေမှာတော့ မြက်, သစ်ရွက်, သစ်သီးတွေက တယ်မရှားလို့ တော်သေးတယ်လို့ ဆိုရမှာဘဲ။ ဒါတောင် တချို့အရပ်တွေမှာ မြက်, သစ်ရွက်, သစ်သီး ဆိုတာတွေကလည်း ကောင်းကောင်းမရှိဘူး၊ သောက်စရာရေတောင် ကောင်းကောင်းမရှိဘူး၊ အဲဒီလိုအရပ်မှာ ဖြစ်နေရတဲ့ မြက်, သစ်ရွက်, သစ်သီး စားသတ္တဝါတွေမှာတော့ စားရေးအတွက် အလွန်ပဲဝန်လေးပါတယ်။

တချို့သတ္တဝါတွေကတော့ တစ်ကောင့်တစ်ကောင် နိုင်ရာနိုင်ရာစားနေကြတယ်။ ကျားတို့, သစ်တို့, မြွေတို့, အိမ်မြှောင်တို့, တောက်တဲ့တို့ ဒီလိုအကောင်တွေပေါ့။ ရေထဲက ရေသတ္တဝါတွေလည်း အများအားဖြင့် အချင်းချင်းနိုင်ရာ နိုင်ရာစားနေကြတာပဲ။ ဒါကြောင့် တိရစ္ဆာန်တွေကို အညမည ခါဒိကာ = အချင်းချင်းနိုင်ရာ နိုင်ရာစားတတ်တဲ့ အကောင်တွေလို့ မြတ်စွာဘုရားက ဟောထားပါတယ်။ အဲဒီလို နိုင်ရာစားသတ္တဝါတွေမှာ စားစရာအကောင်ကို မရတဲ့အခါ အများကြီးဆင်းရဲမှာပဲ၊ သတ်စားစရာ အကောင်ကိုလည်း အမြဲတမ်းရှာကြံနေရမှာပဲ၊ အကုသိုလ်တွေ မပြတ်ဖြစ်ပွားနေမှာပဲ၊ အဲဒီလို သူတစ်ပါးစားဖို့ ကြံနေတုန်း နိုင်တဲ့သတ္တဝါက သူ့ကိုသတ်စားသွားတာလည်း နည်းလှမယ်မဟုတ်ပေဘူး။ အဲဒီလို သူများကို စားဖို့ကြံနေတုန်း အစားခံရပြီး သေသွားရတဲ့ သတ္တဝါမှာ ဒေါသ အကုသိုလ်စိတ်တွေနဲ့ သေသွားတာက များမှာပဲ၊ အဲဒီလို ဒေါသနဲ့ သေသွားတဲ့အတွက် ကောင်းတဲ့ဘဝရောက်ဖို့ရာကတော့ မရှိပါဘူး၊ မကောင်းတဲ့ဘဝကို ရောက်ဖို့သာ ရှိပါတယ်။ နောက်ပြီးတော့ ကိုယ်က သူတစ်ပါးကို စားဖို့မကြံပေမယ့် အစားခံရတဲ့ သတ္တဝါတွေမှာလည်း ကြောက်လန့်တဲ့ဒေါသစိတ်၊ မခံချင်တဲ့ဒေါသစိတ်၊ ရန်ငြိုးဖွဲ့တဲ့ဒေါသစိတ်၊ နှလုံးမသာတဲ့စိတ်တွေနဲ့ သေသွားကြ

http://www.dhammadownload.com



ရရှာမှာပဲ၊ အဲဒီလို ဒေါသစိတ်၊ နှလုံးမသာတဲ့စိတ်တွေနဲ့ သေသွား ရတော့ ဘယ်မှာ ဘဝကောင်းကို ရောက်နိုင်မလဲ၊ ယုတ်ညံ့တဲ့ဘဝတွေ ရောက်ဖို့ကပဲ များနေပါတယ်။ ဒါကြောင့် တိရစ္ဆာန်ဘဝကို တစ်ကြိမ်တစ်ခါရောက်သွားရင် လူ့ဘဝကို ပြန်ရောက်ဖို့ရာ ခဲယဉ်း တဲ့အကြောင်း မြတ်စွာဘုရားက ဟောထားပါတယ်။ အဲဒါတွေဟာ အစာအာဟာရ ရှာမှီးရမှုနဲ့စပ်ပြီး တိရစ္ဆာန်ဘဝတွေမှာ ခန္ဓာဝန် လေးလံပုံတွေပါပဲ။

ယခု အစာရှာမှီးမှု အာဟာရပရိယေသနကိစ္စနဲ့စပ်ပြီး ဝန် လေးပုံကို လူ့ဘဝမှာပဲ ပြန်ပြီးကြည့်ကြဦးစို့။ လူတွေမှာ စားဝတ် နေရေးနဲ့စပ်ပြီး ရှာမှီးရတာ ဝန်လေးပုံကို ခုနကလည်း ပြောခဲ့ပြီးပါပြီ။ ဒါပေမယ့် အပြစ်ကင်းသော စိုက်ပျိုးခြင်း၊ အပြစ်ကင်းသောရောင်း ဝယ်ခြင်း၊ အပြစ်ကင်းသော စီမံအုပ်ချုပ်ခြင်း၊ အပြစ်ကင်းသော အလုပ်ကို လုပ်ကိုင်ခြင်းဆိုတဲ့ တရားမျှတတဲ့နည်းလမ်းဖြင့် ပစ္စည်း ရှာတာကတော့ နောင်သံသရာမှာ ဒုက္ခရောက်ဖို့ မဟုတ်တဲ့ အတွက် တာဝန်လေးသော်လည်း တော်သေးတယ်လို့ ဆိုရမှာပဲ။ ကြောက်စရာကောင်းတာကတော့ မတရားတဲ့နည်းလမ်းဖြင့် ပစ္စည်း ရှာရတာကမှ သာပြီးကြောက်စရာကောင်းပါတယ်၊ တချို့က လုံ့လဝီရိယနဲ့ အပင်ပန်းခံပြီး အလုပ်မလုပ်ချင်လို့ဖြစ်စေ၊ မြန်မြန် အချောင်ကြီးပွားချင်လို့ဖြစ်စေ လွယ်ကူတဲ့နည်းနဲ့ ပစ္စည်းရှာကြ တယ်၊ မိမိအသက်ရှင်ရေး၊ ချမ်းသာရေးအတွက် သူတစ်ပါးတွေကို သတ်ဖြတ်ပြီး ပစ္စည်းရှာရတာလည်းရှိတယ်၊ သူတစ်ပါးပစ္စည်းကို ခိုးဝှက်လုယက်ပြီး ပစ္စည်းရှာရတာလည်းရှိတယ်၊ လိမ်လည် လှည့်ဖြားပြီး ပစ္စည်းရှာရတာလည်းရှိတယ်၊ မတော်မတရားပြုပြီး ပစ္စည်းရှာရတာလည်း ရှိတယ်၊ အဲဒီလိုအလုပ်တွေက လွယ်လွယ်နဲ့

http://www.dhammadownload.com



ေငြရတဲ့ အလုပ္ေတြပဲ၊ တရားသျဖင့္ အလုပ္လုပ္တဲ့ သူေတြမွာ တစ္ေန႔လွ်င္ ငါးက်ပ္ တစ္ဆယ္ရေအာင္ အင္မတန္ႀကိဳးစားရပါတယ္၊ ခိုးတဲ့, လုတဲ့, လိမ္တဲ့ အလုပ္မ်ိဳးေတြကေတာ့ တစ္ေန႔တည္းနဲ႔ ေလးငါးဆယ္လည္း ရႏိုင္တယ္၊ တစ္ရာ တစ္ေထာင္လည္း ရႏိုင္တယ္၊ ဒါေၾကာင့္ ကိုယ္ခ်င္းစာတရားမရွိတဲ့ လူမိုက္ေတြက အဲဒီခိုးျခင္း၊ လုယက္ျခင္း၊ လိမ္ျခင္း၊ မေတာ္မတရား ျပဳျခင္း၊ သတ္ျဖတ္ျခင္းဆိုတဲ့ ဒုစရိုက္မႈေတြျဖင့္ မတရားပစၥည္း ရွာၾကတယ္။ အဲဒီလို လူေတြဟာ ရာဇ၀တ္ျပစ္မႈ မေကာင္းတာေတြကို ျပဳမိရင္ မ်က္ေမွာက္တြင္လည္း မေကာင္းက်ိဳးေတြကို အႀကီးအက်ယ္ ခံစားရတတ္တယ္၊ မ်က္ေမွာက္တြင္ မခံစားရေတာင္ ေနာင္သံသရာ ဘ၀ေတြမွာေတာ့ သူတို႔ျပဳထားတဲ့ မေကာင္း မႈကံရဲ႕မေကာင္းက်ိဳး ေတြကို အႀကီးအက်ယ္ခံစားသြားရေတာ့တာပဲ။ အဲဒါဟာ အရွင္ မဟာေမာဂၢလာန္ ေတြ႕ျမင္ရတဲ့ၿပိတၱာေတြရဲ႕၀တၳဳမ်ားျဖင့္ ထင္ရွား ပါတယ္။

## အရိုးစုၿပိတၱာ၀တၳဳ

ျမတ္စြာဘုရား လက္ထက္ေတာ္ကာလတုန္းက ျမတ္စြာ ဘုရား ရာဇၿဂိဳဟ္ၿမိဳ႕ကို ေရာက္ခါစႏွစ္တုန္းက အရွင္လကၡဏ မေထရ္နဲ႔ အရွင္မဟာေမာဂၢလာန္မေထရ္တို႔ဟာ ရာဇၿဂိဳဟ္ၿမိဳ႕ ရဲ႕ေျမာက္ဘက္က တစ္စပ္တည္းတည္ရွိေနတဲ့ ဂိဇၩကုဋ္ေတာင္မွာ သီတင္းသုံးေနၾကပါတယ္။ တစ္ေန႔ေသာအခါ ရာဇၿဂိဳဟ္ၿမိဳ႕ထဲ ဆြမ္းခံရန္ အဲဒီေတာင္ေပၚက ဆင္းလာၾကတယ္၊ အဲဒီလိုဆင္းလာ စဥ္ လမ္းခုလတ္မွာ အရွင္မဟာေမာဂၢလာန္က အဘိညာဥ္မ်က္စိ ျဖင့္ အရိုးစုၿပိတၱာတစ္ေကာင္ကို ေတြ႕ျမင္ရတယ္၊ အဲဒီၿပိတၱာဟာ

http://www.dhammadownload.com



လင်းတတွေ၊ ကျီးတွေ၊ စွန်တွေက လိုက်ပြီး နံရိုးကြားထဲမှ အူ၊ အသည်းစသည်တွေကို ထိုးကြ ဆိတ်ကြလို့ အင်မတန်နာကျင်တဲ့အတွက် ကျယ်ကျယ်လောင်လောင် ဟစ်အော်မြည်တမ်းပြီး ကောင်းကင်မှာ ပြေးသွားနေပါသတဲ့။ အဲဒါကို လူတို့၏ ပကတိမျက်စိနဲ့တော့ မမြင်နိုင်ပါဘူး၊ အဘိညာဉ်မျက်စိနဲ့သာ မြင်နိုင်ပါတယ်၊ နောက်ပြီးတော့ အဲဒီမှာလိုက်ပြီး ထိုးဆိတ်နှိပ်စက်နေကြတဲ့ လင်းတစသည်တွေကလည်း ရိုးရိုးလင်းတ စသည်တွေ မဟုတ်ဘူး။ လင်းတစသည်အသွင်နဲ့ ဘီလူးတွေ ဖြစ်တယ်လို့ အဋ္ဌကထာမှာ ပြဆိုထားပါတယ်၊ သူ့ကံအားလျော်စွာ ဖြစ်နေတဲ့ အရာဝတ္ထုတွေဆိုရင်လည်း သင့်စရာရှိပါတယ်၊ အဲဒီပြိတ္တာဘဝမျိုးကို ဖြစ်စေနိုင်တဲ့ ကိလေသာနဲ့ ကံတွေ ငါ့မှာမရှိတော့ဘူးလို့ ဆင်ခြင်မိတဲ့အတွက် ပီတိသောမနဿတွေဖြစ်ပြီး ပြုံးမိပါသတဲ့။ ရဟန္တာဆိုတာ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်လှမှ ပြုံးရုံလောက်သာ ပြုံးလေ့ရှိပါတယ်။ အသံတွေ ကျယ်လောင်စွာထွက်အောင် ရယ်တယ်လို့ မရှိဘူးတဲ့။ အဲဒီလို အရှင်မဟာမောဂ္ဂလာန် ပြုံးတာကို အရှင်လက္ခဏမထေရ်က မြင်တွေ့ရတော့ ဘာကြောင့်ပြုံးပါသလဲလို့ မေးပါတယ်။ ရဟန္တာဆိုတာ လေးနက်တဲ့အကြောင်းမရှိဘဲ ပြုံးရိုးမရှိဘူး။ ဒါကြောင့် အဲဒီအကြောင်းကို သိချင်လို့မေးပါတယ်။ အဲဒီတော့ အရှင်မဟာမောဂ္ဂလာန်က မြတ်စွာဘုရားရှေ့တော်ကျမှ ဒီအကြောင်းကို မေးပါလို့ ပြန်ပြောပါတယ်။

ဆွမ်းခံပြန်လို့ ဆွမ်းကိစ္စပြီးတဲ့နောက် မြတ်စွာဘုရား၏ မျက်မှောက်သို့ ရောက်တဲ့အခါ အရှင်လက္ခဏမထေရ်က အရှင်မဟာမောဂ္ဂလာန် ပြုံးခြင်း၏အကြောင်းကို မေးပြန်ပါတယ်။ အဲဒီတော့ အရှင်မဟာမောဂ္ဂလာန်က ဒီလိုပြောကြားပါတယ်။

http://www.dhammadownload.com



ငါ့ရှင်လက္ခဏ. . ငါဟာ သင်နှင့်အတူ ဂိဇ္ဈကုဋ်တောင်မှ ဆင်းနေစဉ်မှာ အရိုးစုပြိတ္တာတစ်ကောင် ကောင်းကင်မှာ ပြေးသွားနေတာကို တွေ့ရတယ်၊ အဲဒီပြိတ္တာကို လင်းတတွေ၊ ကျီးတွေ၊ စွန်တွေက နောက်မှလိုက်ပြီး နံရိုးကြားတို့မှ အူ , အသည်း စသည်တွေကို နှုတ်သီးတို့ဖြင့် ထိုးကြ ဆိတ်ဆွကြတယ်။ အဲဒီပြိတ္တာက မခံမရပ်နိုင်အောင် နာကျင်လွန်းလို့ **ကျယ်ကျယ်**လောင်လောင် ဟစ်အော်မြည်တမ်းနေတယ်။ အဲဒါကို မြင်ရတဲ့အတွက် ငါ့မှာ ဒီလို ဆင်ခြင်မိတယ်။ ဩော်- ဒီလိုထူးဆန်းတဲ့ သတ္တဝါလည်း ဖြစ်မှဖြစ်ပါပေရဲ့လို့ ဆင်ခြင်မိတယ် ဆိုတဲ့အကြောင်း ပြောကြားပါတယ်၊ အဲဒီအခါ မြတ်စွာဘုရားက ဒီလို အမိန့်ရှိတော်မူပါတယ်။

ရဟန်းတို့၊ ငါ၏တပည့်သာဝကတို့သည် ဉာဏ်မျက်စိရှိကြပါပေစွ၊ ဤသို့သော သတ္တဝါတွေကို တွေ့မြင်ပြီး ငါ၏သက်သေအရာ တည်ကြပါပေစွ၊ ငါဘုရားသည် ထိုပြိတ္တာသတ္တဝါကို ဗောဓိပင်အောက် ရတနာပလ္လင်ထက်၌ နေတော်မူစဉ် ရှေးအခါကပင်မြင်ခဲ့ပြီ။ သို့သော် မယုံကြည်သောသူတို့အား အကုသိုလ်မဖြစ်ပွားစေရန်အလို့ငှာ ထိုသတ္တဝါအကြောင်းကို မပြောကြားဘဲ နေခဲ့ပေသည်။ ရဟန်းတို့၊ မောဂ္ဂလာန်တွေ့ခဲ့သော ထိုပြိတ္တာသတ္တဝါသည် ဤရာဇဂြိုဟ်မြို့၌ပင် နွားသတ်သမားဖြစ်ခဲ့လေသည်။ ထိုနွားသတ်မှု အကုသိုလ်ကံကြောင့် အနှစ်သိန်းပေါင်းများစွာ ငရဲ၌ ကျက်ခဲ့ရခံခဲ့ရလေပြီ၊ ယခုအခါမှာ ထိုအကုသိုလ်ကံ၏ အကျိုးအကြွင်းအကျန်အဖြစ်ဖြင့် ဤသို့သော အရိုးစုပြိတ္တာဖြစ်၍ ဆင်းရဲခံနေရလေသည်ဟု မိန့်တော်မူပါတယ်။

ဒီလို မိန့်ခွန်းတော်ထဲမှာ ငါ၏တပည့်သာဝကများ ဉာဏ်မျက်စိရှိကြပါပေစွ၊ သက်သေအရာ တည်ကြပါပေစွ-ဆိုတဲ့ စကား

http://www.dhammadownload.com



ရပ်ဖြင့် ဒီလို ပြိတ္တာကို သာမန်ပုဂ္ဂိုလ်တွေ မမြင်နိုင်ဘူး၊ ထူးခြား တဲ့ အဘိညာဉ်မျက်စိရှိတဲ့ ပုဂ္ဂိုလ်ထူးများသာ မြင်နိုင်တယ်ဆိုတဲ့ အကြောင်း သိရပါတယ်။ ဒါကြောင့် ယခုခေတ်သိပ္ပံပညာဖြင့် မတွေ့ရတာနဲ့ ဒီလိုသတ္တဝါမျိုး မရှိဘူးလို့ မငြင်းပယ်သင့်ဘူးဆို တာကို နားလည်သင့်ပါတယ်။

နောက်ပြီးတော့ မြတ်စွာဘုရားက ကိုယ်တော်တိုင် တွေ့ မြင်ပြီးဖြစ်ပေမယ့် သက်သေမရှိရင် တချို့က အထောက်အထားမရှိ ဘူးဆိုပြီး ပယ်ကြလိမ့်မယ်၊ အဲဒီလို ပုဂ္ဂိုလ်တွေအား အကုသိုလ်မဖြစ် စေလိုတဲ့အတွက် မပြောကြားဘဲ နေခဲ့တယ်၊ အရှင်မဟာမောဂ္ဂလာန် သက်သေအရာတည်တော့မှ ထုတ်ဖော်ပြီး ပြောကြားတယ်ဆိုတဲ့ အဓိပ္ပါယ်ရှိတဲ့ စကားရပ်ဖြင့်လည်း ကိုယ်မတွေ့တိုင်း ငြင်းပယ်ပြီး အပြစ်ပြောရင် အကုသိုလ်ပွားပြီး အပါယ်လားနိုင်တယ်ဆိုတာကို လည်း သဘောပေါက်သင့်ပါတယ်။

ဒီအရိုးစုပြိတ္တာအကြောင်းထဲမှ ပြောလိုရင်းကတော့ ရာဇ ဂြိုဟ်မြို့မှာ လူဖြစ်စဉ်က စားဝတ်နေရေးအတွက် နွားတွေကို သတ်ခဲ့ တယ်။ အဲဒီလို သတ်ဖြတ်ပြီး သူ့ခန္ဓာဝန်ကို ပြုစုမွေးမြူခဲ့တဲ့အတွက် အနှစ်သိန်းပေါင်းများစွာ ငရဲဒုက္ခတွေကို ခံစားခဲ့ရတယ်။ အဲဒီငရဲမှ လွတ်မြန်တော့လည်း အဲဒီနွားသတ်မှုကံကြွင်းကြောင့် အရိုးစုပြိတ္တာ ကြီးဖြစ်ပြီး လင်းတ, ကျီး, စွန်တွေ သို့မဟုတ် အဲဒီလိုအကောင် သဏ္ဌာန်ရှိတဲ့ အရာတွေက နောက်မှလိုက်ပြီး ဆိတ်ကြ ထိုးဆွကြတာ ကို မချိမဆံ့ခံနေရရှာတယ်။ အဲဒါတွေဟာ ခန္ဓာဝန်လေးတာနဲ့ စပ်ပြီး မှတ်ဖို့ရာ ပြောလိုရင်းပါပဲ။

http://www.dhammadownload.com



## အသားတုံးပြိတ္တာ

နောင်တစ်ချိန်မှာတော့ အရှင်မဟာမောဂ္ဂလာန်က အသားတုံးပြိတ္တာကြီးကို တွေ့မြင်ပြန်တယ်၊ အဲဒီအသားတုံး ပြိတ္တာကြီးကိုလည်း လင်းတတွေ, ကျီးတွေ, စွန်တွေလိုက်ပြီး ထိုးကြဆိတ်ကြတယ်၊ အသားတုံးပြိတ္တာကြီးက နာကျင်ရှာလွန်းလို့ အင်မတန်စူးရှကျယ်လောင်တဲ့အသံနဲ့ ဟစ်အော်မြည်တမ်းပြီး ပြေးနေရရှာတယ်၊ အဲဒါ ကိုလည်း အရှင်လက္ခဏက မြတ်စွာဘုရားရှေ့မှာ မေးပါတယ်၊ အရှင်မောဂ္ဂလာန်က သူမြင်ခဲ့ပုံ အကြောင်းအရာ အလုံးစုံကို ပြန်ပြောပါတယ်၊ အဲဒီလို မြတ်စွာဘုရားရှေ့မှာမှ ပြောရခြင်း၏ အကြောင်းကတော့ မှန်ကန်ကြောင်း မြတ်စွာဘုရားထံမှ ထောက်ခံချက်ရလိုတဲ့ အတွက်ကြောင့်ပဲ ဖြစ်ပါတယ်၊ ဒါကြောင့် မြတ်စွာဘုရားက အရှင်မဟာမောဂ္ဂလာန်ပြောတဲ့အတိုင်း မှန်ကန်ကြောင်း၊ ကိုယ်တော်တိုင်လည်း ဘုရားဖြစ်မည့်ညဉ့်ကပင် တွေ့မြင်ခဲ့ရပြီးဖြစ်ကြောင်း၊ သက်သေခံမည့်သူ မရှိသေး၍ မဟောခဲ့သေးကြောင်းများကို မိန့်တော်မူပြီးတော့ အဲဒီပြိတ္တာ၏ အတိတ်အကြောင်းကို ဒီလိုဟောတော်မူပါတယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧသော သတ္တော၊ ဤအသားတုံး ပြိတ္တာသတ္တဝါသည်။ **ဣမသ္မိံယေဝ**၊ ရာဇဂဟေ၊ ဤရာဇဂြိုဟ်မြို့၌ပင်လျှင်။ ဂေါဃာတကော **အဟောသိ**၊ နွားသတ်သမား ဖြစ်ဖူးခဲ့လေပြီ စသည်ဖြင့် နွားသတ်သမားဖြစ်စဉ်က ပြုခဲ့တဲ့ နွားသတ်မှုအကုသိုလ်ကံကြောင့် ငရဲ၌အနှစ်သိန်းပေါင်းများစွာ **ကျက်စားခဲ့**ရကြောင်း၊ အဲဒီငရဲမှ လွတ်လာတဲ့အခါ အဲဒီကံကြွင်းကြောင့် အသားတုံးပြိတ္တာကြီးဖြစ်ပြီး ဒုက္ခခံနေရတဲ့အကြောင်းများကို ဟောကြားတော်မူပါတယ်။

http://www.dhammadownload.com



ဒီနေရာမှာ အရိုးစုပြိတ္တာနဲ့ အသားတုံးပြိတ္တာ ဘာထူးသလဲ ဆိုရင် နွားသတ်တဲ့ အကုသိုလ်ကံချင်းတော့ တူပါတယ်၊ ဒါပေမယ့် ငရဲမှ စုတေခါနီးမှာ ကမ္မနိမိတ်ထင်ပုံချင်း ထူးလို့ ပြိတ္တာဖြစ်တဲ့ အခါလည်း ထူးနေပါတယ်၊ ပထမနွားသတ်သမားမှာ ငရဲမှ စုတေ ခါနီးတွင် နွားသတ်စဉ်ကာလက အသားတွေကို လှီးခြစ်ပြီး ပုံထားတဲ့ အရိုးစု အရိုးပုံ ကမ္မနိမိတ်ထင်ခဲ့တယ်၊ ဒါကြောင့် အဲဒီ အရိုးစုကို စွဲပြီး ငရဲမှ စုတေလာတဲ့အခါ အဲဒီအာရုံနိမိတ်နှင့်တူတဲ့ အရိုးစုပြိတ္တာ ကြီး ဖြစ်ရပါသတဲ့။ နောက်ဒုတိယနွားသတ်သမားမှာတော့ အမဲသား တုံးကမ္မနိမိတ်ထင်ခဲ့တယ်၊ အဲဒီအမဲသားတုံးကြီးကိုပဲ စွဲပြီး ငရဲမှ စုတေ လာသောအခါ အဲဒီအာရုံနိမိတ်နှင့်တူတဲ့ အသားတုံးပြိတ္တာကြီး ဖြစ်ရပါသတဲ့။ အဲဒါဟာ ကံချင်းတူပေမဲ့ ကမ္မနိမိတ် ထင်ပုံချင်း မတူလို့ ဖြစ်ပုံချင်းမတူဘဲ ထူးခြားပုံပါပဲ။

## အသားစုပြိတ္တာ

နောက်ပြီးတော့ အသားစုပြိတ္တာကိုလည်း တွေ့ရတယ်၊ အဲဒါ ကိုလည်း မြတ်စွာဘုရားက ငှက်မုဆိုးဖြစ်ခဲ့ကြောင်း စသည်ဖြင့် ထုတ် ဖော်ဟောကြားတော်မူပါတယ်။

## အရေခွံမရှိတဲ့ ပြိတ္တာ

နောက်ပြီးတော့ အရေခွံမရှိဘဲ သွေးသံရဲရဲနဲ့ ပြိတ္တာကြီးကို လည်း တွေ့ရတယ်၊ အဲဒါကိုလည်း မြတ်စွာဘုရားက သိုးဆိတ်သတ် ားဖြစ်ခဲ့ကြောင်း စသည်ဖြင့် ဟောကြားတော်မူပါတယ်။

## သန်လျက်မွှေးတွေနဲ့ ပြိတ္တာ

နောက်ပြီးတော့ သန်လျက်မွှေးတွေနဲ့ ပြိတ္တာကိုလည်း တွေ့

http://www.dhammadownload.com



ရတယ်၊ အဲဒီပြိတ္တာမှာ သူ့ကိုယ်မှ အမွှေးသဖွယ်ဖြစ်နေတဲ့ ဓားသန်လျက်တွေက ကောင်းကင်ကို ပျံတက်ပြီး သူ့ကိုယ်ပေါ်မှာ ပြန်ပြန်ကျကြသတဲ့၊ ကံအကျိုးပေးပုံများ သိပ်ဆန်းကြယ်တာပဲ၊ ဘယ်လိုမှ ပြေးလို့ တိမ်းရှောင်လို့ မရဘူးတဲ့၊ ကြောက်စရာပါပဲ၊ အဲဒီသန်လျက်တွေကတော့ သူ့ကံအားလျော်စွာ ဖြစ်နေကြတယ်ဆိုတာ ထင်ရှားပါတယ်၊ ဘီလူးအစရှိတဲ့ တစ်စုံတစ်ယောက်က ပြုလုပ်တယ်လို့တော့ ဆိုဖွယ်ရာမရှိပါဘူး၊ ဒါကြောင့် အရှီးစုပြိတ္တာစသည်ကို လိုက်ပြီးထိုးကြဆိတ်ကြတဲ့ လင်းတစသည်တွေကလည်း သူ့ကံအားလျော်စွာ ဖြစ်ပေါ်နေကြတဲ့ အတုအပ လင်းတစသည်တွေ ဖြစ်တယ်လို့ ယူရင် မသင့်စရာမရှိပါဘူး၊ သာပြီးသင့်ဖွယ်ရာသာ ရှိပါတယ်။ ဘာကြောင့်လဲဆိုရင် ဘီလူးတွေဆိုတော့ သူတို့မှာ တခြားကိစ္စတွေလည်း ရှိမယ်၊ မောပန်းခြင်း ပျင်းရိငြီးငွေ့ခြင်းလည်း ရှိမယ်၊ ဒါကြောင့် အခါခပ်သိမ်း အမြဲတမ်းလိုက်ပြီး နှိပ်စက်ဖို့ ခဲယဉ်းပါတယ်။ နှိပ်စက်မည့်သူမရှိဘဲ လစ်လပ်နေတဲ့အချိန်လည်း ရှိနိုင်ပါတယ်၊ ကံအားလျော်စွာ ဖြစ်နေတဲ့ အကောင်တုတွေဆိုတော့ အဲဒီလို လစ်လပ်ခြင်း မရှိနိုင်ဘူး။ သူ့ကံအားလျော်စွာ အမြဲတမ်းနှိပ်စက်ခြင်း ရှိနေနိုင်ပါတယ်။ ဒါကြောင့် ကံအားလျော်စွာ သန်လျက်အတုတွေလို ကံအားလျော်စွာ လင်းတစသည် အကောင်တုတွေက လိုက်ပြီးထိုးကြ ဆိတ်ကြတယ်လို့ ဆိုတာက သာပြီးသင့်လျော်ပါတယ်။

## လုံအမွှေးတွေနဲ့ ပြိတ္တာ

နောက်ပြီးတော့ လုံအမွှေးတွေနဲ့ ပြိတ္တာကိုလည်း တွေ့ရတယ်၊ သူ့ကိုယ်မှ အမွှေးသဖွယ်ဖြစ်နေတဲ့ လှံတွေက ကောင်းကင်ကို ပျံတက်ပြီး သူ့ကိုယ်ပေါ်မှာ ပြန်ပြန်ကျပြီး စူးကြတယ်၊ အဲဒါဟာ

http://www.dhammadownload.com



သားလိုက်မုဆိုး ဖြစ်လို့တဲ့။

## မြားမွေးတွေနဲ့ ပြိတ္တာ

နောက်ပြီးတော့ မြားမွေးတွေနဲ့ ပြိတ္တာကိုလည်း တွေ့ရတယ်၊ သူ့ကိုယ်မှာ အမွေးသဖွယ်ဖြစ်နေတဲ့ မြားတွေက ကောင်းကင်ကို ပျံတက်ပြီး သူ့ကိုယ်ပေါ်မှာ ပြန်ပြန်ကျပြီး စူးကြတယ်၊ အဲဒါဟာ ကာရဏိကခေါ်တဲ့ ညှဉ်းဆဲနှိပ်စက်သူ ဖြစ်ခဲ့လို့တဲ့၊ မင်းပြစ်ဒဏ် သင့်တဲ့သူတွေကို သူက မြားနဲ့ထိုးဆွပြီး နှိပ်စက်ခဲ့တယ်၊ ဒါကြောင့် သူ့ကံအားလျော်စွာ မြားတွေက သူ့ကိုလိုက်ပြီး ထိုးနေကြတာတဲ့၊ ကြောက်စရာပါပဲ။

## ကုမ္ဘဏ္ဍပြိတ္တာ

ကုမ္ဘဏ္ဍပြိတ္တာဆိုတာကိုလည်း အရှင်မောဂ္ဂလာန်တွေ့ရတယ်၊ ကုမ္ဘဆိုတာ ရေအိုး၊ အဏ္ဍဆိုတာ လိင်ဥ၊ ရေအိုးကြီးလောက်ကြီးမား တဲ့ လိင်ဥရှိနေတဲ့ ပြိတ္တာကို ကုမ္ဘဏ္ဍပြိတ္တာလို့ဆိုပါတယ်၊ သူက လူ့ဘဝတုန်းက ကောက်ကျစ်စဉ်းလဲတဲ့ တရားသူကြီးဖြစ်တယ်၊ ကွယ်ရာမှာ တံစိုးလက်ဆောင်ယူပြီး မတရားစီရင်ဆုံးဖြတ်ခဲ့တယ်၊ အလွန်လေးလံကြီးမားတဲ့ အပြစ်ဒဏ်များကိုလည်း ပေးခဲ့တယ်၊ ဒါကြောင့် သူ့မှာ ဖုံးကွယ်ထားရမည့်အင်္ဂါဟာ မဖုံးကွယ်နိုင်အောင် လည်း ဖြစ်နေတယ်၊ အင်မတန်လေးလံတဲ့ လိင်ဥဝန်ကြီးကိုလည်း ဆောင်နေရတယ်၊ သွားရင်လည်း အဲဒီလိင်ဥကြီးကို ထမ်းပြီးသွားရ သတဲ့၊ ထိုင်ရင် အိပ်ရင်လည်း အဲဒီလိင်ဥကြီးပေါ်မှာပဲ ထိုင်ရ အိပ်ရ သတဲ့၊ အဲဒီလို သွားရာ နေရာမှာလည်း လင်းတတွေ ကျီးတွေ စွန်တွေ က လိုက်ပြီး ထိုးကြ ဆိတ်ကြတယ်။

http://www.dhammadownload.com



## ပြိတ္တာမျိုးစုံ

အရှင်မဟာမောဂ္ဂလာန် တွေ့ရတဲ့ ပြိတ္တာတွေက အမျိုးစုံပါပဲ၊ ကာမေသုမိစ္ဆာစာရကံ ကျူးလွန်ခဲ့လို့ အရေခွံမရှိဘဲ ဒုက္ခရောက်နေရတဲ့ ပြိတ္တာမကြီးလည်း ပါတယ်၊ မိစ္ဆာအယူဝါဒကို ဖြန့်ခဲ့လို့ အရုပ်ဆိုးစွာ ဖြစ်နေတဲ့ နတ်ကတော် ပြိတ္တာမကြီးလည်း ပါတယ်၊ ရဟန်းကျင့်ဝတ်တွေ ကောင်းကောင်းမကျင့်ခဲ့လို့ ရဟန်းအသွင်၊ ရဟန်းမိန်းမအသွင်နဲ့ ဖြစ်နေတဲ့ ပြိတ္တာတွေလည်း ပါတယ်၊ အဲဒီပြိတ္တာတွေမှာ သင်္ကန်းကလည်း မီးရဲရဲတောက်နေတယ်၊ ကျောင်းအိပ်ရာတွေကလည်း မီးရဲရဲတောက်နေတယ်၊ ဒီ့ပြင်လည်း ပြိတ္တာတွေတော်တော်များ ပါသေးတယ်။

အဲဒီပြိတ္တာတွေဟာ လူ့ဘဝတုန်းက မိမိခန္ဓာဝန်ချမ်းသာရေးအတွက် မသင့်မလျော်တာတွေကို ပြုလုပ်ခဲ့ကြလို့ပဲ၊ ဒါကြောင့် ဒီခန္ဓာဝန်ဟာ အလွန်လေးကြောင်း သိရပါတယ်၊ နောက်ပြီးတော့ ပေတဝတ္ထုမှာ ပြထားတဲ့ ပြိတ္တာတွေလည်း အများကြီးရှိပါသေးတယ်၊ အဲဒါတွေက တစ်ခုတော့ ဒီနေရာမှာ ပြောချင်သေးတယ်။

## စီးပွားစုဆောင်းသည့် ပြိတ္တာမများ

ဘုရားလက်ထက်တော် ကာလတုန်းက ရာဇဂြိုဟ်မြို့မှာ အလေးမမှန် တောင်းမမှန် စသည်ဖြင့် မတရားစီးပွားဥစ္စာစုဆောင်းတဲ့ မိန်းမလေးယောက် ရှိသတဲ့၊ အဲဒီ မိန်းမလေးယောက်ဟာ ထောပတ်, ပျားရည်, ဆီ, စပါး စသည်တို့ကို မတရားရောင်းဝယ်ပြီး စီးပွားဥစ္စာ စုဆောင်းနေရာက သေဆုံးသွားတဲ့အခါ အဲဒီမြို့ရဲ့အပြင်ကကျုံးဘေးမှာ ပြိတ္တာမတွေ ဖြစ်နေကြတယ်။ တစ်ညသောအခါမှာ သူတို့ရဲ့ ခင်ပွန်းဟောင်းတွေနဲ့ နောက်အိမ်ထောင်သည်တို့က သူတို့

http://www.dhammadownload.com



ရှာဖွေစုဆောင်းထားခဲ့တဲ့ စီးပွားဥစ္စာတွေ သုံးဆောင်နေကြပုံနဲ့ သူတို့မှာ ဆင်းရဲဒုက္ခရောက်နေကြရပုံများကို စဉ်းစားပြီး ငိုကြွေးမြည်တမ်းကြပါတယ်။

အဲဒီအသံကို ကြားရတဲ့သူတွေက မကောင်းတဲ့ အတိတ်နိမိတ်လို့ယူဆပြီး အဲဒီနိမိတ်ဆိုးတွေ ပပျောက်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရဟန်းသံဃာတော်များနှင့်တကွ မြတ်စွာဘုရားကိုပင့်ပြီး ဆွမ်းကပ်ကြပါတယ်။ အဲဒီကြားရတဲ့အသံကြောင့် သူတို့မှာကြောက်လန့်ကြတဲ့အကြောင်းကိုလည်း လျှောက်ထားကြပါတယ်၊ အဲဒီအခါ မြတ်စွာဘုရားက ဒီလိုမိန့်တော်မူပါတယ်။

ဥပါသကာတို့. . . အဲဒီကြားရတဲ့အသံကြောင့် သင်တို့မှာ အန္တရာယ် တစ်စုံတစ်ရာမျှ မရှိပါ။ အမှန်စင်စစ်ကတော့ ပြိတ္တာမလေးယောက်တို့ဟာ ဆင်းရဲဒုက္ခ အနှိပ်စက်ခံရတဲ့အတွက် သူတို့ပြုမှားခဲ့တဲ့ အမှုကို ပြောကြားပြီး ငိုကြွေးမြည်းတမ်းကြခြင်းသာ ဖြစ်တယ်လို့ မိန့်တော်မူပြီး အဲဒီပြိတ္တာမတွေ ငိုပုံကိုလည်း ဒီလိုဟောကြားတော်မူပါတယ်။

မယံ ဘောဂေ သံဟရိမှာ၊ သမေန ဝိသမေန စ။

တေ အညေ ပရိဘုဥ္ဇန္တိ၊ မယံ ဒုက္ခဿ ဘာဂိနီ-တဲ့။

မယံ၊ ငါတို့သည်။ ဘောဂ၊ စီးပွားဥစ္စာတို့ကို။ သမေနစ၊ ညီညွတ်သော နည်းလမ်းမှန်ဖြင့်လည်းကောင်း။ ဝိသမေန စ၊မညီညွတ် မတရားသော နည်းလမ်းမှားဖြင့်လည်းကောင်း။ သံဟရိမှာ၊ လူ့ဘဝတုန်းက ရှာမှီးစုဆောင်းခဲ့ကြလေကုန်ပြီ။ တေ၊ ငါတို့စုဆောင်းထားခဲ့သော ထို စီးပွားဥစ္စာတို့ကို။ အညေ၊ ငါတို့မှ တစ်ပါးသော ပုဂ္ဂိုလ်တို့သည်။ ပရိဘုဥ္ဇန္တိ၊ သုံးဆောင်ကြကုန်၏။ မယံ။ ငါတို့မှာမူကား။ ဒုက္ခဿ ဘာဂိနီ၊ မစားရ, မသုံးရ ပြိတ္တာဘဝ

http://www.dhammadownload.com



ဆင်းရဲ၏ အဖို့အစုကိုသာ ရနေကြပါတကားတဲ့။

သူတို့က မတရားသဖြင့် ပစ္စည်းဥစ္စာတွေကို ခဲခဲယဉ်းယဉ်း နဲ့ စုထားခဲ့ကြတယ်၊ သူတို့သေသွားတဲ့အခါမှာ သူတို့ရဲ့ခင်ပွန်းတွေ က နောက်အိမ်သူအသစ်တွေနဲ့ အဲဒီပစ္စည်းဥစ္စာတွေကို တပျော် တပါးသုံးဆောင်နေကြတယ်။ သူတို့မှာတော့ ဒါနကုသိုလ်စသည်ကို မပြုရက်ဘဲ မတရားသဖြင့် ပစ္စည်းရှာခဲ့ကြတဲ့အတွက် ပြိတ္တာဘဝ ရောက်ပြီး စားသုံးစရာမရှိ၊ နေထိုင်စရာမရှိ အတိဒုက္ခရောက်နေကြ ရတယ်ဆိုတဲ့ အကြောင်းကို ပြောဆိုပြီး ငိုကြွေးရှာကြတာပါပဲ။ တယ် သနားစရာကောင်းတာပဲ။

အဲဒါဟာ လူ့ဘဝတုန်းက သူတို့ရဲ့ ခန္ဓာဝန်ကြီး ကောင်း စားချမ်းသာစေလိုတဲ့အတွက် မတရားသဖြင့် ပစ္စည်းရှာခဲ့ကြတာပဲ၊ သေတဲ့အခါကျတော့ သူတို့ရဲ့ ရည်ရွယ်ချက်အတိုင်းမဟုတ်ဘဲ အလွန်ဆင်းရဲတဲ့ ပြိတ္တာခန္ဓာတွေကို ရနေရှာကြတယ်။ အဲဒီဟာ ခန္ဓာဝန်လေးလံကြောင်း ထင်ရှားစေတဲ့သာဓက တစ်ခုပါပဲ၊ သတိ ပြုစရာလည်း အထူးကောင်းပါတယ်။

ယခုပြောခဲ့တဲ့ ပြိတ္တာတွေလိုပဲ မိမိခန္ဓာဝန်ကို ကောင်းစား ချမ်းသာအောင် ရှာကြံပြုလုပ်နေရင်း အတိဒုက္ခရောက်နေကြတဲ့ အခြားပြိတ္တာတွေအကြောင်း သာဓက ဝတ္ထုတွေလည်း အများကြီးပဲ ရှိနေပါသေးတယ်။ ဒါပေမယ့် ယခုပြောခဲ့တာလောက်ဆိုရင် သဘော ပေါက်လောက်ပါပြီ။

## ခန္ဓာဝန်လေးပုံအဆက်

ယခုပြောလာခဲ့တာဟာ ခန္ဓာဝန်အတွက် ရှာကြံပြုစုရတာ ဝန်လေးကြောင်း တော်တော်စုံသွားပါပြီ။ အဲဒီမှာ ရုပ်ကိုယ်ကြီး

http://www.dhammadownload.com



အင်အားပြည့်မြဲပြည့်ပြီး တည်နေနိုင်အောင် ကျွေးမွေးပြုစုရတာက ရုပ်ခန္ဓာဝန်ကို ထမ်းဆောင်ရတာပဲ၊ ကိုယ်ချမ်းသာ စိတ်ချမ်းသာ ပြည့်စုံအောင် ကျွေးမွေးပြုစုရတာက ဝေဒနာခန္ဓာဝန်ကို ထမ်းဆောင်ရတာပဲ၊ အမြင်ကောင်း အကြားကောင်း စသည်ဖြစ်အောင် ပြုလုပ်ဆောင်ရွက်ရတာက ဝိညာဏ်ခန္ဓာဝန်ကို ထမ်းဆောင်ရတာပဲ။ ဒီခန္ဓာဝန်သုံးမျိုး ထမ်းဆောင်ရတာ ဝန်လေးပုံကတော့ အလွန်ပဲ ထင်ရှားပါတယ်။ ရုပ်ခန္ဓာကဆိုရင် ငါကြိုက်တာကျွေး၊ မကျွေးရင် ငါက နေမကောင်းဖြစ်ပြီး သေပြလိုက်မယ်၊ အားနည်းပြီး သေပြလိုက်မယ်လို့ ခြိမ်းခြောက်နေသလိုပဲ ရှိနေပါတယ်။ ဝေဒနာကလည်း ငါကြိုက်တဲ့ အာရုံကောင်းကလေးတွေကို ပေး၊ မပေးရင် ငါက နာကျင်ကိုက်ခဲပြီး သေပြလိုက်မယ်၊ စိတ်ညစ်ပူပန်ပြီး သေပြလိုက်မယ် စသည်ဖြင့် ခြိမ်းခြောက်နေသလိုပဲ ရှိနေပါတယ်။ စိတ်ဝိညာဏ်ကလည်း ကောင်းတဲ့ အဆင်း, အသံ အစရှိတဲ့ အာရုံကောင်းကလေးတွေကို ရှာပေး၊ မပေးရင် ငါက စိတ်မချမ်းသာစရာ ကြောက်စရာလန့်စရာတွေကို ပြပြီး သတ်လိုက်မယ် စသည်ဖြင့် အမြဲတမ်းခြိမ်းခြောက်နေသလိုပဲ ရှိနေပါတယ်။

နောက်ပြီးတော့ ကိုယ့်အလိုအတိုင်း ပြီးစီးပြည့်စုံအောင် ကြံစည်ရတာ၊ သွားလာလုပ်ကိုင်ရတာ၊ ပြောဆိုတာတွေဟာ၊ အဲဒီအလိုနဲ့ စေတနာဆိုတဲ့ သင်္ခါရက္ခန္ဓာဝန်ကို ထမ်းဆောင်ရတာပဲ။ သူကလည်း ငါ့ကို ကောင်းကောင်းဆောင်ပါ၊ ကောင်းကောင်းမဆောင်ရင် အလိုမပြည့်ဖြစ်ပြီး ဒုက္ခရောက်စေမယ်၊ ရာဇဝတ်မှု စသည်ဖြစ်စေပြီးတော့လည်း ဒုက္ခရောက်စေမယ်၊ သေသည်၏အခြားမဲ့မှာလည်း ငရဲကို ကျစေမယ်၊ ပြိတ္တာဖြစ်စေမယ်၊ တိရစ္ဆာန်ဖြစ်ပြီး ဒုက္ခရောက်စေမယ် စသည်ဖြင့် အမြဲတမ်းခြိမ်းခြောက်နေသ

http://www.dhammadownload.com



လိုပဲ ရှိနေပါတယ်။ ယခုလောကမှာ မသင့်မတော်တာကို ပြုမိ ပြောမိ လို့ အကဲ့ရဲ့ခံရတာတွေ၊ ရာဇဝတ်အပြစ်ဒဏ် သင့်တာတွေဟာ ဒီ သဒ္ဓါရက္ခန္ဓာဝန်ကို မထမ်းနိုင် မစောင့်နိုင်ကြလို့ပါပဲ။ အပါယ် လေးပါးကျရောက်ပြီးဖြစ်နေကြတဲ့ သူတွေဟာလည်း ဒီသဒ္ဓါရက္ခန္ဓာ ဝန်ကို မထမ်းနိုင် မစောင့်နိုင်ကြလို့ပါပဲ၊ လူဖြစ်ပါလျက် သူများလို မဟုတ်ဘဲ အသက်တိုခြင်း၊ အနာများခြင်း၊ စီးပွားဉစ္စာချို့တဲ့ခြင်း၊ အခြွေအရံမဲ့ခြင်း၊ ဘေးရန်အန္တရာယ်များခြင်း စသည်ဖြင့် မကောင်း ကျိုးတွေကို တွေ့နေကြရတာဟာလည်း ဒီသဒ္ဓါရက္ခန္ဓာဝန်ကို နေသား တကျ မထမ်းဆောင်နိုင်ကြလို့ပါပဲ။

နောက်ပြီးတော့ စိတ်ပျက်စရာ၊ စိတ်ညစ်စရာ၊ ရွံ့စရာ၊ မုန်း စရာ အာရုံတွေ စိတ်ထဲ စွဲကျန်မနေရအောင်၊ အကျိုးစီးပွား ဖြစ်စေ တတ်တဲ့ အတတ်ပညာ အသိအလိမ္မာစသည်တွေ စိတ်ထဲ စွဲမြဲပြီး မှတ်မိနေအောင် အားထုတ်နေရတာတွေဟာ သညာက္ခန္ဓာဝန်ကို ထမ်းဆောင်နေရတာတွေပါပဲ။ သူကလည်း ငါ့ကို ကောင်းတဲ့ အာရုံ တွေကိုပေး၊ မပေးလို့ရှိရင် မကောင်းတာတွေကို စွဲမှတ်ထားပြီး စိတ် ဆင်းရဲအောင် အဲဒါတွေကို ထပ်တလဲလဲ ငါက ပြနေမယ်၊ အကျိုးမဲ့ အမှုတွေကို စွဲမှတ်ထားပြီး အဲဒီအကျိုးမဲ့အမှုတွေကိုလည်း လမ်းညွှန် ပြမယ် စသည်ခြင့် ခြိမ်းခြောက်နေသလိုပဲ ရှိနေပါတယ်။ ယခုလူတွေ စိတ်ညစ်စရာကို အမှတ်ရပြီး စိတ်ညစ်နေကြရတာ၊ ပူပန်စရာတွေကို အမှတ်ရပြီး ပူပန်နေကြရတာတွေဟာ ဒီသညာက္ခန္ဓာဝန်ကို နေရာ တကျ မထမ်းဆောင်နိုင်ကြလို့ပါပဲ။ အကျိုးမဲ့ဖြစ်စေမည့် အမှုတွေ ကို အကောင်းထင်ပြီး ပြုမှားကြတာ၊ အဲဒီလိုပြုမှားမိတဲ့ အတွက် ယခုမျက်မှောက်မှာရော နောင်တမလွန်မှာရော ဒုက္ခရောက်နေကြရ တာတွေဟာလည်း ဒီသညာက္ခန္ဓာဝန်ကို နေရာတကျ မထမ်းဆောင်

http://www.dhammadownload.com



နိုင်ကြလို့ပါပဲ။

ယခုပြောခဲ့တဲ့အတိုင်း ထမ်းဆောင်ဖို့ရာ ဝန်လေးတဲ့အတွက် ဒီဥပါဒါနက္ခန္ဓာငါးပါးကို ဘာရ = လေးလံတဲ့ဝန်ထုပ်ဝန်ပိုးကြီးတွေလို့ မြတ်စွာဘုရားက ဟောကြားတော်မူခဲ့ပါတယ်။

နောက်ပြီးတော့ ဒီခန္ဓာဝန်ထုပ်ကြီးတွေ ထမ်းဆောင်နေရတာက မိနစ်ပိုင်း နာရီပိုင်းမျှလည်းမဟုတ်ဘူး၊ ရက်ပိုင်းလပိုင်းမျှလည်းမဟုတ်ဘူး၊ နှစ်ပိုင်းမျှလည်းမဟုတ်ဘူး၊ တစ်ဘဝ, နှစ်ဘဝ, ဆယ်ဘဝ, တစ်ရာတစ်ထောင်စသည် ဘဝပိုင်းမျှလည်း မဟုတ်ဘူး၊ တစ်ကမ္ဘာ, နှစ်ကမ္ဘာစသည် ကမ္ဘာပိုင်းမျှလည်း မဟုတ်ဘူး၊ အမှန်မှာတော့ ကမ္ဘာကုဋေအသင်္ချေတို့ဖြင့် မရေတွက် မပိုင်းခြားနိုင်တဲ့ အစမထင်တဲ့သံသရာခရီးစဉ်တစ်လျှောက်လုံး ထမ်းဆောင်နေကြရတာပဲ၊ အရဟတ္တမဂ်ဖိုလ်သို့ မရောက်သေးသမျှ၊ ကိလေသာ မကင်းသေးသမျှကာလပတ်လုံး အမြဲတမ်း ထမ်းဆောင်နေကြရတာပဲ။ အရဟတ္တမဂ်ဖိုလ်ရောက်လို့ ကိလေသာကင်းပြီးဖြစ်တဲ့ ရဟန္တာပုဂ္ဂိုလ်တွေတောင်မှ ပရိနိဗ္ဗာန် မစံရသေးမီအတွင်းမှာတော့ ဒီခန္ဓာဝန်ထုပ်ကြီးတွေကို ထမ်းဆောင်နေကြရသေးတာပဲ။ ဒါကြောင့် ပရိနိဗ္ဗာန်စံရမည့် အချိန်ကို ဆင်ခြင်တဲ့ ရဟန္တာ အရှင်မြတ်တွေက-

ကိံဝ စိရံ နုခေါ အယံ ဒုက္ခဘာရော ဝဟိတဗ္ဗော-လို့ ဆင်ခြင်တော်မူကြပါတယ်။

အယံ ဒုက္ခဘာရော ဆင်းရဲလှစွာသော ဤခန္ဓာငါးပါးဝန်ထုပ်ကြီးကို။ ကိံဝစိရံ၊ ဘယ်မျှလောက်ကြာအောင်။ ဝဟိတဗ္ဗော နုခေါ၊ ဆောင်ရမှာပါလိမ့်မလဲ-လို့ ဆင်ခြင်တော်မူကြပါတယ်။

ရဟန္တာ ပုဂ္ဂိုလ်မှာလည်း ခန္ဓာဝန်ကြီးက ရှိနေတော့ မလွှဲမရှောင်သာလို့ ထမ်းဆောင်နေရတာပဲ၊ အချိန်တန်ရင် အစာအာ

http://www.dhammadownload.com



ဟာရအတွက် ဆွမ်းခံကြွရတယ်၊ ရေချိုးတန်ရင်လည်း ရေချိုးပေးရတယ်၊ ကျင်ကြီး ကျင်ငယ် အစရှိတဲ့ အညစ်အကြေးတွေကိုလည်း သုတ်သင်ပေးရတယ်၊ ဣရိယာပုတ်မျှအောင်, ကျန်းမာရေးလည်း ဖြစ်အောင် ဣရိယာပုတ်များကိုလည်း ပြုပြင်ပေးရတယ်၊ ကျိန်းစက်တန်ရင် ကျိန်းစက်ပေးရတယ်။ ဒါတွေဟာ ခန္ဓာဝန်ကြီးရှိနေလို့ သင့်လျော်အောင် ပြုပြင်ပြီးထမ်းဆောင်နေရတာတွေပါပဲ။

## ဝန်ထုပ်ကို သဘောကျနေရင် လေးတယ်မထင်

ပုထုဇဉ်တွေမှာတော့ နှစ်သက်သာယာတဲ့ တဏှာက ရှိနေလို့ ဒီခန္ဓာဝန်တွေကို လေးမှန်းမသိဘူး၊ ခန္ဓာဝန်လေးတဲ့အကြောင်း ယခုလိုဟောပြောနေတာကို ကြားရပေမယ့် လေးတယ်လို့ တချို့က မထင်ဘူး၊ အလကား ကြံကြံဖန်ဖန် အပြစ်ရှာပြီးပြောနေတာပဲ၊ ဒီခန္ဓာတွေရှိတဲ့အတွက် ကောင်းနေတာတွေလည်း အများကြီးရှိနေတာပဲ၊ ကောင်းတာတွေကို မြင်ရတယ်၊ ကောင်းတာတွေကို ကြားရတယ်၊ နံ့ရတယ်၊ စားရတယ်၊ ကောင်းတဲ့အတွေ့အထိတွေနဲ့ တွေ့ထိရတယ်၊ ကိုယ်သိချင်တာတွေကို သိရတယ်၊ ဒါတွေဟာ အကောင်းတွေချည်းပဲလို့ ဒီလိုလည်း တချို့ကထင်နေကြတယ်။ နှစ်သက်သာယာမှု တဏှာရှိနေလို့ အပြစ်မမြင်နိုင်ဘဲ ရှိနေတာပါပဲ။

ဥပမာအားဖြင့် လူတစ်ယောက်က မိမိ၏မယားကို အလွန်ချစ်နေတယ်ဆိုပါတော့၊ အဲဒီမိန်းမ၏ အပြစ်ကို အခြားသူများက ပြောသော်လည်း သူကိုယ်တိုင်က တွေ့ရတာလည်း မဟုတ်၊ သူ့ရှေ့မှာတော့ ချစ်ဖွယ်အပြောအဆို အပြုအမူများကိုသာ တွေ့နေရတယ်ဆိုရင် အဲဒီလူက သူ့မယားအပေါ်မှာ အပြစ်မမြင်နိုင်ဘူး၊ အပြစ်မရှိနိုင်ဘူး၊ အခြားသူတွေပြောတဲ့အတိုင်း မဟုတ်နိုင်ဘူးလို့သာ

http://www.dhammadownload.com



ထင်နေတယ်ဆိုပါတော့၊ အဲဒါမျိုးပါပဲ၊ တဏှာရှိတဲ့သူတွေက ဒိဋ္ဌိ ဝန်တွေကို လေးတယ်လို့မထင်ဘူး။

## အပြစ်မြင်မှ လေးမှန်းသိသည်

ဒါပေမယ့် အိုမင်းမစွမ်းဖြစ်လို့ ကိုယ်သွားချင်တိုင်းလည်း မသွားနိုင်၊ ကိုယ်စားချင်တိုင်းလည်း မစားနိုင်၊ ကိုယ်အလိုရှိတိုင်းလည်း မအိပ်နိုင်၊ ကိုယ့်အလိုအတိုင်းလည်း မပြီးတဲ့အခါများကျတော့ ဒိဋ္ဌိ ဝန်ကြီးလေးတယ်ဆိုတာ အတော်အတန်ရိပ်မိပြီး သဘောပေါက် လာတတ်ပါတယ်။ မကျန်းမမာ ရောဂါဝေဒနာအကြီးအကျယ် ဖြစ်တဲ့ အခါလည်း သဘောပေါက်တတ်တယ်။ မိမိကိုယ်တိုင်ရော မိမိ နဲ့ စပ်တဲ့ သူတွေရော ဘေးရန်အန္တရာယ်တွေနဲ့ တွေ့ရတဲ့အခါမှာလည်း ခန္ဓာဝန်ကြီးလေးတယ်ဆိုတာ သဘောပေါက်တတ်တယ်။

ရဟန္တာမှာတော့ နှစ်သက်သာယာတတ်တဲ့ တဏှာက လုံးဝ မရှိတော့ဘူး၊ ဒါကြောင့် ဒိဋ္ဌိဝန်လေးပုံကို အထူးမဆင်ခြင်ရ တော့ဘဲ သူ့သဘောအတိုင်းပင် ကောင်းကောင်းကြီးမြင်နေပါတယ်။ ဥပမာအားဖြင့် ခုနကပြောခဲ့တဲ့ ဥပမာထဲက လူဟာ အခြား တစ်ပါး သော ယောက်ျားနှင့် မိမိမယား ဖောက်ပြန်နေတာကို ကိုယ်တိုင်တွေ့ ပြီး မိမိအသက်ကိုပါ အန္တရာယ်ပြုနိုင်မည့်အခြေအနေကို တွေ့ရရင် တော့ အဲဒီမယားအပေါ်မှာ မည်သူကမျှ မပြောရပဲ သူ့ဟာသူပင် ကောင်းကောင်းအပြစ်မြင်နေသလိုပါပဲ။ ဒါကြောင့် ရဟန္တာပုဂ္ဂိုလ်က ဆင်းရဲလှတဲ့ ဒိဋ္ဌိဝန်ထုပ်ကြီးကို ဘယ်လောက်ကြာအောင် ထမ်းဆောင်နေရမှာပါလိမ့်မလဲ- လို့ ဆင်ခြင်ပါတယ်။

ယခုလောကမှာ လေးပါတယ်ဆိုတဲ့ ဝန်ထုပ်ဝန်ပိုးတွေက တော့ ခေတ္တခဏမျှသာ ထမ်းဆောင်ကြရပါတယ်၊ မကြာခင်ဘဲ

http://www.dhammadownload.com



ပနံးပေါ်မှ ပစ်ချလိုက်ရတာပဲ၊ အဲဒီလိုပစ်ချလိုက်တော့ တစ်ခါတည်းပေ့ါသွားပါတယ်၊ ဒီခန္ဓာဝန်ကတော့ အဲဒီလို တစ်ခဏကလေး ထမ်းဆောင်ရတာမဟုတ်ဘူး၊ ခုနက ပြောခဲ့တဲ့အတိုင်း ကမ္ဘာ အသင်္ချေနဲ့တောင် မရေတွက်နိုင်တဲ့ သံသရာကာလတစ်လျှောက်လုံး အမြဲမပြတ် ထမ်းဆောင်လာခဲ့ကြရတယ်၊ ယခုလည်းထမ်းဆောင် နေရတုန်းပဲ၊ ကိလေသာကင်းလို့ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံတဲ့အခါ ကျမှ ချရမှာ။ ဒါကြောင့် အလေးတကာ့ အလေးဆုံး ဝန်ထုပ်ကြီး ဖြစ်ပါတယ်။ အဲဒီလို အလေးဆုံးဖြစ်တဲ့အတွက် မြတ်စွာဘုရားက လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးဆိုတာ ဘယ်ဟာလဲလို့မေးလျှင် (ပဥ္စုပါဒါနက္ခန္ဓာတိဿ ဝစနီယံ) ဥပါဒါနက္ခန္ဓာငါးပါးပဲ-လို့ ဖြေဆိုပါတဲ့။ ကဲ-အဲဒါပိုပြီးထင်ရှားသွားအောင် ဆိုလိုက်ကြဦးစို့။

**လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးဆိုတာ ဘယ်ဟာလဲ။**
**ငါ, ငါ့ဥစ္စာလို့ ထင်ရတဲ့ ခန္ဓာငါးပါးတရားပဲ။**

## ဝန်ထုပ်ကို ထမ်းဆောင်နေသူ

ဝန်ထုပ်အကြောင်းကတော့ သဘောပေါက်လောက်ပါပြီ၊ ယခုဝန်ထုပ်ထမ်းသမားအကြောင်းကို ဟောရမယ်၊ အဲဒါကို မြတ်စွာဘုရားက ဒီလိုမေးခွန်းထုတ်ပြီး ဖော်ပြထားပါတယ်။

ကတမောစ ဘိက္ခဝေ ဘာရဟာရော။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘာရဟာရော၊ ဝန်ထုပ်ဝန်ပိုးကို ထမ်းဆောင်သောသူသည်။ ကတမောစ၊ အဘယ်သူပါနည်း။ အဲဒီ **ဥပါဒါနက္ခန္ဓာ**ငါးပါးဆိုတဲ့ ဝန်ထုတ်ဝန်ပိုးကို ထမ်းဆောင်နေတယ် ဆိုတာက ဘယ်သူလဲလို့ဆိုရင်-

ပုဂ္ဂလောတိဿ ဝစနီယံ၊ ယွာယံ အာယသ္မာ ဝံနာမော

http://www.dhammadownload.com



ဝေံဂေါတ္တော၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဘာရဟာရော။

ပုဂ္ဂလောတိ၊ ပုဂ္ဂိုလ်ပင်ဟူ၍၊ ဝစနီယံ။ ဖြေဆိုအပ်သည်။ အသော၊ ဖြစ်ရာ၏။ **ယွာယံ** အာယသ္မာ၊ အကြင်အရှင်သည်။ ဝေံနာမော၊ တိဿ, ဒတ္တ-စသည်ဖြင့် ဤသို့သော အမည်ရှိ၏။ ဝေံဂေါတ္တော-ကဏှာယန, ဝစ္ဆာယနစသည်ဖြင့် ဤသို့သောအနွယ်ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ ၊ တိဿ, ဒတ္တ-စသည် အမည်ရှိသော, ကဏှာယန, ဝစ္ဆာယန-စသည် အနွယ်ရှိသော ဤပုဂ္ဂိုလ်ကို။ ဘာရဟာရော၊ ဝန်ထုပ်ဝန်ပိုး ထမ်းဆောင်သူဟူ၍၊ ဝုစ္စတိ။ ခေါ်ဆိုအပ်ပါတယ်-တဲ့။

ဝန်ထုပ်ဝန်ပိုးထမ်းနေတဲ့သူဆိုတာ တခြားမဟုတ်ဘူး၊ တိဿ, ဒတ္တ- စသည်ဖြင့် ခေါ်ဝေါ်ရတဲ့ ပုဂ္ဂိုလ်ပါပဲတဲ့၊ အနွယ်နဲ့ပြောရမယ်ဆိုရင် ကဏှာယနမျိုး, ဝစ္ဆာယနမျိုးလို့ပြောရတဲ့ ပုဂ္ဂိုလ်ပါပဲတဲ့။ မြန်မာအနေနဲ့ ပြောရရင်တော့ မောင်ဖြူ, မဖြူ, မောင်စိန်, မစိန် စသည်ဖြင့် ခေါ်နေရတဲ့ ပုဂ္ဂိုလ်ပါပဲ။ ဘုရားလက်ထက်တော်ကာလတုန်းက ကဏှာယန အမျိုးအနွယ်, ဝစ္ဆာယနအမျိုးအနွယ် စသည်ဖြင့် အမျိုးအနွယ်နဲ့လည်း ခေါ်လေ့ရှိကြတယ်။ အရှင်မဟာကဿပ, အရှင်ကစ္စာယန, အရှင်ကောဏ္ဍည အစရှိတဲ့ အမည်တွေဟာ အနွယ်နဲ့ခေါ်တဲ့ အမည်တွေပဲ။ မြန်မာပြည်မှာတော့ အဲဒီလို အနွယ်နဲ့ ခေါ်တဲ့ အမည်ရယ်လို့ မထင်ရှားဘူး။

အဲဒီဒေသနာစကားထဲမှာ အာယသ္မာ-အရှင်ဆိုတဲ့စကားပါတယ်၊ အဲဒီစကားအရအားဖြင့် ရဟန်းများနဲ့သာ ဆိုင်တယ်၊ လူဝတ်ကြောင်များနဲ့ မဆိုင်ဘူးလို့ ဒီလိုတော့ မဆိုရဘူး။ ဘာကြောင့်လဲဆိုရင် ရဟန်းများသာမဟုတ်ဘဲ လူဝတ်ကြောင်တွေရော ဒိဗ္ဗသတ္တဝါတွေရော အကုန်လုံးပင် ခန္ဓာဝန်ကို ထမ်းဆောင်နေ

http://www.dhammadownload.com



ရတဲ့သူချည်းဖြစ်ကြောင်း ထင်ရှားနေလို့ပါပဲ။ ဒါကြောင့် လောက ဝေါဟာရအားဖြင့် ပုဂ္ဂိုလ်သတ္တဝါလို့ ခေါ်ရတဲ့သူတွေဟူသမျှဟာ မိမိတို့၏ ခန္ဓာဝန်ကို ထမ်းဆောင်နေကြရတဲ့ သူချည်းပါပဲ။

ဒီနေရာမှာ ခန္ဓာငါးပါးကို ဘာရ-ဝန်ထုပ်ခေါ်တယ်၊ ပုဂ္ဂိုလ်ကို ဝန်ထမ်းသူခေါ်တယ်လို့ ဆိုထားတဲ့အတွက် ခန္ဓာက တခြား၊ ပုဂ္ဂိုလ်က တခြားလား၊ ခန္ဓာမှ အလွတ်ဖြစ်တဲ့ ပုဂ္ဂိုလ်ဆိုတာ အသီးအခြား ရှိပါသလားလို့ မေးစရာရှိပါတယ်။ ယခုကာလမှာ အတ္တစွဲရှိတဲ့သူ တွေကတော့ ဒီလိုဒေသနာစကားမျိုးကို ရှာဖွေပြီး ပုဂ္ဂိုလ် သတ္တဝါ အတ္တဆိုတာကို ဘုရားက မပယ်ကြောင်း၊ ခန္ဓာမှအလွတ် ပုဂ္ဂိုလ်, သတ္တဝါ, အတ္တဆိုတာ ရှိကြောင်း ပြောဆိုရေးသားတတ်ကြတယ်။ အဲဒါကတော့ သူတို့ရဲ့ စွမ်းရည်သတ္တိကို ဖော်ပြရုံမျှရှိတာပါပဲ၊ မြတ်စွာဘုရားဟောတဲ့ တရားတော်က အနတ္တတရား ဖြစ်ကြောင်း အင်မတန် ထင်ရှားနေပါတယ်၊ သာသနာ အပြင်ပက ပုဂ္ဂိုလ်တွေ ကြံစည်ယူဆထားတဲ့ အတ္တကို လုံးလုံးလျားလျား ပယ်တဲ့ တရားတော်ဖြစ်ပါတယ်။ အကယ်၍ အဲဒီအတ္တကို မပယ်ဘူးဆိုရင် ဘုရားဟောတဲ့တရားဟာ အဲဒီသာသနာပ ပုဂ္ဂိုလ်တွေရဲ့ ဝါဒနဲ့ တူနေမှာပေါ့၊ ဒီလိုဆိုရင် ဘုရားပွင့်ဖို့တောင် မလိုပါဘူး။ အမှန်က တော့ သာသနာပ ပုဂ္ဂိုလ်တွေရဲ့ ဝါဒက ခန္ဓာငါးပါးကိုပင် အတ္တလို့ ဆိုတာလည်း ရှိတယ်၊ ခန္ဓာငါးပါးက အတ္တမဟုတ်ဘူး၊ အတ္တက သီးခြားအထည်ဒြပ်တခုလို့ ဆိုတာလည်းရှိတယ်။ မြတ်စွာဘုရား တရားတော် ကတော့ ခန္ဓာငါးပါးလည်း အတ္တမဟုတ်ဘူး၊ ခန္ဓာငါးပါးမှ အလွတ် သီးခြားအတ္တရယ်လို့ဆိုတာလည်း ရှိကိုမရှိဘူးလို့ ပြတ်ပြတ် သားသားဟောထားတဲ့ တရားဖြစ်ပါတယ်။ ဒါပေမယ့် လောက ဝေါဟာရအတိုင်း ဟောသင့်တဲ့အရာမှာတော့ ပြောရိုးဆိုစဉ်အရ

http://www.dhammadownload.com



အားဖြင့် ပုဂ္ဂိုလ်သတ္တဝါလို့ ဟောပါသေးတယ်၊ အဲဒါကတော့ ဒီခန္ဓာငါးပါးကိုပဲ ခေါ်ဝေါ်ရုံမျှအနေနဲ့ ဟောတာပါပဲ။ နောက်ပြီးတော့ မိမိနှင့်သူတစ်ပါး ခွဲခြားပြီး ဟောတဲ့နေရာတွေမှာလည်း အခြားသူတွေကို ပရ-သူတစ်ပါးလို့ဟောပြီး မိမိကိုတော့ အတ္တလို့ ဟောတာလည်းရှိပါတယ်။ ဘယ်လိုလဲဆိုတော့ကာ-

## လောကဝေါဟာရ အတ္တ

အတ္တာ ဟိ၊ မိမိသည်သာလျှင်၊ အတ္တနော၊ မိမိ၏။ နာထော၊ အားကိုးရာပေတည်း။ ပရော၊ မိမိမှ တစ်ပါးသော။နာထော၊ မိမိ၏ အားကိုးရာသည်။ ကောဟိ၊ ဘယ်သူဖြစ်အံ့ ရှိအံ့နည်းလို့ ဒီလိုလည်း ဟောတာရှိပါတယ်။ ဒီဒေသနာမှာ ပရော-သူတစ်ပါး မဟုတ် တာကို အတ္တ-မိမိလို့ ဟောထားပါတယ်၊ သူတစ်ပါးကိုတော့ အတ္တ-လို့ မဟောပါဘူး၊ အဲဒါဟာ လောကမှာ ပြောဆိုရိုးအတိုင်း သူတစ်ပါး မဟုတ်တာကို လောက ဝေါဟာရအတိုင်း အတ္တ-မိမိလို့ ပြောခြင်းမျှသာ ဖြစ်ပါတယ်၊ သာသနာပ ပုဂ္ဂိုလ်တွေ ယူဆထားတဲ့ အသက် ကောင် အတ္တကို ဆိုလိုတာမဟုတ်ပါဘူး။ နောက်ပြီးတော့-

အတ္တာနမေဝ၊ မိမိကိုယ်ကိုသာလျှင်။ ပဌမံ၊ သူတစ်ပါးကို မသွန်သင် မဆုံးမမီ ရှေးဦးစွာ။ ပဋိရူပေ၊ သင့်လျော်သော ဂုဏ် အဆင့်၌။ နိဝေသယေ၊ ပုံသွင်း ပြုပြင်ထားလင့်ရာ၏။ အထ၊ ထိုသို့ ပုံသွင်းပြုပြင်ထားပြီးသည်မှ နောက်ကာလ၌။ အညံ၊ မိမိမှတစ်ပါး အခြားသူကို။ အနုသာသေယျ၊ သွန်သင်ညွှန်ပြ ဆုံးမရာ၏-လို့ဒီလို လည်းဟောတာရှိပါတယ်။ ဒီဒေသနာမှာလည်း အည-အခြားသူ မဟုတ်တာကို အတ္တ-မိမိလို့ ပြောရိုးဆိုစဉ်အတိုင်း ဟောထားခြင်းမျှ ဖြစ်ကြောင်း အလွန်ထင်ရှားပါတယ်။ နောက်ပြီးတော့-

http://www.dhammadownload.com



ဘိက္ခဝေ၊ ရဟန်းတို့။ အတ္တဒီပါ၊ မိမိကိုယ်လျှင် မှီရာကျွန်းမြေ ကုန်းမြေ ရှိကြကုန်သည်ဖြစ်၍။ အတ္တသရဏာ မိမိကိုယ်လျှင် အားကိုးရာရှိကြကုန်သည်ဖြစ်၍။ ဝိဟရထ၊ နေကုန်လော့။ အနညသရဏာ၊ မိမိမှတစ်ပါး အခြားကို အားမကိုးမူ၍ နေကြကုန်လော့။ ဓမ္မဒီပါ၊ သတိပဋ္ဌာန်စသော တရားလျှင်မှီရာ ကျွန်းမြေ ကုန်းမြေရှိကြကုန်သည်ဖြစ်၍။ ဓမ္မသရဏာ၊ တရားလျှင် အားကိုးရာရှိကြကုန်သည်ဖြစ်၍။ ဝိဟရထ၊ နေကုန်လော့။ အနညသရဏာ၊ တရားမှတစ်ပါး အခြားကို အားမကိုးမူ၍ နေကုန်လော့လို့ ဒီလိုဟောတာလည်း ရှိပါတယ်။ အဲဒီမှာလည်း အတ္တ-မိမိဆိုတာ အည-သူတစ်ပါးမဟုတ်တာကို ဆိုလိုပါတယ်၊ ဘာကိုထောက်ပြီး သိရသလဲဆိုရင် အနညသရဏာ မိမိမှတစ်ပါး အခြားကို အားမကိုးကြနဲ့ ဆိုတဲ့ စကားကို ထောက်ဆပြီး သိရပါတယ်။ မိမိမှတစ်ပါးဆိုတာ မိဘတို့၊ လင်မယား, သားသမီးတို့၊ ဆွေမျိုး, မိတ်ဆွေ, ဆရာတို့၊ နတ်, သိကြား, ဗြဟ္မာ, ဘုရားသခင်တို့ဒီလိုဟာတွေကို ဆိုလိုပါတယ်။ နောက်ပြီးတော့ အဲဒီ အတ္တ- မိမိဆိုတာကလည်း မိမိသန္တာန်မှာ ဖြစ်ပွားစေအပ်တဲ့ သတိပဋ္ဌာန်အစရှိသော ဗောဓိပက္ခိယတရားတွေကို ဆိုလိုပါတယ်၊ ဒါကြောင့် ဓမ္မဒီပါ, ဓမ္မသရဏာ-တရားလျှင် အားကိုးရာရှိပြီး နေကြလို့လည်း ထပ်ပြီး ဖော်ပြထားပါတယ်။ ဒါကြောင့် အဲဒီ ဒေသနာအရာအားဖြင့်လည်း အတ္တဆိုတာ သူတစ်ပါးမဟုတ်တဲ့ မိမိကိုယ်ကို ဆိုတယ်၊ အဲဒီ မိမိ ကိုယ်ဆိုတာကလည်း မိမိသန္တာန်မှာ ဖြစ်ပွားစေအပ်တဲ့ သတိပဋ္ဌာန် အစရှိသော ဗောဓိပက္ခိယတရားတွေကိုသာ ဆိုလိုတယ်၊ သာသနာပ ပုဂ္ဂိုလ်တို့ ယူဆစွဲလမ်းထားတဲ့ အသက်ကောင် အတ္တကို မဆိုလိုဘူးဆိုတာ အင်မတန် ထင်ရှားပါတယ်။ နောက်ပြီးတော့-

http://www.dhammadownload.com



ပါပံ၊ မကောင်းမှုကို။ အတ္တနာ ကတံ၊ မိမိကိုယ်တိုင် ပြု အပ်သည်ဖြစ်ငြားအံ့။ အတ္တနာ၊ မိမိကိုယ်တိုင်။ သံကိလိဿတိ၊ အပါယ်ဆင်းရဲ စသည်ဖြင့် ညစ်နွမ်းရ ပင်ပန်းရ၏။ ပါပံ၊ မကောင်း မှုကို။ အတ္တနာ အကတံ၊ မိမိကိုယ်တိုင် မပြုအပ်ငြားအံ့။ အတ္တနာဝ၊ မိမိကိုယ်တိုင်ပင်လျှင်။ ဝိသုဇ္ဈတိ၊ လူ့ချမ်းသာ နတ်ချမ်းသာ စသည် ဖြင့် စင်ကြယ်ရ ချမ်းသာရ၏။ အညော၊ မိမိမှတစ်ပါးသောသူသည်။ အညံ၊ တစ်ပါးသောသူကို။ န ဝိသောဓယေ၊ မစင်ကြယ်စေ- မချမ်း သာစေနိုင်-လို့ ဒီလိုဟောတာလည်း ရှိပါတယ်။ အဲဒီမှာလည်း သူတစ်ပါး မဟုတ်တာကို အတ္တ-မိမိလို့ ဆိုလိုပါတယ်။ ဒါကြောင့် အခြားသူက အခြားသူကို မစင်ကြယ်စေနိုင်ဘူး- မချမ်းသာစေနိုင် ဘူးလို့လည်း ပြောင်းပြန် ပြန်ပြီးပြဆိုထားပါတယ်။ နောက်ပြီးတော့-

## လောကဝေါဟာရ ပုဂ္ဂိုလ်သတ္တဝါ

ဘိက္ခဝေ၊ ရဟန်းတို့။ စတ္တာရော၊ ၄-ပါး ၄-မျိုးကုန်သော။ ဣမေပုဂ္ဂလာ၊ ဤပုဂ္ဂိုလ်တို့သည်၊ လောကသ္မိံလောကဉ်။ သန္တော သံဝိဇ္ဇမာနာ၊ ထင်ရှားရှိကုန်၏-စသည်ဖြင့် ပုဂ္ဂိုလ် ၄-မျိုးရှိကြောင်း ဟောထားတာလည်း ရှိပါတယ်။ အဲဒီမှာလည်း လောကဝေါဟာရ- ပြောရိုး ပြောစဉ်အားဖြင့် မိမိအကျိုး ကျင့်တဲ့သူ, သူတစ်ပါးအကျိုး ကျင့်တဲ့သူ, နှစ်ပါးလုံးအတွက် မကျင့်တဲ့သူ,ကျင့်တဲ့သူဆိုတဲ့ ဒီ၄-မျိုးပြ လို့၍ ဟောခြင်းဖြစ်ပါတယ်၊ သတ္တဝါ အတ္တကောင်ဆိုတဲ့ ပုဂ္ဂိုလ် ရှိတဲ့ အကြောင်းပြလို့၍ ဟောခြင်းမဟုတ်ပါဘူး။ ဒါကြောင့် အဲဒီလို စကားကိုပဲ အခိုင်အမာပြုပြီး လွဲမှားတဲ့ မိစ္ဆာအယူကို ကထာဝတ္ထုပါဠိ တော်မှာ-

သတ္တဝါ အတ္တကောင်ဆိုတဲ့ ပုဂ္ဂိုလ်ဆိုတာ မှန်သောသဘော,

http://www.dhammadownload.com



မြတ်သောသဘောအားဖြင့် ရနိုင်ပါသလား, ရှိပါသလား စသည်ဖြင့် မေးခွန်းထုတ်ပြီး ပယ်ထားပါတယ်။ နောက်ပြီးတော့ ခန္ဓဝဂ္ဂသံယုတ် ပါဠိတော် အနုရာဓသုတ် (နှာ -၉၇)မှာလည်း ဒီလိုစိစစ်ပြီး အတ္တ ပုဂ္ဂိုလ်ဆိုတဲ့ သတ္တဝါကောင်ဆိုတာ စင်စစ်အားဖြင့် မရှိကြောင်း ရှင်းလင်းပြီး ဟောကြားထားပါတယ်။

အနုရာဓ- ထိုအရာကို ဘယ်လိုထင်သလဲ၊ ရုပ်ကို (တထာ ဂတ)သတ္တဝါဟု ထင်ပါသလား။ (မထင်ပါ အရှင်ဘုရား။) ဝေဒနာ ကို, သညာကို, သင်္ခါရတို့ကို, ဝိညာဏ်ကို သတ္တဝါဟု ထင်ပါသလား။ (မထင်ပါဘုရား။) (ဒီအမေးအဖြေများဖြင့် ခန္ဓာငါးပါးဟာ စင်စစ် အားဖြင့် သတ္တဝါ ပုဂ္ဂိုလ်မဟုတ်ကြောင်း ပြပါတယ်။

အနုရာဓ-ထိုအရာကို ဘယ်လိုထင်သလဲ၊ ရုပ်၌ သတ္တဝါရှိ သည်ဟု ထင်သလော၊ (မထင်ပါအရှင်ဘုရား။) ရုပ်မှတစ်ပါး သတ္တဝါ ရှိသည်ဟု ထင်သလော၊ (မထင်ပါအရှင်ဘုရား။) ဝေဒနာ၌၊ သညာ၌၊ သင်္ခါရတို့၌၊ ဝိညာဏ်၌ သတ္တဝါရှိသည်ဟု ထင်သလော၊ (မထင်ပါ အရှင်ဘုရား။) ဝိညာဏ်မှတစ်ပါး သတ္တဝါရှိသည်ဟု ထင်သလော၊ (မထင်ပါအရှင်ဘုရား။) (ဒီအမေးအဖြေများဖြင့် ခန္ဓာငါးပါးနှင့်စပ် သော သို့မဟုတ် ခန္ဓာငါးပါးမှ အလွတ်ဖြစ်သော သတ္တဝါ ပုဂ္ဂိုလ်ဟူ၍ စင်စစ်အားဖြင့် မရှိကြောင်းကို ပြပါတယ်။)

အဲဒီသုတ်မှာ ရဟန္တာဖြစ်ပြီးသော အရှင်အနုရာဓ၏ အဖြေများကို မြတ်စွာဘုရားက သာခုခေါ်တော်မူပြီးတော့ "အနုရာ ဓ-ငါဘုရားသည် ရှေးကရော ယခုရော ဒုက္ခနှင့် ဒုက္ခ၏ငြိမ်းခြင်း ကိုသာလျှင် ပညတ်ဟောကြားသည်" ဟူ၍လည်း နိဂုံးချုပ်အားဖြင့် ဟောကြားတော်မူပါတယ်။

ဒီနိဂုံးချုပ်စကားဖြင့် ခန္ဓာငါးပါးဆိုတဲ့ ဒုက္ခနှင့် အဲဒီဒုက္ခ၏

http://www.dhammadownload.com



ချုပ်ငြိမ်းရာနိဗ္ဗာန်ကိုသာ ဟောတယ်၊ အဲဒီခန္ဓာဒုက္ခနှင့် ချုပ်ငြိမ်းရာမှတစ်ပါး အမြဲတမ်းတည်နေတဲ့ ပုဂ္ဂိုလ်သတ္တဝါ အတ္တကောင်ဆိုတာကို မဟောဘူးလို့ သိစေပါတယ်။

## မာရ်နတ်အမေး ဝဇိရာအဖြေ

ဒါကြောင့် "သတ္တဝါကို ဘယ်သူက ဖန်ဆင်းသလဲ၊ ဖန်ဆင်းတဲ့သူဘယ်မှာရှိသလဲ၊ သတ္တဝါဟာ ဘယ်မှာဖြစ်ပေါ်လာခဲ့သလဲ၊ ဘယ်မှာချုပ်ပျောက်သွားမည်လဲ"ဆိုတဲ့ မာရ်နတ်၏ မေးခွန်းကို ဝဇိရာဆိုတဲ့ ရဟန္တာထေရီမက ဒီလိုပြန်ကြားလိုက်ပါတယ်။

ကိံ နု သတ္တောတိ ပစ္စေသိ၊ မာရ ဒိဋ္ဌိဂတံ နု တေ။

သုဒ္ဓသင်္ခါရပုဉ္ဇောယံ၊ နယိဓ သတ္တုပလဗ္ဘတိ။

မာရ၊ ဟဲ့-မာရ်နတ်။ တွံ၊ သင်သည်။ ကိံ၊ ဘယ်အရာကို။ သတ္တောတိ၊ သတ္တဝါဟူ၍။ ပစ္စေသိ နု၊ ယုံကြည်ထင်မှတ်ပါသနည်း။ တေ၊ သင်၏။ တံ၊ ထိုထင်မှတ်ခြင်းသည်။ ဒိဋ္ဌိဂတံ နု၊ အယူမှားမဟုတ်ပါလော။ အယံ၊ အများက သတ္တဝါဟု ထင်မှတ်နေသော ဤအရာသည်။ သုဒ္ဓသင်္ခါရ- ပုဉ္ဇော၊ သင်္ခါရတရားအစုအပုံသက်သက်မျှသာတည်း။ ဣဓ၊ ဤသင်္ခါရတရားအစု၌။ သတ္တော၊ သတ္တဝါကို။ န ဥပလဗ္ဘတိ၊ မရအပ်သည်သာတည်း။ ဝါ၊ စင်စစ်အားဖြင့် သတ္တဝါဟူ၍ မရှိသည်သာတည်း။

ယထာပိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော ဣတိ။

ဧဝံ ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမ္မုတိ။

ဟိ၊ ဥပမာဖြင့် ထင်စွာပြအံ့။ အင်္ဂသမ္ဘာရာ၊ ဘီးဝင်ရိုးအစရှိသော အစိတ်အပိုင်းတို့၏ ပေါင်းစုမိခြင်းကြောင့်။ ဝါ၊ ပေါင်းစုမိလတ်သော်။ ရထောဣတိ သဒ္ဒေါ၊ ရထားဟူသော သဒ္ဒါအမည်

http://www.dhammadownload.com



သည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဝေံ၊ ဤဥပမာအတူပင်လျှင် ခန္ဓေသု၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟူသော ခန္ဓာငါးပါး တို့သည်။ သန္တေသု၊ ရှိကုန်လတ်သော်။ သတ္တောတိ သမ္မုတိ၊ သတ္တဝါ ဟူသော အမည်ပညတ်သည်။ ဟောတိ၊ ဖြစ်လေတော့သည်။

ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိစ။

နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ။

ဟိ၊ စင်စစ်အားဖြင့် သတ္တဝါဟူ၍ မရှိ, သင်္ခါရတရားအစု ခန္ဓာငါးပါးမျှသာ ရှိသည်ဟုဆိုသော ထိုစကားမှန်ပေ၏။ ဒုက္ခမေဝ၊ ခန္ဓာငါးပါး ဆင်းရဲတရားမျှသည်သာလျှင်။သမ္ဘောတိ၊ ဖြစ်ပေါ်၏။ ဒုက္ခံ၊ ဆင်းရဲတရားမျှသည်သာလျှင်။ တိဋ္ဌတိ၊ အဆက်ဆက်ဖြစ် လျက် တည်လည်းတည်နေ၏။ ဝေတိ စ၊ ပျောက်လည်း ပျောက် ကွယ်ပျက်စီး၏။ အညတြ ဒုက္ခာ၊ ဆင်းရဲတရားကိုကြဉ်၍။ ဝါ၊ ဆင်းရဲမှတစ်ပါး။ န သမ္ဘောတိ၊ ဖြစ်သည်မဟုတ်။ ဒုက္ခာ အညံ၊ ဆင်းရဲမှ အခြားတစ်ပါးသော အရာသည်။ န နိရုဇ္ဈတိ၊ ချုပ်ပျက် သည်လည်း မဟုတ်ပါ- လို့ ပြန်ကြားဖြေရှင်းလိုက်ပါတယ်။

အဲဒီမှာ "ဖြစ်တယ်ဆိုတာလည်း ခန္ဓာငါးပါးဆင်းရဲမှု ဖြစ်ပေါ် လာတာပဲ။ ပုဂ္ဂိုလ်သတ္တဝါဖြစ်ပေါ်လာတာမဟုတ်၊ တည်နေတယ် ဆိုတာလည်း ခန္ဓာငါးပါးဆင်းရဲမှုသာ အဆက်ဆက်ဖြစ်ပြီး တည်နေ တာပဲ၊ ပုဂ္ဂိုလ် သတ္တဝါအကောင်လိုက် တစ်ကျဲ့တည်း တည်နေတာ မဟုတ်၊ ပျောက်ပျက်သွားတယ်ဆိုတာလည်း ခန္ဓာငါးပါး ဆင်းရဲမှုသာ ပျောက်ကွယ်ပျက်စီးသွားတာပဲ၊ ပုဂ္ဂိုလ်သတ္တဝါအကောင်လိုက် သေပျက်သွားတာမဟုတ်"လို့ဆိုတဲ့စကားဟာ အင်မတန် ပြတ်သား ရှင်းလင်းနေပါတယ်။ ဒါကြောင့် ဒီဘာရသုတ်မှာ "ခန္ဓာဝန်ကို ထမ်းဆောင်သူက ပုဂ္ဂိုလ်ပဲ" လို့ဆိုတာဟာ လောကဝေါဟာရအား

http://www.dhammadownload.com



ဖြင့် ပြောဆိုတဲ့စကားပါပဲ။ ခန္ဓာငါးပါး အပေါင်းကိုပဲ လောကမှာ ပုဂ္ဂိုလ်လို့ ပြောဆိုနေကြပါတယ်၊ အဲဒီလို ပြောဆိုနေကြတဲ့ ပြောရိုးဆိုစဉ်အရအားဖြင့် ခန္ဓာငါးပါးကိုပဲ ပုဂ္ဂိုလ်လို့ ဆိုလိုပါတယ်။ ခန္ဓာငါးပါး မှ အလွတ်ထမ်းဆောင်တဲ့ ပုဂ္ဂိုလ်က တခြားတစ်ပါးရှိသေးတယ်လို့တော့ မဆိုလိုပါဘူး။ လောကမှာ ပြောဆိုနေကြတဲ့ ယောက်ျား, မိန်းမ, ပုဂ္ဂိုလ် သတ္တဝါဆိုတာတွေဟာ ခန္ဓာငါးပါးကို စွဲပြီးပြောဆိုရတဲ့ အမည်ပညတ်မျှချည်းပါပဲ။ ဒါကြောင့် ဒီနေရာမှာ အဋ္ဌကထာက-

## ပုဂ္ဂိုလ်ဆိုတာ အမည်ပညတ်မျှဖြစ်သည်

ဣတိ၊ ဝန်ထုပ်ကို ထမ်းဆောင်သူက ဘယ်ဟာလဲဆိုလျှင်တိဿ, ဒတ္တစသည်ဖြင့် ခေါ်အပ်သော ပုဂ္ဂိုလ်ဘဲဟု ဖြေဆိုရမည်ဟူသော ဤစကားဖြင့်။ ဝေါဟာရမတ္တသိဒ္ဓံ၊ လောကဝေါဟာရမျှဖြင့် ပြီးစီးထင်ရှားသော။ ပုဂ္ဂလံ၊ ပုဂ္ဂိုလ်ကို။ ဘာရဟာရောတိ ကတွာ၊ ဝန်ထုပ်ကိုထမ်းဆောင်သူဟု ပြု၍။ ဒဿေတိ။ မြတ်စွာဘုရားက ပြတော်မူပါတယ်လို့ ရှင်းလင်းဖော်ပြထားပါတယ်။

အဲဒီစကားဖြင့် ပုဂ္ဂိုလ်ဆိုတာ ခေါ်ဝေါ်ရုံမျှပဲ၊ အမည်ပညတ်မျှပဲ၊ အထည်ဒြပ် တရားကိုယ်အသီးအခြားမရှိဘူး၊ ခန္ဓာငါးပါးကိုပဲ ပုဂ္ဂိုလ်လို့ ခေါ်တယ်ဆိုတဲ့အကြောင်း ပြဆိုပါတယ်။

ဒါဖြင့် ပုဂ္ဂိုလ်ရယ်လို့ အသီးအခြား မရှိပါဘဲနဲ့ ဘာ ကြောင့် ဒီလိုဟောရပါသလဲလို့ မေးစရာလည်း ရှိပါတယ်။ လောကမှာ လူအများက ပုဂ္ဂိုလ်လို့ အသိအမှတ်ပြုပြီး ပုဂ္ဂိုလ်လို့ ပြောဆိုနေကြတဲ့အတွက် ဒီလိုဟောမှပဲ အများက နားလည်ကြမယ်၊ ဒီလိုမဟောဘဲ ခန္ဓာဝန်ကို ခန္ဓာတွေက ဆောင်နေတယ်လို့ ဟောရင် နားလည်ကြမှာမဟုတ်ဘူး။ ဒါကြောင့် လောကဝေါဟာရ အတိုင်းပဲ ဟောတော်

http://www.dhammadownload.com



မှုခြင်းဖြစ်ပါတယ်။

## ဒေသနာတော် ၂-မျိုး

မြတ်စွာဘုရားဟောတဲ့တရားဒေသနာတော်က ပညတ်ဒေသနာ, ပရမတ်ဒေသနာအားဖြင့် ၂-မျိုးရှိပါတယ်။ ပုဂ္ဂိုလ်, သတ္တဝါ, မိန်းမ, ယောကျ်ား, မင်း, ပုဏ္ဏား, နတ်, လူ စသည်ဖြင့်ဟောတဲ့တရားမျိုးကို သမ္မုတိဒေသနာ-ပညတ်ဒေသနာခေါ်ပါတယ်။ အနိစ္စ, ဒုက္ခ, အနတ္တ, ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, သတိပဋ္ဌာန် စသည်ဖြင့်ဟောတဲ့တရားမျိုးကိုတော့ ပရမတ္ထဒေသနာ-ပရမတ်ဒေသနာ ခေါ်ပါတယ်။ ထိုနှစ်မျိုးထဲက ပညတ်နဲ့ဟောမှ တရားထူးကို ရနိုင်မည့်ပုဂ္ဂိုလ်များအတွက် ပညတ်ဒေသနာကို ဟောတော်မူပါတယ်။ ပရမတ်နဲ့ ဟောမှ တရားထူးကို ရနိုင်မည့်ပုဂ္ဂိုလ်များအတွက် ပရမတ်ဒေသနာကို ဟောတော်မူပါတယ်။ ဥပမာအားဖြင့် ဘာသာစကားအမျိုးမျိုးကို တတ်တဲ့ ပါမောက္ခဆရာကြီးဟာ အင်္ဂလိပ်လိုပြောမှ နားလည်မည့်တပည့်များကို အင်္ဂလိပ်ဘာသာနဲ့ ပြောတယ်၊ ကုလားလိုပြောမှ နားလည်မည့်တပည့်များကို ကုလားလိုပြောတယ်၊ မြန်မာလိုပြောမှ နားလည်မည့်တပည့်များကို မြန်မာလိုပြောတယ်၊ အဲဒါလိုပဲ။

## ပုဂ္ဂိုလ်ပညတ်ဟောခြင်း အကြောင်းရှစ်ပါး

နောက်ပြီးတော့ မြတ်စွာဘုရားဟာ ရှစ်ပါးသောအကြောင်းတို့ဖြင့်လည်း ပုဂ္ဂိုလ်ပညတ်တရားကို ဟောတော်မူပါတယ်။ (၁) ဟိရိဩတ္တပ္ပကို ပြဖို့ပဲ ဟောတော်မူတယ်။ (၂) ကံသာလျှင်ကိုယ်ပိုင်ဥစ္စာရှိတယ်ဆိုတဲ့အကြောင်းကို ပြဖို့လည်း ဟောတော်

http://www.dhammadownload.com



မူတယ်၊ (၃) ပုဂ္ဂိုလ်အသီးသီး၏ ပြုလုပ်ဆောင်ရွက်မှုစွမ်းရည်ကို ပြဖို့လည်း ဟောတော်မူပါတယ်၊ (၄) အာနန္တရိယကံကို ပြဖို့လည်း ဟောတော်မူပါတယ်၊ (၅) ဗြဟ္မဝိဟာရကို ပြဖို့လည်း ဟောတော်မူပါတယ်၊ (၆) ပုဗ္ဗေနိဝါသကို ပြဖို့လည်း ဟောတော်မူပါတယ်၊ (၇) ဒက္ခိဏာဝိသုဒ္ဓိကို ပြဖို့လည်း ဟောတော်မူပါတယ်၊ (၈) လောကဝေါဟာရကို မပယ်ဖို့ရာလည်း ဟောတော်မူပါတယ်။

(၁) ခန္ဓာတွေက ရှက်တယ် ကြောက်တယ်လို့ပြောလျှင် နားမလည်နိုင်ဘူး၊ အမျိုးသမီးက ရှက်တယ် ကြောက်တယ်၊ အမျိုးသား၊ သူငယ်က၊ သူငယ်မက ရှက်တယ် ကြောက်တယ် ဒီလိုပြောမှ နားလည်နိုင်တယ်။ ဒါကြောင့် မကောင်းမှု အကုသိုလ်မှ ရှက်ခြင်း ကြောက်ခြင်း သဘောတို့ကို ပြလိုတဲ့အခါမှာ မြတ်စွာဘုရားက ပုဂ္ဂိုလ်အနေနဲ့ ဟောတော်မူပါတယ်။

(၂) ခန္ဓာတွေက ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြတယ်လို့ ပြောလျှင် နားမလည်နိုင်ဘူး၊ ပုဂ္ဂိုလ် သတ္တဝါတွေက မိမိတို့ကိုယ်တိုင်ပြုထားတဲ့ ကောင်းမှုကံ မကောင်းမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြတယ်၊ ကောင်းမှုကံရှိလျှင် ကောင်းကျိုးကို ခံစားကြရတယ်၊ မကောင်းမှုကံရှိနေလျှင် မကောင်းကျိုးကို ခံစားကြရတယ် စသည်ဖြင့် ဒီလိုပြောမှ နားလည်နိုင်တယ်။ ဒါကြောင့် ကံနှင့် ကံ၏အကျိုးကိုဝေဖန်ပြီး ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိတယ်ဆိုတဲ့အကြောင်းကို ပြလိုတဲ့အခါမှာလည်း ပုဂ္ဂိုလ်အနေနဲ့ ဟောတော်မူပါတယ်။

(၃) ခန္ဓာတွေက ကျောင်းဆောက်တယ်၊ အိမ်ဆောက်တယ် စသည်ဖြင့် ပြောလျှင် နားမလည်နိုင်ဘူး၊ ရာဇဂြိုဟ်သူဌေးက ကျောင်းပေါင်း ၆၀-ကို ဆောက်တယ်၊ အနာထပိဏ်သူဌေးက ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်တယ် စသည်ဖြင့် ပြောမှ နားလည်

http://www.dhammadownload.com



နိုင်တယ်။ ဒါကြောင့် ပုဂ္ဂိုလ်အသီးအသီး၏ လုံ့လစွမ်းရည်ဖြင့် ပြုလုပ်ဆောင်ရွက်ပုံကို ပြလိုတဲ့အခါမှာလည်း ပုဂ္ဂိုလ်အနေနဲ့ ဟောတော်မူပါတယ်။

(၄) ခန္ဓာတွေက အမိကို သတ်တယ်၊ အဘကို သတ်တယ်၊ စသည်ဖြင့် ပြောလျှင် နားမလည်နိုင်ဘူး၊ သားဖြစ်သူက အမိကိုသတ်တယ်၊ အဇာတသတ်က ခမည်းတော် ဗိမ္ဗိသာရကို သတ်တယ် စသည်ဖြင့် ပြောမှ အမိ အဘတို့ကို သတ်လျှင် သားဖြစ်သူမှာ အာနန္တရိယကံထိုက်တယ်၊ သေသည်၏ အခြားမဲ့၌ ငရဲသို့ကျေန်ရောက် စေတတ်တဲ့ ကံကြီးထိုက်တယ်၊ အဇာတသတ်မင်းဟာ ခမည်းတော်ကို သတ်မိလို့ အာနန္တရိယကံကြီးထိုက်တယ်၊ ဒါကြောင့် မြတ်စွာဘုရား ဟောတဲ့တရားတော်ကို နာရပါလျက် တရားထူးလည်းမရဘူး၊ မဂ္ဂန္တရာယ်လည်း ဖြစ်တယ်၊ သေသည်၏ အခြားမဲ့မှာ လောဟကုမ္ဘီခေါ်တဲ့ ငရဲအိုးထဲကိုလည်း ကျရောက်ရတယ်၊ သဂ္ဂန္တရာယ်လည်း ဖြစ်သွားတယ်။ မြတ်စွာဘုရားကို ဆည်းကပ်ကိုးကွယ်တဲ့ ကုသိုလ်တွေကလည်း အဲဒီဘဝက သေသည်၏အခြားမဲ့မှာ နတ်ရွာသုဂတိရောက်အောင် မပို့နိုင် မကယ်နိုင်တော့ဘူး စသည်ဖြင့် နားလည်နိုင်တယ်။ ဒါကြောင့် အာနန္တရိယကံအကြောင်းကို ပြလိုတဲ့အခါမှာလည်း ပုဂ္ဂိုလ်အနေနဲ့ ဟောတော်မူပါတယ်။

(၅) ခန္ဓာတွေက ခန္ဓာတွေကို ချမ်းသာကြပါစေလို့ မေတ္တာပို့ကြတယ်။ ဆင်းရဲမှ လွတ်ကြပါစေလို့ ကရုဏာပွားကြတယ် စသည်ဖြင့်ပြောလျှင် နားမလည်နိုင်ဘူး၊ ရဟန်းပုဂ္ဂိုလ်က၊ ဥပါသကာက၊ ဥပါသိကာမက သတ္တဝါတွေကို ချမ်းသာကြပါစေလို့ မေတ္တာပို့တယ်၊ သတ္တဝါတွေ ဆင်းရဲမှလွတ်ကြပါစေလို့ ကရုဏာပွားတယ် စသည်ဖြင့် ပြောမှ နားလည်နိုင်တယ်။ ဒါကြောင့် မြတ်စွာ

http://www.dhammadownload.com



ဘုရားဟာ ဗြဟ္မဝိဟာရခေါ်တဲ့ ဗြဟ္မစိုရ်တရားပွားပုံကို ပြလိုတဲ့ အခါမှာ ဗြဟ္မစိုရ်တရားပွားတဲ့ ကတ္တားပုဂ္ဂိုလ်ကိုရော အပွားခံရတဲ့ ကံပုဂ္ဂိုလ်ကိုရော ပုဂ္ဂိုလ်အနေနဲ့သာ ဟောတော်မူပါတယ်၊ ဒီနေရာမှာ ဒေသနာနည်းကို မသိနားမလည်တဲ့သူအချို့က ပရမတ်နဲ့က ပိုကောင်းတယ်ထင်ပြီးတော့ ရုပ်နာမ်ခန္ဓာတွေ ချမ်းသာကြပါစေလို့ ဒီလိုမေတ္တာပို့နေတာလည်း ကြားရဖူးတယ်။ အဲဒီလိုတော့ မေတ္တာ မပို့ရဘူး၊ ပုဂ္ဂိုလ်သတ္တဝါအနေနဲ့သာ ပို့ရပါတယ်၊ ဒါကြောင့် သဗ္ဗေ သတ္တာ စသည်ဖြင့် သာမညအနေနဲ့ရော၊ သဗ္ဗာဣတ္ထိယော စသည် ဖြင့် ဝိသေသအနေနဲ့ရော မေတ္တာပို့ပုံကို ပညတ်ဖြင့်သာ ဟောထားပါတယ်။ နောက်ပြီးတော့ မေတ္တာအစရှိသော ဒီဗြဟ္မစိုရ် ကမ္မဋ္ဌာန်းက သတ္တဝါပညတ်ကိုသာ အာရုံပြုပါတယ်၊ ရုပ်နာမ်ခန္ဓာ ပရမတ်ကို အာရုံပြုရိုးမရှိပါဘူး၊ အဲဒါဟာ စဉ်းစားကြည့်ရုံနဲ့လည်း သဘော ပေါက်နိုင်ပါတယ်။ ရုပ်နာမ်ခန္ဓာ ပရမတ်သဘောတရားမျှ အနေနဲ့ ထင်နေလျှင် မြေကြီးခဲ ကျောက်ခဲများလိုပဲ ထင်နေရမှာပေါ့၊ မြေကြီးခဲ ကျောက်ခဲတွေနဲ့ စပ်ပြီး ချမ်းသာပါစေလို့ မေတ္တာပွား သင့်ပါမည် လား၊ ကရုဏာဖြင့် သနားသင့်ပါမည်လား၊ မုဒိတာဖြင့် ဝမ်းမြောက် သင့်ပါမည်လား၊ မေတ္တာ, ကရုဏာ, မုဒိတာ, မပွားသင့်ကြောင်း ထင်ရှားပါတယ်၊ ဘာကြောင့်လဲ၊ အသက်ဝိညာဉ်မရှိတဲ့ ဓာတ် သဘောမျှ ဖြစ်နေလို့ပါပဲ၊ အဲဒီ မြေကြီးခဲ ကျောက်ခဲတွေမှာလိုပင် ပရမတ်သဘောတရားတွေမှာ မေတ္တာ, ကရုဏာ, မုဒိတာပွားဖို့ အခွင့်မရှိကြောင်း ထင်ရှားပါတယ်၊ ဒါကြောင့် မေတ္တာအစ ရှိတဲ့ ဗြဟ္မစိုရ်တရားကိုပွားရင် ပုဂ္ဂိုလ်သတ္တဝါအနေနဲ့သာ ပွားရတယ် ဆိုတာ တထစ်ချမှတ်ထားကြရမယ်။

(၆) နောက်ပြီးတော့ ခန္ဓာတွေက ရှေးဘဝဟောင်းတွေကို

http://www.dhammadownload.com



ပြန်ပြီးအောက်မေ့ဆင်ခြင်တယ် စသည်ဖြင့် ပြောရင် နားမလည်နိုင်ဘူး။ မြတ်စွာဘုရားက အောက်မေ့ဆင်ခြင်တော်မူတယ်၊ ရဟန္တာအရှင်မြတ်က အောက်မေ့ဆင်ခြင်တော်မူတယ် စသည်ဖြင့် ပုဂ္ဂိုလ်အနေနဲ့ ပြောမှ နားလည်နိုင်တယ်၊ ဒါကြောင့် ရှေးဘဝဟောင်းတွေ အောက်မေ့ဆင်ခြင်ပုံကို ပြလိုတဲ့အခါမှာလည်း ပုဂ္ဂိုလ်အနေနဲ့ ဟောတော်မူပါတယ်။

(၇) နောက်ပြီးတော့ ခန္ဓာတွေက ဆွမ်းကို လှူတယ်၊ သင်္ကန်းကို လှူတယ်၊ ရုပ်ခန္ဓာကို လှူတယ်၊ ခန္ဓာတွေက အလှူခံကြတယ် စသည်ဖြင့် ပြောလျှင် နားမလည်နိုင်ဘူး၊ ဘယ်လိုခန္ဓာတွေက လှူတာလဲ၊ ဘယ်လိုဟာတွေကို လှူတာလဲ၊ ဘယ်လိုခန္ဓာတွေက အလှူခံကြတာလဲ၊ ဘယ်လိုခန္ဓာတွေက အလှူခံလို့ အကျိုးကြီးတာလဲ၊ အသုံးမကျတဲ့ ရုပ်ခန္ဓာတွေကို လှူရင်လည်း အကျိုးကြီးပါမည်လား၊ ရုပ်ခန္ဓာကိုဖြစ်စေ၊ အကုသိုလ်ခန္ဓာတွေကိုဖြစ်စေ အာရုံပြုပြီး လှူရင်လည်း အကျိုးကြီးပါမည်လား စသည်ဖြင့် ဓောဒနာဖွယ်တွေ ရှိနေပါတယ်၊ ဒါကြောင့် မြတ်စွာဘုရားက အလှူပေးပုဂ္ဂိုလ်ရော, အလှူခံပုဂ္ဂိုလ်ရော ပုဂ္ဂိုလ်ပညတ် အနေနဲ့သာ ဟောတော်မူပါတယ်၊ ဟောပုံကတော့-

## ဒက္ခိဏာဝိသုဒ္ဓိ ၄-ပါး

(က) သီလရှိတဲ့ပုဂ္ဂိုလ်က သီလမဲ့ပုဂ္ဂိုလ်အား လှူလျှင် ဒါယကာဘက်ကသာ စင်ကြယ်တဲ့အလှူဖြစ်တယ်။ ဒါယကာဘက်က သီလစင်ကြယ်တဲ့အတွက် အကျိုးပေးနိုင်တယ်။

(ခ) သီလမဲ့ပုဂ္ဂိုလ်က သီလနှင့်ပြည့်စုံသော ပုဂ္ဂိုလ်အား လှူလျှင် အလှူခံပုဂ္ဂိုလ်ဘက်က စင်ကြယ်တဲ့ အလှူဖြစ်တယ်။ အလှူခံဘက်က စင်ကြယ်တဲ့အတွက် ကြီးမားသောအကျိုးကို ပေးနိုင်တယ်။

http://www.dhammadownload.com



(ဂ) ပေးလှူသောသူရော, အလှူခံပုဂ္ဂိုလ်ရော သီလမရှိလျှင် နှစ်ဖက်စလုံးမှ မစင်ကြယ်တဲ့အလှူ ဖြစ်တယ်၊ ကြီးမားသော အကျိုးကို မပေးနိုင်ဘူး၊ ထိုသို့သော အလှူ၏အဖို့ကို အမျှပေးဝေ သော်လည်း ပြိတ္တာတို့မှာ နတ်စည်းစိမ်အကျိုးကို မရနိုင်ဘူး၊ ဒါကြောင့် ကွယ်လွန်လေသော ဆွေမျိုးမိတ်ဆွေတို့ကို ရည်စူး၍ ကျွေးမွေးလှူဒါန်းရာ၌ သီလနှင့်ပြည့်စုံသော အလှူခံပုဂ္ဂိုလ်ကို အထူးရွေးချယ်၍ ကျွေးမွေး လှူဒါန်းရတယ်။

(ဃ) အလှူပေးသူရော အလှူခံပုဂ္ဂိုလ်ရော သီလနှင့်ပြည့်စုံလျှင် နှစ်ဖက်စလုံးမှ စင်ကြယ်သော အလှူဖြစ်တယ်၊ အကျိုးအကြီးဆုံး အလှူဖြစ်တယ်၊ အလှူခံပုဂ္ဂိုလ်မှာ သီလစသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံလေလေ အကျိုးကြီးလေလေဖြစ်တယ်၊ အဲဒီမှာ ပုဂ္ဂလိကအလှူကို ၁၄-ပါး, သံဃိက အလှူကို ၇-ပါးခွဲပြီးဟောထားပါတယ်။

## ပုဂ္ဂလိကအလှူ ၁၄-ပါး

(၁) မြတ်စွာဘုရားအား လှူတာက ပထမ၊ (၂) ပစ္စေကဗုဒ္ဓါအား လှူတာက ဒုတိယ၊ (၃) ရဟန္တာအား လှူတာက တတိယ၊ (၄) ရဟန္တာဖြစ်အောင်အားထုတ်ဆဲ ပုဂ္ဂိုလ်အား လှူတာက စတုတ္ထ၊ ရဟန္တာဖြစ်အောင် အားထုတ်ဆဲ ဆိုတာ အားထုတ်ဆဲ အနာဂါမ်နှင့် အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်ကို ဆိုလိုပါတယ်။ (၅) အနာဂါမ်အား လှူတာက ပဉ္စမ။ (၆) အနာဂါမ်ဖြစ်အောင် အားထုတ်ဆဲ ပုဂ္ဂိုလ်အား လှူတာက ဆဋ္ဌမ။ (၇) သကဒါဂါမ်အား လှူတာက သတ္တမ၊ (၈) သကဒါဂါမ်ဖြစ်အောင် အားထုတ်ဆဲ ပုဂ္ဂိုလ်အား လှူတာက အဋ္ဌမ၊ (၉) သောတာပန်အား လှူတာက နဝမ၊ သောတာပန်ဖြစ်

http://www.dhammadownload.com



အောင် အားထုတ်ဆဲပုဂ္ဂိုလ်အား လှူတာက ဒသမ၊ သောတာပန် ဖြစ်အောင် အားထုတ်ဆဲဆိုတာ သရဏဂုံတည်သူမှစ၍ သောတာ ပတ္တိမဂ္ဂဋ္ဌာန် တိုင်အောင် ပုဂ္ဂိုလ်များကို ယူရမယ်လို့ အဋ္ဌကထာမှာ ဖွင့်ပြထားပါတယ်။ ဒါကြောင့် ဗုဒ္ဓသာသနာဝင် ပုထုဇဉ် ပုဂ္ဂိုလ် အားလုံးနှင့် သောတာပတ္တိမဂ်သို့ရောက်ဆဲ ပုဂ္ဂိုလ်ကို သောတာ ပန်ဖြစ်အောင် အားထုတ်ဆဲ ပုဂ္ဂိုလ်လို့ ယူရပါတယ်။ (၁၁) သာသ နာပမှာ ဈာန် အဘိညာဉ်ရ ပုဂ္ဂိုလ်အား လှူတာက ဧကာဒသမ၊ (၁၂) သာသနာပမှာ သီလရှိတဲ့ ပုဂ္ဂိုလ်အား လှူတာက ဒွါဒသမ၊ (၁၃) ဒုဿီလ (သီလမဲ့) ပုဂ္ဂိုလ်အား လှူတာက တေရသမ၊ (၁၄) တိရစ္ဆာန်အား လှူတာက စုဒ္ဒသမ တဲ့။ ဒီလို(ပုဂ္ဂလိက အလှူကို) ၁၄-ပါး ခွဲပြထားပါတယ်။ အဲဒီအလှူ ၁၄-ပါးရဲ့ အကျိုးကိုလည်း ဒီလိုအသီးအသီးဖော်ပြထားပါတယ်။

## ပုဂ္ဂလိကအလှူ ၁၄-ပါး၏ အကျိုးများ

(၁) တိရစ္ဆာန်အားလှူလျှင် အဆတစ်ရာ အကျိုးရပါတယ် တဲ့၊ တိရစ္ဆာန်တစ်ကောင်အား စေတနာ သန့်သန့်နှင့် ဝအောင် ကျွေးမွေးလျှင် ဘဝတစ်ရာ ကောင်းကျိုးပေးတယ်လို့ အဋ္ဌကထာက ဖွင့်ပြပါတယ်။ အဲဒါကို ဘုန်းကြီးက တိရစ္ဆာန်လှူက အကျိုးရ၊ အဆတစ်ရာဆို-လို့ ဆောင်ပုဒ်စီထားပါတယ်။ ကဲ အဲဒါကလေး ဆိုကြရမယ်။

**တိရစ္ဆာန်လှူက၊ အကျိုးရ၊ အဆတစ်ရာ ဆို။**

အဲဒီမှာ အဆတစ်ရာ-လို့ ဆိုတာကတော့ သတဂုဏာဆိုတဲ့ ပါဠိကို အတိအကျ ဘာသာပြန်ထားတာပါ။ အဋ္ဌကထာက ဖွင့်ပြတဲ့

http://www.dhammadownload.com



အတိုင်း ဆိုချင်ရင်တော့ အဆတစ်ရာအစား ဘဝတစ်ရာလို့ ပြင်ပြီး ဆိုရှုပါပဲ။ (၂) သီလမရှိတဲ့ ဒုဿီလ ပုဂ္ဂိုလ်အား လှူလျှင် အဆ တစ်ထောင် ဘဝတစ်ထောင်အကျိုးရပါတယ်တဲ့။ (၃) သာသနာပမှာ သီလရှိတဲ့သူအား လှူလျှင် အဆတစ်သိန်း ဘဝတစ်သိန်း အကျိုးရ ပါတယ်တဲ့။ အဲဒါကိုလည်း သီလမဲ့လှူ။ တစ်ထောင်ဟူ၊သီ-ဖြူ တစ်သိန်းဆို-လို့ ဆောင်ပုဒ်စီထားပါတယ်။ အဲဒီမှာ သီဖြူဆိုတာ သီလဖြူစင် ပြည့်စုံတဲ့သူအား လှူလျှင်လို့ ဆိုလိုပါတယ်။ အဲဒါကို လည်း ဆိုကြရမယ်။

**သီလမဲ့ လှူ၊ တစ်ထောင်ဟူ၊ သီ-ဖြူ တစ်သိန်းဆို။**

(၄) နောက်ပြီးတော့ သာသနာပမှာ ဈာန်အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်အား လှူလျှင် အဆပေါင်း ဘဝပေါင်း ကုဋေတစ်သိန်း အကျိုးရပါတယ်တဲ့။ အဲဒါကိုလည်း ဈာန်ရလှူလေ၊ အကျိုးတွေ၊ ကုဋေ တစ်သိန်းဆို -လို့ဆောင်ပုဒ်စီထားပါတယ်။ အဲဒါကို ဆိုကြရမယ်။

**ဈာန်ရလှူလေ၊ အကျိုးတွေ၊ ကုဋေတစ်သိန်းဆို။**

(၅) သာသာနာတော်တွင်းမှာတော့ သရဏဂုံတည်တဲ့သူ က စပြီး သောတာပတ္တိမဂ်ကို ရောက်ဆဲပုဂ္ဂိုလ်အထိ သောတာပန် ဖြစ်အောင် အားထုတ်ဆဲ ပုဂ္ဂိုလ်မည်ပါတယ်၊ သောတာပန်လောင်း လို့ ဆိုရမှာပေါ့။ အဲဒီသောတာပန်လောင်း ပုဂ္ဂိုလ်အားလှူလျှင် အသင်္ချေယျ၊ အပ္ပမေယျ မရေတွက်နိုင် မနှိုင်းယှဉ်လောက်အောင် များစွာသောအကျိုးကို ရပါတယ်တဲ့။ သရဏဂုံတည်ကာမျှ လူအား လှူရင်တောင် အကျိုးအသင်္ချေ ရနိုင်ပါတယ်၊ ထိုထက် သရဏဂုံ တည်ပြီး ငါးပါးသီလနှင့်ပြည့်စုံတဲ့လူအား လှူလျှင်သာပြီးအကျိုး

http://www.dhammadownload.com



များတယ်၊ အဲဒါထက် ရှစ်ပါးသီလ, ဆယ်ပါးသီလတို့နှင့် ပြည့်စုံတဲ့လူအား လှူလှူင် သာပြီးအကျိုးကြီးတယ်။အဲဒါထက် သမထဘာဝနာကို ပွားများနေတဲ့လူအား လှူလှူင် သာပြီးအကျိုးကြီးတယ်၊ အဲဒါထက် ဝိပဿနာရှုနေတဲ့လူအား လှူလှူင် သာပြီးအကျိုးကြီးတယ်။နောက်ပြီးတော့ သီလနှင့် ပြည့်စုံတဲ့လူအား လှူတာထက် သီလနှင့်ပြည့်စုံတဲ့ ရှင်သာမဏေအား လှူတာက သာပြီးအကျိုးကြီးတယ်။ အဲဒါထက် သီလနှင့်ပြည့်စုံတဲ့ ရဟန်းအား လှူတာက သာပြီးအကျိုးကြီးတယ်။ အဲဒါထက် သမထ ဝိပဿနာ ဘာဝနာအလုပ်ကို နည်းလမ်းမှန်ဖြင့် အားထုတ်နေတဲ့ ရဟန်းအား လှူတာက သာပြီးအကျိုးကြီးတယ်၊ ဝိပဿနာမှာလည်း အထက်အထက် ဉာဏ်တွေရောက်တဲ့ ပုဂ္ဂိုလ်အား လှူတာက သာပြီးအကျိုးကြီးတယ်။ သောတာပန်ဖြစ်အောင် အားထုတ်တဲ့ ပုဂ္ဂိုလ်တွေထဲမှာ သောတာပတ္တိမဂ်ကို ရောက်ဆဲပုဂ္ဂိုလ်ဟာ အမြတ်ဆုံးပဲ၊ ဒါပေမဲ့ အဲဒီပုဂ္ဂိုလ်ရဲ့ ကာလက စိတ်တစ်ကြိမ်မျှပဲ ရှိတဲ့အတွက် အဲဒီမဂ်ပုဂ္ဂိုလ်အားလှူဖို့ဆိုတာကတော့ ဖြစ်နိုင်ဖွယ်မရှိပါဘူး၊ ဒါကြောင့် ခေါင်ထိပ်သင်္ခါရုပေက္ခာဉာဏ် ရောက်နေတဲ့ ကလျာဏပုထုဇဉ်အား လှူလှူင် သောတာပန်လောင်းအား လှူတဲ့ဒါနထဲမှာ အမြတ်ဆုံးဒါန အကျိုးအကြီးဆုံးဒါန-လို့ ဆိုဖွယ်ရှိပါတယ်။

(၆-၁၄) သောတာပန်အစစ်အား လှူတဲ့ဒါနမှစပြီး အထက်အထက် ပုဂ္ဂိုလ်မြတ်တွေ လှူတဲ့ဒါနတွေကိုတော့ အကျိုးများတယ်လို့ ပြောနေဖို့ မလိုတော့ပါဘူး၊ တစ်ဆင့်ထက် တစ်ဆင့်သာသာပြီး အကျိုးများသွားတော့တာချည်းပါပဲတဲ့။ ဒါကြောင့် အဲဒီသောတာပန်လောင်းနဲ့ သောတာပန်အစရှိတဲ့ အရိယာအရှင်မြတ်တို့အား လှူတဲ့ဒါန အကျိုးကြီးပုံတွေကို ဒီလိုဆောင်ပုဒ်စီထားပါတယ်။

http://www.dhammadownload.com



**သောတာလောင်းပင်၊ လှူလေလျှင်၊**
**များဖြင့် အသချေ(ဆို)။**
**နောက် ကိုးပါး၀ယ်၊ ကျိုးများတယ်၊**
**ပြောဖွယ်မရှိပေ(ဆို)။**

သောတာပန်ဖြစ်အောင် ကျင့်ကြံအားထုတ်နေတဲ့ ပုဂ္ဂိုလ်အား လှူတာတောင်မှ အဆပေါင်း အသင်္ချေ ဘ၀ပေါင်းအသင်္ချေအကျိုး များကို ရတယ်၊ သောတာပန်အား လှူလျှင်တော့ အကျိုးများတယ်လို့ ဆိုဖွယ်မရှိ၊ သကဒါဂါမ်ဖြစ်အောင်ကျင့်နေဆဲပုဂ္ဂိုလ်အားလှူလျှင် လည်း၊ သကဒါဂါမ်အားလှူလျှင်လည်း၊ အနာဂါမ်ဖြစ်အောင် ကျင့် နေဆဲ ပုဂ္ဂိုလ်အားလှူလျှင်လည်း၊ အနာဂါမ်အား လှူလျှင်လည်း၊ ရဟန္တာဖြစ်အောင် ကျင့်နေဆဲပုဂ္ဂိုလ်အား လှူလျှင်လည်း၊ ရဟန္တာ အား လှူလျှင်လည်း၊ ပစ္စေကဗုဒ္ဓါအား လှူလျှင်လည်း၊ ဘုရားအား လှူလျှင်လည်း အကျိုးများတယ်လို့ ဆိုဖွယ်မရှိ၊ တစ်ဆင့်ထက် တစ်ဆင့်သာ၍ သာ၍အကျိုးများတယ်လို့ ဆိုလိုပါတယ်။ အဲဒီ ဆောင်ပုဒ်များကို ဆိုရမယ်။

**သောတာလောင်းပင်၊ လှူလေလျှင်၊**
**များဖြင့် အသချေ(ဆို)။**
**နောက် ကိုးပါး၀ယ်၊ ကျိုးများတယ်၊**
**ပြောဖွယ်မရှိပေ (ဆို)။**

အဲဒါက ပုဂ္ဂိုလ်အား လှူတဲ့ ပုဂ္ဂလိကဒါန ၁၄-ပါး၏ အကျိုး များကို ဝေဖန်ပြထားတဲ့ စကားတွေပါပဲ။ အဲဒီ ပုဂ္ဂလိကဒါန ထက် သံဃာအားလှူတဲ့ သံဃိကဒါနက အကျိုးကြီးတဲ့အကြောင်းကိုလည်း ခုနစ်မျိုး ခွဲခြားပြီး ဟောတော်မူပါတယ်။

http://www.dhammadownload.com



## သံဃိကအလှူ (၇)ပါး

(၁) ဘုရားအမှူးရှိသော သံဃာအားလှူတဲ့ဒါနက ပထမ၊ မြတ်စွာဘုရားနှင့်တကွ ရဟန်းယောကျ်ားသံဃာရော, ရဟန်းမိန်းမ သံဃာရော အကုန်လုံးအား ကျွေးမွေးလှူဒါန်းတဲ့ဒါနလို့ ဆိုလိုပါတယ်။ ဒီသံဃိကဒါနကတော့ အကျိုးအကြီးဆုံးပါပဲ။

(၂) ဘုရား ပရိနိဗ္ဗာန်စံပြီးတဲ့နောက် ဘုရားမပါဘဲ ရဟန်းသံဃာ, ရဟန်းမိန်းမသံဃာ အကုန်လုံးအား လှူတဲ့ဒါနက ဒုတိယ၊ အဲဒီမှာ အကုန်လုံးဆိုတာက ပင့်ထားလို့ ဖြစ်စေ, မပင့်ဘဲဖြစ်စေ လှူရာဌာနသို့ ကြွလာသမျှ သံဃာအကုန်လုံးကို ဆိုလိုပါတယ်။ အဲဒါက ကျား မ သံဃာနှစ်ပါးလုံးအား လှူတဲ့အတွက် ဥဘတော သံဃိကဒါန ခေါ်ပါတယ်။

(၃) ရဟန်း သံဃာ သက်သက်အား လှူတဲ့ ဒါနက တတိယ၊ ယခုကာလမှာ သံဃာကုန်ပင့်ပြီး လှူတဲ့ ဒါနမျိုးပါပဲ။

(၄) ရဟန်းမိန်းမ သံဃာအားသာ လှူတဲ့ဒါနက စတုတ္ထ၊ ယခုနေအခါမှာတော့ ရဟန်းမိန်းမများ မရှိတော့တဲ့အတွက် ဒီဒါနမျိုးကတော့ မဖြစ်နိုင်တော့ဘူး။

(၅) ရဟန်းသံဃာတော်ထံမှ သံဃာတော်**ဘယ်နှစ်ပါး**ကြွပါ၊ ရဟန်းမိန်းမ သံဃာတော်ထံမှ သံဃာတော် ဘယ်နှပါးကြွပါလို့ ပင့်ပြီး အဲဒီနှစ်ဖက်သော သံဃာထံမှ ညွှန်ကြားစေလွှတ်လိုက်တဲ့ သံဃာအား လှူတာက ပဉ္စမ၊ ဒီဒါနမျိုးလည်း ယခုနေအခါမှာ **မဖြစ်နိုင်တော့ဘူး**။

(၆) ရဟန်းသံဃာတော်ထံမှ သံဃာတော်**ဘယ်နှစ်ပါး** ကြွပါလို့ပင့်ပြီး သံဃာထံမှ ညွှန်ကြားစေလွှတ်လိုက်တဲ့ သံဃာအား လှူတာက ဆဋ္ဌမ၊ ယခုနေအခါမှာ တပည့်တော်အိမ် သံဃာတစ်ပါး ဆွမ်းအလှူခံကြွပါဘုရား၊ နှစ်ပါးကြွပါဘုရား၊ သုံးပါးကြွပါဘုရား၊ ဆယ်ပါး

http://www.dhammadownload.com



ကြွပါဘုရား စသည်ဖြင့် ပင့်ပြီး သံဃာထံက လွှတ်လိုက်လို့ ကြွလာလို့ ရဟန်းတော်များအား သံဃာအနေနဲ့ အာရုံပြုပြီး လှူဒါန်းတဲ့ ဒါန မျိုးပါပဲ။ အဲဒီဒါနမှာ ပင့်စဉ်ကလည်း မည်သည့်ပုဂ္ဂိုလ်ကိုမျှ မရည်ရွယ် ဘဲ သံဃာတော် သာမညကိုသာ အာရုံပြုဖို့လိုပါတယ်၊ သံဃာတော် ဘက်ကလည်း တာဝန်ရှိတဲ့ ပုဂ္ဂိုလ်က ထေရ်စဉ်ဝါစဉ်အရဖြစ်စေ၊ မဲချ၍ဖြစ်စေ ကျရာပုဂ္ဂိုလ်ကို စေလွှတ်ဖို့လိုပါ တယ်။ ကြွလာတဲ့အခါ မှာ ရှင်သာမဏေကလေးပဲဖြစ်ဖြစ်၊ ရဟန်းငယ်ကလေးပဲဖြစ်ဖြစ်၊ ကြည်ညိုဖွယ်မရှိတဲ့ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် သံဃာ၏ ကိုယ်စားလှယ် သံဃာတော်ပဲလို့ အာရုံပြုပြီး ရိုရိုသေသေ လှူတတ်ဖို့ လိုပါတယ်၊ ဥပမာအားဖြင့် ဆင်းတုတော် စေတီတော်များမှာ ဆီမီး ပန်းနံ့သာ စသည်ဖြင့် ပူဇော်တဲ့အခါမှာ ဆင်းတုတော် စေတီတော်များကတော့ . အာရုံပြုရုံလောက်ပါပဲ၊ တကယ်ပူဇော်တာကတော့ ဘုရားအစစ်ကို ပူဇော်တာဖြစ်ပါတယ်၊ အဲဒါလိုပါပဲ၊ ဒကာ့အိမ်ကြွလာတဲ့ ကိုယ်တော် ကတော့ သံဃာအနေနဲ့အာရုံပြုဖို့ ကိုယ်စားပါပဲ၊ တကယ်လှူတာ ကတော့ ဘုရားတပည့် သံဃာတော်အားလုံးကို လှူတာဖြစ်ပါတယ်၊ ရဟန်းယောကျ်ား သံဃာသက်သက်အား လှူတယ်စသည်ဖြင့် ဆိုရာမှာလည်း ဒီနည်းအတိုင်းပါပဲ၊ မျက်မှောက်မှာရှိတဲ့ သံဃာ ကတော့ အာရုံပြုရုံမျှပါပဲ၊ တကယ်လှူတာကတော့ မြတ်စွာဘုရား၏ ကပည့်အပေါင်း သံဃာအားလုံးအား လှူခြင်းဖြစ်ပါတယ်၊ ဒါကြောင့် သံဃိကဒါနက အကျိုးကြီးတာ။ သို့သော် သုံးဆောင်ရာမှာတော့ မြတ်စွာဘုရား၏ ဝိနည်းပညတ်တော် အရအားဖြင့် အနီးမျက်မှောက် မှာ ရှိတဲ့ရဟန်းများကသာ သုံးဆောင်ရပါတယ်။ ဥပမာ ဆွမ်းခံကြွနေ တဲ့ ကိုယ်တော်အား သံဃဿ ဒေမိ= သံဃာအား လှူပါ၏-လို့ဆိုပြီး ဆွမ်း, မုန့် , ဟင်း စသည်ကို လှူလိုက်ရင် လှူတဲ့သူမှာ သံဃာ

http://www.dhammadownload.com



အားလုံးအား လှူတဲ့သံဃိကဒါနဖြစ်တယ်၊ သို့သော်အဲဒီ ဆွမ်းခံ ပုဂ္ဂိုလ်က (မယုံ့ပါပုဏ္ဏာတိ) ဒီပစ္စည်းဟာ ငါ့အားရောက်၏- လို့ဆိုပြီး သိမ်းပိုက်လိုက်ရင် အဲဒီကိုယ်တော်တစ်ပါးတည်း အပိုင်ဖြစ်ပြီး၊ သူ့သဘောအတိုင်း သုံးစွဲနိုင်ပါတယ်။ အဲဒါဟာ "ဘုရားအစစ်ကို အာရုံပြုပြီး ဆင်းတုတော်ရှေ့မှာ ဆီမီးပူဇော်ထားရင် ဘုရားအစစ်ကို ပူဇော်ခြင်းတော့ ဖြစ်ပါတယ်၊ ဒါပေမယ့် မီးရောင်ကတော့ ဆင်းတု တော်အနီးမှာသာ လင်းတယ်" ဆိုတာနှင့် တူပါတယ်။ အဲဒီလို သံဃာအား လှူပါ၏- လို့ဆိုပြီး လောင်းလှူလိုက်တဲ့ ဆွမ်း, မုန့်, ဟင်းများကို ငါ့အား ရောက်တယ်လို့ မသိမ်းပိုက်ဘဲ ကျောင်းသို့ ယူလာခဲ့လျှင်တော့ ကျောင်းရှိ သံဃာအားလုံးနဲ့ဆိုင်တယ်၊ သံဃာ အားလုံးဝေပြီးသုံးဆောင်ရတယ်၊ ဒါကြောင့် ဒကာဘက်ကရော, အလှူခံ ပုဂ္ဂိုလ်ဘက်ကရော သံဃိကဒါနမြောက်အောင် လှူတတ်ဖို့, လက်ခံသိမ်းပိုက်တတ်ဖို့ အရေးကြီးပါတယ်၊ အထူးသတိပြုသင့်ပါ တယ်။

(၇) ရဟန်းမိန်းမ သံဃာတော်ထံမှ သံဃာတော်ဘယ် နှစ်ပါးကြွပါလို့ ပင့်ပြီး သံဃာမှ ညွှန်ကြားစေလွှတ်လိုက်သော သံဃာအား လှူတာက သတ္တမ၊ ဒီသံဃိကဒါနမျိုးလည်း ယခုနေ အခါမှာ မဖြစ်နိုင်တော့ဘူး၊ အဲဒါတွေဟာ သံဃိကဒါန (၇) မျိုးပါပဲ။

အဲဒီသံဃိကဒါန (၇)ပါးကို ခွဲခြမ်း ဝေဖန်ပြတော်မူပြီးတော့ အဲဒီသံဃိကဒါန အကျိုးကြီးပုံကိုလည်း မြတ်စွာဘုရားက ဒီလို ဟောတော်မူပါတယ်။

န တွေဝါဟံ အာနန္ဒ ကေနစိ ပရိယာယေန သံဃဂတာယ ဒက္ခိဏာယ ပါဋိပုဂ္ဂလိကံ ဒါနံ မဟပ္ဖလတရံ ဝဒါမိ။

အာနန္ဒ၊ အာနန္ဒာ။ အဟံ၊ ငါသည်။ သံဃဂတာယ ဒက္ခိဏာ

http://www.dhammadownload.com



ယ၊ သံဃာ၌တည်သော သံဃိကဒါနထက်။ ပါဋိပုဂ္ဂလိကံ ဒါနံ၊ ပုဂ္ဂိုလ်အားလှူသော ပုဂ္ဂလိကဒါနကို။ မဟပ္ဖလတရံ သာ၍အကျိုးကြီးသည်ဟူ၍။ ကေနစိ ပရိယာယေန၊ တစ်စုံတစ်ခုသော နည်းပရိယာယ်ဖြင့်မျှ။ ဝါ၊ ဘယ်နည်းဖြင့်မျှ။ န ဝဒါမိ၊ မဟောပါဘူး တဲ့။

အဲဒီမှာ သံဃိကဒါနထက် ပုဂ္ဂလိကဒါနက အကျိုးကြီးကြောင်း ဘယ်နည်းနဲ့မျှ မဟောဘူးဆိုတာကို အထူးသတိပြုရမယ်။ တပည့်တော်အိမ်ကို သံဃာတစ်ပါး ဆွမ်းအလှူခံကြွပါဘုရားလို့ ပင့်ပြီး သံဃာထံမှ ဝိနည်းနှင့်အညီ ညွှန်ကြားစေလွှတ်လိုက်တဲ့ ပုထုဇဉ်ရဟန်းအား သံဃာအနေနဲ့ အာရုံပြုပြီး လှူနိုင်လျှင် အဲဒီ သံဃိကဒါနဟာ ရဟန္တာအစစ်အား လှူတဲ့ ပုဂ္ဂလိကဒါနထက်တောင် မြတ်သေးတယ်လို့ အဋ္ဌကထာမှာလည်း ပြဆိုထားပါတယ်။ ဒါကြောင့် သံဃာအနေနဲ့ ကြည်ညိုပြီးလှူနိုင်ရင် သံဃိကဒါနဟာ အမြတ်ဆုံး အကျိုးအကြီးဆုံးပဲ ဆိုတာကို မှတ်ထားကြရမယ်။

ယခုပြောလာခဲ့တာဟာ အလှူဒါန မြင့်မြတ်စင်ကြယ်ပုံ အကျိုးကြီးပုံကို ပြလိုတဲ့အခါမှာ မြတ်စွာဘုရားက ပုဂ္ဂိုလ်ပညတ်နဲ့ ဟောတော်မူပုံကို ပြောလာခဲ့တာပဲ။ အဲဒါဟာ ဒက္ခိဏာဝိသုဒ္ဓိက ၄-ပါး၊ ပုဂ္ဂလိက ဒါနက ၁၄-ပါး၊ သံဃိက ဒါနက ၇-ပါး၊ ဒါတွေပါပဲ။ အဲဒီဒါနတွေကို ပြရာမှာ ရုပ်နာမ်ခန္ဓာ အာယတန ဓာတ် အစရှိတဲ့ ပရမတ်အနေနဲ့ ပြတာ တစ်ခုမျှမပါဘူး၊ ပုဂ္ဂိုလ်ပညတ်အနေနဲ့ချည်း ပြထားပါတယ်။ အဲဒီလိုပြရာမှာလည်း သီလအစရှိသော ဂုဏ်ကျေးဇူး အထူးရှိတဲ့ ပုဂ္ဂိုလ်မြတ်တွေအား လှူလျှင်၊ အဲဒီလို ဂုဏ်ထူးတွေနှင့် လုံးဝပြည့်စုံတဲ့ သံဃာအားလှူလျှင် အကျိုးကြီးကြောင်း ပြဆိုထားပါတယ်။ အဲဒါဟာ အလှူပေးတဲ့အလှူရှင်ရော, ပေးလှူရာမှာ သွန်သင်ညွှန်ကြားတဲ့ ရေစက်ချ ဆိုပေးတဲ့ ဆရာရော အထူးသတိပြုစရာ

http://www.dhammadownload.com



ကောင်းလှပါပေတယ်။

## ဒါနထဲ ဝိပဿနာအတု သဘာဝမကျ

ဘာကြောင့် ဒီလိုပြောရသလဲဆိုလျှင် တချို့က ဝိပဿနာအတုအပရှုပြီး လှူလျှင် ပိုကောင်းတယ်လို့ ထင်မှတ်ပြီးတော့ အနိစ္စ, ဒုက္ခ, အနတ္တ, ရုပ်နာမ် ခန္ဓာမျှဖြစ်သော အကျွန်ုပ်တို့က အနိစ္စ, ဒုက္ခ, အနတ္တ, ရုပ်နာမ် ခန္ဓာမျှဖြစ်သော အလှူခံပုဂ္ဂိုလ်တို့အား အနိစ္စ, ဒုက္ခ, အနတ္တ, ရုပ်တရားမျှဖြစ်သော လှူဖွယ်တို့ကို လှူပါ ကုန်၏ဆိုတဲ့ ဝေါဟာရ မျိုးဖြင့် ရေစက်ချလှူတာကို ကြားရဖူးတယ်။ အဲဒါဟာ "ဘဂဝါ မြတ်စွာဘုရားသည်။ ဒက္ခိဏာဝိသုဒ္ဓိဒီပနတ္ထံ၊ အလှူ၏ စင်ကြယ်ခြင်း အကျိုးကြီးခြင်းကို ပြခြင်းအကျိုးငှာ။ ပုဂ္ဂလကထံ။ ပုဂ္ဂိုလ်အနေဖြင့် ပြောဆိုသောစကားကို။ ကထေတိ၊ ဟောတော်မူတယ်" ဆိုတဲ့ ဒီအဋ္ဌကထာစကား (အံ၊ ဋ္ဌ၊ ၁-၇၅)နှင့် မညီဘူး၊ သေသေချာချာစဉ်းစားကြည့်လျှင် သဘာဝမကျဘူး။ ဘယ်လိုလဲဆိုလျှင် ပေးလှူတာဟာ ပေးလှူမှု၏ အကျိုးကို အလိုရှိလို့ပဲ မဟုတ်လား၊ ဝိပဿနာရှုဖို့ လှူတာတော့ မဟုတ်ပေဘူး၊ ဝိပဿနာရှုဖို့ဆိုလျှင် ပစ္စည်းတွေအကုန်ခံပြီး လှူဖို့တောင် မလိုပါဘူး၊ ဆိတ်ငြိမ်ရာမှာနေပြီး ရှုနေရုံနဲ့ ဝိပဿနာကုသိုလ်တွေ အများကြီးလည်း ဖြစ်နိုင်ပါတယ်။ ထက်ထက်သန်သန်လည်း ဖြစ်နိုင်ပါတယ်၊ အလှူရေစက်ချနေတုန်း တစ်မိနစ်လောက် အချိန်ပိုင်းကလေး ရှုတာနဲ့ဆိုလျှင် အများကြီး ကွာခြားပါတယ်။ အမှန်စင်စစ်ကတော့ ပေးလှူတဲ့အခါမှာ ဒါနကုသိုလ် ထက်ထက်သန်သန်ဖြစ်ဖို့က လိုရင်းပါပဲ၊ ဒါကြောင့် ပေးလှူတဲ့အခါမှာ အနုမောဒနာတရားကို ဟောနေကြရတာပဲ။ ဒါနကုသိုလ် ထက်သန်စေချင်လျှင် အလှူခံပုဂ္ဂိုလ်တို့၏

http://www.dhammadownload.com



မြင့်မြတ်တဲ့ သီလ အစရှိသော ဂုဏ်ကျေးဇူးတွေကို ဆင်ခြင်ဖို့လည်း လိုပါတယ်၊ မိမိတို့ လှူတဲ့ဝတ္ထုက ကောင်းမြတ်ပြီး အလှူခံပုဂ္ဂိုလ်တို့မှာ အသုံးကျပုံ ကျေးဇူးများပုံကို ဆင်ခြင်ဖို့လည်း လိုပါတယ်၊ အဲဒီလို ဆင်ခြင်ပါမှ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ထက်သန်တဲ့ ကုသိုလ်တွေ များစွာ ဖြစ်ပွားနိုင်ပါတယ်။ အကယ်၍ အလှူခံပုဂ္ဂိုလ်တွေဟာ ရုပ်နာမ်သဘောတရားမျှပဲလို့ ဆင်ခြင်မယ်၊ ဆင်ခြင်တဲ့အတိုင်းလည်း စိတ်ထဲ ဉာဏ်ထဲ ထင်နေမယ်ဆိုရင်တော့ သီလမဲ့အလှူခံနှင့် သီလရှိ အလှူခံဟာ ထူးခြားဖွယ်မရှိတော့ပါဘူး၊ ဂုဏ်မဲ့အလှူခံနှင့် ဂုဏ်ရှိ အလှူခံဟာလည်း ထူးခြားဖွယ်မရှိတော့ပါဘူး။ ဘာကြောင့်လဲဆို လျှင် သီလမဲ့ရော, သီလရှိရော၊ ဂုဏ်မဲ့ရော, ဂုဏ်ရှိရော ရုပ်နာမ် သဘောတရားမျှချည်း ဖြစ်တဲ့အတွက်ကြောင့်ပါပဲ။ နောက်ပြီးတော့ လှူဖွယ်ဝတ္ထုကို ခဏမစဲဖြစ်ပျက်နေတဲ့ ရုပ်တရားမျှပဲလို့ ဆင်ခြင်တဲ့ အတိုင်း တကယ်ထင်နေလျှင်လည်း အသုံးမကျ အဖိုးမတန်တဲ့ ကျောက်ခဲ, သဲ, အမှိုက်တွေနဲ့ အတူတူ ဖြစ်နေတော့မှာပဲ။ ဒါကြောင့် ပေးလှူရမှုနှင့်စပ်ပြီး ဘာမျှဝမ်းမြောက်ဖွယ်ရှိ မည်မဟုတ်တော့ဘူး၊ ဝမ်းမြောက်ဖွယ်မရှိတော့ ဒါနကုသိုလ်ဟာလည်း ထက်ထက်သန်သန် ဖြစ်ဖို့ မရှိတော့ဘူး။

ဒီနေရာမှာ တချို့က ဒီလို ချေပကြတယ်၊ ဒါနထက် ဝိပဿ နာက သာပြီးမြတ်တဲ့အတွက် အကျိုးကြီးပါတယ်လို့ ချေပကြပါတယ်။ အဲဒီလိုဆိုရင် မလှူဘဲနဲ့သက်သက် ဝိပဿနာရှုနေရင်ရော အကျိုး မကြီးပေဘူးလား။ ပေးလှူဖို့ ကြောင့်ကြစိုက်နေရတဲ့အတွက် ဝိပဿနာရှုဖို့ အချိန်တွေ လျော့သွားတယ်လို့ မဆိုသင့်ပေဘူးလား လို့ ဒီလိုလည်း စဉ်းစားကြည့်သင့်ပါတယ်၊ အမှန်ကတော့ ဒါနပြုတာ ဟာ ဝိပဿနာရှုဖို့ မဟုတ်ပါဘူး၊ ဒါန၏ အကျိုးတွေကို အလိုရှိလို့

http://www.dhammadownload.com



ပြုတာပဲဖြစ်ပါတယ်၊ ဒါနရဲ့အကျိုးကို အလိုရှိတဲ့အတွက် အဲဒီဒါန ကုသိုလ် ထက်သန်အောင် နှလုံးသွင်း ဆင်ခြင်ဖို့သာ လိုပါ တယ်။ ဒါကြောင့် မြတ်စွာဘုရားက အလှူဒါနရဲ့ စင်ကြယ်ပုံ အကျိုးကြီးပုံကို ပြတဲ့အခါမှာ ပုဂ္ဂိုလ်အနေနဲ့သာ ဟောတော်မူခဲ့ပါတယ်။

(၈) နောက်ဆုံးအချက်ကတော့ မြတ်စွာဘုရားများဟာ ခဏမစဲဖြစ်ပျက်နေတဲ့ ရုပ်နာမ်သဘောတရားမျှသာ ရှိတယ်၊ ပုဂ္ဂိုလ် ရယ်၊ သတ္တဝါရယ်လို့ အသီးအခြား မရှိဘူးဆိုတာကို အသိဆုံးလည်း ဖြစ်တော်မူကြပါတယ်၊ သိတဲ့အတိုင်း ဟောသင့်တဲ့အရာမှာလည်း ဟောတော်မူကြပါတယ်။ ဒါပေမယ့် လောကလူအများ ပြောဆိုရိုး ကိုတော့ မပယ်ကြပါဘူး၊ အမိ အဘ, သား သမီး, မိန်းမ ယောကျ်ား, နတ်, လူ, ရဟန်း အစရှိတဲ့ဝေါဟာရတွေကို လောကလူအများ ပြော ဆိုတဲ့အတိုင်းပဲ ပြောဟောတော်မူပါတယ်။ ဒါကြောင့် လောက ဝေါဟာရအတိုင်း ပြောသင့်ရာများ၌ လောကဝေါဟာရကို မပယ် လိုတဲ့အတွက်ကြောင့်လည်း ပုဂ္ဂိုလ်အနေနဲ့ ဟောတော်မူပါတယ်။

## လောကဝေါဟာရ မပယ်လို၍ ပုဂ္ဂိုလ်ပညတ်နဲ့ ဟောသည်

လူတွေက ခန္ဓာငါးပါး အပေါင်းကိုပဲ ပုဂ္ဂိုလ်သတ္တဝါ, မိန်းမ ယောကျ်ား စသည်ဖြင့် ခေါ်ဝေါ်ပြောဆိုနေကြပါတယ်၊ အဲဒါဟာ လူအများက သမုတ်ထားတဲ့အတိုင်း ဟုတ်မှန်တဲ့အတွက် သမ္မုတိ သစ္စာလို့လည်း ဆိုရပါတယ်။ အဲဒီသမ္မုတိသစ္စာ လောကဝေါဟာရ အတိုင်း ပြောဆိုလျှင် မုသာဝါဒလည်း မဖြစ်ဘူး။ ဒါကြောင့် မြတ်စွာ ဘုရားက အဲဒီသမ္မုတိသစ္စာ လောကဝေါဟာရကို မပယ်လိုတဲ့ အတွက် ဒီဘာရသုတ်မှာလည်း အဲဒီ လောကဝေါဟာရအတိုင်းပဲ ဟောထားပါတယ်။ ဝန်ထမ်းသမားဆိုတာ ဘယ်သူလဲဆိုရင် ပုဂ္ဂိုလ်

http://www.dhammadownload.com



ပဲလို့ ဖြေပါတဲ့။ ကဲ- အဲဒီဝန်ထမ်းသမားကို အခြေအမြစ်နှင့်တကွ မှတ်ရအောင် ဝန်ထုပ်ဆောင်ပုဒ်က စ, ပြီး ဆိုကြရမယ်။

**လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးဆိုတာ ဘယ်ဟာလဲ။**
**ငါ, ငါ့ဥစ္စာလို့ ထင်ရတဲ့ ခန္ဓာငါးပါး တရားပဲ။**
**ဝန်ထမ်းသမားဆိုတာ ဘယ်သူလဲ။**
**ခန္ဓာငါးပါး ရှိနေတဲ့ပုဂ္ဂိုလ်ပဲ။**

အဲဒီမှာ ခန္ဓာငါးပါးရှိနေတဲ့ ပုဂ္ဂိုလ်လို့ ဆိုပေမဲ့ ခန္ဓာငါးပါးက တခြား၊ ပုဂ္ဂိုလ်က တခြား၊ ဒီလိုတော့ ခွဲခြားယူလို့မဖြစ်ဘူး၊ ခန္ဓာငါးပါး အပေါင်းကိုပင် လောကဝေါဟာရအားဖြင့် ပုဂ္ဂိုလ်လို့ ခေါ်ဆိုတယ် လို့သာ မှတ်ယူရတယ်။ အဲဒါကို ခုနက အကျယ်ပြောခဲ့ပါပြီ။

ဒါပေမယ့် ဝန်ထုပ်ဆိုတာလည်း ခန္ဓာငါးပါး၊ ဝန်ထမ်းသမား ဆိုတာလည်း ဒီ ခန္ဓာငါးပါးပဲ ဆိုတာကို တချို့က သဘောမကျနိုင်ဘဲ ရှိချင်လည်း ရှိနေပေလိမ့်မယ်။ အဲဒီလို သဘောမကျတတ်ရင်တော့ ကောင်းစားချမ်းသာစေရန်လိုအပ်တဲ့ ခန္ဓာတွေက ဝန်ထုပ်၊ ကောင်း စား ချမ်းသာအောင် ပြုလုပ်ဆောင်ရွက်နေတဲ့ ခန္ဓာတွေက ဝန်ထမ်း သမားလို့ ဒီလိုခွဲပြီးမှတ်ပေတော့။

အဲဒီတော့ ဝန်ထုပ်ဆိုတာလည်း နားလည်ကြပြီ၊ အဲဒီဝန်ထုပ် တွေကို ထမ်းဆောင်နေရတာဟာ အင်မတန် ဝန်လေးတယ်ဆိုတာ လည်း နားလည်ကြပြီ၊ ပုဂ္ဂိုလ် သတ္တဝါတိုင်း ဒီခန္ဓာဝန်တွေကို ထမ်း ဆောင်နေကြရတယ်ဆိုတာလည်း နားလည်ကြပြီ။

ဒီလို နားလည်ကြတဲ့အတွက် ဒီခန္ဓာဝန်တွေကို ဘယ်ပုံ ဘယ်နည်းဖြင့် လက်ခံပြီး ထမ်းနေရတယ်ဆိုတာကို သိဖို့နှင့် ဘယ်လိုပစ်ချရမယ်ဆိုတာကို သိဖို့သာ လိုပါတော့တယ်။ အဲဒါတွေ ကိုလည်း ဒီဘာရသုတ္တန်မှာ မြတ်စွာဘုရားက အပြည့်အစုံပဲ ဟော

http://www.dhammadownload.com



ထားပါတယ်။ ဒါပေမယ့် အဲဒါတွေကိုတော့ နောက်သီတင်းကျမှ ဆက်ပြီးဟောရမယ်။ ဒီကနေ့တော့ အချိန်က ကြာသွားပြီဖြစ်တဲ့ အတွက် ဒီတွင်ပဲ ရပ်ပြီး တရားပွဲသိမ်းကြဦးစို့။

ဤဘာရသုတ္တန်တရားတော်ကြီးကို ရိုသေစွာ နာယူကြရသော ဓမ္မဿဝန ဥက္ကဋ္ဌ ကုသိုလ်ကံစေတနာတို့၏ အစွမ်းအာနုဘော်ကြောင့် လေးလံသော ဝန်ထုပ်ဝန်ပိုးကြီးဟု ပြဆိုထားသော ခန္ဓာငါးပါးတရားတွေကို ကြောက်စရာ, ရွံ့မုန်းစရာ, ငြီးငွေ့စရာ အနေအားဖြင့် ထင်မြင်ကြပြီးလျှင် ထိုခန္ဓာဝန်မှ လွတ်မြောက်ရေး အတွက် ဒွါရ ၆-ပါးမှ ဖြစ်တိုင်းသော ခန္ဓာတို့ကို ရှုမှတ်နိုင်ကြသဖြင့် ခန္ဓာဝန်ထုပ်ကြီးကို ပစ်ချနိုင်ရာ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

**သာဓု သာဓု သာဓု**

**ဘာရသုတ္တန် တရားတော်ကြီး ပထမပိုင်း ပြီး၏။**

http://www.dhammadownload.com



# ဘာရသုတ္တန် တရားတော်ကြီး

## ၁၃၂၈-ခု၊ တန်ဆောင်မုန်းလကွယ်နေ့ ဟောသည် ဒုတိယပိုင်း

### ဝန်ထုပ်ကို ခံယူခြင်း

တန်ဆောင်မုန်း လပြည့်နေ့က ဘာရသုတ္တန်တရားကို ဟောခဲ့တာ တစ်ဝက်လောက်တော့ ပြီးသွားပါပြီ၊ ဘာရ = ဝန်ထုပ် ဝန်ပိုးဆိုတာ ဥပါဒါနက္ခန္ဓာငါးပါးပဲ၊ သတ္တဝါတိုင်း မိမိတို့သန္တာန်မှာ ရှိနေတဲ့ ရုပ်နာမ် ခန္ဓာတွေပါပဲ၊ ဘာရဟာရ-ဝန်ထုပ်ထမ်းတဲ့သူဆိုတာ အသီးအသီးသော ပုဂ္ဂိုလ်သတ္တဝါပဲ၊ သတ္တဝါတိုင်းဟာ ဝန်ထမ်းသမားတွေပဲ၊ ကိုယ့်ခန္ဓာဝန်ထုပ်ကြီးတွေကို အမြဲမပြတ် ထမ်းဆောင်နေကြရတယ်။ နေ့စဉ် နေ့တိုင်း မျက်နှာသစ်ပေးရတယ်၊ ရေချိုးပေးရတယ်၊ အညစ်အကြေးတွေကို သုတ်သင်ပေးရတယ်၊ သင့်တော်တဲ့ အဝတ်အဆင်တန်ဆာနဲ့ ဝတ်ဆင်ပေးရတယ်၊ အစာကောင်းတွေကို ရှာကြံပြီး ကျွေးရတယ်၊ ပျော်ရွှင်စရာအာရုံကို ရှာပေးရတယ်၊ ကျန်းမာအောင်လည်း ပြုပြင်ပေးရတယ်၊ သင့်တော်တဲ့အိပ်ရာမှာ သိပ်ပေးရတယ် စသည်ဖြင့် အမြဲမပြတ် ကြောင့်ကြစိုက်ပြီး ထမ်းဆောင်နေ

http://www.dhammadownload.com



ကြရတယ်၊ ဒါကြောင့် အင်မတန် ဝန်လေးတယ်ဆိုတာ သဘော ပေါက်လောက်ပါပြီ။

ဒီတော့ ဒါလောက်ဝန်လေးတဲ့ ဝန်ထုပ်ကြီးကို ဘာကြောင့် လက်ခံပြီး ထမ်းဆောင်နေကြသလဲ၊ ဘယ်သူက အတင်းခိုင်းလို့ ထမ်းနေကြရတာလဲဆိုတာ စဉ်းစားကြည့်ကြရမယ်၊ အမှန်စင်စစ် ကတော့ ဘယ်သူကမှ ခိုင်းလို့ ထမ်းဆောင်နေကြရတာ မဟုတ်ပါဘူး၊ ကိုယ့်ဟာ ကိုယ်ထမ်းချင်လို့ ထမ်းဆောင်နေကြရတာပါပဲ၊ ဘုရား သခင်က ဖန်ဆင်းလို့ သတ္တဝါတွေဖြစ်နေကြရတယ်လို့ ယုံကြည်တဲ့ သူတို့ အလိုအားဖြင့်တော့ ဘုရားသခင်က ပေးထားလို့ ထမ်းဆောင် နေကြရတယ်လို့ ဆိုရပေလိမ့်မယ်။ အဲဒီလိုဆိုရင် စားဝတ်နေရေး ကျပ်တည်းနေတဲ့သူတွေ၊ မျက်စိ, နား စသည် ကိုယ်အင်္ဂါချို့တဲ့နေတဲ့ သူတွေ၊ ရောဂါဆိုးကြီးတွေ စွဲကပ်နေတဲ့သူတွေ၊ သူတစ်ပါး၏ အနှိပ် စက်ခံနေရတဲ့သူတွေ၊ ဒီလိုအဆင်မပြေတဲ့သူတွေ အနေနဲ့ဆိုရင် ဒီ ခန္ဓာဝန်ကြီးကို ပေးတဲ့သူအပေါ်မှာ ကျေနပ်စရာမရှိပေဘူး၊ ဗုဒ္ဓမြတ် စွာဘုရား၏ တရားတော်အရာအားဖြင့်တော့ ဘယ်သူကမျှ ပေးလို့ မဟုတ်ပါဘူး၊ ကိုယ့်ဟာကိုယ်ပဲ ထမ်းချင်လို့ ထမ်းဆောင်နေကြရ တာပါပဲ၊ ဒါကြောင့် မြတ်စွာဘုရားက-

ကတမဉ္စ ဘိက္ခဝေ ဘာရာဒါနံ၊ ယာယံ တဏှာ ပေါနော- ဘဝိကာ နန္ဒီရာဂသဟဂတာ တတြတတြာဘိနန္ဒိနီ၊ သေယျထိဒံ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဘာရာဒါနံ- လို့ ဟောထားပါတယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘာရာဒါနံ၊ လေးလံသော ဝန်ထုပ် ဝန်ပိုးကို ခံယူခြင်းသည်။ ကတမဉ္စ၊ အဘယ်ဟာပါနည်းဟူမူ။ ယာယံ တဏှာ၊ အကြင် နှစ်သက်သာယာ ဆာလောင် တောင့်တသော

http://www.dhammadownload.com



တဏှာသည်။ အတ္ထိ၊ ရှိ၏။ ကတ္တဒံ၊ ဤတဏှာကို။ ဘာရာဒါနံ၊ ဝန်ထုပ်ကို ခံယူခြင်းဟူ၍။ ဝုစ္စတိ - ခေါ်ဆိုအပ်ပေ၏တဲ့။

## တဏှာက အာရုံဆာတယ်

ဝန်ထုပ်ဝန်ပိုးကို ခံယူကာ လက်ခံတာ ဘယ်ဟာလဲဆိုရင် တဏှာပါပဲတဲ့၊ တဏှာဆိုတာ နှစ်သက်သာယာတာပဲ၊ ဆာလောင်တောင့်တတဲ့ သဘောပါပဲ၊ ထမင်းဆာတာ၊ ရေဆာတာမျိုးပါပဲ၊ သူက အာရုံတွေကို အလိုရှိပြီး ဆာနေပါတယ်၊ လှပတင့်တယ်တဲ့ အဆင်းအာရုံကောင်းတွေကို အလိုရှိနေတယ်၊ ဆာနေတာပါပဲ၊ အဲဒီလို အဆင်းအာရုံကောင်းတွေ ကြည့်ချင်တာတွေကို ကြည့်လို့အားမရဘူး၊ ကြည့်ပြီးရင်း ကြည့်ချင်ရင်း ဖြစ်ပြီး ဆာနေတာပဲ၊ ဝ-တယ်လို့ မရှိဘူး၊ ထို့အတူ အသံကောင်းတွေကိုလည်း နားထောင်ချင်တယ်၊ ကြားချင်တယ်၊ အနံ့ကောင်းတွေကိုလည်း နမ်းရှူချင်တယ်၊ အရသာကောင်းတွေကိုလည်း စားချင်တယ်၊ အတွေ့အထိကောင်းတွေကိုလည်း တွေ့ထိချင်တယ်၊ စိတ်ကူးအာရုံကောင်းတွေကိုလည်း ကြံတွေးနေချင်တယ်၊ အဲဒီလို အာရုံကောင်းတွေကို ဘယ်လောက်ရရ အားရတယ်လို့မရှိဘူး၊ ရချင် ခံစားချင်နေသေးတာပဲ၊ ဒါကြောင့် တသတိ၊ ဆာလောင်တတ်၏။ ပရိတသတိ၊ ထက်ဝန်းကျင်အရာရာ အခါခပ်သိမ်း ဆာလောင်တတ်၏။ ဣတိ၊ ဤသို့ အခါခပ်သိမ်းဆာလောင်တတ်သော သတ္တိကြောင့်။ တဏှာ၊ တဏှာမည်တယ်-လို့ ဆိုထားပါတယ်။

ဆာလောင်တယ်ဆိုတာ နှစ်သက်လိုချင်တဲ့ သဘောပဲ၊ တောင့်တတဲ့သဘောပဲ။ ဒါကြောင့် လှပတင့်တယ်တဲ့ အဆင်းအာရုံကို မြင်ရတဲ့အခါ နှစ်သက်လိုချင်ရင်၊ တောင့်တမိရင် အဲဒါဟာ ခန္ဓာဝန်ကို လက်ခံပြီး ယူလိုက်တာပဲ။ ဘယ်လိုလဲဆိုရင် အဲဒီလို

http://www.dhammadownload.com



နှစ်သက်လိုချင်တဲ့ တဏှာဖြစ်ရင် အဲဒီအာရုံကို စွဲလမ်းတယ်၊ ဥပါဒါန် ပေ့ါ၊ စွဲလမ်းတော့ ကိုယ့်အလိုအတိုင်း ပြီးစီးပြည့်စုံအောင် ပြုလုပ်တယ်၊ အကုသိုလ်ကံ ကုသိုလ်ကံဖြစ်တာပေ့ါ။ အဲဒီကံကြောင့် သေခါနီးမှာ ကံ, ကမ္မနိမိတ် ဂတိနိမိတ် အာရုံထင်ပေါ်တယ်၊ အဲဒီ ထင်ပေါ်နေတဲ့ အာရုံနိမိတ်ကို သာယာပြီး စွဲလမ်းပြန်တယ်၊ အဲဒီလို စွဲလမ်းနေရင်း သေသွားတဲ့အခါ ဘဝသစ်ခန္ဓာတွေ ဖြစ်ပေါ်လာ တယ်။ ဒါကြောင့် မြင်ရတဲ့ အဆင်းကို နှစ်သက်လိုချင်တဲ့ တဏှာဖြစ်ရင် ခန္ဓာဝန်ကို လက်ခံတယ် ယူတယ်လို့ဆိုရတယ်။ မြင်ရတဲ့အဆင်းမှာလိုပဲ ကြားရတဲ့အသံကို နှစ်သက်လိုချင်တဲ့ တဏှာဖြစ်ရင် ခန္ဓာဝန်ကို လက်ခံတယ် ယူတယ်လို့ဆိုရတယ်။ မြင်ရတဲ့အဆင်းမှာလိုပဲ ကြားရတဲ့ အသံကို နှစ်သက်လိုချင်ရင်လည်း ခန္ဓာဝန်ကို ယူသည် မည်တာပဲ၊ နံတဲ့ အနံ့၊ စားရတဲ့ အရသာ၊ တွေ့ထိရတဲ့ အတွေ့၊ ကြံသိရတဲ့ စိတ်ကူး အာရုံတွေကို နှစ်သက်လိုချင်ရင်လည်း ခန္ဓာဝန်ကို ယူသည် မည်တာပဲ။ နှစ်သက်လိုချင်တဲ့ တဏှာတစ်ခုတစ်ခုက အကြောင်းညီညွတ်ရင် ဥပါဒါန် ကံဆိုတာတွေ ဖြစ်ပြီး ဘဝသစ် ခန္ဓာဝန်တစ်ခုတစ်ခုကို ဖြစ်စေနိုင်တယ်။ ဒါကြောင့် ယာယံ တဏှာ၊ အကြင် နှစ်သက်သာယာ ဆာလောင်တောင့်တသော တဏှာသည်။ ပေါနောဘဝိကာ၊ တစ်ဖန် ဘဝသစ်ကို ဖြစ်စေတတ်သည်လို့လည်း ဟောထားပါတယ်။ အဲဒီ ဘဝသစ်ကို ဖြစ်စေပုံ အကျယ်ကိုတော့ ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီး ဒုတိယတွဲမှာ ပြထားပါတယ်။ အကျယ်ကို သိချင်ရင် အဲဒီမှာပဲ ကြည့်ကြပေတော့။

နောက်ပြီးတော့ ဒီတဏှာရဲ့ သဘောက နှစ်သက်တပ်စွဲတဲ့ သဘောပဲ၊ ကောင်းတယ်ထင်ရတဲ့ အာရုံဆိုရင် သူက နှစ်သက်တာချည်းပဲ၊ အဝတ်အထည်ကို ဆိုးတဲ့ဆေးရည်များဟာ ထိရာထိ

http://www.dhammadownload.com



ရာကို စွဲစွဲသွားသလို ဒီတဏှာကလည်း ထိရာထိရာ အာရုံကို စွဲစွဲသွား တတ်တယ်။ ကိုယ်နဲ့ဆိုင်သည်ဖြစ်စေ မဆိုင်သည်ဖြစ်စေ ကိုယ့်အရာ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ သူက စွဲစွဲသွားတတ်တယ်။ မြင်ရာကလည်း စွဲတာပဲ၊ ကြားရာ, နံရာ, စားရာ, ထိရာ, ကြံမိရာ ကလည်းစွဲတာပဲ။ ဒါကြောင့် နန္ဒိရာဂသဟဂတာ၊ နှစ်သက်ခြင်း တပ်စွဲခြင်းနှင့်တကွ ဖြစ်သည်လို့လည်း ဟောထားပါတယ်။

## တဏှာက ရောက်ရာမှာ ပျော်တယ်

နောက်ပြီးတော့ ဒီတဏှာက ရောက်ရာဌာန ရရာအာရုံမှာ နှစ်သက်ပြီး ပျော်နေတတ်တယ်။ သူက ပျင်းရိငြီးငွေ့ခြင်း မရှိဘူး၊ အထက်တန်းကျတဲ့ ဘဝအခြေအနေကနေပြီး ကြည့်မယ်ဆိုရင် အောက်တန်းကျတဲ့ ဘဝအခြေအနေကို အလိုမရှိဘူး၊ ပျင်းရိ ငြီးငွေ့ စရာလို့ ထင်ရတယ်၊ ရွံစရာ ကြောက်စရာလို့လည်း ထင်ရတတ် တယ်။ ဒါပေမယ့် အဲဒီလိုယုတ်ညံ့တဲ့အဆင့်အတန်း ဘဝအခြေအနေ ရောက်သွားတဲ့အခါကျတော့ သူ့ဟာနဲ့သူ နေသာထိုင်သာ ပျော်စ ရာဖြစ်ပြီး ပျော်သွားတော့တာပဲ။ လူတွေအနေနဲ့ ကြည့်မယ်ဆိုရင် မြွေရဲ့ကိုယ်ကြီးတွေ၊ ပိုးကောင်တွေရဲ့ ကိုယ်တွေဟာ သိပ်ရွံစရာ ကြောက်စရာကောင်းတာပဲ၊ အဲဒီမြွေကိုယ်၊ ပိုးကောင်ကိုယ်ထဲမှာ ဝင်ဖြစ်နေရမယ်ဆိုရင် သိပ်ရွံစရာ ကြောက်စရာကောင်းတာပဲ။ ဒါပေ မယ့် ကံအားလျော်စွာ အဲဒီဘဝမျိုးရောက်သွားတော့ သူ့ဟာနဲ့သူ သာယာစရာ ဖြစ်ပြီး ပျော်မွေ့သွားတာပဲ၊ အဲဒါဟာ တဏှာဆိုတဲ့ တရားက ရောက်ရာဌာန၊ ရရာအာရုံမှာ နှစ်သက်ပျော်မွေ့တတ်တဲ့ သဘောရှိနေလို့ပါပဲ။ ဒါကြောင့် မြတ်စွာဘုရားက ဒီတဏှာကို တတြတတြာဘိနန္ဒိနီ၊ ထိုထိုရောက်ရာဘဝ, ရရာအာရုံ၌ နှစ်သက်

http://www.dhammadownload.com



ပျော်မွေ့လေ့ရှိတယ်လို့လည်း ဟောထားပါတယ်။ အဲဒါကို စမ္ပေယျ နဂါးမင်းဝတ္ထု၊ ဥပရိမိဖုရားဝတ္ထုတို့ဖြင့် ထင်ရှားသိနိုင်ပါတယ်။

## စမ္ပေယျနဂါးမင်း ဝတ္ထု

ဘုန်းကြီးတို့၏ ဘုရားအလောင်းတော်ဟာ တစ်ခုသော ဘဝတုန်းက စမ္ပာမြစ်အနီးအရပ်၌ ဆင်းရဲသားတစ်ယောက်ဖြစ် ခဲ့တယ်။ အဲဒီအခါတုန်းက အင်္ဂနှင့် မဂဓ နှစ်တိုင်းကို အုပ်စိုးတဲ့ မင်းက စမ္ပာမြစ်မှာ ကြီးစိုးနေတဲ့ စမ္ပေယျနဂါးမင်းကို တစ်နှစ်တစ်ကြိမ် တိုင်းသူပြည်သားများနှင့်တကွ အကြီးအကျယ်ပူဇော်ပွဲပြုလုပ်တယ်။ စမ္ပေယျနဂါးမင်းကလည်း လူ့အသွင်ဖန်ဆင်းထားတဲ့ နဂါးပရိသတ် နှင့်တကွ ထင်ရှားပြပြီး တခမ်းတနား ပူဇော်ခံသတဲ့။ အဲဒါဟာ ယခု ခေတ် တချို့လူတွေအနေနဲ့ဆိုရင်တော့ ယုတ္တိမရှိဘူးလို့ ဆိုချင်လည်း ဆိုပေလိမ့်မယ်။ ဒါပေမယ့် ယခုခေတ်မှာပဲ တချို့လူတွေဟာ ဥစ္စာ စောင့်တွေနဲ့ တွေ့ကြရပုံကို ထောက်ဆကြည့်ရင်တော့ တစ်ရံတစ်ခါ ဖြစ်နိုင်တယ်လို့ ဆိုဖွယ်ရာရှိပါတယ်။ ဘာကြောင့်လဲဆိုရင် ရှေးရှေး တုန်းက မဖြစ်ဖူးခဲ့တဲ့ မီးရထား၊ မော်တော်ကား၊ လေယာဉ်ပျံ၊ ဒုံးပျံ စသည်တွေဟာ ယခုခေတ်မှာ အထူးအဆန်းဖြစ်ပေါ်လာကြသလို ဟိုရှေးခေတ်တုန်းကလည်း ယခုခေတ်မှာ မဖြစ်တာတွေ တစ်ရံတစ် ခါ ထူးထူးဆန်းဆန်းဖြစ်နိုင်တယ်လို့ ယူသင့်ပါတယ်။

အဲဒီ နဂါးမင်းပူဇော်ပွဲမှာ အခြွေအရံတွေနှင့်တကွ စမ္ပေ ယျနဂါးမင်းကို လူ့ပုံသဏ္ဌာန်နှင့် ခမ်းနားတင့်တယ်စွာ မြင်ရတဲ့အ တွက် ဘုရားအလောင်း ဆင်းရဲသားက အဲဒီနဂါးမင်း၏ စည်းစိမ် ကို တောင့်တပြီးတော့ ပေးလှူတယ်၊ သီလစောင့်တယ်၊ ဒါကြောင့် ဘုရားအလောင်းဟာ အဲဒီဘဝက သေတဲ့အခါ စမ္ပေယျနဂါးမင်း၏ ပလ္လင်ပေါ်မှာ ဥပပါတ်နဂါးကြီး ဖြစ်သွားတယ်၊ နဂါးဆိုတာ စင်စစ်

http://www.dhammadownload.com



မှာတော့ မြွေဘဲ၊ လူစင်စစ်က မြွေကြီးဖြစ်ရတယ်ဆိုတော့ ကြောက်စရာ ရွံစရာကြီးပေါ့။ ဒါကြောင့် ဘုရားအလောင်းက နဂါးဖြစ်ခါစမှာ သူ့ကိုယ်သူကြည့်ပြီး ရွံရှာစက်ဆုပ်တယ်၊ ငါပြုခဲ့တဲ့ ဒါန၊ သီလကုသိုလ်ကံတွေဟာ စတုမဟာရာဇ်, တာဝတိံသာ, ယာမာ, တုသိတာ, နိမ္မာနရတိ, ပရနိမ္မိတဝသဝတ္တီဆိုတဲ့ နတ်ပြည် ၆-ထပ် ရှိတဲ့အနက်က ဘယ်ဘုံမှာမဆို ဖြစ်စေနိုင်တယ်၊ ဒါပေမယ့် ငါက ဒီနဂါးမင်းစည်းစိမ်ကို တောင့်တမိလို့ ဒီမြွေတိရစ္ဆာန်ဘဝမှာ ဖြစ်ရတယ်၊ ဒီမြွေတိရစ္ဆာန်အဖြစ်နဲ့ အသက်ရှင်နေရတာထက် သေရတာက ကောင်းသေးတယ်လို့ သေဖို့ရာ ကြံစည်မိတယ်။

အဲဒီအခါ သုမနာဆိုတဲ့ နဂါးမကလေးက အခြားနဂါးမတွေကို ဖျော်ဖြေဖို့ တိုက်တွန်းလိုက်တယ်၊ နဂါးမတွေက အကုန်လုံး လှပတင့်တယ်တဲ့ နတ်သမီးအသွင် ဖန်ဆင်းပြီး တူရိယာအမျိုးမျိုး တီးမှုတ်ပြီး သီဆိုကခုန်လျက် ဖျော်ဖြေကြတယ်၊ အဲဒီလို နတ်သမီးအသွင်နဲ့ တီးမှုတ်ကခုန်လျက် ဖျော်ဖြေကြတာကို မြင်ရတော့ ဘုရားအလောင်း စမ္ပေယျနဂါးမင်း၏ စိတ်မှာ အဲဒီနဂါးတို့၏ ဌာနကို သိကြားမင်း၏ ဘုံဗိမာန်လို့ထင်ပြီး ပျော်မွေ့သွားသတဲ့၊ အဲဒါနဲ့ သူလည်း နတ်အသွင်ဖြင့် ပြောင်းပြီး နဂါးမတွေနဲ့အတူ တပေါင်းတည်း ဖြစ်ပြီး ပျော်သွားပါရောတဲ့။

ဒါပေမယ့် ဘုရားအလောင်းဆိုတော့ သတိတရားက ရလွယ်ပါတယ်။ ဒါကြောင့် နောက်တစ်ချိန်မှာတော့ နဂါးဘဝက လွတ်မြောက်ပြီး လူ့ဘဝရောက်ရအောင်၊ လူ့ဘဝရောက်ပြီး ဒါန, သီလ အစရှိသော ပါရမီတွေကို ဖြည့်ကျင့်နိုင်အောင် ရည်ရွယ်ပြီး လူ့လောက တောအရပ်မှာ လာပြီး ဥပုသ်သီလကို စောင့်သုံးပါသေးတယ်။

http://www.dhammadownload.com



ဒီစမ္မေယျနဂါးမင်း ဝတ္ထုမှာ ပြောလိုရင်းကတော့ လူ့အမြင်နဲ့ကြည့်ရင် မြွေနဂါးကိုယ်ကြီးဟာ ကြောက်စရာလည်းကောင်းတယ်, ရွံစရာလည်းကောင်းတယ်၊ ဘုရားအလောင်းလည်း နဂါးဖြစ်ခါစမှာ အဲဒီနဂါးဘဝကို ရွံရှာစက်ဆုပ်တယ်၊ ဒါပေမယ့် နောက်မကြာခင်ဘဲ နဂါးမတွေ ဖျော်ဖြေတာကို မြင်ရတော့ အဲဒီဖြစ်ရာဘဝမှာ နတ်ဘဝလိုပဲ ပျော်မွေ့သွားတယ်ဆိုတာကို ပြောလိုရင်းပါပဲ။ အဲဒီလို ရောက်ရာဘဝမှာ ပျော်မွေ့သွားတာလည်း တခြားကြောင့်မဟုတ်ဘူး၊ ထိုထိုဘဝ ထိုထိုအာရုံမှာ နှစ်သက်ပျော်မွေ့တတ်တယ်ဆိုတဲ့ တဏှာကြောင့်ပဲ၊ နောက်ပြီးတော့ ဘုရားအလောင်းဟာ ဆင်းရဲသားဘဝတုန်းက စမ္မေယျနဂါးမင်းစည်းစိမ်ကို နှစ်သက်လိုချင်ခဲ့ တယ်၊ အဲဒီနှစ်သက်လိုချင်မှုကြောင့် နဂါးဘဝ ခန္ဓာဝန်ကို ရတာပဲ။ ဒါကြောင့် နှစ်သက်လိုချင်တဲ့ တဏှာဖြစ်ရင် ဘဝသစ်ခန္ဓာဝန်ကို ခံယူသည်မည်တယ် ဆိုတာကိုပဲ ဒီဝတ္ထုမှ အထူးကောက်နုတ်ပြီး မှတ်ထားကြရမယ်။

## ဥပရိမိဖုရားဝတ္ထု

ဥပရိမိဖုရားဝတ္ထုကတော့ ရှေးက ကာသိတိုင်း ပါဋလိမြို့မှာ အဿကဆိုတဲ့မင်းက စိုးစံနေခဲ့တယ်။ အဲဒီအဿကမင်းရဲ့ အဂ္ဂမဟေသီမိဖုရားကြီးက ဥပရိအမည်ရှိတယ်၊ ရုပ်ရေ ရူပကာယ အင်မတန် လှပတင့်တယ်တယ်လို့ ဆိုပါတယ်။ ရှေးက ဘုရင်မင်းများဟာ တိုင်းပြည်မှာ အလှဆုံး အမျိုးသမီးကို ရွေးကောက်ပြီး မိဖုရားတင်မြှောက်တတ်ကြပါတယ်။ ဒါကြောင့် မိဖုရားဆိုရင် ရုပ်အဆင်းလှပတင့်တယ်တာကပဲ များပါတယ်။ ဒီဥပရိမိဖုရားကတော့ အထူးသဖြင့် လှပတင့်တယ်တယ်လို့ ဆိုပါတယ်။ ဘုရင်မင်းမြတ်က လှပတဲ့

http://www.dhammadownload.com



အတွက် အလွန်ပဲ ချစ်မြတ်နိုးနေပါသတဲ့။ အဲဒီလို အလွန်လှပတင့်တယ်ပြီး ဘုရင်ကလည်း အလွန်ချစ်မြတ်နိုးနေတဲ့ ဥပရိမိဖုရားဟာ လှပတင့်တယ် အရွယ်ကောင်းတုန်း နတ်ရွာစံသွားရှာသတဲ့။ နတ်ရွာစံတယ်ဆိုတာကတော့ မင်းတို့ မိဖုရားတို့ သေရင် ပြောဆိုရတဲ့ မြန်မာ့ယဉ်ကျေးမှု စကားလုံးမျှပါပဲ၊ ရဟန်းတော်များ သေတော့ ပျံတော်မူတယ်လို့ ပြောရတယ်။ ယဉ်ကျေးမှု ဝေါဟာရမျှပါပဲ၊ သေတဲ့သူကတော့ သူ့ကံအားလျော်စွာ ဘဝသစ်မှာ ဖြစ်ရတာပါပဲ။ ဒီဥပရိမိဖုရားဆိုရင် ယဉ်ကျေးမှုအရ နတ်ရွာစံတယ်လို့ ဆိုရပေမယ့် တကယ်စံတာကတော့ နတ်ရွာမဟုတ်ပါဘူး၊ နွားချေးပိုးရွာ ဖြစ်နေပါတယ်။

အဲဒီလို အလွန်ချစ်မြတ်နိုးတဲ့မိဖုရား နတ်ရွာစံသွားတော့ အဿကဘုရင်မင်းကြီးမှာ အလွန်အမင်း သောက ပရိဒေဝမီးတွေ တောက်လောင်နေပါတယ်၊ မိဖုရားရဲ့အလောင်းကို မှန်ခေါင်းထဲမှာ ဆီနဲ့စိမ်ပြီး သူ့ခုတင်အောက်မှာ ထားစေတယ်၊ ထမင်းတောင် မစားနိုင်ဘဲ လွမ်းဆွတ်ပူဆွေး ငိုကြွေးတမ်းတပြီး အဲဒီခုတင်အပေါ်မှာပဲ လျောင်းစက်ပြီး အိပ်နေသတဲ့။ မိဘတွေ, ဆွေမျိုးတွေ, ပညာရှိအမတ်တွေက သခၤါရသဘော အနိစ္စသဘောကို ဘယ်လိုပင် ဟောသော်လည်း သတိတရား မရနိုင်ဘဲရှိနေသတဲ့။ ခေါင်းထဲက အလောင်းက ဆီစိမ် ထားတယ်ဆိုတော့ မပုပ်မပျက်ဘဲ ရှိနေဟန်တူပါတယ်၊ သခုကာလမှာ ဆေးရည်စိမ်ထားတဲ့ အလောင်းများလိုနေမှာပေါ့၊ အဲဒီတော့ ခေါင်းထဲမှာ လျောင်းအိပ်နေတာလို ထင်ရပေလိမ့်မယ်၊ အဲဒီအလောင်းကို ကြည့်လိုက် ငိုကြွေးမြည်းတမ်းလိုက်နဲ့ သောက ပရိဒေဝမီးတွေ တောက်လောင်နေတာ ခုနစ်ရက်တောင် ရှိသွားပါသတဲ့။

http://www.dhammadownload.com



အဲဒီအခါမှာ ဘုရားအလောင်းတော်က ဟိမဝန္တာတော အရပ်မှာ စျာန်အဘိညာဉ်ရတဲ့ ရသေ့ကြီး ဖြစ်နေပါတယ်။ အဲဒီ ဘုရားအလောင်း ရသေ့ကြီးက လောကကို ကြည့်လိုက်တဲ့အခါ ဒီ အဿကမင်း အတိဒုက္ခရောက်နေတာကိုလည်း မြင်ရတယ်။ မိမိမှ တစ်ပါး မည်သူမျှ ဒီမင်းကို မကယ်နိုင်ဘူး ဆိုတာကိုလည်း သိရတယ်။ ဒါကြောင့် ဘုရားအလောင်းရသေ့ကြီးဟာ စျာန်အဘိညာဉ်ဖြင့် အဿကမင်း၏ ဥယျာဉ်သို့ ကြွလာတယ်။ အဲဒီအခါ ပါဋလိမြို့ထဲ က ပုဏ္ဏားလုလင်တစ်ယောက် ဘုရားအလောင်း ရသေ့ကြီးထံ ရောက်လာတာနဲ့ ရသေ့ကြီးက အဿကမင်းအကြောင်းကို မေး တယ်။ ပုဏ္ဏားလုလင်က အဿကမင်း သောကပရိဒေဝမီး အကြီး အကျယ်တောက်လောင်နေပုံကို ပြောပြီးတော့ အဿကမင်းအား ဟောပြောကယ်တင်ဖို့ရန် ပြောပါတယ်။ အဲဒီတော့ ရသေ့ကြီးက အဿကမင်းကို ငါတို့က မသိဘူး၊ အကယ်၍ ငါတို့ထံလာပြီး မေးလျှင်တော့ သူ့မိဖုရားကြီး ဖြစ်ရာဘဝကို ပြောနိုင်ပါတယ်လို့ ပြောလိုက်တယ်။ အဲဒီအခါ ပုဏ္ဏားလုလင်က မင်းကြီးထံသွားပြီး "အရှင်မင်းကြီး၊ ဥယျာဉ်တော်မှာ အကြားအမြင်ပေါက်တဲ့ ဒိဗ္ဗစက္ခု ရှင်ရသေ့ကြီးတစ်ပါး ရောက်နေတယ်၊ ဥပရိမိဖုရားကြီး ဖြစ်ရာဘဝ ကိုလည်း သိပါသတဲ့၊ ပြလည်း ပြနိုင်ပါသတဲ့၊ အဲဒီရှင်ရသေ့ကြီးထံ သွားဖို့ ကောင်းပါတယ်"လို့ မင်းကြီးအား ပြောကြားတယ်။

ဥပရိမိဖုရားကြီးကို ပြနိုင်သတဲ့လို့ ကြားရတော့၊ အဿက မင်းကြီးဟာ အားရဝမ်းသာဖြစ်ပြီးတော့ ရထားစီးပြီး ဘုရားအ လောင်းရှိရာ ဥယျာဉ်တော်သို့လာတယ်၊ ရှိသေစွာရှိခိုးပြီး အရှင် ရသေ့ကြီး၊ ဥပရိမိဖုရား ဖြစ်ရာဘဝကို သိတယ်ဆိုတာ ဟုတ်ပါ သလားလို့မေးတယ်။ ဟုတ်ကြောင်း ရသေ့ကြီးက ပြောတယ်။ ဘယ်

http://www.dhammadownload.com



မှာဖြစ်ပါသလဲလို့ မေးပြန်ပါတယ်။ ဒီတော့ ရှင်ရသေ့ကြီးက-

မင်းကြီး၊ သင်၏ မိဖုရားကြီး ဥပရိဟာ ရုပ်အဆင်းကိုသာ နှစ်သက်သာယာပြီး မာန်ယစ်နေတယ်၊ ရုပ်အဆင်းလှပဖို့သာ တသသနှင့် ဂရုစိုက်ပြုပြင်နေတယ်၊ ဒါန, သီလ အစရှိတဲ့ကုသိုလ်ကောင်းမှုတို့ကို ပြုဖို့ရာ မေ့လျော့နေတယ်၊ အဲဒီလို ကုသိုလ်ကောင်းမှုအလုပ်မှာ မေ့လျော့ပြီး မာန်ယစ်နေတဲ့အတွက် သေသည့်နောက်မှာ ယုတ်ညံ့တဲ့ဘ၀ ရောက်သွားရရှာတယ်၊ ဒီဥယျာဉ်တော်ထဲမှာ နွားချေးပိုးမ ဖြစ်နေရှာတယ်လို့ ရှင်ရသေ့ကြီးက အမှန်အတိုင်း ထုတ်ဖော်ပြီးပြောတယ်။

ပစ္စည်းဥစ္စာဖြစ်စေ၊ ဆွေမျိုးဖြစ်စေ၊ ပညာဖြစ်စေ၊ ရာထူးဖြစ်စေ၊ အရုပ်အဆင်းဖြစ်စေ၊ သူများထက် ထူးချွန်ရင် အဲဒါကို အကြောင်းပြုပြီး မာန်မာနကြီးတတ်တယ်၊ မာန်မာနကြီးပြီး ကုသိုလ်ကောင်းမှုပြုဖို့ မေ့နေတတ်တယ်၊ သူတစ်ပါးကို ရှိသေကိုင်းရှိုင်းရမှန်း မသိဘဲဖြစ်နေတတ်တယ်။ အဲဒီလို မာနကြီးတဲ့သူဟာ ယုတ်ညံ့တဲ့ဘ၀ ကို ရောက်တတ်ကြောင်း စူဠကမ္မဝိဘင်္ဂသုတ်မှာလည်း မြတ်စွာဘုရား က ဟောထားပါတယ်။ အဲဒါကို ဘုန်းကြီးက"မာန ကြီးက၊ မျိုးညံ့ရ၊ နှိမ်ချ မျိုးမြတ်သည်"လို့ ဆောင်ပုဒ်စီထားပါတယ်။ အဲဒါကို ဆိုကြရမယ်။

**မာနကြီးက၊ မျိုးညံ့ရ၊ နှိမ်ချ မျိုးမြတ်သည်။**

မာနကြီးပြီး ရှိသေထိုက်တဲ့သူကို မရှိမသေပြုလျှင် အမျိုးညံ့မှာ ဖြစ်တတ်တယ်။ မာန်မာနနှိမ်ချပြီး ရှိသေထိုက်တဲ့သူကို ရှိသေလျှင် အမျိုးမြတ်မှာ ဖြစ်တတ်တယ်လို့ ဆိုလိုပါတယ်။ မရှိမသေ၊ မျိုးညံ့ချေ၊ ရှိသေမျိုးမြတ်သည်-လို့ ဒီလိုလည်း ဆိုနိုင်ပါတယ်။ ယခုပြောနေတဲ့

http://www.dhammadownload.com



ဥပရိမိဖုရားကြီးမှာ ရုပ်အဆင်းကလည်း လှပပြီး အဆင့်အတန်းကလည်း အဂ္ဂမဟေသီ မိဖုရားကြီးဆိုတော့ မာန်ယစ်ပြီး ရှိသေထိုက်တဲ့ သူတွေကို မရှိမသေပြုတဲ့ အကုသိုလ်ကြောင့် ယုတ်ညံ့တဲ့ နွားချေးပိုး ဖြစ်ရရှာတယ်လို့ ယူဖွယ်ရာရှိပါတယ်။

အဲဒီလို နွားချေးပိုးမ ဖြစ်ရတဲ့အကြောင်းကို ကြားရတော့ အဿကမင်းကြီးက နာဟံ သဒ္ဒဟာမိ ၊ ကျွန်ုပ်မယုံပါ-လို့ ငြင်းပယ်ပါတယ်။

ဒါဖြင့် ပိုးမကိုပြပြီး စကားပြောစေမယ်လို့ ရသေ့ကြီးက ပြောတယ်။

ကောင်းပါပြီ ပြောပါစေလို့ မင်းကြီးက ဆိုတယ်။

အဲဒီအခါ ဘုရားအလောင်း ရသေ့ကြီးက ပိုးဖိုနှင့် ပိုးမ နှစ်ဦးစလုံး အဿကမင်း၏ ရှေ့သို့ထွက်လာကြစေလို့ အဘိညာဉ်ဖြင့် အမိန့်ပြုလိုက်ပါတယ်။ ပိုးဖိုနှင့်ပိုးမ နွားချေးပုံထဲက ထွက်ပြီး မင်းကြီးရှေ့ရောက်လာတဲ့အခါ ရသေ့ကြီးက-

မဟာရာဇ၊ မင်းကြီး။ အယံ၊ နောက်မှလိုက်လာသော ဤ ပိုးမသည်။ တေ၊ သင်၏။ ဥပရိဒေဝီ၊ ဥပရိမည်သော မိဖုရားကြီး ပေတည်း။ တံ ဇဟိတွာ၊ သင်မင်းကြီးကို စွန့်၍။ ဂေါမယပါဏကဿ၊ နွားချေးပိုးဖို၏။ ပစ္ဆတော ပစ္ဆတော၊ နောက်မှ နောက်မှ။ ဂစ္ဆတိ၊ လိုက်သွားနေ၏။ နံ၊ ထိုဥပရိမိဖုရားကြီးမှ ဖြစ်လာသော ပိုးမကို။ ပဿ၊ သေသေချာချာကြည့်ပါလော့- လို့ပြောပြပါတယ်။

ဒီတော့ မင်းကြီးက အရှင်ဘုရား၊ အင်မတန် လိမ္မာရေးခြားရှိနေတဲ့ ဥပရိမိဖုရား စင်စစ်က ဒီလိုနွားချေးပိုးမ ဖြစ်တယ်ဆိုတာ ကျွန်ုပ်မယုံကြည်နိုင်ပါဘူးလို့ ငြင်းဆိုပြန်တယ်။ ဟုတ်တယ်၊ ကံ ကံ၏ အကျိုးပေးပုံကို ကောင်းကောင်းမယုံကြည်တဲ့သူ၊ ပဋိစ္စသမုပ္ပါဒ်

http://www.dhammadownload.com



အကြောင်းအကျိုး ဆက်သွယ်ပုံကို သဘောမပေါက်တဲ့သူ့ အဲဒီလို ပုဂ္ဂိုလ်အဖို့မှာဆိုရင် လူစင်စစ်က ဒီလိုပိုးကောင်ဖြစ်သွားတယ် ဆိုတာ ယုံကြည်ဖို့ခက်ပေလိမ့်မယ်။ ယခုခေတ် ဗုဒ္ဓတရားတော်တွေ အင်မတန်ထင်ရှားနေတဲ့ ခေတ်ထဲမှာတောင် လူသေရင် လူထက် ယုတ်ညံ့တဲ့ဘဝ မဖြစ်နိုင်တော့ဘူးလို့ ယုံကြည်ယူဆတဲ့သူတွေ ရှိနေ သေးတာပဲ၊ ဘုရားတရားတော်ကို မကြားမနာရတဲ့ အဲဒီသာသနာပ အခါကာလမှာဆိုတော့ မယုံကြည်နိုင်ဘဲလည်း ရှိပေမှာပဲ။ ဒါပေမယ့် ဗုဒ္ဓမြတ်စွာဘုရား ဟောထားတဲ့ တရားတော်အရ ဆိုရင်တော့ အရိယာအဖြစ် မရောက်သေးတဲ့သူဟာ လူ့ဘဝမှလည်း အပါယ်လေးဘုံကို ရောက်နိုင်တာပဲ၊ နတ်ဘဝနတ်မင်းကြီးဘဝမှ လည်း အပါယ်လေးဘုံကို ရောက်နိုင်တာပဲ၊ အကုသိုလ်ကံနဲ့ သေခါနီး နှလုံးသွင်းမှု အားလျော်စွာ အပါယ်သတ္တဝါမျိုးထဲမှာ ဖြစ်သွားနိုင်တာ ပဲ၊ ကုသိုလ်ကံနဲ့ သေခါနီးမှာ နှလုံးသွင်းကောင်းရင်တော့ ဘယ်လို ယုတ်ညံ့တဲ့ ဘဝကပေမယ့် လူ့ဘဝ, နတ်ဘဝ မြင့်မြတ်တဲ့ဘဝ တွေကို ရောက်သွားနိုင်တာပဲ။ ဒီနေရာမှာ အရှင်တိဿဆိုတဲ့ ရဟန်းတော်က သေခါနီးမှာ သင်္ကန်းကို စွဲလမ်းပြီး သေသွားလို့ အဲဒီသင်္ကန်းမှာပဲ သန်းဖြစ်ရတယ်၊ မြတ်စွာဘုရားရဲ့ တရားတော်ကို နာနေရင်း သေသွားတဲ့ ဖားသတ္တဝါက တာဝတိံသာမှာ နတ်သားဖြစ်ရတယ် ဆိုတာတွေဟာ သက်သေသာဓကတွေပါပဲ။ ဒါပေမယ့် အဲဒီမင်းကြီး က ဒီလိုတရားတွေကို ကြားနာရဖူးတာ မဟုတ်တဲ့အတွက် မယုံနိုင် ဘူးလို့ ငြင်းနေပါတယ်။

ဒီတော့ ရှင်ရသေ့ကြီးက ကဲ-ဒါဖြင့် ဒီပိုးမကို စကားပြော စေမယ်လို့ ပြောပါတယ်။ ပြောပါစေလို့ မင်းကြီးက ဆိုပါတယ်။

အဲဒီအခါ ရှင်ရသေ့ကြီးက မိမိပြောတဲ့စကားကို ပိုးမနား

http://www.dhammadownload.com



လည်အောင်၊ ပိုးမက ပြန်ပြောတဲ့စကားကိုလည်း မင်းကြီးနှင့်တကွ ပရိသတ်ပါ ကြားပြီး နားလည်အောင် အဘိညာဉ်တန်ခိုးဖြင့် အမိန့်ရှိပြုပြီး-

ဟဲ့ - ပိုးမ၊ သင်ဟာ ရှေးဘဝတုန်းက ဘယ်သူဖြစ်သလဲလို့ မေးလိုက်ပါတယ်။

အဿကမင်းကြီး၏ အဂ္ဂမဟေသီမိဖုရားကြီး ဥပရိဖြစ်ခဲ့ပါတယ် ဘုရားလို့ ပိုးမက ပြန်ပြောတယ်။

ဘယ့်နှယ်လဲ၊ သင်ဟာ ယခုအဿကမင်းကြီးကိုပဲ ချစ်သလား၊ သို့မဟုတ် နွားချေးပိုးဖိုကိုပဲ ချစ်သလားလို့ ရှင်ရသေ့က မေးပါတယ်။

ဒီတော့ နွားချေးပိုးမက အရှင်ဘုရား၊ ဟိုအဿကမင်းဆိုတာကတော့ တပည့်တော်မရဲ့ ရှေးဘဝက ခင်ပွန်းလင် ဖြစ်ခဲ့ပါတယ်၊ အဲဒီအခါတုန်းကတော့ ဒီဥယျာဉ်တော်ထဲမှာ တပည့်တော်မဟာ အဿကမင်းနှင့် တူနှစ်ကိုယ်ယှဉ်တွဲပြီး ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ဆိုတဲ့ ကာမဂုဏ်အာရုံတွေ ခံစားကာ လှည့်လည်ခဲ့ဖူးလှပါပြီ။ သို့သော်လည်း ယခုအခါမှာတော့ ဘဝအသစ်ရောက်နေတဲ့အတွက် အဲဒီအဿကမင်းဟာ တပည့်တော်မနှင့် ဘာမျှမစပ်မဆိုင်တော့ပါဘူးလို့ ပြန်ပြောပါသတဲ့။ နောက်ပြီးတော့ အဲဒီအဖြေကထာက ဒီလိုတောင်ပြောတယ်လို့ ပြောဆိုထားပါတယ်၊ ဆိုပုံကတော့ သူ့မူရင်းအတိုင်း ပါဠိနှင့်အနက် ရွတ်ပြရမယ်။

အဟံ၊ တပည့်တော်မသည်။ ဣဒါနိ၊ ယခုအခါ၌။ အဿကရာဇာနံ မာရေတွာ၊ အဿကမင်းကို သတ်၍။ တဿ ဂလလောဟိတေန၊ ထိုမင်း၏ လည်ချောင်းသွေးဖြင့်။ မယှံ သာမိကဿ၊ တပည့်တော်မ၏ ယခုဘဝ ချစ်လင်ဖြစ်သော။ ဂေါမယပါဏကဿ၊ နွားချေးပိုးဖို၏၊ ပါဒေ၊ ခြေတို့ကို။မက္ခေယျံ၊ လိမ်းသုတ်ပေးချင်ပါ

http://www.dhammadownload.com



သေးတယ် အရှင်ဘုရားလို့တောင် ရင့်ရင့်သီးသီးဖွင့်ပြောလိုက်ပါ သေးသတဲ့။

အဲဒီလို ပြောတယ်ဆိုတာကတော့ ရင့်သီးလွန်းအားကြီးတယ် လို့ ထင်စရာပဲ၊ ဒါပေမယ့် သူ့မောင်တော်လင် ပိုးဖိုရှေ့ ပြောရ တာဆိုတော့ အဲဒီပိုးဖိုသဘောကျအောင်လို့ ပြောရတာလည်း ဖြစ်နိုင် ပါတယ်၊ နောက်ပြီးတော့ သတ္တဝါတွေဟာ ဘဝဟောင်း, ဘဝသစ် ခြားတာကို ထားဦးတော့၊ တစ်ဘဝထဲမှာတောင် အဆင်မပြေလို့ ကွဲကွာပြီး အိမ်ထောင်အသစ်ဖြစ်နေကြတယ်ဆိုရင် အလျှင်က အဟောင်းဖြစ်တဲ့လင့်အပေါ်၊ မယားအပေါ်မှာ ငဲ့ကွက်ခြင်းမရှိဘဲ၊ အသစ်ပေါ်မှာသာ အလေးပြုလေ့ရှိကြတယ်ဆိုတာ သက်သေသာဓ က အများကြီး ရှိနေတာပဲ၊ ဒါကြောင့် အဲဒီ အဋ္ဌကထာစကားလည်း အသင့်ယုတ္တိရှိပါတယ်၊ ဇာတ်ပါဠိတော်မှာတော့ ပိုးမပြောပုံကို ဒီလို ဆိုထားပါတယ်။

အယမသ္သကရာဇေန၊ ဒေသော ဝိစရိတော မယာ။
အနုကာမာယ ကာမေန၊ ပိယေန ပတိနာ သဟ။

ဘန္တေ၊ အရှင်ရသေ့ကြီးဘုရား။ အယံ ဒေသော၊ ဤဥယျာဉ် တော်အရပ်ဒေသကို။ အနုကာမာယ၊ အဿကမင်းကို ချစ်မြတ်နိုး သော။ မယာ၊ အကျွန်ုပ်သည်။ ကာမေန၊ အကျွန်ုပ်ကို ချစ်မြတ်နိုး သော။ ပိယေန ပတိတာ၊ ထိုစဉ်အခါက ချစ်လင်ဖြစ်သော။ အဿ ကရာဇေန သဟ၊ အဿကမင်းနှင့်အတူတကွ။ ဝိစရိတော၊ အကြိမ် များစွာ လှည့်လည်ကာ ပျော်ပွဲခံခဲ့ဖူးလှပါပြီ။

နဝေန သုခဒုက္ခေန၊ ပေါရာဏံ အပိဓိယတိ။
တသ္မာ အဿကရညာဝ၊ ကီဋော ပိယတရော မမ။

နဝေန၊ အသစ်ဖြစ်သော။ သုခဒုက္ခေန၊ ချမ်းသာနှင့်ဆင်း

http://www.dhammadownload.com



ရဲက။ ပေါရာဏံ၊ ဘ၀ဟောင်းကို။ ဝါ၊ ချမ်းသာ ဆင်းရဲအဟောင်းကို။ အပိဓိယတိ၊ ပိတ်ဖုံးအပ်ပါသည်ဘုရား။ တသ္မာ၊ ထိုသို့ ချမ်းသာဆင်းရဲအသစ်က ချမ်းသာဆင်းရဲဟောင်းတွေကို ဖုံးကွယ်သွားသောကြောင့်။ ကီဒ္ဓေ၀၊ လက်ရှိလင်ဖြစ်သော ပိုးဖိုကိုသာလျှင်။ အဿကရညာ၊ အဿကမင်းထက်။ မမ၊ အကျွန်ုပ်သည်။ ပိယတရော၊ သာ၍ချစ်အပ်ပါတော့သည် အရှင်ဘုရားလို့ ပိုးမက ပြန်ပြီး ဖြေကြားလိုက်ပါသတဲ့။

ဒီမှာလည်း အဋ္ဌကထာက ပိယတရော = သာ၍ချစ်အပ်ပါသည်လို့ဆိုရာမှာ သတဂုဏေန **သဟဿ**ဂုဏေန =အဆတစ်ရာ အဆတစ်ထောင် သာပြီးချစ်တယ်ဆိုတဲ့အကြောင်း အချစ်ဒီဂရီသာနေပုံကို အတိုင်းအဆနဲ့ ဖွင့်ပြထားပါသေးတယ်။

အဲဒီလို နွားချေးပိုးမက ရက်ရက်စက်စက် ရင့်ရင့်သီးသီး ပြောလိုက်တာကို ကြားရတော့ အဿကမင်းကြီးက စိတ်နှလုံးမသာဖြစ်သွားတယ်၊ ငါကတော့ သူ့ကို ချစ်မြတ်နိုးလွန်းလို့ အလောင်းကိုတောင် မစွန့်ရက်ဘဲ ရှိနေတယ်။ သူကတော့ ငါ့အပေါ်မှာ တယ်စိမ်းကားပါကလားလို့ တွေးတောပြီး ဥပရိမိဖုရားကြီးအပေါ်မှာ စိတ်အပျက်ကြီး ပျက်သွားတယ်၊ ဒါကြောင့် အဲဒီနေရာမှာ ထိုင်နေရင်းပဲ ဟော့-ဟိုကောင်မအလောင်းကို ထုတ်ပြီးပစ်လိုက်ကြတော့လို့ အမိန့်ပေးပြီး ရေမိုးချိုးကာ နန်းတော်သို့ ပြန်သွားတယ်၊ အခြားအမျိုးသမီးတစ်ယောက်ကို မိဖုရားကြီးမြှောက်ပြီး တိုင်းပြည်ကို တရားသဖြင့် ခေုပ်ချုပ်သွားပါသတဲ့၊ ဘုရားအလောင်းရသေ့ကြီးလည်း မင်းကို ဆုံးမပြီး ဟိမဝန္တာသို့ ပြန်ကြွသွားပါသတဲ့။

ဒီဝတ္ထုထဲမှာ ပြောလိုရင်းကတော့ ဥပရိမိဖုရားဟာ လူ့ဘ၀တုန်းကတော့ အဲဒီဘ၀ အဲဒီအဖြစ်ကိုပဲ နှစ်သက်သာယာနေခဲ့တယ်။

http://www.dhammadownload.com



နွားချေးပိုးမကိုယ်ထဲမှာ ဝင်ဖြစ်ဖို့ဆိုတာကတော့ စိတ်ကူးလို့တောင် ရမှာမဟုတ်ဘူး၊ ဒါပေမယ့် သူ့ကံအားလျော်စွာ နွားချေးပိုးဘဝ ရောက်သွားတဲ့အခါကျတော့ အဲဒီဘဝနဲ့ အဲဒီခန္ဓာကိုယ်ကို နှစ်သက်သာယာနေတယ်။ နွားချေးပိုးဖိုရဲ့ ကိုယ်ခန္ဓာကို အသဲကမင်းကြီးရဲ့ ကိုယ်ထက်တောင် အဆပေါင်းရာထောင်မကပိုပြီး အထင်ကြီးနေတယ်၊ ချစ်မြတ်နိုးနေတယ်ဆိုတာကို ပြောလိုရင်းပါပဲ၊ ဒါကြောင့် တတြတတြာဘိနန္ဒိနီ၊ ထိုထိုရောက်ရာဘဝ, ရရာအာရုံ၌ နှစ်သက်ပျော်မွေ့လေ့ရှိသည်လို့ ဟောထားတာပဲ။

ခွေးဖြစ်သွားရင် ခွေးဘဝမှာ ပျော်တယ်၊ ဝက်ဖြစ်ရင် ဝက်ဘဝမှာ ပျော်တယ်၊ ကြက်ဖြစ်ရင် ကြက်ဘဝမှာ ပျော်တယ်၊ ပိုးမွှားဖြစ်ရင် အဲဒီဖြစ်ရာဘဝမှာ ပျော်တယ်၊ လူ့ဘဝထဲမှာတောင် တချို့မှာ အထက်တန်းကျတဲ့ လူချမ်းသာရဲ့ သားသမီးဖြစ်နေရာက အကြောင်းအားလျော်စွာ အောက်တန်းကျတဲ့ ဆင်းရဲတဲ့ အခြေအနေမျိုးရောက်နေတာရှိတယ်၊ အဲဒီလိုလူမျိုးကလည်း သူရောက်နေရာ ဘဝအခြေအနေနဲ့ ပျော်နေတာပဲ၊ တချို့များ မိဘတွေက ပြန်ခေါ်လို့တောင် မရဘူး၊ သူ့ဘဝနဲ့သူ ပျော်နေတော့တာပဲ။ အဲဒါတွေဟာ ရောက်ရာဘဝ, ရရာအာရုံ၌ ပျော်မွေ့တယ်ဆိုတဲ့ ဒီတဏှာကြောင့်ပါပဲ။

## တဏှာသုံးပါး

သေယျထိဒံ၊ ဤတဏှာက အဘယ်နည်းဟူမူ။ ကာမ တဏှာ၊ ကာမအာရုံ၌ဖြစ်သော နှစ်သက်သာယာမှု တဏှာကတစ်ပါး။ ဘဝတဏှာ၊ ဘဝ၌ဖြစ်သော နှစ်သက်သာယာမှု တဏှာက တစ်ပါး။ ဝိဘဝတဏှာ၊ ဘဝကင်းပြတ်ခြင်း၌ဖြစ်သော နှစ်သက်သာယာမှု တဏှာကတစ်ပါး။ အယံ၊ ဤတဏှာသုံးပါးကို။ ဘာရာဒါနံ၊ ခန္ဓာဝန်ကို ခံယူခြင်းဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်ပါတယ်တဲ့။

http://www.dhammadownload.com



တစ်ဖန် ဘဝသစ်ကို ဖြစ်စေတတ်တယ်၊ နှစ်သက်တပ်စွဲခြင်း သဘောရှိတယ် ရရာအာရုံ၌ နှစ်သက်ပျော်မွေ့တတ်တယ်ဆိုတဲ့ တဏှာက အမျိုးအစားအားဖြင့် ဘယ်နှမျိုးရှိသလဲ ဆိုရင် သုံးမျိုး ရှိတယ်။ အဲဒီသုံးမျိုးက ဘယ်ဟာတွေလဲဆိုရင် ကာမတဏှာက တစ်မျိုး၊ ဘဝတဏှာက တစ်မျိုး၊ ဝိဘဝတဏှာက တစ်မျိုး၊ ဒီသုံးမျိုးပါပဲ။

## ကာမတဏှာ

အဲဒီသုံးမျိုးထဲက ကာမတဏှာဆိုတာ နှစ်သက်လိုချင်ဖွယ် ဖြစ်တဲ့ အာရုံဝတ္ထုတွေကို နှစ်သက်လိုချင်တဲ့ သဘောပါပဲ။ မိမိ သန္တာန်က အာရုံဖြစ်စေ၊ သူတစ်ပါးသန္တာန်က အာရုံဖြစ်စေ နှစ်သက်လိုချင်စရာအာရုံကို နှစ်သက်လိုချင်ရင် အဲဒါဟာ ကာမတဏှာပဲ။ လှပတင့်တယ်တဲ့ အဆင်းအာရုံကို မြင်ရလို့ နှစ်သက်လိုချင်ရင် ကာမတဏှာပဲ။ အဆင်းအာရုံဆိုပေမယ့် အဆင်းသက်သက်တွင်တော့ မဟုတ်ဘူး၊ အဆင်း၏ တည်ရာဖြစ်တဲ့ မိန်းမ၊ ယောကျ်ား ပုဂ္ဂိုလ်တစ်ယောက်လုံး၊ အင်္ကျီ၊ လုံချည် အစရှိတဲ့ အထည်ဝတ္ထု တစ်ခုလုံးကို သိမ်းကျုံးပြီး နှစ်သက်လိုချင်မှုဖြစ်တယ်။ ထို့အတူ နားဝင်ချိုတဲ့ အသံအာရုံဝတ္ထုတွေ၊ နမ်းရှုလို့ကောင်းတဲ့ အနံ့အာရုံဝတ္ထုတွေ၊ စားလို့ကောင်းတဲ့ အရသာအာရုံဝတ္ထုတွေ၊ စားစရာ သုံးဆောင်စရာပြုပြင်ပေးတဲ့ လူပုဂ္ဂိုလ်တွေ၊ အတွေ့အထိကောင်းတဲ့ အာရုံဝတ္ထုတွေ၊ သုံးဆောင်ဖွယ် အမျိုးမျိုးတွေ၊ ဒီလိုဟာတွေကို နှစ်သက်လိုချင်ရင်လည်း ကာမတဏှာပဲ။ အချုပ်အားဖြင့်တော့ နှစ်သက်လိုချင်တာဟူသမျှဟာ ကာမတဏှာချည်းပါပဲ၊ လူဖြစ်ဖို့၊ နတ်ဖြစ်ဖို့၊ ယောကျ်ားဖြစ်ဖို့၊ မိန်းမဖြစ်ဖို့၊ လူဖြစ်ပြီး ကာမဂုဏ်အာရုံတွေကို ခံစားဖို့၊ နတ်ဖြစ်ပြီး ကာမဂုဏ်အာရုံတွေ ခံစားဖို့၊ ယောကျ်ား မိန်းမဖြစ်ပြီး ကာမဂုဏ်အာရုံတွေ ခံစားဖို့၊ လိုလားနှစ်သက်နေတာတွေဟာ ကာမတဏှာချည်းပါပဲ။

http://www.dhammadownload.com



ဒါကြောင့် ကာမတဏှာ၊ ကောင်းနိုးရာ၊ သာယာနှစ်သက်မှုလို့ ဆောင်ပုဒ်စီထားပါတယ်။ အဲဒါကို ဆိုကြရမယ်။

**ကာမတဏှာ၊ ကောင်းနိုးရာ၊ သာယာနှစ်သက်မှု။ (ဆို)**

မြင်ရလို့ဖြစ်စေ၊ ကြားရလို့ဖြစ်စေ၊ နံရ, စားရလို့ဖြစ်စေ၊ တွေ့ထိရလို့ဖြစ်စေ၊ ကောင်းတယ်ထင်ရင် သာယာနှစ်သက်မှုက ဖြစ်တော့တာပဲ။ အဲဒီမှာ ကောင်းတယ်ထင်တာက အဝိဇ္ဇာပဲ၊ အဝိဇ္ဇာဆိုတာ အာရုံ၏ သဘောမှန်ကို ဖုံးကွယ်ပြီး အလွဲအမှားကို သိနေတဲ့ သဘောပါပဲ။ မမြဲတာကို သူက မြဲတယ်လို့ထင်တယ်၊ ခဏမစဲဖြစ်ပျက်နေတဲ့ ဆင်းရဲသဘောတွေကို ချမ်းသာလို့ထင်တယ်၊ အတ္တကောင် အသက်ကောင်မဟုတ်တဲ့ ရုပ်နာမ်သဘော တရားမျှကို အတ္တကောင် အသက်ကောင်လို့ ထင်တယ်၊ မတင့်တယ်တဲ့ကိုယ့်ကိုယ်, သူ့ကိုယ်တွေကို တင့်တယ်တယ်လို့ ထင်တယ်၊ အဲဒါတွေဟာ ကောင်းတယ်လို့ ထင်တာတွေချည်းပါပဲ။ အဲဒီလို ကောင်းတယ်ထင်တော့ နှစ်သက်လိုချင်တဲ့ ကာမတဏှာဖြစ်တယ်၊ အဲဒီလို နှစ်သက်လိုချင်ရင် စွဲလမ်းတဲ့ ဥပါဒါန်ဖြစ်တယ်၊ စွဲလမ်းတော့ ကိုယ့်အလိုအတိုင်း ပြီးစီးပြည့်စုံအောင် အားထုတ်တယ်၊ ကံနှင့် သင်္ခါရတွေပါပဲ။ အဲဒီ ကံသင်္ခါရတွေကြောင့် ဘဝသစ် ရုပ်နာမ် ခန္ဓာတွေ ဖြစ်ရတယ်။ ဒါကြောင့် နှစ်သက်လိုချင်မှု ဖြစ်တိုင်းဖြစ်တိုင်း ဘဝသစ်ခန္ဓာဝန်ကို ခံယူနေတယ်လို့ ဆိုရပါတယ်။

## လိုချင်တာကိုချည်း ရသည်မဟုတ်

နှစ်သက်လိုချင်တာကတော့ အကောင်းကိုချည်း နှစ်သက်လိုချင်ပါတယ်၊ ဒါပေမယ့် ရတဲ့အခါမှာတော့ ကိုယ်လိုချင်တဲ့အတိုင်း ဟုတ်ချင်မှဟုတ်မယ်၊ ကိုယ်က လူ့ခန္ဓာ, နတ်ခန္ဓာကို လိုချင်ပေမဲ့

http://www.dhammadownload.com



ငရဲခန္ဓာကို ရချင်လည်း ရနေမယ်၊ ပြိတ္တာခန္ဓာကို ရချင်ရင်လည်း ရနေမယ်၊ တိရစ္ဆာန်ခန္ဓာကို ရချင်ရင်လည်း ရနေမယ်၊ တိရစ္ဆာန်အမျိုးမျိုးတွေထဲ ကျွဲတို့၊ နွားတို့၊ ဝက်တို့၊ ကြက်တို့ ဒီလိုဟာတွေလည်း ဖြစ်ချင်ဖြစ်နေမယ်၊ ပိုးမွှားဆိုတဲ့ အယုတ်အညံ့တွေ ဖြစ်ချင်လည်း ဖြစ်နေမယ်။ ထင်ရှားတဲ့ ဥပမာနဲ့ပြောရရင် ထီထိုးထားတဲ့သူမှာ ရည်ရွယ်ချက်အတိုင်း မဖြစ်တာနဲ့ တူပါတယ်။ သိန်းထီထိုးတဲ့ သူကတော့ အကြီးဆုံးသိန်းဆုကို ရရင် လိုချင်တာပဲ၊ ဒါပေမယ့် ကံကောင်းလှတဲ့ သူသာ အဲဒီလို ချင်တဲ့ဆုကို ရပါတယ်၊ တချို့မှာ ကံအတော်အသင့်ကောင်းတဲ့အတွက် သောင်းဆု၊ ထောင်ဆုကို ရတယ်၊ တချို့မှာတော့ အောက်ဆုံးရာဆုလောက်ပဲ ရတယ်၊ ကံအကြောင်းမညီညွတ်တဲ့သူတွေ အများမှာတော့ ဗလာဆုကျနေတယ်။ အဲဒါလိုပါပဲ၊ ကံကောင်းတဲ့ သူတွေမှာ မိမိတို့နှစ်သက်လိုချင်တဲ့ လူ့ဘဝ၊ နတ်ဘဝကို ရကြတယ်။ ကံကောင်းဆိုတာကလည်း တခြားမဟုတ်ဘူး၊ ဒါန၊ သီလ၊ ဘာဝနာ၊ ကုသိုလ်တွေကို ပြည့်ပြည့်စုံစုံ ပြုလုပ်အားထုတ်မိတာကိုပဲ ဆိုလိုပါတယ်။ အဲဒီလို ကုသိုလ်ကို အားမထုတ်တဲ့ သူတွေမှာတော့ သူတို့အလိုရှိတဲ့ လူ့ဘဝ, နတ်ဘဝတွေကို မရနိုင်ဘူး၊ သူတို့ကိုယ်တိုင်ပြုထားတဲ့ အကုသိုလ်ကံအားလျော်စွာ ငရဲဘဝကို ရတာလည်းရှိတယ်၊ ပြိတ္တာဘဝကို ရတာလည်းရှိတယ်၊ တိရစ္ဆာန်ဘဝကို ရတာလည်းရှိတယ်၊ အဲဒီလို ဘဝသစ်ခန္ဓာတွေကို ရတာဟာ ဘယ်က အကြောင်းအစလဲဆိုရင် နှစ်သက်လိုချင်တဲ့ တဏှာက အကြောင်းအစပဲ၊ နှစ်သက်လိုချင်တဲ့ တဏှာကြောင့် စွဲလမ်းတယ်၊ စွဲလမ်းလို့ အားထုတ်တယ်၊ အားထုတ်လို့ ဘဝသစ်ဖြစ်ရတယ်။ ဒါကြောင့် ဣဒံ၊ ဤနှစ်သက် သာယာသောတဏှာကို ။ ဘာရာဒါနံ၊ ခန္ဓာဝန်ကို ခံယူခြင်းဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏-လို့ ဟောထားတာပဲ။

http://www.dhammadownload.com



အဲဒါဟာ လိုချင်နှစ်သက်စရာကို လိုချင်နှစ်သက်တိုင်း ခန္ဓာဝန်ကို လက်ခံနေသည်မည်တာပဲ။ လေးလံတဲ့ ဝန်ထုပ်ကြီးတွေကို ကောက်ကောက်ပြီး ထမ်းတာနဲ့တူပါတယ်။ အာရုံတစ်ခုတစ်ခုကို နှစ်သက်သာယာနေတဲ့အတွက် လူ့ခန္ဓာဝန်ကြီးကို ရပြီး နှစ်ပေါင်းလေးငါးခြောက်ဆယ် တစ်ရာပတ်လုံး ဆင်းရဲ ပင်ပန်းစွာနှင့် ရှာကြံကျွေးမွေး ပြုစုနေရမယ်လို့ သေသေချာချာသိရင် ဒီနှစ်သက်သာယာမှုကို အင်မတန်ကြောက်ကြမှာပဲ၊ အဲဒါထက် တိရစ္ဆာန် ခန္ဓာဝန်ကြီးကို ရပြီး ဒုက္ခရောက်သွားမယ်ဆိုရင် အဲဒီနှစ်သက်မှုကို သာပြီးကြောက်ကြလိမ့်မယ်၊ အဲဒါထက် ပြိတ္တာခန္ဓာဝန်ကြီးကို ရပြီး ဒုက္ခရောက်သွားမယ်ဆိုတာကို သိရရင် သာပြီးကြောက်ကြလိမ့်မယ်။ ပထမပိုင်းတုန်းကပြောခဲ့တဲ့ ပြိတ္တာတွေဟာ လူ့ဘဝတုန်းက သူတို့အကြိုက်ကလေးတွေကို နှစ်သက်ပြီး မကောင်းမှု ဒုစရိုက်တွေကို ကျူးလွန်ခဲ့ကြတဲ့အတွက် ပြိတ္တာခန္ဓာကြီးတွေကို ရပြီး ဒုက္ခအကြီးအကျယ်ရောက်နေရှာကြတာပဲ။ အဲဒါထက် ငရဲခန္ဓာဝန်ကြီးကို ရပြီး ဒုက္ခရောက်သွားရမယ်ဆိုတာကို စောစောက သိရရင် သာပြီး ကြောက်ကြပေလိမ့်မယ်။ အများသိနေကြတဲ့ အဇာတသတ်မင်းဆိုတာဟာ ထီးနန်းစည်းစိမ်ကို နှစ်သက်သာယာတဲ့တဏှာကြောင့် ခမည်းတော်မင်းကြီးကို သတ်မိလို့ လောဟကုမ္ဘီခေါ်တဲ့ ငရဲအိုးကြီးထဲမှာ ကျရောက်ပြီး အတိဒုက္ခရောက်နေရတယ်။ ဒု-သ-န-သော ဆိုတဲ့ ငရဲသားလေးယောက်ဟာလည်း သူတစ်ပါး၏ သားမယားအာရုံကို တပ်မက်တဲ့တဏှာကြောင့် ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်ခဲ့တဲ့အတွက် ငရဲခန္ဓာတွေကို ရပြီး ဒုက္ခရောက်နေကြရတယ်။ အဲဒီငရဲသားလေးယောက်ဟာ လူ့ဘဝတုန်းက သူဌေးသားတွေ ဖြစ်ခဲ့ကြတယ်၊ မိမိတို့ခန္ဓာကိုယ်ကို အကောင်းဆုံး အချမ်းသာဆုံးနည်း

http://www.dhammadownload.com



နဲ့ မွေးမြူပြုစုကြမယ်ဆိုတဲ့ ရည်ရွယ်ချက်ဖြင့် ငွေနဲ့ဖြားယောင်းပြီးတော့ သူတစ်ပါးတို့၏ သားမယားတွေကို ကျူးလွန်လာခဲ့ကြတယ်၊ အဲဒီအကုသိုလ်ကံကြောင့် လောဟကုမ္ဘီငရဲအိုးထဲမှာ ကျရောက်နေကြရတယ်၊ ငရဲအိုးရဲ့ နှုတ်ခမ်းဝမှ အောက်စအထိ ကျဆင်းနေတာက အနှစ်သုံးသောင်း၊ အဲဒီအောက်စက အထက်နှုတ်ခမ်းဝအထိ ပြန်တက်နေတာက အနှစ်သုံးသောင်း ၊ ၂-ရပ်ပေါင်း အနှစ်ခြောက်သောင်းရှိနေပြီတဲ့၊ အဲဒီအခါမှာ လေးယောက်စလုံး ငရဲအိုးနှုတ်ခမ်းဝမှာ ဆုံမိကြလို့ အချင်းချင်း ကိုယ့်အကြောင်းတွေကို ရင်ဖွင့်ပြောကြတာတဲ့။

ဒု- လို့ ပြောတဲ့သူက ဒုဇ္ဇီဝိတ မဇီဝိမှ - စသည်ဖြင့် တစ်ဂါထာရွတ်ပြောဖို့ အားထုတ်စဉ်မှာ သံရည်ပွက်ထဲ ပြန်မြုပ်သွားလို့ အက္ခရာတစ်လုံးသာ ရွတ်ဆိုနိုင်တာတဲ့၊ သူဆိုလိုတဲ့ အနက်အဓိပ္ပါယ်ကတော့၊ ငါတို့မှာ လူ့ဘဝတုန်းက လှူဖွယ်ပစ္စည်းတွေ အသင့်ရှိနေပါလျက်နဲ့ မပေးမလှူခဲ့ကြဘူး၊ မကောင်းသော အသက်မွေးခြင်းဖြင့် အသက်မွေးခဲ့ကြတယ်၊ မိမိတို့၏ ထောက်တည်ရာ ကုသိုလ်ကံကို မပြုခဲ့မိကြဘူး၊ ဒါကြောင့် ဒီလိုဒုက္ခရောက်နေကြရတယ် မောင်တို့လို့ ဆိုလိုပါတယ်။

သ-လို့ ပြောတဲ့သူကတော့ ငါတို့ သံရည်ပွက်ငရဲအိုးထဲ ခံနေကြရတာဟာ အနှစ်ခြောက်သောင်းတောင် ရှိသွားပြီမောင်တို့၊ ဘယ်တော့မှ ပြီးဆုံးပါမည်လဲလို့ ဆိုလိုပါသတဲ့။

န-လို့ ပြောတဲ့သူကတော့ ငါတို့ရဲ့ ငရဲဆင်းရဲ၏ အပြီးအဆုံးဆိုတာ မရှိတော့ဘူး၊ အပြီးအဆုံးကို မျှော်မှန်း၍ မမြင်မတွေ့နိုင်ဘူး၊ အကြောင်းကတော့ ဟိုလူဖြစ်စဉ်တုန်းက ငါရော, သင်တို့ရော မကောင်းမှုကို ပြုခဲ့ကြတဲ့အတွက်ကြောင့်ပါပဲ မောင်တို့- လို့

http://www.dhammadownload.com



ဆိုလိုပါသတဲ့။

သော-လို့ဆိုတဲ့သူကတော့ ငါဟာ ဒီငရဲမှလွတ်ပြီး လူဘဝ ရလို့ရှိရင် အလှူခံပုဂ္ဂိုလ်တို့၏ အလိုနှင့်စကားကို သိနားလည်သောအားဖြင့် ပေးလှူပြီး ကိုယ်ကိုင်သီလနှင့်လည်း ပြည့်စုံလျက် ကုသိုလ်ကို အများကြီးပြုလုပ်မယ်လို့ ဆိုလိုပါသတဲ့။

အဲဒီစကားတွေကတော့ အချိန်လွန်မှ နောင်တရပုံကို ဖော်ပြကြတဲ့ စကားတွေပါပဲ၊ အဲဒီလိုအချိန်လွန်မှ နောင်တရတာမျိုးတွေကတော့ အကျိုးမများတော့ဘူး၊ ဒါကြောင့် မြတ်စွာဘုရားက အချိန်မီ သတိတရားရဖို့ရာ ဒီလို သတိပေးဆုံးမတော်မူပါတယ်။

## နောင်တကင်းရေး သတိပေးသည်

ဈာယထ ဘိက္ခဝေ မာ ပမာဒတ္ထ၊ မာ ပစ္ဆာ ဝိပ္ပဋိသာရိ နော အဟုဝတ္ထ၊ အယံ ဝေါအမှာကံ အနုသာသနီ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဈာယထ၊ ရှုကြကုန်လော့, နှလုံးသွင်းအားထုတ်ကြကုန်လော့။ မာ ပမာဒတ္ထ၊ မမေ့ကြလင့်, မေ့မနေကြလင့်။ ဒီနေရာမှာ မေ့နေတယ်ဆိုတာက စားဝတ်နေရေး ကာမဂုဏ်အရေးတွေနဲ့ ပျော်မွေ့နေတာကို မေ့နေတယ်လို့ ဆိုလိုပါတယ်၊ ဒါကြောင့် ကာမဂုဏ်အာရုံတွေကို စိတ်ကူးကြံစည်ပြီး မေ့မနေကြနဲ့လို့ ပြောလိုရင်းပါပဲ။ ပစ္ဆာ၊ အချိန်လွန်ပြီးသော နောက်ကာလကျမှ။ ဝိပ္ပဋိသာရိနော၊ ဟိုတုန်းက ကုသိုလ်မပြုမိ အားမထုတ်မိသည်မှာ မှားလေစွဟု နှလုံးမသာကာ နောင်တပူပန်ကုန်သည်။ မာ အဟုဝတ္ထ၊ မဖြစ်ကြစေလင့်။ အိုမင်းမစွမ်းဖြစ်တဲ့အခါ၊ သေရမည့်ညောင်စောင်း လျောင်းနေရတဲ့အခါ၊ ငရဲဘုံ, ပြိတ္တာဘုံစသည်ကို ရောက်နေတဲ့အခါဆိုတဲ့ နောက်အခါများကျတော့ ငယ်ရွယ် ကျန်း

http://www.dhammadownload.com



မာစဉ်တုန်းက တရားအားမထုတ်ခဲ့မိတာ မှားလေစွ၊ လူဖြစ်စဉ်တုန်းက ကုသိုလ်ကို မပြုခဲ့မိတာ မှားလေစွ-လို့ နောင်တရပြီး ပူပန်ရတတ်တယ်၊ အဲဒီလို နောင်တပူပန်မှု မဖြစ်ရအောင် အခွင့်ကောင်းရနေတုန်းမှာ သမထ ဝိပဿနာ ဘာဝနာအလုပ် ကုသိုလ်အလုပ်ကို အားထုတ်ကြလို့ ဆုံးမလိုရင်းဖြစ်ပါတယ်။ အယ်၊ ရှုကြ အားထုတ်ကြ, မမေ့ကြလင့်, အချိန်လွန်မှ နောင်တပူပန်ပြီး မဖြစ်ကြစေလင့်-ဟူသော ဤစကားသည်။ ဝေါ၊ သင်တို့အား။ အမှာကံ၊ ငါဘုရားတို့၏။ အနုသာသနီ၊ အဖန်ဖန်အထပ်ထပ် ပေးတော်မူအပ်သော အဆုံးအမတော်ပါပေတည်းတဲ့။

ဒီအဆုံးအမ စကားတော်ကို လူတိုင်း, ရှင်တိုင်း, ရဟန်းတိုင်း အထူးအလေးအနက်ဆင်ခြင်ပြီး လိုက်နာစရာကောင်းပါတယ်။ ဘာကြောင့်လဲဆိုရင် ယခုလူ့ဘဝမှာ ချမ်းသာစွာခံစားသုံးဆောင်နေရတယ် ဆိုတာဟာ ဘာမှုမကြာပါဘူး၊ ငယ်ရွယ်တဲ့အပိုင်း၊ အိုမင်းကြီးရင့်တဲ့ အပိုင်းတွေကို နုတ်ပယ်လိုက်ရင် များလှပါမှ အနှစ်လေးငါးဆယ်လောက်ပဲ ရှိပါတယ်၊ ဒီအနှစ်လေးငါးဆယ်လောက် အတွင်းမှာ မိမိခန္ဓာကိုယ်ကို အလိုလိုက်ပြီး မွေးမြူပြုစုနေမယ်ဆိုရင် အားကိုးစရာ ကုသိုလ်မရှိဘဲ အကုသိုလ်တွေ ပွားသွားနိုင်တယ်၊ အဲဒီလို အကုသိုလ်တွေ ပွားသွားရင် အပါယ်လေးပါးလည်း ကျသွားနိုင်တယ်၊ ယခုပြောခဲ့တဲ့ ဒု-သ-န-သော -ဆိုတဲ့ သူတွေလိုငရဲမှာ တစ်ဘဝလောက် ဖြစ်ရတယ်ဆိုရင်ပဲ နှစ်ပေါင်းထောင်သောင်းများစွာ ဒုက္ခရောက်သွားနိုင်တယ်၊ အလျှင်နေ့က ပြောခဲ့တဲ့ ပြိတ္တာတွေလိုပဲ ဒုက္ခရောက်သွားနိုင်တယ်။ အဲဒါဟာလည်း အထူးအဆန်းတော့ မဟုတ်ပါဘူး၊ ရှေးရှေးဘဝတွေကလည်း ဒီလိုဆင်းရဲတွေကို တွေ့ခဲ့ရဖူးလှပြီ၊ ယခုအပါယ်လေးဘုံမှာ ဒုက္ခရောက်နေကြတဲ့ သူတွေဟာ

http://www.dhammadownload.com



ဒါန, သီလ, ဘာဝနာ ကုသိုလ်မှုကို မေ့ပြီး၊ မိမိတို့ ခန္ဓာကိုယ်ကို အလိုလိုက်လာခဲ့ကြလို့ ဒုက္ခရောက်နေကြရရှာတာပဲ။ အကယ်၍ ယခုဘဝမှာ အရိယာမဂ်ဖိုလ်ကိုရအောင် အားမထုတ်ဘဲ မိမိကိုယ်ကို အလိုလိုက်နေမယ်ဆိုရင် နောင်တစ်ချိန်မှာ အပါယ်လေးပါး ကျသွားနိုင်ပါတယ်၊ အဲဒီလို မကျစေရပါဘူးလို့ ဘယ်သူကမျှ တာဝန်မခံနိုင်ဘူး။ ဒါကြောင့် ယခုလိုအချိန်ကောင်း အခါကောင်း၊ အဆုံးအမကောင်းကို ရနေတဲ့အခါမှာ မိမိ၏ ဆောက်တည်ရာဖြစ်တဲ့ ဒါန, သီလ, ဘာဝနာကုသိုလ်တွေကို အင်တိုက်အားတိုက် ပြုစုပွားများသင့်ပါတယ်၊ အထူးအားဖြင့် အရိယာမဂ်ဖိုလ်ကို လက်ငင်းရစေနိုင်တဲ့ ဝိပဿနာဘာဝနာအလုပ်ကို သက်စွန့်ကြိုးပမ်းပွားများ အားထုတ်သင့်လှပါပေတယ်။ ဒါကြောင့် ရှေးရှေးဆရာတော်ဘုရားကြီးတစ်ပါးက ဒီလို အားပေးဂါထာတစ်ပုဒ်ကို ရေးထားပါတယ်။

နာဟံ ဒါသော ဘဋော တုယှံ၊ နာဟံ ပေါသေမိ ဒါနိတံ။

တွမေဝ ပေါသေန္တော ဒုက္ခံ၊ ပတ္တော ဝဋ္ဋေ အနပ္ပကံ-တဲ့။

ဘော အတ္တဘာဝ၊ အို - ခန္ဓာကိုယ် အတ္တဘောကြီး။ အဟံ၊ ငါသည်။ တုယှံ၊ သင် အတ္တဘောကြီး၏။ န ဒါသော၊ အပိုင်ကျွန်လည်းမဟုတ်ပေ။ ရှေးတုန်းက အရှင်သခင်နဲ့ ကျွန်ဆိုတာ ရှိခဲ့တယ်၊ အဲဒီကျွန်ဟာ အရှင်သခင်က ခိုင်းသမျှကို လုပ်ရတယ်၊ ထားရာမှာ နေရတယ်၊ ငါဟာ အဲဒီလို သင်ခန္ဓာဝန်ရဲ့ အပိုင်ကျွန်လည်း မဟုတ်ဘူးလို့ ဆိုလိုပါတယ်။ တုယှံ၊ သင်၏၊ န ဘဋော၊ နေ့စား, လစား လုပ်ကိုင်နေသော အခစားအလုပ်သမားလည်း မဟုတ်။ သင်ခန္ဓာကိုယ်ကြီးထံမှ တစ်နေ့လျှင် တစ်ကျပ် နှစ်ကျပ် စသည်ယူပြီး အသက်မွေးလုပ်ကိုင်နေရတဲ့ အခစားအလုပ်သမားလည်း မဟုတ်ဘူးလို့ ဆိုလိုပါတယ်။ ဣဒါနိ၊ မြတ်စွာဘုရား၏ အဆုံးအမကို ကျကျနန

http://www.dhammadownload.com



ကောင်းစွာရနေသော ယခုအခါ ကာလ၌။ တံ၊ သင်ခန္ဓာဝန် အတ္တဘောကြီးကို။ န ပေါသေမိ၊ အလိုလိုက်လျက် အကြိုက်ပေးကာ မမွေးမြူနိုင်တော့ပါ။

ရှေးကာလကတော့ မြတ်စွာဘုရား၏ အဆုံးအမကို မရသေးလို့ သင်ခန္ဓာဝန်ကြီးကို အလိုလိုက်ပြီး ကြိုက်တာတွေကို ရှာကြံကျွေးမွေးပြုစုလာခဲ့တယ်၊ ယခုတော့ မြတ်စွာဘုရား၏ အဆုံးအမကို ငါရထားတယ်၊ ဘယ်လိုရထားသလဲဆိုရင် ခန္ဓာငါးပါးတရားတွေဟာ အင်မတန်လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးကြီးပဲလို့လည်း အဆုံးအမရထားတယ်၊ ဒီခန္ဓာဝန်ကြီးကို ဘယ်လိုပဲ မွေးမြူပြုစုပြီး ထမ်းဆောင်နေစေကာမူ မမြဲတဲ့သဘောတရားတွေမျှပဲ၊ ဘာမျှအားမကိုးရဘူး၊ ဒီခန္ဓာကိုယ်ကို အလိုလိုက်ပြီး ကျွေးမွေးပြုစုနေရင် အပါယ်ဆင်းရဲ, သံသရာဝဋ်ဆင်းရဲတွေနဲ့ ဒုက္ခရောက်နေမယ်၊ ဒီခန္ဓာငါးပါး၏ အနိစ္စ, ဒုက္ခ, အနတ္တ သဘောကို သိမြင်အောင် ရှုပါမှ အပါယ်ဆင်းရဲ, သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်မယ်လို့လည်း အဆုံးအမကို ရထားတယ်။ ဒီလို မြတ်စွာဘုရား အဆုံးအမကို ရနေတဲ့ ယခုအခါမှာ သင်ခန္ဓာဝန်ကြီးကို အလိုလိုက်ပြီး မမွေးမြူ မပြုစုနိုင်တော့ဘူး၊ ဘုရား အဆုံးအမတော်အတိုင်းသာ တင်းတင်းရင်းရင်း အားထုတ်သွားမယ်လို့ ဆိုလိုတာပါပဲ၊ ဘာကြောင့် မိမိခန္ဓာကိုယ်ကို မပြုစုနိုင်ရပါသလဲ လို့ဆိုတော့-

တွံ ဧဝ၊ ခန္ဓာဝန်ထုပ် သင် ကိုယ်ယုတ်ကိုသာလျှင်။ ပေါသေန္တော၊ အလိုလိုက်လျက် အကြိုက်ပေးကာ မွေးမြူခဲ့မိပါသောကြောင့်။ ဝဋ္ဋေ၊ သံသရာဝဋ်ထဲ၌။ အနပ္ပကံ ဒုက္ခံ၊ များစွာသောဆင်းရဲသို့။ ပတ္တော၊ ရောက်ခဲ့ရလှလေပြီ။

သင်ခန္ဓာကိုယ်ရဲ့ အလိုလိုက်ပြီးတော့ သွားချင်တယ်၊ သွား

http://www.dhammadownload.com



လိုက်ပါဦးဆိုရင်လည်း သွားရတယ်၊ ပြောလိုက်ဦးဆိုရင်လည်း ပြောရတယ်၊ ရှာလိုက်ဦးဆိုရင်လည်း ရှာရတယ်၊ ဒီနည်းဖြင့် သင်ခန္ဓာကိုယ်ရဲ့ အလိုလိုက်ပြီး ပြုလုပ်ဆောင်ရွက်ခဲ့ရတယ်။ အဲဒီလိုပြုလုပ်ရာမှာ တရားသဖြင့် ပြုလုပ်ရတာတွေလည်း ရှိပါတယ်၊ အဲဒါတွေကတော့ လောလောဆယ် ပင်ပန်းရုံမျှမို့ တော်ပါသေးရဲ့။ မတော်တာကတော့ မတရားသဖြင့် ပြုလုပ်ရ ရှာမှီးရတာတွေပါပဲ၊ ဘယ်လိုဟာတွေလဲ ဆိုရင် သူတစ်ပါးကို ညှဉ်းဆဲခြင်း၊ သတ်ဖြတ်ခြင်း၊ သူတစ်ပါးဥစ္စာကို ခိုးခြင်း လုယက်ခြင်း၊ မတော်မတရားပြုခြင်း၊ သူတစ်ပါးအား အကျိုးမဲ့ဖြစ်အောင် လိမ်လည်ခြင်း၊ သူတစ်ပါးတွေ သဘောကွဲကုန်အောင် ကုန်းတိုက်ခြင်း၊ မဟုတ်မဟတ် ဝါဒဖြန့်ခြင်းအစရှိတဲ့ အကုသိုလ်အမှုတွေပါပဲ၊ အဲဒီလို အကုသိုလ်အမှုတွေကို ပြုပြီး မိမိ၏ ခန္ဓာဝန်ကို မွေးမြူပြုစုမိတဲ့အတွက် သံသရာဝဋ်ထဲမှာ ငရဲ, တိရစ္ဆာန်, ပြိတ္တာတွေဖြစ်ပြီး အတိဒုက္ခရောက်ခဲ့ရတဲ့ ဘဝတွေလည်း မရေမတွက်နိုင်အောင် များခဲ့ပြီ၊ လူ, နတ်ဖြစ်ရပြန်လည်း လူဆင်းရဲ, နတ်ဆင်းရဲဖြစ်ခဲ့ရတာတွေ များလှပြီ။ အဲဒီလို ဒုက္ခရောက်ခဲ့တာတွေကို ရည်ပြီးတော့ တွမေဝ ပေါသေန္တော ဒုက္ခံ၊ ပတ္တော ဝဋ္ဋေ အနပ္ပကံ-လို့ဆိုထားပါတယ်။

တွံ ငေါ၊ ခန္ဓာဝန်ထုပ် သင်ကိုယ်ယုတ်ကိုသာလျှင်။ ပေါသေန္တော၊ အလိုလိုက်လျက် အကြိုက်ပေးကာ မွေးမြူခဲ့မိပါသောကြောင့်။ ဝဋ္ဋေ၊ သံသရာဝဋ်ထဲ၌။ အနပ္ပကံ ဒုက္ခံ၊ များစွာသော ဆင်းရဲသို့။ ပတ္တော၊ ရောက်ခဲ့ရလှလေပြီ-တဲ့။

http://www.dhammadownload.com



## ပညာရှိအမြင် ယောဂီအမြင်နဲ့ ဆိုရင်တော့

ယခုပြောခဲ့တာက သာမန်ပုဂ္ဂိုလ်တို့၏ အမြင်နဲ့ တွေ့ရတဲ့ဆင်းရဲတွေသာ ရှိသေးတယ်။ ပညာရှိပုဂ္ဂိုလ် ယောဂီပုဂ္ဂိုလ်တို့၏ အမြင်နဲ့ဆိုရင်တော့ လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာတွေ ဖြစ်နေရတာလည်း ဆင်းရဲတွေပါပဲ။ လူ့ဘဝမှာဆိုရင် ချမ်းသာတယ်ဆိုပေမဲ့ ကိုယ့်ခန္ဓာဝန်အတွက် ပြုပြင်စောင့်ရှောက်ရမှု၊ ကျွေးမွေးသုတ်သင်ရမှုတွေက အများကြီးရှိနေတာပဲ။ နေမကောင်းတဲ့အခါမှ သာပြီးထင်ရှားပါတယ်။ ကိုယ်နဲ့ဘာမျှ မစပ်ဆိုင်တဲ့လူတစ်ယောက်ကို ဒီလိုနေ့စဉ်နေ့တိုင်း စောင့်ရှောက်ပြုစုရမယ်ဆိုရင် တာဝန်ယူနိုင်ကြမှာမဟုတ်ဘူး၊ တစ်နေ့ ငွေတစ်ဆယ်ပေးမယ်ဆိုရင်တောင် စောင့်ရှောက်ပြုစုမည့်သူ ရှိမှာမဟုတ်ဘူး။ ရောဂါဖြစ်နေတဲ့သူအတွက်ဆိုရင်တော့ တစ်နေ့ငါးဆယ် တစ်ရာပေးမယ်ဆိုရင်တောင် အမြဲတမ်း စောင့်ရှောက်ပြုစုဖို့ဆိုရင် တာဝန်ယူနိုင်ကြမယ် မထင်ဘူး။ ဒါကြောင့် လူ့ခန္ဓာဝန်ကို ဆောင်ရွက်နေရတာ ဝန်လေးကြောင်းထင်ရှားပါတယ်။ နတ်ဆိုတာကတော့ မမြင်ရလို့ သူတို့ရဲ့ အခြေအနေကို တိတိကျကျပြောဖို့ မလွယ်ဘူး။ ဒါပေမယ့် နတ်တွေမှာလည်း သူတို့ကိုယ်ကို အလိုလိုက်ပြီး ကာမဂုဏ်အာရုံတွေနဲ့ ပြုစုနေရတာဟာ သက်သာလှမယ် မဟုတ်ပါဘူး။ စဉ်းစားကြည့်ပါ။ တချို့ နတ်မင်းကြီးတွေမှာ အလုပ်အကျွေး နတ်သမီးတွေက ရာနဲ့ ထောင်နဲ့ သိန်းသန်းနဲ့ချီပြီး ရှိနေတယ်လို့ ဆိုပါတယ်။ အဲဒီမှာ အလိုမပြည့်တဲ့နတ်သမီးတွေ အများကြီးရှိပါလိမ့်မယ်။ ကာမဂုဏ်အာရုံတွေ ပြည့်စုံနေပါတယ်ဆိုရတဲ့ နတ်သားကြီးတွေမှာလည်း တဏှာက အလိုမပြည့်တဲ့အတွက် အားမရနိုင်ဘဲ ဆင်းရဲဒုက္ခရောက်နေကြမှာပဲဆိုတာကို လူချမ်းသာတွေရဲ့ အခြေအနေနဲ့ နှိုင်းဆပြီး

http://www.dhammadownload.com



သိနိုင်ပါတယ်။ နောက်ပြီးတော့ ဖြဟ္မာတွေ ဆိုတာကတော့ ကာမ ဂုဏ်နဲ့စပ်ပြီး အရှုပ်အထွေးမရှိဘူး၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲမရှိဘူး၊ သက်သာတယ်လို့ ဆိုရမှာပဲ၊ ဒါပေမယ့် ဒီဗြဟ္မာတွေမှာ စိတ်ကူးကြံ စည်မှုဆိုတဲ့ သင်္ခါရဒုက္ခကတော့ ရှိနေတာပဲ၊ ဒါကြောင့် စိတ်ကူးကြံ စည်ပြီး အချိန်ကုန်အောင် ခန္ဓာဝန်ကို ရွက်ဆောင်နေရတာဟာ ပညာရှိတွေအမြင် ယောဂီရဲ့အမြင်နဲ့ ကြည့်လိုက်ရင် မသက်သာဘူး၊ ဆင်းရဲပင်ပန်းတဲ့အနေနဲ့ပဲ ထင်ရပါတယ်။ ဥပမာအားဖြင့် ဘာ အလုပ်မျှ မလုပ်ရဘဲ၊ တစ်ယောက်တည်း တစ်ရက်ပတ်လုံး ထိုင်နေ မယ်ဆိုရင်၊ တစ်လပတ်လုံး ထိုင်နေရမယ်ဆိုရင် ဆင်းရဲတဲ့အနေအား ဖြင့် ထင်ရသလိုပါပဲ၊ အဲဒါထက် တစ်နှစ်ပတ်လုံး တစ်ယောက်တည်း နေရမယ်၊ အနှစ်တစ်ရာတစ်ထောင်စသည်ပတ်လုံး တစ်ယောက် တည်း နေရမယ်ဆိုရင် ပျင်းစရာ ငြီးငွေ့စရာ ဆင်းရဲအနေအားဖြင့် ထင်ပါလိမ့်မယ်။ ဗြဟ္မာဘဝက နှစ်ပေါင်းကုဋေလည်းမကဘူး၊ ကမ္ဘာ နဲ့ချီပြီး အကြာကြီး စိတ်ကူးကြံစည်မှုတွေနဲ့ တစ်ယောက်တည်း နေရတာ၊ အဲဒီတော့ သာမန်ပုဂ္ဂိုလ်အနေနဲ့တောင် ပျင်းရိငြီးငွေ့စရာ အနေနဲ့ ထင်နိုင်ပါ တယ်၊ အဲဒါဟာ သင်္ခါရဒုက္ခတွေပဲ။ နောက်ပြီး တော့ အဲဒီဗြဟ္မာဟာ သူ့သက်တမ်းကုန်တော့ အဲဒီဘဝမှ စုတေရ တယ်၊ လူ့ဘဝ, နတ်ဘဝကို ရောက်ရပြန်တယ်၊ အဲဒီကျတော့ ခုနက ပြောခဲ့တဲ့အတိုင်း လူ့လောက, နတ်လောကနဲ့ဆိုင်တဲ့ ဆင်းရဲတွေနဲ့ တွေ့ရပြန်တယ်၊ အဲဒီ လူ့ဘဝ, နတ်ဘဝမှ သေတဲ့အခါ ကံမကောင်း အကြောင်းမညီညွတ်ရင် ငရဲလည်း ကျနိုင်သေးတယ်၊ ပြိတ္တာလည်း ဖြစ်နိုင်သေးတယ်၊ တိရစ္ဆာန်လည်း ဖြစ်နိုင်သေးတယ်၊ ဒါကြောင့် ဗြဟ္မာ့ခန္ဓာဝန်ကို ထမ်းဆောင်နေရတာလည်း မသက်သာပါဘူး၊ ပညာရှိတွေအမြင်၊ ယောဂီပုဂ္ဂိုလ်တို့၏ အမြင်နဲ့ဆိုရင် ဆင်းရဲပင်ပန်း

http://www.dhammadownload.com



နေတာပါပဲ။ ဒါကြောင့် ရဟန္တာပုဂ္ဂိုလ်များက ပရိနိဗ္ဗာန်စံခါနီး အာယုသင်္ခါရကို ဆင်ခြင်တဲ့အခါမှာ-

အယံ ဒုက္ခဘာရော၊ ဆင်းရဲလှစွာသော ဤခန္ဓာဝန်ကြီးကို။ ကီဝ စိရံ၊ အဘယ်မျှလောက် **ကြာအောင်**ဝဟိတဗ္ဗော နု ခေါ၊ ဆောင်နေရဦးမှာပါလိမ့်မည်လဲ-လို့ ဆင်ခြင်တော်မူကြပါတယ်။

ယခုပြောလာခဲ့တာဟာ ကာမတဏှာ၊ ကောင်းနိုးရာ၊ သာယာနှစ်သက်မှု-ဆိုတဲ့ ကာမတဏှာဖြစ်ပြီး ခန္ဓာဝန်ကို ခံယူပုံကို ပြောရင်း ခန္ဓာဝန်လေးပုံကိုပါ ပြောလာခဲ့တယ်။ အဲဒီကာမတဏှာဖြစ်ပြီး ခန္ဓာဝန်ယူပုံကတော့ တော်တော်သဘောပေါက်လောက်ပါပြီ။ ယခုဘဝတဏှာနဲ့ ဝိဘဝတဏှာအကြောင်းကို ပြောရမယ်။

## ဘဝတဏှာဖြင့် ခန္ဓာဝန်ကိုယူပုံ

ဘဝတဏှာဆိုတာ သဿတဒိဋ္ဌိနဲ့ တွဲပြီးဖြစ်တဲ့ နှစ်သက်သာယာမှုပဲ။ ဒိဋ္ဌိက သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိလို့ ဒီလိုနှစ်မျိုးရှိတယ်။ ပုထုဇဉ်သတ္တဝါတွေမှာ ဒီဒိဋ္ဌိနှစ်မျိုးက ရှိနေတာပဲ၊ အားကြီးတာနဲ့ အားနည်းတာလောက်သာ ကွာခြားပါတယ်။ အဲဒီဒိဋ္ဌိနှစ်မျိုးထဲက သဿတဒိဋ္ဌိဆိုတာ "အသက်ရှင်နေတဲ့ သတ္တဝါကောင်ဟာ သေခြင်းပျက်ခြင်း မရှိဘူး၊ ရုပ်ကိုယ်ကြမ်းကြီးက ပျက်စီးသွားပေမဲ့ အဲဒီသတ္တဝါကောင် အသက်ကောင်ကတော့ မပျက်ဘူး၊ တခြားခန္ဓာကိုယ်အသစ်မှာ ဝင်ပြီးတည်ရှိနေတာပဲ၊ ကမ္ဘာပျက်သော်လည်း သူကတော့ မပျက်ဘူး၊ ဘယ်တော့မှ မပျက်ဘူး၊ အမြဲတမ်းတည်ရှိနေတယ်"လို့ ထင်မြင်တဲ့အယူပါပဲ။ ဗုဒ္ဓသာသာနာအပြင်ဘက်က အယူဝါဒတွေဟာ များသောအားဖြင့် ဒီသဿတအယူပဲ ဖြစ်နေပါတယ်။ အဲဒီအယူတွေထဲမှာ တချို့ကတော့ "လူသေသွားရင် ဘုရားသခင်

http://www.dhammadownload.com



အလိုအတိုင်း ကောင်းကင်ဘုံရောက်ပြီး အမြဲတမ်းတည်ရှိတယ်၊ သို့မဟုတ် ထာဝရငရဲရောက်ပြီး ဒုက္ခခံနေရတယ်" လို့ ဒီလိုအယူလည်းရှိတယ်၊ တချို့ကတော့ "ကံအားလျော်စွာ ဒီဘဝမှ ဟိုဘဝ၊ ဟိုဘဝမှ တခြားဘဝ စသည်ဖြင့် ပြောင်းရွှေ့ပြီးဖြစ်နေတယ်၊ တည်နေတယ်"လို့ယူကြတယ်။ တချို့ကတော့ "ကိန်းသေ သတ်မှတ်ထားတဲ့ဖြစ်စဉ်အတိုင်း ပြောင်းလဲပြီးဖြစ်နေတယ်၊ တည်နေတယ်" လို့ယူကြတယ်။ အချုပ်အားဖြင့်တော့ "အသက်ကောင် သတ္တဝါကောင်ဟာ အကောင်လိုက် မပျက်ဘဲပြောင်းရွှေ့ပြီး တည်ရှိနေမယ်"လို့ ယူဆတာဟူသမျှကို သဿတဒိဋ္ဌိလို့ ခေါ်ပါတယ်။ ဥပမာအားဖြင့် သစ်ပင်ပေါ်မှာ နားနေတဲ့ငှက်ဟာ အဲဒီသစ်ပင်က လဲကျသွားရင် အခြားသစ်ပင်ကို ရွှေ့သွားတယ်၊ အဲဒီသစ်ပင်က လဲကျသွားပြန်ရင်လည်း အခြားတစ်ပင်သို့ ရွှေ့သွားတယ်၊ အဲဒါလိုပဲ။ အသက်ကောင်က ရုပ်ကိုယ်တစ်ခု ပျက်စီးသွားရင် တခြားရုပ်ကိုယ်သစ်ထဲသို့ ပြောင်းရွှေ့ပြောင်းရွှေ့သွားတယ်၊ သူကတော့ ဘယ်တော့မှ မပျက်ဘူး၊ အမြဲတမ်းတည်ရှိနေတယ်လို့ ထင်မြင်တဲ့ အယူအဆပါပဲ။

အဲဒီ သဿတဒိဋ္ဌိနဲ့ယှဉ်တွဲပြီးဖြစ်တဲ့ တဏှာကို ဘဝတဏှာလို့ခေါ်တယ်၊ ဒီတဏှာက အတ္တကောင်၊ အသက်ကောင်၊ သတ္တဝါကောင်၊ အမြဲတမ်းတည်ရှိနေတယ်ဆိုတာကိုလည်း နှစ်သက်သဘောကျတယ်၊ တည်မြဲ တည်ရှိနေတဲ့ ငါကပဲ ယခုလည်းခံစားရတယ်၊ နောင်လည်းခံစားသွားရမယ်လို့ ယုံကြည်ယူဆပြီးတော့ မြင်ရ၊ ကြားရ၊ တွေ့ရ၊ သိရတဲ့ အာရုံတွေလည်း နှစ်သက်လိုချင်တယ်၊ နောင်အခါမှ ရမယ်လို့ထင်ရတာတွေလည်း နှစ်သက်လိုချင်တယ်၊ အမြဲတမ်း တည်ရှိနေမည့် မိမိကိုယ်အတွက် မိမိ၏ဘဝအတွက်လည်း ကောင်းစား ချမ်းသာစေချင်တယ်။ ဘဝကောင်းတွေ ဖြစ်ချင်တယ်၊

http://www.dhammadownload.com



နောက်ဘဝတွေမှာ လူချမ်းသာချည်း ဖြစ်သွားချင်တယ်၊ နတ်ချမ်းသာချည်း ဖြစ်သွားချင်တယ်၊ တချို့က ယောကျာ်းဘဝချည်း ဖြစ်သွားချင်တယ်၊ တချို့က မိန်းမဘဝချည်း ဖြစ်သွားချင်တယ်၊ အဲဒါတွေဟာ ဘဝတဏှာတွေချည်းပါပဲ၊ ဒီဘဝတဏှာဖြင့် လက်ရှိအာရုံတွေကို နှစ်သက်လိုချင်တိုင်း၊ ဖြစ်ဆဲဘဝကို နှစ်သက်သာယာတိုင်း၊ ဖြစ်ရမည့်ဘဝတွေကို မျှော်လင့်တောင့်တတိုင်း ခန္ဓာဝန်အသစ်တွေကို ခံယူနေသည် မည်ပါတယ်၊ အဲဒီ ဘဝတဏှာကို "ဘဝတဏှာ၊ သဿတာ၊ ထင်ကာနှစ်သက်မှု"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

**ဘဝတဏှာ၊ သဿတာ၊ ထင်ကာနှစ်သက်မှု။ (ဆို)**

အတ္တကောင် အသက်ကောင် ငါကောင်ဟာ (သဿတ) အမြဲတမ်းတည်ရှိနေတယ်၊ ဘယ်တော့မှ မပျက်စီးဘူးလို့ ထင်မြင်ယူဆပြီး နှစ်သက်လိုချင်တဲ့ တဏှာကို ဘဝတဏှာခေါ်တယ်လို့ ဆိုလိုပါတယ်။

## ဝိဘဝတဏှာဖြင့် ခန္ဓာဝန်ကိုယူပုံ

ဥစ္ဆေဒဒိဋ္ဌိဆိုတာကတော့ သတ္တဝါဟာ သေပြီးရင် ဘာမျှ မရှိတော့ဘူး၊ လုံးဝပျောက်ကွယ် ပြတ်စဲသွားတယ်လို့ ထင်မြင်တဲ့ အယူပါပဲ၊ ဗုဒ္ဓမြတ်စွာဘုရား လက်ထက်တော်ကာလတုန်းကတော့ ဒီအယူကို အဇိတ ကေသကမ္ဗလ ဆိုတဲ့ ဂိုဏ်းဆရာကြီးက ဟောပြောနေခဲ့ပါတယ်၊ သူဟောပုံကတော့-

အယံ ပုရိသော၊ ဤပုဂ္ဂိုလ်သတ္တဝါသည်။ (ဒီနေရာမှာ ပုရိသော -ပုဒ်က ပုဂ္ဂိုလ်သတ္တဝါ သာမညကို ဟောတယ်။ မိန်းမ

http://www.dhammadownload.com



မဟုတ်တဲ့ ယောက်ျားကိုသာ ဟောတယ်လို့ မယူရဘူး၊ အဲဒီလိုယူရင် ဒီဝါဒမှာ မိန်းမတွေ မပါဘူးလို့ အပြစ်တင်စရာဖြစ်လိမ့်မယ်၊ ဒါကြောင့် ပုဂ္ဂိုလ်သတ္တဝါ သာမညအနက်ကိုသာ ယူရမယ်။) အယံ ပုရိသော၊ ဤပုဂ္ဂိုလ်သတ္တဝါသည်။ စာတုမဟာဘူတိကော၊ မဟာဘုတ် ၄-ပါး အစုအဝေးမျှသာဖြစ်သည်။ ယဒါကာလံ ကရောတိ၊ အကြင်အခါ၌ သေ၏၊ ထိုအခါမှာ။ ပထဝီ၊ သက်ရှိရုပ်ကိုယ်မှ ပထဝီဓာတ်သည်။ ပထဝီကာယံအနုပေတိ အနုပဂစ္ဆတိ၊ သက်မဲ့ အပြင်ပ ပထဝီဓာတ်အပေါင်းသို့ သက်ဝင်သွားလေတော့သည်။ (မသေမီက ကိုယ်ထဲမှာရှိနေတဲ့ ခက်မာကြမ်းတမ်းတဲ့ ပထဝီဓာတ် သဘောတွေဟာ သေတဲ့အခါ သက်မဲ့ ဗဟိဒ္ဓအပြင်ပ ပထဝီဓာတ် ဖြစ်သွားတယ်၊ အသက်မဲ့ အလောင်းကောင်ထဲက ပထဝီရုပ်ဖြစ် သွားတယ်၊ အဲဒီကနောက် တဖြည်းဖြည်းချင်း မြေကြီးဩဇာ ပထဝီ ရုပ်ဖြစ်သွားတယ်၊ အဲဒီ မြေကြီးဩဇာမှတစ်ဖန် သစ်ပင်စသည် ပထဝီဓာတ်လည်း ဖြစ်သွားတယ်လို့ ဆိုလိုပါတယ်၊) အာပေါ၊ သက်ရှိ အာပေါဓာတ်သည်။ အာပေါကာယံ အနုပေတိ အနုပဂစ္ဆတိ၊ သက်မဲ့အာပေါဓာတ် ရေဓာတ်အပေါင်းသို့ သက်ဝင်သွားလေတော့သည်။ (သက်ရှိကိုယ်ထဲမှ အစိုဓာတ်**အရေဓာတ်**တွေဟာ သက်မဲ့အစိုဓာတ် အရေဓာတ်တွေ ဖြစ်သွားတယ်လို့ ဆိုလိုပါတယ်။) တေဇော၊ သက်ရှိအခိုးအငွေ့တေဇောဓာတ်သည်။ တေဇောကာယံ အနုပေတိ အနုပဂစ္ဆတိ၊ သက်မဲ့အပြင်ပ တေဇောဓာတ်အပေါင်းသို့ သက်ဝင် သွားလေတော့သည်။ ဝါယော၊ သက်ရှိဝါယောဓာတ် လေဓာတ် သည်။ ဝါယောကာယံ အနုပေတိ အနုပဂစ္ဆတိ၊ သက်မဲ့အပြင်ပ လေဓာတ်အပေါင်းသို့ သက်ဝင်သွားလေတော့သည်။ ဣန္ဒြိယာနိ၊ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်, နှလုံးဟူသော သိတတ်သော

http://www.dhammadownload.com



ဣန္ဒြေတို့သည်။ အာကာသံ သင်္ကမန္တိ၊ အာကာသဓာတ်သို့ ပြောင်းလဲသွားကုန်၏။ (ဒီအယူရှိတဲ့သူက မြင်တဲ့စိတ်, ကြားတဲ့စိတ် စသည်ဖြင့် သိတတ်တဲ့စိတ်ဝိညာဏ် အသီးအခြားရှိတယ်လို့ မယူဆဘူး၊ မျက်စိ, နား အစရှိတဲ့ ရုပ်ကပဲမြင်တယ်, ကြားတယ်, နံတယ်, အရသာ သိတယ်, ထိသိတယ်လို့ ယူဆတယ်၊ မနဆိုတဲ့ ဣန္ဒြေက ကြံသိတယ်လို့လည်း ယူဆတယ်၊ ဒါကြောင့် သိမှုပြတ်စဲသွားပုံကို ဣန္ဒြေတွေနဲ့ ပြောပါတယ်၊ အဲဒီသိတတ်တဲ့ မျက်စိ, နား အစရှိတဲ့ ဣန္ဒြေတွေဟာလည်း အာကာသဓာတ်ဖြစ်သွားတယ်၊ ကောင်းကင်ဟင်းလင်း ပြင်ကြီးထဲမှာ ပျောက်သွားတယ်လို့ ဆိုလိုပါတယ်။) ။ပ။ ဗာလေ စ၊ သူမိုက် တို့သည်လည်းကောင်း။ ပဏ္ဍိတေ စ၊ ပညာရှိတို့သည် လည်းကောင်း။ ကာယဿ ဘေဒါ၊ ခန္ဓာကိုယ်ပျက်ခြင်းကြောင့်။ ဝါ၊ ခန္ဓာကိုယ်ပျက်လတ်သော်။ ဥစ္ဆိဇ္ဇန္တိ၊ လုံးဝပြတ်စဲကုန်၏။ ဝိနဿန္တိ၊ ပျောက်ကွယ်သွားကုန်၏။ ပရံ မရဏာ၊ သေသည်မှ နောက်၌။ နဟောန္တိ၊ မရှိတော့ကုန်။ (လူမိုက်ဖြစ်စေ၊ သူတော်ကောင်းပညာရှိဖြစ်စေ၊ သေပြီးတဲ့နောက်မှာ ဘာမျှမရှိတော့ဘဲ လုံးဝပျောက်ကွယ်သွားတာချည်းပဲ၊ လူမိုက်လည်း အကုသိုလ်ကံကြောင့် ဘဝသစ်ဖြစ်ပြီး ဆင်းရဲရတယ်လို့မရှိဘူး၊ သေပြီးရင် လုံးဝပျောက်ကွယ်ပျက်စီးသွားတာချည်းပဲလို့ ဆိုလိုပါတယ်။)

အဲဒါဟာ ဥစ္ဆေဒအယူရှိတဲ့ အဇိတဆရာကြီး၏ ပြောဟောပုံအချို့ပါပဲ၊ အဇိတစ်ဇင်းလို့ ခေါ်ချင်ရင်လည်း ခေါ်နိုင်ပါတယ်၊ အကုသိုလ်ကို မရှောင်ချင်တဲ့သူ၊ ကုသိုလ်မပြုချင်တဲ့သူတွေက အဲဒီအယူကို ကြိုက်ကြပေလိမ့်မယ်၊ အဲဒီမှာသေပြီးရင် မရှိတော့ဘူးလို့ဆိုတော့ မသေခင်မှာတော့ ရှိနေတယ်လို့ ဝန်ခံရာရောက်ပါတယ်၊ အဲဒီ မသေခင် ရှိနေတာက ဘာလဲလို့မေးရင် အသက်ရှင်နေတဲ့

http://www.dhammadownload.com



ငါကောင် သတ္တဝါကောင်လို့ ဖြေရမှာပဲ၊ ဒါကြောင့် စာတုမဟာ ဘူတိကခံတတ် ၄-ပါး အစုအဝေးမျှပဲလို့ ဆိုပေမဲ့ ငါဆိုတဲ့ အတ္တစွဲက တော့ ရှိနေတယ်လို့ ဆိုရမှာပဲ၊ အဲဒီလို အတ္တစွဲရှိနေတဲ့အတွက် အဲဒီအယူရှိတဲ့သူတွေက "မသေခင်မှာ အချိန်အခွင့်ရှိသလောက် ကာမဂုဏ်အာရုံကို ခံစားရမယ်၊ နောင်ဘဝအတွက် ကျင့်ကြံသော အားဖြင့် အချိန်အခွင့်တွေကို မဆုံးရှုံးစေရဘူး"လို့လည်း ဆိုကြပါ တယ်။

အဲဒီလိုသေပြီးရင် ဘာမျှမရှိတော့ဘူး၊ လုံးဝပျောက်ကွယ် သွားတယ်လို့ယူတဲ့ ဥစ္ဆေဒဒိဋ္ဌိနဲ့ ယှဉ်ပြီးဖြစ်တဲ့ နှစ်သက်လိုချင်မှု ကို ဝိဘဝတဏှာခေါ်တယ်၊ ဒီတဏှာက ဘာမျှမကျင့်ရဘဲနဲ့ သေပြီး တဲ့နောက် ဘာမျှမဖြစ်ရတော့ဘဲ ပြတ်စဲသွားတာကိုလည်းကြိုက်တယ်၊ ဘာကြောင့်လဲဆိုရင် အဲဒီအယူရှိတဲ့သူက ကောင်းမှုကို မပြုချင်ဘူး၊ မကောင်းမှုကိုလည်း မရှောင်ချင်ဘူး၊ ပြုထားတဲ့ မကောင်းမှုတွေက လည်း များစွာရှိနေတယ်၊ ဒီတော့ သေပြီးတဲ့နောက် ဘဝသစ် ဖြစ်နေ ဦးမယ်ဆိုရင် မကောင်းမှုတွေက မကောင်းကျိုးတွေကို ပေးနေဦးမယ်၊ အဲဒါကို သူက မလိုလားဘူး၊ သေပြီးတဲ့နောက် ဘာမျှမဖြစ်ပါမှ သူ့မှာ သင်ပုန်းချေသလိုဖြစ်ပြီး အပြစ်ကင်းသွားမယ်၊ ဒါကြောင့် ဒီတဏှာက သေပြီးရင် ပြတ်စဲသွားတာကို နှစ်သက်သဘောကျတာပါပဲ၊ နောက်ပြီး တော့ မသေခင်ပဲ ခံစားရမယ်လို့ ယူဆထားတဲ့အတွက် မသေခင် အတွင်း ရရသမျှကို ခံစားဖို့ရာလည်း ပြင်းပြင်းပြပြ နှစ်သက် မက်မောနေတယ်၊ ကောင်းတယ်ထင်တာဟူသမျှကို သူက နှစ်သက် တာချည်းပဲ၊ ဘာကိုမျှ သူက ရှောင်ကြဉ်ခြင်းမရှိဘူး။ နှစ်သက်သာယာ မှု တဏှာတွေ အလွန်အကဲဖြစ်တတ်ပါတယ်၊ အဲဒီလို နောင်ဘဝ မရှိဘူးဆိုတဲ့ အယူဖြင့် ယခုလောလောဆယ်ခံစားဖို့ နှစ်သက်လိုချင်

http://www.dhammadownload.com



တိုင်း၊ မိမိ၏ လက်ရှိကိုယ်ကို ချမ်းသာစေလိုတိုင်း ဘဝသစ်ခန္ဓာဝန်ကို ခံယူနေသည်မည်ပါတယ်၊ ဘာကြောင့်လဲဆိုရင် အဲဒီနှစ်သက်သာယာမှု တဏှာကြောင့် အများအားဖြင့် အကုသိုလ်ကံတွေ ဖြစ်တယ်၊ သေခါနီးမှာ အဲဒီကံတွေနဲ့ မိမိကိုယ်ကို နှစ်သက်စွဲလမ်းပြီး သေသွားတော့ အဲဒီကံတွေကြောင့် ဘဝသစ်ခန္ဓာဝန်တွေ ဖြစ်ပေါ်လာတယ်၊ ဒါကြောင့်ပါပဲ၊ မိမိက နောင်ဘဝမရှိဘူးလို့ ယူဆထားပေမဲ့ နှစ်သက်လိုချင်တဲ့ တဏှာရှိနေရင် ဘဝသစ်ကဖြစ်တာပဲ၊ ဘယ်လိုမှ ရှောင်လို့မရနိုင်ဘူး၊ ဥပမာအားဖြင့် မကျန်းမာတဲ့သူကို မတည့်တဲ့ အစာ မစားဖို့ ဆေးဆရာက ညွှန်ကြားထားတယ်ဆိုပါတော့၊ အဲဒီလို ညွှန်ကြားထားရာမှာ လူမမာက ဆရာ ပြောတဲ့အတိုင်း မဟုတ်နိုင်ပါဘူး၊ သင့်ကောင်းပါရဲ့လို့ ယူဆပြီး မတည့်တဲ့အစာကို စားမိရင် ရောဂါတိုးတတ်တယ်၊ သေသည့်တိုင်အောင်လည်း ဒုက္ခပေးတတ်တယ်၊ အဲဒါလိုပါပဲ၊ သူက နောင်ဘဝမရှိဘူးလို့ ယူဆထားပေမဲ့ နှစ်သက်တွယ်တာတဲ့ ဇောက ရှိနေတော့ ဘဝအသစ်က ဖြစ်ပေါ်တာပဲ။ ဖြစ်ပေါ်တာမှ သူ့မှာ ယုတ်ညံ့ဆင်းရဲတဲ့ ဘဝတွေပဲ ဖြစ်ဖို့ရှိတယ်။ ဘာကြောင့်လဲဆိုရင် သူက ဘဝကောင်းဖြစ်ဖို့ ကုသိုလ်ကံကို မပြုဘူး၊ ယုတ်ညံ့တဲ့ဘဝကို ဖြစ်စေတတ်တဲ့ အကုသိုလ်ကံကိုသာ များစွာပြုတယ်၊ ဘယ်သူသေသေ ငတေမာပြီးရောဆိုတာလိုပဲ သူက မသေခင်အတွင်း အကောင်းအဆိုး ခံစားသွားမယ်ဆိုတဲ့အနေနဲ့ ဘယ်သူ့ကိုမှ မငဲ့မညှာဘဲ သူအလိုရှိတာတွေကို အကုန်ပြုလုပ်တယ်၊ အဲဒီလို ပြုလုပ်တဲ့အတွက် အကုသိုလ်ကံတွေသာ များများဖြစ်တယ်၊ ထက်ထက်သန်သန်ကြီးဖြစ်တယ်။ ဒါကြောင့် သူ့မှာ ယုတ်ညံ့တဲ့ဘဝ၊ ဆင်းရဲတဲ့ဘဝတွေကို ရဖို့သာ ရှိနေပါတယ်။ အဲဒီမှာ အတိုချုပ်ကတော့ သေပြီးတဲ့နောက် ဘာမျှမရှိ တော့ဘူးလို့ ယူဆပြီး နှစ်သက်

http://www.dhammadownload.com



သာယာတဲ့ တဏှာဟူသမျှဟာ ဝိဘဝတဏှာချည်းပါပဲ။ အဲဒါကို ဘုန်းကြီးက "ဝိဘဝမှာ၊ ဉစ္ဆေဒါ၊ ထင်ကာနှစ်သက်မှု"-လို့ ဆောင်ပုဒ် စီထားပါတယ်။ သေရင် တစ်ခါတည်း ပြတ်စဲသွားတယ်၊ ဘာမျှမဖြစ် တော့ဘူး-လို့ထင်မှတ်ပြီး နှစ်သက်သာယာမှုကို ဝိဘဝတဏှာခေါ် တယ်လို့ ဆိုလိုပါတယ်။ အဲဒါ ကိုဆိုကြရမယ်။

**ဝိဘဝမှာ၊ ဉစ္ဆေဒါ၊ ထင်ကာနှစ်သက်မှု။ (ဆို)**

## တဏှာသုံးပါးဖြစ်တိုင်း ဝန်ထုပ်ကို ခံယူတာပဲ

အဲဒီတဏှာသုံးပါးဖြစ်တိုင်းဖြစ်တိုင်း ဘဝသစ်ခန္ဓာဝန်ကို လက်ခံပြီး ယူနေသည်မည်ပါတယ်။ လေးလံတဲ့ ဝန်ထုပ်ကြီးများကို ကောက်ကောက်ပြီး ထမ်းနေသလိုပါပဲ။ ဒါကြောင့် မြတ်စွာဘုရားက-

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ ဆိုတဲ့ တဏှာသုံးပါးကို။ ဘာရာဒါနံ၊ ခန္ဓာဝန်ကို ခံယူ ခြင်းဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်တယ်လို့ ဟောထားပါတယ်။

လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးဆိုတာ ဘယ်ဟာလဲလို့ ဆိုရင် ငါ, ငါ့ဥစ္စာလို့ထင်ရတဲ့ ခန္ဓာငါးပါးတရားပဲလို့ ဖြေရမယ်။ ဝန်ထမ်း သမားဆိုတာ ဘယ်သူလဲလို့ဆိုရင် ခန္ဓာငါးပါးရှိနေတဲ့ ပုဂ္ဂိုလ်ပဲလို့ ဖြေရမယ်။ ဝန်ထုပ်ဝန်ပိုးကို ခံယူတယ်ဆိုတာ ဘယ်ဟာလဲလို့မေးရင်၊ နှစ်သက်လိုချင်တဲ့ တဏှာပဲလို့ ဖြေရမယ်၊ ကဲ-အဲဒီဆောင် ပုဒ်တွေကို ဆိုကြရမယ်။

**လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးဆိုတာ ဘယ်ဟာလဲ။**
**ငါ, ငါ့ဥစ္စာလို့ ထင်ရတဲ့ ခန္ဓာငါးပါးတရားပဲ။**
**ဝန်ထမ်းသမားဆိုတာ ဘယ်သူလဲ။**
**ခန္ဓာငါးပါးရှိနေတဲ့ ပုဂ္ဂိုလ်ပဲ။**

http://www.dhammadownload.com



## ဝန်ထုပ်ကိုခံယူတယ်ဆိုတာ ဘယ်ဟာလဲ။ နှစ်သက်လိုချင်တဲ့ တဏှာပဲ။

ဝန်ထုပ်နှင့် ဝန်ထမ်းသမားအကြောင်းကိုတော့ တစ်နေ့က သီတင်းပတ်မှာ ဟောခဲ့ပြီ၊ ဒီကနေ့ ဝန်ထုပ်ကို ခံယူခြင်းအကြောင်း ပြောပြီးပြီ။ ယခု ဝန်ထုပ်ကို ပစ်ချပုံဟောရမယ်၊ အဲဒါက အရေးကြီးဆုံးပဲ။ အဲဒါကို မြတ်စွာဘုရားက ဒီလိုမေးပြီး ဖြေတော်မူပါတယ်။

## ဝန်ထုပ်ကို ပစ်ချခြင်း

ကတမဉ္စ ဘိက္ခဝေ ဘာရနိက္ခေပနံ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘာရနိက္ခေပနံ၊ ဝန်ထုပ်ဝန်ပိုးကို ပစ်ချခြင်းဟူသည်။ ကတမဉ္စ၊ အဘယ်ပါနည်း။ ဝန်ထုပ်ဝန်ပိုးကို ပစ်ချတယ်ဆိုတာ ဘာလဲလို့ မေးခွန်းထုတ်ပြပါတယ်။

ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဘာရနိက္ခေပနံ။

ဘိက္ခဝေ၊ ရဟန်းတို့။ တဿာယေဝ တဏှာယ၊ ထိုနှစ်သက်လိုချင်သော တဏှာ၏သာလျှင်။ ဝါ၊ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ ဟုဆိုအပ်သော ထိုတဏှာသုံးပါး၏သာလျှင်။ ယော အသေသဝိရာဂနိရောဓော၊ အကြွင်း အကြွင်းမဲ့ ပျက်ပြယ်ခြင်း ချုပ်ခြင်းသည်။ ယော စာဂေါ၊ အကြွင်းပယ်စွန့်ခြင်းသည်။ ယော ပဋိနိဿဂ္ဂေါ၊ အကြွင်းဝေးစွာစွန့်ခြင်းသည်။ ယာ မုတ္တိ၊ အကြွင်းဆုပ်ကိုင်မထားဘဲ လွှတ်လိုက်ခြင်းသည်။ ယော အနာလယော၊ အကြွင်းတွယ်တာမှုကင်းခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤတဏှာ၏ အကြွင်းမဲ့ပျက်ပြယ်ခြင်း, တဏှာကို ပယ်စွန့်ခြင်း

http://www.dhammadownload.com



စသည်ဖြင့် ခေါ်ဆိုအပ်သော သဘောကို။ ဘာရနိက္ခေပနံ၊ ဥပါဒါနက္ခန္ဓာ ငါးပါးဟု ဆိုအပ်သော ဝန်ထုပ်ဝန်ပိုးကို ပစ်ချလိုက်ခြင်းဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်ပေ၏ တဲ့။

ဝန်ထုပ်ဝန်ပိုးကို ပစ်ချတယ်ဆိုတာ ဝန်ထုပ်ဝန်ပိုးကို လက်ခံတဲ့တဏှာကို ပယ်လိုက်တာပါပဲ၊ တဏှာကို ပယ်တယ်ဆိုတာကလည်း ဝိပဿနာဉာဏ်၊ အရိယာမဂ်ဉာဏ်တို့၏ အစွမ်းကြောင့် အဲဒီတဏှာဖြစ်ခွင့်မရှိဘဲ ချုပ်ငြိမ်းသွားတာကို ဆိုတာပါပဲ။ နေရောင်အလင်းပေါ်လာတော့ အမှောင်တွေ အကုန်ပျောက်ကင်းသွားကြသလို အရဟတ္တမဂ်ဉာဏ် ဖြစ်ပေါ်လာတဲ့အခါမှာ နှစ်သက်လိုချင်မှုတဏှာဟာ ဖြစ်ခွင့်မရှိတော့ဘဲ လုံးဝချုပ်ငြိမ်းသွားတယ်၊ အဲဒီလိုတဏှာချုပ်ငြိမ်းသွားတဲ့အတွက် ဘဝသစ်ရုပ်နာမ်ခန္ဓာတွေဟာ မဖြစ်ပေါ်နိုင်တော့ဘဲ လုံးဝချုပ်ငြိမ်းသွားတယ်။ ဒါကြောင့် နှစ်သက်လိုချင်တဲ့ တဏှာကို ပယ်ခြင်း =တဏှာမဖြစ်ခြင်းကို ဝန်ထုပ်ချခြင်းလို့ ခေါ်ဆိုသင့်ပါပေတယ်။ ဒါကြောင့် မြတ်စွာဘုရားက "တဿာယေဝ တဏှာယ၊ ဝန်ထုပ်ကို ခံယူတတ်သော ထိုတဏှာ၏သာလျှင် ။ယော အသေသဝိရာဂနိရောဓော၊ အကြွင်းအကြွင်းမဲ့ ပျက်ပြယ်ခြင်း ချုပ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤတဏှာ၏ချုပ်ငြိမ်းခြင်းကို။ ဘာရနိက္ခေပနံ၊ ဝန်ထုပ်ကို ပစ်ချလိုက်ခြင်းဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုရတယ်"လို့ ဟောထားပါတယ်။

အရဟတ္တမဂ်ဖြင့် တဏှာချုပ်ငြိမ်းတယ် ဆိုတာကတော့ အကြွင်းမဲ့ နောက်ဆုံးချုပ်ငြိမ်းတာကို ဆိုတာပါ။ အဲဒီအရဟတ္တမဂ်မရောက်မီ အနာဂါမ်ဖြင့်လည်း ကာမရာဂခေါ်တဲ့ တဏှာဟာ လုံးဝချုပ်ငြိမ်းသွားပါသေးတယ်။ အဲဒီ ကာမရာဂခေါ်တဲ့ တဏှာချုပ်ငြိမ်းသွားတဲ့အတွက် အနာဂါမ်ပုဂ္ဂိုလ်မှာ လူ့ဘဝ၊ နတ်ဘဝဆိုတဲ့ ကာမ

http://www.dhammadownload.com



ဘဝခန္ဓာဝန်တွေ မဖြစ်နိုင်တော့ဘူး၊ အဲဒီကာမဘဝခန္ဓာဝန်တွေကို ပစ်ချပြီး ဖြစ်သွားပါတယ်။ နောက်ပြီးတော့ **သကဒါဂါမိမဂ်** ဖြင့်လည်း ရုန့်ရင်းတဲ့ကာမရာဂတဏှာကို အကြွင်းမဲ့ပယ်ပါတယ်၊ ဒါကြောင့် သကဒါဂါမ်မှာ ရုန့်ရင်းကြမ်းတမ်းတဲ့ ကာမတဏှာ မရှိတော့တဲ့ အတွက် ၂-ဘဝထက်ပိုလွန်ပြီးဖြစ်မည့် ကာမဘဝခန္ဓာဝန်တွေကို ပစ်ချပြီးဖြစ်သွားပါတယ်၊ နောက်ပြီးတော့ သောတာပတ္တိမဂ်ဖြင့်လည်း သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာနှင့် အဆင့်အတန်းတူတဲ့ တဏှာကို အကြွင်း မဲ့ ပယ်ပါတယ်။ ဒါကြောင့် သောတာပန်ပုဂ္ဂိုလ်မှာ အပါယ်လေးပါး ဘဝခန္ဓာဝန်တွေကိုလည်း ပစ်ချပြီးဖြစ်သွားတယ်။ လူ့လောက၊ နတ် လောကမှာ ခုနစ်ဘဝထက်ပိုလွန်ပြီး ဖြစ်မည့် မရေမတွက်နိုင်သော ခန္ဓာဝန်တွေကိုလည်း ပစ်ချပြီးဖြစ်သွားတယ်၊ ဒီတော့ သောတာပန် လောက်ဖြစ်ရင် ကိုယ့်ခန္ဓာဝန်တွေ အပုံပေါ့သွားပြီ။

ဒါကြောင့် မြတ်စွာဘုရားက သောတာပန်မှာ သစ္စာ ၄-ပါးကို သိရတဲ့အတွက် ဘဝခန္ဓာ ဆင်းရဲတွေ ငြိမ်းသွားပုံကို ဒီလို ဥပမာ ပြပြီးတော့ ဟောထားပါတယ်။ လက်သည်းခွံပေါ်မှာ မြေမှုန့် အနည်းငယ်ကိုတင်ပြီး မြတ်စွာဘုရားက ရဟန်းများကို မေးတော် မူပါတယ်။ ရဟန်းတို့၊ ငါ၏ လက်သည်းပေါ်က မြေမှုန့်နှင့် မဟာ ပထဝီမြေကြီးထဲက မြေမှုန့်၊ဒီနှစ်မျိုးထဲမှာ ဘယ်မြေမှုန့်က သာပြီး များပါသလဲလို့ မေးမြန်းတော်မူပါတယ်။ ဒီတော့ ရဟန်းများက မြတ်စွာဘုရား၏ လက်သည်းပေါ်က မြေမှုန့်ဟာ အလွန်နည်းပါ တယ်။ မပြောပ မရေတွက်လောက်ပါဘူး၊ မဟာပထဝီမြေကြီးထဲက မြေမှုန့်တွေသာလျှင် အတိုင်းမသိ အလွန်များလှပါတယ်လို့ လျှောက် ထားကြတယ်။ သစ္စာ ၄-ပါးကို သိမြင်ပြီးဖြစ်တဲ့ သောတာပန်ပုဂ္ဂိုလ် မှာ ကုန်သွားတဲ့ ဘဝဆင်းရဲတွေက အဲဒီမြေကြီးထဲက မြေမှုန့်တွေ

http://www.dhammadownload.com



လောက်မက များတယ်၊ အလွန်ဆုံး ဖြစ်ရမည့် ခုနစ်ဘဝအကြွင်း အကျန်ကတော့ လက်သည်းပေါ်က မြေမှုန့်လောက်ပဲရှိတယ်။ ကျန်တဲ့ဆင်းရဲက မပြောပလောက်တော့ဘူး၊ အနည်းငယ်သာ ရှိတော့တယ်၊ ကုန်သွားတဲ့ ဆင်းရဲတွေက အတိုင်းမသိ အလွန်များတယ်လို့ မြတ်စွာဘုရားက ဟောတော်မူပြီးတော့ သစ္စာ ၄-ပါးတရားကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်အောင် အားထုတ်ဖို့ တိုက်တွန်းတော်မူပါတယ်။ **(သံ ၃-၄၀၀)**

## ဝိပဿနာဖြင့်လည်း ခန္ဓာဝန်တွေ ပစ်ချနိုင်တယ်

ယခုပြောခဲ့တာတွေကတော့ အရိယာမဂ် ၄-ပါးဖြင့် ခန္ဓာဝန်ကို ပစ်ချပုံတွေပဲ။ အဲဒီ အရိယာမဂ် ၄-ပါးဆိုတာကလည်း သူတို့သက်သက်နဲ့ ဖြစ်နိုင်တာ မဟုတ်ဘူး၊ ဝိပဿနာဉာဏ်ပြည့်စုံမှ ဖြစ်နိုင်တယ်၊ ဒါကြောင့် အရိယာမဂ် ၄-ပါးဖြင့် ခန္ဓာဝန်ကို ပစ်ချချင်ရင် ဝိပဿနာဉာဏ်ပြည့်စုံအောင် အားထုတ်ရတယ်။ အဲဒီလို အားထုတ်တဲ့အခါ ဝိပဿနာဉာဏ်ဖြင့်လည်း ခန္ဓာဝန်တွေကို ထိုက်တန်သလောက် ပစ်ချနိုင်ပါတယ်။

ပစ်ချနိုင်ပုံကတော့ မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားသိတိုင်း၊ တွေ့ထိတိုင်း၊ ကြံတိုင်း မရှုမမှတ်လို့ရှိရင် အဲဒီမြင်ရတဲ့ အာရုံ ကြားရတဲ့အာရုံ စသည်တွေကို အမှန်အတိုင်းမသိဘူး။ သိရိုး သိစဉ်အတိုင်း အလွဲအမှားတွေကို သိသိနေတယ်။ မမြဲတာကို မြဲတယ်လို့ထင်တယ်၊ ဆင်းရဲတွေ, မကောင်းတာတွေကို ချမ်းသာတွေ, အကောင်းတွေလို့ထင်တယ်၊ ငါကောင်မဟုတ်တဲ့ သဘောတရားတွေကို ငါကောင်လို့ထင်တယ်။ အဲဒီလို အလွဲအမှားတွေကို ထင်တာ, သိတာဟာ အဝိဇ္ဇာပဲ။ အဲဒီလို အလွဲအမှားတွေ သိနေတဲ့အတွက်

http://www.dhammadownload.com



အဲဒီလို အာရုံတွေကို နှစ်သက်တယ်, လိုချင်တယ်၊ မိမိကိုယ်ကိုလည်း နှစ်သက်တယ်သာယာတယ်၊ အဲဒီလို နှစ်သက်လိုချင်တာ, သာယာတာဟာ တဏှာပဲ၊ ဒီတဏှာဖြင့် နှစ်သက်လိုချင်တိုင်း၊ သာယာတိုင်း ဘဝသစ်ခန္ဓာတွေကို လက်ခံနေသည်မည်တာပဲ။ ဘာကြောင့်လဲဆိုရင် အဲဒီလို နှစ်သက်သာယာရင် စွဲလမ်းတဲ့ ဥပါဒါန်ဖြစ်လာတယ်၊ ကိုယ့်အလိုအတိုင်း ပြီးစီးပြည့်စုံအောင် ပြုလုပ်အားထုတ်တဲ့ ကံနှင့်သင်္ခါရတွေ ဖြစ်လာတယ်။ အဲဒီကံ သင်္ခါရကြောင့် ဘဝသစ်ခန္ဓာတွေ ဖြစ်ရတယ်၊ ဒါကြောင့်ပါပဲ။

အဲဒီတော့ မရှုမိတဲ့အာရုံတိုင်းနှင့်စပ်ပြီး တဏှာဖြစ်တယ်၊ အဲဒါဟာ မြင်ခိုက်, ကြားခိုက် စသည်မှာ ချက်ချင်းဖြစ်တာလည်း ရှိတယ်၊ ချက်ချင်းမဖြစ်သေးဘဲ နောင်အကြောင်းညီညွတ်တဲ့အခါကျမှ ဖြစ်တာလည်းရှိတယ်။ ဒါကြောင့် မြင်ခိုက်, ကြားခိုက် စသည်မှာ မရှုမှတ်မိတိုင်း အဝိဇ္ဇာနှင့်တကွ တဏှာဖြစ်နေတယ်၊ ဘဝသစ်ခန္ဓာဝန်ကို လက်ခံယူနေတယ်လို့ ဆိုရတယ်၊ ဒီတော့ ခန္ဓာဝန်ကို အလိုမရှိရင် မြင်တိုင်း၊ ကြားတိုင်း၊ တွေ့တိုင်း၊ ကြံသိတိုင်း အဝိဇ္ဇာနှင့် တဏှာဖြစ်ခွင့်မရအောင် ရှုမှတ်ရလိမ့်မယ်။ အဲဒီလို ရှုမှတ်ရင် သမာဓိဉာဏ်အားရှိလာတဲ့အခါမှာ မှတ်တိုင်း မှတ်တိုင်း ရုပ်နာမ်တို့၏ သဘောမှန်ကိုသိရတယ်၊ မှတ်သိရတဲ့ ရုပ်ခန္ဓာက တခြား၊ မှတ်သိတဲ့နာမ်ခန္ဓာက တခြား ခွဲခြားပြီးတော့လည်း သိရတယ်၊ အသစ်အသစ်ဖြစ်ပေါ်လာတာကိုလည်း သိရတယ်၊ တစ်ခဏချင်း ပျောက်ပျောက်သွားတာကိုလည်း သိရတယ်၊ တရိပ်ရိပ်နဲ့ ခဏမစဲ ဖြစ်ပျက်နေတာကိုချည်း တွေ့ရ သိရတယ်၊ အဲဒီတော့ မှတ်တိုင်း မှတ်တိုင်း အနိစ္စ = မမြဲတဲ့တရားတွေချည်းဘဲလို့လည်း အမှန်အတိုင်း သိရတယ်၊ ဖြစ်ချည် ပျက်ချည်နဲ့ ဆင်းရဲတွေ, မကောင်းတာတွေချည်း

http://www.dhammadownload.com



ဘဲလို့လည်း အမှန်အတိုင်းသိရတယ်၊ သူ့သဘောအတိုင်း သူဖြစ်ပျက်နေတဲ့ အနတ္တသဘောတရားမျှချည်းပဲလို့လည်း အမှန်အတိုင်းသိရတယ်။ အဲဒီလို ရုပ်နှင့်နာမ်မျှပဲ အနိစ္စ, ဒုက္ခ, အနတ္တ သဘောတရားမျှပဲလို့ အမှန်အတိုင်းသိသိသွားတာက ဝိဇ္ဇာဉာဏ်တွေပဲ၊ ဝိဇ္ဇာဉာဏ်ဖြစ်ပေါ်လာတော့ အဝိဇ္ဇာဆိုတဲ့-မသိမှု သိမှားမှုဟာ သူ့အလိုလို ကင်းပျောက်သွားတယ်၊ အလင်းရောင်ပေါ်လာရင် အမှောင်ပျောက်သွားသလိုပါပဲ။ အဲဒီလိုကင်းပျောက်သွားတာကို ဝိပဿနာ ဝိဇ္ဇာဉာဏ်က အဝိဇ္ဇာကို ပယ်တယ်လို့ဆိုပါတယ်။ နှစ်သက်ဖွယ်အနေအားဖြင့် ထင်မှား, သိမှားမှု မရှိတော့ နှစ်သက်လိုချင်မှု တဏှာလည်းမဖြစ်နိုင်တော့ဘူး၊ မြင်ခိုက်, ကြားခိုက် စသည်မှာ ချက်ချင်းရှုမှတ်လိုက်သည့်အတွက် မြင်ပြီးခါစ ကြားပြီးခါစ စသည်မှာလည်း နှစ်သက်လိုချင်မှု မဖြစ်နိုင်ဘူး၊ နောက်ကာလကျတော့လည်း ပြန်လည်စဉ်းစားသောအားဖြင့် မဖြစ်နိုင်ဘူး၊ ရှုမိတဲ့အာရုံတိုင်းမှာ နှစ်သက်လိုချင်မှုတဏှာ ကင်းငြိမ်းနေတယ်၊ အဲဒီလို ကင်းငြိမ်းတာကို တဒင်္ဂပဟာန်ဖြင့်ပယ်တယ်လို့ ဆိုပါတယ်။ ရှုမိတဲ့အာရုံတိုင်းမှာ ချက်ချင်းဖြစ်စေ၊ နောင်ကာလကျမှ ဖြစ်စေ ဖြစ်ပေါ်လာနိုင်သည့် တဏှာတစ်စိတ်ကို ဝိပဿနာကုသိုလ်တစ်စိတ်ဖြင့် ပယ်တယ်လို့ ဆိုလိုပါတယ်။

အဲဒီလို တဒင်္ဂပဟာန်ဖြင့် ရှုမှတ်ပြီး ပယ်တိုင်း ပယ်တိုင်း ဘဝသစ်ခန္ဓာဝန်ကို ပစ်ချသည်မည်ပါတယ်၊ မြင်တာကို ရှုမှတ်လို့ အဖြစ်အပျက် အနိစ္စ, ဒုက္ခ, အနတ္တ သဘောမှန်ကို သိရင် အဲဒီမြင်မှုနှင့် စပ်ပြီးဖြစ်မည့် တဏှာနှင့် ဘဝသစ်ခန္ဓာဝန်ကို ပစ်ချတာပဲ၊ ထိုအတူ ကြားတာကို မှတ်သိရင် အဲဒီကြားမှုနှင့် စပ်ပြီးဖြစ်မည့် ခန္ဓာဝန်ကို ပစ်ချတာပဲ၊ နံတာကို မှတ်သိရင် အဲဒီနံမှုနှင့် စပ်ပြီး

http://www.dhammadownload.com



ဖြစ်မည့် ခန္ဓာဝန်ကို ပစ်ချတာပဲ၊ စားတာကို မှတ်သိရင် အဲဒီစားသိမှုနှင့် စပ်ပြီးဖြစ်မည့် ခန္ဓာဝန်ကို ပစ်ချတာပဲ၊ တွေ့ထိတာကို မှတ်သိရင် အဲဒီတွေ့ထိမှုနှင့် စပ်ပြီးဖြစ်မည့် ခန္ဓာဝန်ကို ပစ်ချတာပဲ၊ ကြံသိတာကို မှတ်သိရင် အဲဒီကြံသိမှုနှင့် စပ်ပြီး ဖြစ်မည့် ခန္ဓာဝန်ကို ပစ်ချတာပဲ၊ ဒွါရ ၆-ပါးက ပေါ်တိုင်းပေါ်တိုင်းကို ရှုမှတ်ပြီး အမှန်အတိုင်း သိသိသွားရင် သိတိုင်း သိတိုင်း အဲဒီသိရတဲ့အာရုံနှင့် စပ်ပြီးဖြစ်မည့် ခန္ဓာဝန်ကို ပစ်ချတာပဲ။

ဖောင်းတယ်, ပိန်တယ်, ထိုင်တယ်, ကွေးတယ်, ဆန့်တယ်, သွားတယ်, ကြွတယ်, လှမ်းတယ်, ချတယ် စသည်ဖြင့် ရှုမှတ်ရတာတွေဟာ ကိုယ်အတွေ့အထိထဲမှာ အတွင်းဝင်ပါတယ်၊ ဒါကြောင့် ဖောင်းတယ်လို့ ရှုမှတ်ပြီး တောင့်တင်းလှုပ်ရှားတဲ့သဘောတွေ အဆင့်ဆင့်ဖြစ်ပျက်နေတာကို အမှန်အတိုင်းသိရင် အဲဒီဖောင်းမှုနှင့် စပ်ပြီး နှစ်သက်သာယာမှု တဏှာဟာ မဖြစ်နိုင်တော့ဘူး၊ မရှုမမှတ်လို့ အဲဒီလိုအမှန်အတိုင်း မသိရင်တော့ အဲဒီဝမ်းဗိုက်၏ ဖောင်းမှုနှင့်စပ်ပြီး ငါ့ဗိုက်ပဲ၊ ငါပဲလို့ထင်တယ်။ အဲဒီလို မထင်ပေဘူးလား၊ ထင်ပါတယ်။ အဲဒီလိုထင်တာ အဝိဇ္ဇာပဲ၊ အဲဒီလိုထင်တော့ ငါ, ငါ့ဗိုက်လို့ နှလုံးသွင်းပြီး နှစ်သက်သာယာတယ်၊ အဲဒီ ငါ့အတွက် အလိုရှိတဲ့ အကျိုးပြီးအောင် တစ်စုံတစ်ခုကို ပြုလုပ်တယ်၊ ကံနှင့် သင်္ခါရပဲ၊ အဲဒီကံနှင့် သင်္ခါရကြောင့် ဘဝသစ်ခန္ဓာတွေ ဖြစ်ပေါ်တယ်၊ အဲဒီ ဘဝသစ်ခန္ဓာဟာ ဘယ်က လာသလဲဆိုရင် မရှုမမှတ် နိုင်တဲ့အတွက် ငါပဲ၊ ငါ့ဗိုက်ပဲလို့ထင်ပြီး နှစ်သက်သာယာတဲ့ တဏှာက အရင်းခံအစပြုပြီး ဖြစ်ပေါ်လာတာပဲ။ ဒါကြောင့် အဲဒီလို မရှုမမှတ်မိတိုင်း တဏှာဖြစ်ပြီး ဘဝသစ်ခန္ဓာဝန်ကို ခံယူနေသည်မည်ပါတယ်၊ ရှုမှတ်လို့ အမှန်အတိုင်းသိရင် သိတိုင်းသိတိုင်း အဲဒီ ခန္ဓာဝန်ကို ပစ်ချ

http://www.dhammadownload.com



နေသည်မည်ပါတယ်၊ ဒါကြောင့် ဖောင်းတယ်လို့ တစ်ခါမှတ်လိုက်ရင် ခန္ဓာဝန်ကို တစ်ကြိမ်ပစ်ချလိုက်တာပဲ၊ ထို့အတူ ပိန်တယ်လို့ တစ်ခါမှတ်လိုက်ရင်လည်း ခန္ဓာဝန်ကို တစ်ကြိမ်ပစ် ချလိုက်တာပဲ၊ ထိုင်တယ်, ကွေးတယ်, ဆန့်တယ်, သွားတယ်, ကြွတယ်, လှမ်းတယ် စသည်ဖြင့် မှတ်တိုင်း မှတ်တိုင်းလည်း ခန္ဓာဝန်ကို တစ်ကြိမ်တစ်ကြိမ် ပစ်ချနေတာပဲ။

ဖောင်းတယ်, ပိန်တယ် မှတ်နေရင်း စိတ်ကူးစဉ်းစားမှု ဖြစ်ပေါ်လာရင် အဲဒီစိတ်ကူးစဉ်းစားမှုကို စိတ်ကူးတယ်, စဉ်းစားတယ်, ကြံစည်တယ်, လိုချင်တယ် စသည်ဖြင့် ရှုမှတ်ရတယ်၊ အဲဒီ စိတ်ကူးကြံစည်မှုကိုတော့ မရှုမမှတ်တဲ့ ပကတိလူတွေမှာ ပုဂ္ဂိုလ် သတ္တဝါ ငါအနေနဲ့ အစွဲလမ်းဆုံးပါပဲ၊ ဒါကြောင့် မရှုမမှတ်တဲ့ သူတွေမှာ ငါလို့ထင်ရတဲ့ အဲဒီစိတ်ကူး စဉ်းစားကြံစည်မှုကို နှစ်သက် သာယာတယ်၊ ကြံတဲ့အတိုင်း ဖြစ်ချင်လည်း ဖြစ်စေ၊ မဖြစ်ချင်လည်း နေ၊ စိတ်ကူးစဉ်းစားပြီး ကြံစည်နေရတာကိုတော့ နှစ်သက်သာယာနေ တာပဲ၊ တရားအားထုတ်နေဆဲ ယောဂီတောင်မှ မစဉ်းစားမဆင်ချင် ရဘူး၊ တစ်မှတ်တည်း မပြတ်မှတ်နေရမယ်ဆိုရင် တချို့က တယ် သဘောမကျဘဲ ရှိနေတတ်သေးတယ်။ ဒါကြောင့် မရှုမှတ်မိတဲ့ စိတ်ကူးတွေကို ငါပဲလို့ထင်ပြီး သာယာနေရာက စွဲလမ်းတယ်၊ အဲဒီစိတ်ကူး ငါကောင်းစားရေးအတွက် အားထုတ်တယ်၊ ကံနှင့် သင်္ခါရတွေပါပဲ။ အဲဒီ ကံနှင့် သင်္ခါရကြောင့် ဘဝသစ်ခန္ဓာဝန်တွေ ဖြစ်ပေါ်လာတယ်။ ဒီတော့ မရှုမမှတ်မိတဲ့ စိတ်ကူးတိုင်း စိတ်ကူး တိုင်းမှာ နှစ်သက်သာယာတဲ့ တဏှာဖြစ်ပြီး ဘဝသစ်ခန္ဓာဝန်တွေကို လက်ခံနေသည်မည်ပါတယ်။

ရှုမှတ်နေတဲ့ ယောဂီမှာတော့ ဒီစိတ်ကူးက အတ္တကောင်

http://www.dhammadownload.com



ငါကောင် မဟုတ်တဲ့ သဘောတရားမျှ ဖြစ်ကြောင်း အလွန်ထင်ရှား ပါတယ်။ စိတ်ကူးတယ် စိတ်ကူးတယ်လို့ တစ်ချက်၊နှစ်ချက်လောက် မှတ်လိုက်ရင် အဲဒီစိတ်ကူးက မရှိတော့ဘူး၊ ပြတ်စဲသွားတယ်။ ကြံ တယ် ကြံတယ်, စဉ်းစားတယ်, ဆင်ခြင်တယ်, နှစ်သက်တယ်, လိုချင် တယ်စသည်ဖြင့် တစ်ချက် နှစ်ချက်လောက် မှတ်လိုက်ရင်လည်း အဲဒီ ကြံစည်တဲ့စိတ် စသည်ဟာ မရှိတော့ဘူး ပြတ်စဲသွားတယ်။ အဲဒီ တော့ ယောဂီက အဲဒီစိတ်တွေဟာ အစက မရှိသေးဘဲ ယခုမှဖြစ် ပေါ်လာတယ်၊ ဖြစ်ပေါ်လာပြီးတော့ တစ်ခဏချင်းပဲ ပျောက်ပျောက် သွားတယ်ဆိုတာကို မတွေးမကြံရဘဲ ကိုယ်ပိုင်ဉာဏ်ဖြင့်ပင် သဘော ပေါက်လာတယ်။ ဒါကြောင့် အဲဒီကြံတဲ့စိတ်ကို ငါကောင်အနေနဲ့ မစွဲလမ်းတော့ဘူး၊ နှစ်သက်ဖွယ်လို့လည်း မထင်တော့ဘူး၊ အဲဒီလို နှစ်သက်ဖွယ် မထင်တဲ့အတွက် အဲဒီစိတ်မှာ နှစ်သက်သာယာခြင်း မဖြစ်တော့ဘူး၊ အဲဒါဟာ တဏှာချုပ်တဲ့ သဘောပါပဲ၊ တဏှာချုပ်ရင် တဏှာမှဆက်သွယ်ပြီးဖြစ်မည့် ခန္ဓာဝန်တွေလည်း ဖြစ်ခွင့်မရှိတော့ဘဲ ချုပ်ငြိမ်းသွားကြတော့တာပဲ။ ဒါကြောင့် စိတ်ကူး ကြံစည်မှုကို ရှုမှတ် မိတိုင်း ခန္ဓာဝန်ကို ပစ်ချနေသည်မည်ပါတယ်၊ အဲဒီပစ်ချသည်မည် ပုံဟာ ဘင်္ဂဉာဏ်စသည် ဖြစ်တဲ့အခါ သာပြီးထင်ရှားပါတယ်။

ထင်ရှားပုံကတော့ ဘင်္ဂဉာဏ်ရောက်နေတဲ့ ယောဂီဟာ ရှုမှတ်တိုင်း မှတ်သိရတဲ့အာရုံရော မှတ်သိတဲ့စိတ်ရော ရှေ့ဆင့် နောက်ဆင့်တစ်စုံတစ်စုံ ပျက်ပျက်သွားတာကိုချည်း တွေ့ရတယ်။ ဥပမာ ဖောင်းတယ်လို့မှတ်ရင် ဖောင်းတာလည်း ပျောက်သွားတယ်၊ မှတ်သိတာလည်း ပျောက်သွားတယ်၊ ဖောင်းတာနဲ့ မှတ်သိတာ ဒီ နှစ်ခုဟာ တရိပ်ရိပ်နဲ့ပျောက်ပျောက်သွားတာကိုသာ တွေ့ရတယ်၊ မြဲတည်နေတာကို မတွေ့ရဘူး၊ ပုံသဏ္ဌာန် နိမိတ်ကိုလည်း မတွေ့

http://www.dhammadownload.com



ရဘူး၊ ဒါကြောင့် ငါ့ကိုယ်, ငါ့ဗိုက်, ငါ့စိတ်ပဲ, ငါပဲလို့ စွဲလမ်းစရာ မရှိဘူး၊ စွဲလည်း မစွဲလမ်းဘူး၊ မစွဲလမ်းတော့ တဏှာဥပါဒါန် ကမ္မဘဝတွေ မဖြစ်ရတဲ့အတွက် ဘဝသစ်ခန္ဓာတွေလည်း မဖြစ်ရတော့ဘူး။ ပိန်တယ်, ကွေးတယ်, ဆန့်တယ် စသည်ဖြင့် မှတ်ရာမှာလည်း အတူတူပဲ၊ ပိန်တာနဲ့မှတ်တာ၊ ဆန့်တာနဲ့ မှတ်တာ၊ လှုပ်တာနဲ့ မှတ်တာ စသည်ဖြင့် မှတ်သိရတဲ့ အာရုံနဲ့ မှတ်သိတဲ့စိတ် ဒီနှစ်ခုနှစ်ခုဟာ ရှေ့ဆင့် နောက်ဆင့် အတွဲလိုက် အတွဲလိုက် ပျောက်ပျောက်သွားတာကိုသာ တွေ့ရတယ်၊ ဗိုက်ပုံသဏ္ဌာန်, လက်ခြေပုံသဏ္ဌာန်, ကိုယ်ပုံသဏ္ဌာန် စသည်ကိုလည်း မတွေ့ရဘူး၊ မြဲတည်နေတာကိုလည်း မတွေ့ရဘူး၊ တရိပ်ရိပ်နဲ့ ခဏမစဲ ပျောက်ပျောက်သွားတာကိုသာ တွေ့ရတယ်။ ဒါကြောင့် ငါ့ဗိုက်, ငါ့လက်, ငါ့ခြေ, ငါ့ကိုယ်ပဲ ငါပဲလို့ ထင်မှတ်ခြင်းမရှိဘူး၊ အဲဒီလို မထင်မှတ်တဲ့အတွက် နှစ်သက်သာယာမှု တဏှာဟာ ဖြစ်ခွင့်မရှိဘဲ ချုပ်ငြိမ်း ချုပ်ငြိမ်းသွားတယ်၊ တဏှာချုပ်တဲ့အတွက် ဥပါဒါန်ကံသင်္ခါရတွေလည်း မဖြစ်ရတော့ဘူး၊ ဒါကြောင့် ဘဝသစ်ခန္ဓာတွေလည်း ဖြစ်ခွင့်မရှိတော့ဘဲ ကင်းငြိမ်းသွားတယ်၊ အဲဒါဟာ ခန္ဓာဝန်ကို ပစ်ချတာပါပဲ။

နောက်ပြီးတော့ ညောင်းမှု, ပူမှု, နာကျင်မှု အစရှိသော ဝေဒနာကိုမှတ်ရာမှာလည်း မှတ်သိရတဲ့ ဝေဒနာရော မှတ်သိမှုရော တစ်မှတ် တစ်မှတ်မှာ တစ်စုံတစ်စုံ အတွဲလိုက် အတွဲလိုက်ပျောက်ပျောက်သွားတာကို တွေ့ရတယ်။ ဥပမာ တစ်နေရာရာက ပူတာကို စူးစိုက်ပြီး ပူတယ် ပူတယ်လို့ မှတ်နေရင် ပူတာကလေးတွေလည်း တစ်ပိုင်းစီ တစ်ပိုင်းစီ အပိုင်းအပိုင်းပြတ်ပြတ်ပြီးထင်တယ်၊ ပကတိပုဂ္ဂိုလ်တွေမှာလို အကြာကြီး တစ်ဆက်တည်းပူနေတယ်လို့ မထင်ရ

http://www.dhammadownload.com



ဘူး၊ မှတ်သိတဲ့စိတ်ကလည်း တစ်ယောက်တည်းက တစ်ဆက်တည်း မှတ်နေတယ်လို့ မထင်ရဘူး၊ သိပြီးရင်း ပျောက်သွားရင်း၊ သိပြီးရင်း ပျောက်သွားရင်းနဲ့ မှတ်တိုင်း မှတ်တိုင်း တစ်ပိုင်းစီတစ်ပိုင်းစီ ပျောက်ပျောက်သွားတာကို တွေ့ရတယ်။ အဲဒီတော့ ပူတဲ့ဝေဒနာ အပေါ်မှာလည်း ငါအနေနဲ့ထင်မှတ်ပြီး ကောင်းစေချင်တဲ့ တဏှာ မဖြစ်ရဘူး၊ မှတ်သိနေတဲ့စိတ်ကိုလည်း ငါအနေနဲ့ ထင်မှတ်ပြီး နှစ်သက်သာယာမှု တဏှာမဖြစ်ရဘူး၊ တဏှာမဖြစ်ရတော့ ဥပါဒါန်ကံ သင်္ခါရဘဝသစ်ခန္ဓာတွေလည်း မဖြစ်ရတော့ဘူး။ ဒါကြောင့် မှတ်တိုင်း မှတ်တိုင်း ခန္ဓာဝန်ကို ပစ်ချနေတယ်လို့ဆိုရတယ်။ နာကျင်ခြင်း, စိတ်ပျက်ခြင်း အစရှိသော အခြားဒုက္ခဝေဒနာတွေ၊ ကိုယ်ထဲမှာ တွေ့ထိရလို့ ကောင်းခြင်း, စိတ်ချမ်းသာခြင်း အစရှိသော သုခဝေဒနာတွေ၊ အလယ်အလတ် ဥပေက္ခာဝေဒနာတွေကို ရှုမှတ်ပြီး သိရာမှာလည်း နည်းတူပဲ၊ မှတ်သိရတဲ့ အဆိုးအကောင်းရော မှတ်သိမှုရောဟာ တစ်ပိုင်းစီ ပြတ်ပြတ်ပြီးထင်တယ်၊ မြဲနေတဲ့ငါ, အနေဆိုးနေတဲ့ငါ, ကောင်းနေတဲ့ငါစသည်ဖြင့် ထင်မှတ်ပြီး ဥပါဒါန်,ကံ, သင်္ခါရ ဘဝသစ်ခန္ဓာဝန်တွေလည်း မဖြစ်ရတော့ဘူး။ ဒါကြောင့် အဲဒီဝေဒနာတွေကိုလည်း မှတ်တိုင်း မှတ်တိုင်း ခန္ဓာဝန်ကို ပစ်ချနေတယ်လို့ ဆိုရတယ်။ ခန္ဓာဝန်မရှိတော့ မအိုရ, မနာရ, မသေရဘူး။ အဲဒီလို ဖြစ်ပုံကို သေမင်းမမြင်ရအောင် ပုန်းကွယ်တယ်လို့လည်း ဆိုရပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက ဒီလိုလည်း ဟောထားပါတယ်။

> ယထာ ပုဗ္ဗုဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။
> ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ-တဲ့။
> ပုဗ္ဗုဠကံ၊ ရေပွက် ရေစည်ဖောင်းကို။ ပဿေ ယထာ၊

http://www.dhammadownload.com



ပျက်လွယ်သည့်, အနှစ်သာရမရှိဟု ရှုမြင်သကဲ့သို့လည်းကောင်း။ မရီစိကံ၊ တံလျှပ်ကို။ ပဿေ ယထာ၊ အနှစ်သာရမရှိဟု ရှုမြင်သကဲ့သို့လည်းကောင်း။ ဧဝံ၊ ဤအတူ။လောကံ၊ ခန္ဓာငါးပါးဟူသော လောကကို။ အဝေက္ခန္တံ၊ ခဏမစဲပျက်နေသည့်, အနှစ်သာရမရှိဟု ရှုမြင်သောသူကို။ မစ္စုရာဇာ၊ သေခြင်းတရားတည်းဟူသော သေမင်းသည်။ န ပဿတိ၊ မတွေ့မမြင်နိုင်။

မိုးရွာတဲ့အခါ ရေမျက်နှာပြင်မှာ ဖြစ်ပေါ်လာတဲ့ရေစည်ဖောင်း ရေပွက်ကလေးတွေဟာ ဖြစ်ပေါ်လာလိုက် ပျောက်သွားလိုက်နဲ့ အင်မတန်အပျက်မြန်တယ်၊ နေပူတဲ့အခါ မြေကြီးထဲမှထွက်တဲ့ အခိုးအငွေ့တွေဟာ နေရောင်နဲ့ ဟပ်မိရင် ရွှန်ရွှန်နဲ့ ရေလိုပဲထင်ရတယ်၊ အဲဒါကို တံလျှပ်လို့ ခေါ်တယ်၊ သွားကြည့်ရင် ရေလည်း မဟုတ်ဘူး၊ ဘာမျှမတွေ့ရဘူး၊ အနှစ်သာရလုံးဝမရှိဘူး၊ အဲဒါနှစ်မျိုးကို ပကတိအသိဖြင့် သဘောပေါက် သိမြင်သလို ခန္ဓာငါးပါးကို ရှုမှတ်နေတဲ့ ယောဂီမှာ သမာဓိဉာဏ်ရင့်သန်တဲ့အခါ ပေါ်လာတဲ့အာရုံရော မှတ်သိနေတဲ့စိတ်ရော ခဏမစဲ တရိပ်ရိပ်နဲ့ ပျောက်ပျောက်သွားတာကို တွေ့ရတယ်၊ အဲဒီလို တွေ့ရတဲ့အတွက် မမြဲဘူး၊ ငါကောင်မဟုတ်ဘူး၊ မြဲတဲ့အနှစ်, ကောင်းတဲ့အနှစ် ငါကောင်လို့ဆိုလောက်တဲ့ အနှစ်မရှိဘူး၊ ခဏမစဲဖြစ်ပျက်နေတဲ့ သဘောတရားမျှသာဘဲလို့ သိမြင်တယ်၊ အဲဒီလို သိမြင်တဲ့ ယောဂီကို သေမင်းက မမြင်မတွေ့နိုင်တော့ဘူး၊ သေမင်းက မတွေ့ရလို့ မသတ်နိုင်တော့ဘူး၊ မသေရတော့ဘူး၊ သေခြင်းကင်းသွားတယ်လို့ ဆိုလိုပါတယ်။ အဲဒါဟာ ဝိပဿနာရှုခိုက်၌ တဒင်္ဂအားဖြင့် သေခြင်းကင်းပုံနှင့် အရဟတ္တမဂ်ရောက်တဲ့အခါ သမုစ္ဆေဒအားဖြင့် ထာဝရသေခြင်းကင်းပုံကို ပြတဲ့စကားပါပဲ။

http://www.dhammadownload.com



အဲဒီ ဒေသနာက"ဘဝသစ်ခန္ဓာ မဖြစ်ရလို့ သေမင်းမမြင်နိုင်ဘူး၊ သေခြင်းကင်းတယ်"ဆိုတာနဲ့ ဒီဘာရသုတ်က "တဏှာမဖြစ်ရလို့ ဘဝသစ်ခန္ဓာဝန် မဖြစ်ရဘူး၊ ခန္ဓာဝန်ကို ပစ်ချတယ်" ဆိုတာဟာ သဘောအားဖြင့် အတူတူပါပဲ၊ သံဝေဂဉာဏ် ဖြစ်အောင် သေခြင်းတရားကို သေမင်းလို့ တင်စားပြီး ဟောတာနဲ့ ခန္ဓာငါးပါးကို လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးလို့ တင်စားပြီး ဟောတာလောက်သာ ထူးခြားပါတယ်။

ဒါကြောင့် ဝိပဿနာရှုနေတဲ့ ယောဂီဟာ ဘင်္ဂဉာဏ်စသည် ဖြစ်ခိုက်မှာ ရှုတိုင်း မှတ်တိုင်း အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, သင်္ခါရတို့ကို တဒင်္ဂပဟာန်ဖြင့် စွန့်ပယ်နေတဲ့အတွက် ဘဝသစ်ခန္ဓာဝန်ကိုလည်း ပစ်ချနေသည်မည်ပါတယ်။

## သောတာပန်မှာ ပစ်ချပြီး ဝန်ထုပ်များ

အဲဒီဝိပဿနာဉာဏ်က အစဉ်အတိုင်း ရင့်သန်ပြီး ပြည့်စုံတဲ့အခါမှာ ရုပ်နာမ်သင်္ခါရ ချုပ်ငြိမ်းတဲ့နိဗ္ဗာန်ကို သောတာပတ္တိမဂ်ဉာဏ်ဖြင့် မျက်မှောက်တွေ့မြင်သွားတယ်၊ မှတ်သိနေရတဲ့ အာရုံသင်္ခါရတွေရော, မှတ်သိနေတဲ့ ဝိပဿနာသင်္ခါရတွေရော အကုန်လုံးချုပ်ငြိမ်းကင်းဆိတ်သွားတာကို တွေ့မြင်ရတယ်၊ တွေ့မြင်ပုံကတော့ အဲဒီချုပ်ငြိမ်းတဲ့သဘောထဲကို ရောက်သွားသလိုဖြစ်ပြီး တွေ့မြင်တာပါပဲ။ အဲဒီလို သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို တွေ့မြင်သွားရင် မြင်မှု, ကြားမှု အစရှိသော ရုပ်နာမ်တွေကို ငါကောင် သတ္တဝါကောင်အနေနဲ့ ထင်မှတ်တဲ့ သက္ကာယဒိဋ္ဌိလည်း လုံးဝကင်းသွားတယ်။ အဲဒါကို ဘုန်းကြီးက "ရုပ်နာမ်အစု၊ ငါကောင်ဟု၊ ထင်မှုမရှိပါ"-လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကိုဆိုကြရမယ်။

http://www.dhammadownload.com



### ရုပ်နာမ်အစု၊ ငါကောင်ဟု၊ ထင်မှုမရှိပါ။ (ဆို)

မြင်တာလည်း ရုပ်နာမ်အစုပဲ၊ ကြားတာလည်း ရုပ်နာမ်အစုပဲ၊ နံတာ, စားသိတာ, ထိသိတာလည်း ရုပ်နာမ်အစုပဲ၊ ကြံသိတာလည်း ရုပ်နာမ်အစုပဲ၊ ကွေးတာ, ဆန့်တာ, လှုပ်ရှားတာလည်း ရုပ်နာမ်အစုပဲ၊ ပြုလုပ်တဲ့ ကိုယ်အမူအရာ, ပြောဆိုတဲ့ နှုတ်အမူအရာ, ကြံစည်တဲ့ စိတ်အမူအရာ ဟူသမျှတွေဟာလည်း ရုပ်နာမ်အစုချည်းပဲ။ အဲဒီ ရုပ်နာမ်အစုတွေကို ရှေးတုန်းကတော့ အသက်ရှင်နေတဲ့ ငါပဲ၊ ငါကပဲ မြင်တယ်, ကြားတယ် စသည်ဖြင့် ထင်မှတ်ခဲ့တယ်၊ အသက်ရှင်နေတဲ့ အကောင်ကလေး တကယ်ကိုရှိနေတယ်လို့ ထင်မှတ်ခဲ့တယ်။ ယခု ချုပ်ငြိမ်းတဲ့သဘောကို သောတာပတ္တိမဂ်ဉာဏ်ဖြင့် တွေ့မြင်ပြီးတဲ့ အခါမှာတော့ အဲဒီလို ငါကောင်အနေနဲ့ ထင်မှတ်မှုမရှိတော့ဘူးတဲ့။ စဉ်းစားဆင်ခြင်ကြည့်လိုက်ရင် မြင်မှု, ကြားမှု စသည်တွေဟာ ခဏ မစဲ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်သဘောတရားမျှ အနေနဲ့သာ အသိဉာဏ် ထဲမှာ ထင်ပေါ်လာတော့တယ်၊ အဲဒါဟာ သက္ကာယဒိဋ္ဌိကင်းတာ ပါပဲ။

နောက်ပြီးတော့ အဲဒီလို သိမြင်တဲ့ပုဂ္ဂိုလ်မှာ ဘုရား, တရား, သံဃာနှင့် စပ်ပြီး ယုံမှားမှု၊ မိမိ၏ သီလ, သမာဓိ, ပညာ အကျင့် နှင့် စပ်ပြီး ယုံမှားမှုဆိုတဲ့ ဝိစိကိစ္ဆာလည်း လုံးဝကင်းသွားတယ်။ အဲဒါကိုလည်း ဘုန်းကြီးက "ဘုရား၊ တရား၊ သံဃာအား ယုံမှား မရှိပါ"-လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

### ဘုရား၊ တရား၊ သံဃာအား ယုံမှားမရှိပါ။ (ဆို)

ဒီဆောင်ပုဒ်ထဲမှာ အကျင့်သိက္ခာကိုတော့ မစီလောက်လို့ ချန်ထားပါတယ်၊ ဒါပေမယ့် ဘုရား, တရား, သံဃာနှင့်စပ်ပြီး ယုံမှား ကင်းရင် အကျင့်သိက္ခာနှင့်စပ်ပြီးတော့လည်း ယုံမှားမဖြစ်နိုင်တော့ပါ

http://www.dhammadownload.com



ဘူး၊ ဒါကြောင့် ပြဋ္ဌာန်းတဲ့ ယုံမှား ၃-ပါးကင်းကြောင်းကို ပြလိုက်ခြင်းဖြင့် မပြဋ္ဌာန်းသော အကျင့်သိက္ခာ ယုံမှားကင်းကြောင်းကိုလည်း ပြခြင်းကိစ္စပြီးတယ်လို့ မှတ်ယူရပါတယ်၊ ဘာကြောင့်လဲ ဆိုရင် မိမိကျင့်နေတဲ့ သီလ, သမာဓိ, ပညာ အကျင့်သိက္ခာဆိုတာဟာ ဘုရားဟောထားတဲ့ အကျင့်သိက္ခာတွေပဲ၊ မဂ်ဖိုလ်ဆိုတဲ့တရားတော်တွေထဲမှာလည်း ဒီအကျင့်သိက္ခာ ၃-ပါးက အရင်းခံတရားတွေပဲ၊ သံဃာတော်ဆိုတာလည်း ဒီအကျင့်သိက္ခာ ၃-ပါးကိုကျင့်နေတဲ့ ပုဂ္ဂိုလ်မြတ်အပေါင်းပဲ။ ဒါကြောင့် ဘုရား, တရား, သံဃာနှင့် စပ်ပြီး ယုံမှားကင်းရင် မိမိ၏ အကျင့်သိက္ခာနှင့် စပ်ပြီးတော့လည်း ယုံမှားမကင်းဖွယ် မရှိတော့ပါဘူး။

နောက်ပြီးတော့ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာနှင့် အဆင့်အတန်းတူတဲ့ ကိလေသာတွေလည်း ကင်းသွားတယ်၊ ဘယ်လိုကိလေသာတွေလဲဆိုရင် အပါယ်လေးပါးကို ကျစေနိုင်တဲ့ လောဘ, ဒေါသ, မောဟအစရှိသော ကိလေသာတွေ၊ လူ့ဘဝ, နတ်ဘဝမှာလည်း ခုနစ်ဘဝထက်ပိုလွန်ပြီး ဖြစ်စေနိုင်တဲ့ လောဘ, ဒေါသ, မောဟ အစရှိသော ကိလေသာတွေ၊ ဒီကိလေသာတွေပါပဲ။ ကင်းပုံက ဘယ်လိုလဲဆိုရင်-

သတ္တဝါတစ်ဦးဟာ ဝိပဿနာမရှုလို့ ဖြစ်စေ၊ ရှုပါသော်လည်း ပြည့်စုံအောင် မရှုလို့ဖြစ်စေ၊ သောတာပတ္တိမဂ်ကို မရောက်သေးလျှင် နောင်အခါကာလမှာ မိမိ၏ ကံအားလျော်စွာ အပါယ်လေးပါးလည်း ကျနိုင်သေးတယ်၊ စူဠသောတာပန် ဖြစ်လို့ ဒုတိယဘဝမှာ အပါယ်မကျနိုင်သော်လည်း တတိယဘဝ စသည်မှာ ကံအားလျော်စွာ ကျနိုင်သေးတာပဲ၊ နောက်ပြီးတော့ လူ့ဘဝ, နတ်ဘဝတွေမှာလည်း အကန့်အသတ်မရှိ ဖြစ်သွားနိုင်သေးတာပဲ။ ထူးတာက

http://www.dhammadownload.com



တော့ ဝိပဿနာ အလုပ်ကို ကောင်းကောင်းအားထုတ်ထားတဲ့ သူဟာ ယခုဘဝမှာ မဂ်ဖိုလ်ကို မရောက်သေးသော်လည်း နောင်ဘဝ အနည်းငယ်အတွင်းမှာ သူတော်ကောင်းတရားကို ကြားနာရခြင်း စသော အကြောင်းညီညွတ်လျှင် မဂ်ဖိုလ်ကို ရသွားနိုင်တယ်၊ အဲဒီ အခါကျတော့ ဘဝအကန့်အသတ် ရှိသွားမယ်၊ အဲဒါက ဝိပဿနာ ရှုသူမှာ မရှုတဲ့သူတွေထက် ထူးခြားချက်ပါပဲ။ ဒါပေမယ့် ပုထုဇဉ် အနေနဲ့ဆိုရင်တော့ ဘဝပေါင်း မည်ရွေ့မည်မျှသာ ဖြစ်ရတော့မယ် လို့ အကန့်အသတ်မရှိပါဘူး။ ဒါကြောင့် ရှေးကလည်း အစမထင် အောင် သံသရာရှည်လျားခဲ့ပြီ၊ ယခုဘဝမှာ မဂ်ဖိုလ်ကို မရသေးလျှင် နောင်လည်းဘဝပေါင်း မည်ရွေ့မည်မျှလို့ အကန့်အသတ်မရှိဘူး၊ အဲဒီလို ဖြစ်နေရတာဟာ ဘာကြောင့်လဲဆိုရင် အဝိဇ္ဇာက အပြစ်ကို ဖုံးကွယ်ပေးပြီး တဏှာက တပ်မက်တွယ်တာနေလို့ပါပဲ တဲ့။ ဒါကြောင့် မြတ်စွာဘုရားက-

အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော၊ ပုဗ္ဗာ ကောဋိနပညာယတိ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ-လို့ ဟောထားပါတယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ အယံ သံသာရော။ သတ္တဝါအသီးသီး၏ ရုပ်နာမ်ခန္ဓာအစဉ် ဟူသော ဤသံသရာသည်။ အနမတဂ္ဂေါ၊ ဉာဏ်ဖြင့် အစဉ်လိုက်၍ ဆင်ခြင်ကြည့်လျှင် မသိအပ်သော အစရှိ၏။ (ယခုဘဝမှာ အကျိုးခန္ဓာတွေ ရှိနေတဲ့အတွက် ယခုဘဝ ၏ အကြောင်းဖြစ်တဲ့ ရှေးဘဝလည်း ရှိခဲ့တယ်၊ အဲဒီဘဝ၏ အကြောင်းဘဝလည်း ရှိခဲ့တယ် စသည်ဖြင့် အကျိုးခန္ဓာတွေရဲ့ အကြောင်းဘဝတွေကို ဆင်ခြင်ကြည့်ရင် အစကို ရှာမတွေ့နိုင် လောက်အောင် ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်စဉ်သံသရာဟာ ရှည်လျား

http://www.dhammadownload.com



ခဲ့လှပြီလို့ ဆိုလိုပါတယ်။) အဝိဇ္ဇာနီဝရဏာနံ၊ အဝိဇ္ဇာတည်းဟူသော အပိတ်အပင် အဆီးအတား ရှိကုန်သည်ဖြစ်၍။ တဏှာ သံယော ဇနာနံ၊ တပ်မက်တွယ်တာသော တဏှာတည်းဟူသော နှောင်ကြိုး ရှိကုန်သည်ဖြစ်၍။ သန္ဓာဝတံ သံသရတံ၊ တစ်ဘဝမှ တစ်ဘဝသို့ ပြေးသွားကျင်လည် နေကြရကုန်သော။ သတ္တာနံ၊ သတ္တဝါတို့၏။ ပုဗ္ဗာကောဋိ၊ ရှေးအစွန်းအစသည်။ န ပညာယတိ၊ မထင်ပေ-တဲ့။

မြင်တိုင်း, ကြားတိုင်း, တွေ့တိုင်း, ကြံသိတိုင်း ထင်ရှားပေါ် လာတဲ့ ရုပ်နာမ်ခန္ဓာတွေကို သိရိုးသိစဉ်အတိုင်း သိနေတာဟာ အဝိဇ္ဇာပဲ၊ အမြဲတည်ရှိနေတယ်လို့လည်း ထင်တယ်၊ ချမ်းသာတယ်, ကောင်းတယ်, လှပတင့်တယ်တယ်လို့လည်း ထင်တယ်၊ ငါပဲ, သူပဲ, သတ္တဝါပဲလို့လည်း ထင်တယ်၊ အဲဒါတွေဟာ ရုပ်နာမ်ခန္ဓာတွေရဲ့ သဘောမှန်ကို ဖုံးကွယ်ပေးတာတွေပါပဲ။ အဲဒီလို အဝိဇ္ဇာက ဖုံးကွယ်ပြီး ကောင်းတဲ့အနေ, သာယာဖွယ်အနေနဲ့ ထင်မှတ်ပေး လိုက်တော့ အဲဒီရုပ်နာမ် ခန္ဓာတွေကို နှစ်သက်သာယာတယ်, တပ်မက်တွယ်တာတယ်၊ အဲဒါက တဏှာပဲ။ ဒီတဏှာက နှောင်ကြိုး နဲ့တူပါတယ်၊ နွားတွေ, ကျွဲတွေကို ကြိုးနဲ့ချည်ထားရင် ကြိုးရှည် သလောက်သာ လှုပ်ရှားနိုင်ရှာကြတယ်၊ အဲဒီထက်ပိုပြီး ဘယ်ကိုမျှ မသွားနိုင်ရှာကြဘူး၊ ကြိုးစ ရှည်သလောက်အတွင်းမှာသာ လှည့်လည် ပြီး နေကြရတယ်။ အဲဒီလိုပါပဲ၊ သတ္တဝါတွေမှာလည်း အဝိဇ္ဇာက အပြစ်ကို ဖုံးကွယ်ပေးထားတဲ့ ဘုံဘဝခန္ဓာတွေကို နှစ်သက်သာယာပြီး တွယ်နေကြတယ်၊ တဏှာနှောင်ကြိုးနဲ့ ချည်ထားတဲ့သဘောပါပဲ၊ အဲဒီ တဏှာနဲ့ နှစ်သက်တွယ်တာ သာယာနေကြတဲ့အတွက် အဲဒီဘုံဘဝ တွေထဲမှာသာ ထပ်ကာထပ်ကာ ဖြစ်နေကြရတယ်၊ ဘုံဘဝခန္ဓာတွေမှ လွတ်ရာကို မသွားနိုင်ကြဘူး၊ သွားဖို့ရာတောင် ပြတ်ပြတ်စဲစဲ မကြံ

http://www.dhammadownload.com



နိုင်ကြဘူး။ ဒါကြောင့် တစ်ဘဝပြီး တစ်ဘဝ ရုပ်နာမ်ခန္ဓာ အစဉ်တွေ အကြောင်းအကျိုးဆက်ပြီးဖြစ်လာတာ ကြာလှပြီ၊ ကမ္ဘာကုဋေတို့ဖြင့်လည်း မရေတွက်နိုင်ဘူး၊ မည်သည့်အချိန်အခါက စပြီးဖြစ်လာတယ်လို့တောင် မပြောနိုင်ဘူး၊ သောတာပတ္တိမဂ်ကို မရဘဲရှိနေမယ်ဆိုရင် နောင်ကာလမှာလည်း ဘဝခန္ဓာတွေဟာ အပိုင်းအခြား အကန့်အသတ်မရှိ ဖြစ်သွားမှာပဲ၊ အဲဒီလို အကန့်အသတ်မရှိ ဖြစ်သွားမည့် ဘဝသစ်ခန္ဓာဝန်တွေထဲမှာ ခုနစ်ဘဝထက် ပိုလွန်ပြီးဖြစ်မည့် ဘဝသစ်ခန္ဓာတွေဟာ သောတာပတ္တိမဂ်ရောက်ရင် ဖြစ်ခွင့်မရှိတော့ပဲ အကုန်ငြိမ်းသွားတယ်၊ အဲဒါဟာ သောတာပတ္တိမဂ်ဖြင့် ခန္ဓာဝန်တွေကို ပစ်ချလိုက်တာပါပဲ၊ အဲဒီလိုပစ်ချနိုင်ပုံကို နိဒ္ဒေသပါဠိတော်မှာ ဒီလိုပြဆိုထားပါတယ်။

သောတာပတ္တိမဂ္ဂဉာဏေန၊ သောတာပတ္တိမဂ်ဉာဏ်ဖြင့်။ အဘိသင်္ခါရဝိညာဏဿ၊ အဘိသင်္ခါရဝိညာဉ် ခေါ်သောကုသိုလ်ကံ, အကုသိုလ်ကံ ဝိညာဏ်၏။ နိရောဓေန၊ ချုပ်ခြင်းကြောင့်။ သတ္တဘဝေ၊ ခုနစ်ဘဝတို့ကို။ ဌပေတွာ၊ ချန်ထား၍။ အနမတဂ္ဂေ၊ မသိအပ်သော အစွန်းအစရှိသော။ ဝါ မသိအပ် မသိနိုင်သော အဆုံးအစွန်းရှိသော။ သံသာရေ သံသရာ၌။ ယေ ဥပ္ပဇ္ဇေယျုံ့နာမဉ္စရူပဉ္စ တေ၊ သောတာပတ္တိမဂ်ဉာဏ်ကို မရောက်လျှင် ဖြစ်ပေါ်လာကြမည့် နာမ်ရုပ်ခန္ဓာတို့သည်။ ဧတ္ထ၊ ဤသောတာပတ္တိမဂ်၌။ ဝါ၊ သောတာပတ္တိမဂ်ကြောင့်။ နိရုဇ္ဈန္တိ၊ ချုပ်လေကုန်၏။ ဝူပသမ္မန္တိ၊ ငြိမ်းလေကုန်၏-တဲ့။

ဆေးမစားလျှင် ဖြစ်ပေါ်လာမည့်ရောဂါဟာ ဆေးစားလိုက်တဲ့အတွက် မဖြစ်ပေါ်လာတော့ဘဲ ပျောက်ငြိမ်းသွားသလို၊ သောတာပတ္တိမဂ်ကို မရောက်သေးလျှင် ခုနစ်ဘဝထက် ပိုလွန်ပြီး

http://www.dhammadownload.com



မရေမတွက်နိုင်အောင် ဖြစ်သွားမည့် ဘဝတွေဟာ သောတာပတ္တိမဂ်ကို ရောက်တဲ့အခါ အကုန်လုံးချုပ်ငြိမ်းသွားတယ်၊ အလွန်ဆုံး ခုနစ်ဘဝသာ ဖြစ်ဖို့ရှိတော့တယ်လို့ ဆိုလိုပါတယ်၊ အဲဒါဟာ သောတာပတ္တိမဂ်ဉာဏ်ဖြင့် ဘဝသစ်ခန္ဓာဝန်တွေကို ပစ်ချလိုက်ပုံပါပဲ။

## အထက်မဂ်များဖြင့် ပစ်ချသည့်ဝန်ထုပ်များ

သကဒါဂါမိမဂ်ဉာဏ်ဖြင့် နှစ်ဘဝထက် ပိုလွန်ပြီးဖြစ်မည့် ဘဝသစ်ခန္ဓာဝန်တွေကို ပစ်ချနိုင်ပါတယ်၊ အနာဂါမိမဂ်ဉာဏ်ဖြင့် တစ်ဘဝထက် ပိုလွန်ပြီးဖြစ်မည့် ခန္ဓာဝန်တွေကို ပစ်ချနိုင်ပါတယ်၊ ဒါကြောင့် အနာဂါမ်ပုဂ္ဂိုလ်မှာ ရူပဘဝဖြစ်စေ၊ အရူပဘဝဖြစ်စေ တစ်ဘဝသာ ဖြစ်ဖို့ရှိပါတယ်၊ အဲဒီမှာ တစ်ဘဝဆိုပေမဲ့ ပဋိသန္ဓေတစ်ကြိမ်မျှလို့တော့ မယူရဘူး၊ ရူပဘဝမှာဆိုရင် သုဒ္ဓါဝါသငါးဘုံမှာ အစဉ်အတိုင်း ငါးကြိမ်အထိ ဖြစ်နိုင်တယ်၊ အရူပဘဝမှာဆိုရင်လည်း အရူပ ၄-ဘုံ အစဉ်အတိုင်း ၄-ကြိမ်အထိ ဖြစ်နိုင်တယ်၊ ဒါပေမယ့် ရူပဘဝနှင့် အရူပဘဝ မရောဘဲ တစ်မျိုးတည်းသာ ဖြစ်တဲ့အတွက် တစ်ဘဝလို့သာ ဆိုရပါတယ်၊ သကဒါဂါမ်မှာ နှစ်ဘဝ၊ သောတာပန်မှာ တစ်ဘဝဆိုရာများမှာလည်း အဲဒီနည်းအတိုင်း ယူရမယ်၊ ပဋိသန္ဓေအကြိမ်ကို မယူရဘူးလို့ မူလဋီကာမှာ ပြဆိုထားပါတယ်၊ ဒါကတော့ ပါဠိပညာရှိများအတွက် ဆင်ခြင်ဖို့ပါပဲ။

အရဟတ္တမဂ်ဉာဏ်ဖြင့် ဘဝသစ်ခန္ဓာအကုန်လုံးကို ပစ်ချပါတယ်၊ ဒါကြောင့် ရဟန္တာပုဂ္ဂိုလ်မှာ ပရိနိဗ္ဗာန်စုတိမှ နောက်ကာလမှာ ဘယ်ရုပ်နာမ်ခန္ဓာမျှ မဖြစ်ပေါ်လာတော့ဘူး၊ ခန္ဓာဝန်တွေ အကုန်လုံးချုပ်ငြိမ်းသွားတယ်၊ အဲဒါကို အနုပါဒိသေသ ပရိနိဗ္ဗာန်စံတယ်လို့ ဆိုပါတယ်၊ ခန္ဓာဝန်အကြွင်းအကျန် မရှိတော့ဘဲ

http://www.dhammadownload.com



လုံးဝငြိမ်းသွားတယ်လို့ ဆိုလိုပါတယ်၊ ဒါကြောင့်-

ဘိက္ခဝေ၊ရဟန်းတို့။ တဿာယေဝ တဏှာယ၊ ထိုနှစ်သက်လိုချင်သောတဏှာ၏သာလျှင်။ ဝါ၊ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာဟု ဆိုအပ်သော ထိုတဏှာသုံးပါး၏သာလျှင်။ ယော အသေသဝိရာဂနိရောဓော၊ အကြွင်း အကြွင်းမဲ့ ပျက်ပြယ်ခြင်း ချုပ်ခြင်းသည်။ ယော စာဂေါ၊ အကြွင်းတဏှာကို ပယ်စွန့်ခြင်းသည်။ ယော ပဋိနိဿဂ္ဂေါ၊ အကြွင်းဝေးစွာစွန့်ခြင်းသည်။ ယာ မုတ္တိ၊ အကြွင်းလွှတ်လိုက်ခြင်းသည်။ ယော အနာလယော၊ အကြွင် တွယ်တာမှုကင်းခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ။ ရဟန်းတို့။ ဣဒံ၊ တဏှာကို ပယ်စွန့်ခြင်းစသည်ဖြင့် ခေါ်ဆိုအပ်သော ဤတဏှာ၏ အကြွင်းမဲ့ပျက်ပြယ်ခြင်း, ချုပ်ခြင်းကို။ ဘာရနိက္ခေပနံ၊ ဥပါဒါနက္ခန္ဓာငါးပါးဟုဆိုအပ်သော ဝန်ထုပ်ဝန်ပိုးကို ပစ်ချခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏ လို့မြတ်စွာဘုရားက ဟောတော်မူပါတယ်။

ဒါကြောင့် ဝန်ထုပ်ဝန်ပိုးကို ပစ်ချတယ်ဆိုတာ ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့ဖြင့် နှစ်သက်လိုချင်မှုတဏှာကို ပယ်စွန့်တာပဲ။ အဲဒါကို "ဝန်ထုပ်ကို ပစ်ချတယ်ဆိုတာ ဘယ်ဟာလဲ၊ နှစ်သက်လိုချင်တဲ့တဏှာကို ပယ်တာပဲ"လို့ ဆောင်ပုဒ်လုပ်ထားတယ်၊ အဲဒါကို ဆိုကြရမယ်။

**ဝန်ထုပ်ကို ပစ်ချတယ်ဆိုတာ ဘယ်ဟာလဲ။**
**နှစ်သက်လိုချင်တဲ့တဏှာကို ပယ်တာပဲ။**

မြင်တိုင်း, ကြားတိုင်း, တွေ့တိုင်း, ကြံသိတိုင်း ဒွါရ ၆-ပါးက ပေါ်လာသမျှကို မရှုမမှတ်နိုင်ရင် မသိမှု အဝိဇ္ဇာနှင့်တကွ နှစ်သက်လိုချင်မှု တဏှာဖြစ်တယ်၊ ချက်ချင်းဖြစ်တာလည်းရှိတယ်၊ နောင်မှ ပြန်လည် စဉ်းစားပြီး ဖြစ်တာလည်းရှိတယ်၊ အဲဒီလို တဏှာဖြစ်နိုင်

http://www.dhammadownload.com



ခွင့်ရှိနေတာဟာ ဘဝသစ်ခန္ဓာဝန်ထုပ်ကို ခံယူနေသည်မည်တာပဲ။ ဒွါရ ၆-ပါးက ပေါ်လာသမျှကို ရှုမှတ်ပြီး အဖြစ်အပျက် အနိစ္စ, ဒုက္ခ, အနတ္တ သဘောကို အမှန်အတိုင်းသိရင် သိတိုင်းသိတိုင်း အဲဒီတဏှာကို တဒင်္ဂပဟာန်အားဖြင့် ပယ်နေတာပဲ။ ဒါကြောင့် ရှုမှတ်တိုင်း ခန္ဓာဝန်ကို ပစ်ချနေသည်မည်တယ်။ အရိယာမဂ်ဉာဏ် ၄-ပါး ဖြစ်ပေါ်တဲ့ အခါမှာတော့ အဲဒီတဏှာကို သမုစ္ဆေဒပဟာန်အားဖြင့် ပယ်တယ်။ ဒါကြောင့် အဲဒီမဂ်ဉာဏ် ၄-ပါးဖြင့် ခန္ဓာဝန်ကို ပစ်ချသည် မည်ကြောင်းတော့ အထူးပြောဖို့ မလိုပါဘူး။

ဒီတော့ ဝိပဿနာ မရှုရင် ခန္ဓာဝန်ကို လက်ခံနေတာပဲ၊ ဝိပဿနာရှုရင် ခန္ဓာဝန်ကို ပစ်ချနေတာပဲ။ အရိယာမဂ်ကို ရောက်ရင် ခန္ဓာဝန်ကို လုံးဝပစ်ချပြီး ဖြစ်တော့တာပဲ။ ဒါကြောင့် ခန္ဓာဝန်ကို ကြောက်ကြရင်, မထမ်းချင်ကြရင် ဒွါရ ၆-ပါးက ဖြစ်ပေါ်လာသမျှကို ရှုမှတ်ပြီး ပယ်ချရမယ်။ အဲဒီလို ဝိပဿနာဖြင့် ပစ်ချလို့ အားပြည့်တဲ့အခါမှာ အရိယာမဂ်ဉာဏ်များ ဖြစ်ပေါ်လာမယ်၊ အဲဒီ အခါမှာ ခုနစ်ဘဝထက်ပိုလွန်ပြီး ထမ်းရမည့် ခန္ဓာဝန်တွေ၊ နှစ်ဘဝ ထက်ပိုလွန်ပြီးထမ်းရမည့် ခန္ဓာဝန်တွေ၊ တစ်ဘဝထက်ပိုလွန်ပြီး ထမ်းရမည့် ခန္ဓာဝန်တွေ၊ အလုံးစုံသော ခန္ဓာဝန်တွေကို အစဉ် အတိုင်းပစ်ချပြီး ဖြစ်သွားပါလိမ့်မယ်၊ ဒါပါပဲ။

ကဲ- ဝန်ထုပ်ကို ပစ်ချပုံ ပိုပြီးထင်ရှားအောင် ဝန်ထုပ်ခံယူပုံ ဆောင်ပုဒ်နဲ့ တွဲပြီးဆိုလိုက်ကြဦးစို့။

**ဝန်ထုပ်ကို ခံယူတယ်ဆိုတာ ဘယ်ဟာလဲ။**
**နှစ်သက်လိုချင်တဲ့ တဏှာပဲ။**
**ဝန်ထုပ်ကို ပစ်ချတယ်ဆိုတာ ဘယ်ဟာလဲ။**
**နှစ်သက်လိုချင်တဲ့ တဏှာကိုပယ်တာပဲ။**

http://www.dhammadownload.com



## ဘာရ-စသည်ကို သစ္စာ၄-ပါး၌ သွင်းပြခြင်း

ဘာရသုတ္တန် တရားတော်ကြီးဟာ ယခုလောက်ဆိုရင် စုဏ္ဏိယခေါ်တဲ့ စကားပြေဒေသနာတော်အရကတော့ ပြည့်စုံသွားပါပြီ။ ဘာရ=ဝန်ထုပ်ခေါ်တဲ့ ဥပါဒါနက္ခန္ဓာငါးပါးအကြောင်းလည်း ဟောပြီးပြီ၊ အဲဒါကို သစ္စာဒေသနာအရအားဖြင့် ဒုက္ခသစ္စာပဲ။ ဘာရဟာရ=ဝန်ထမ်းသမားခေါ်တဲ့ ပုဂ္ဂိုလ်အကြောင်းလည်း ဟောပြီးပြီ၊ အဲဒီ ပုဂ္ဂိုလ်ဆိုတာကတော့ လောကဝေါဟာရ ပညတ်မျှပဲ၊ ပရမတ္ထအားဖြင့် ထင်ရှားမရှိဘူး၊ ဒါကြောင့် အဲဒီပုဂ္ဂိုလ်ဆိုတာကတော့ သစ္စာ ၄-ပါးမှ အလွတ်ပဲ။ ဘာရဒါန=ဝန်ထုပ်ကို ခံယူတယ်ဆိုတဲ့ တဏှာအကြောင်းကိုလည်း ဟောပြီးပြီ၊ အဲဒါကတော့ သမုဒယသစ္စာပဲ။ ဘာရနိက္ခေပန-ဝန်ထုပ်ကို ပစ်ချတယ်ဆိုတဲ့ တဏှာပယ်စွန့်ခြင်း-တဏှာချုပ်ခြင်း အကြောင်းကိုလည်း ဟောပြီးပြီ၊ အဲဒါကတော့ နိရောဓသစ္စာပဲ။ တဏှာကို ပယ်စွန့်ကြောင်း အကျင့်ဖြစ်တဲ့ မဂ္ဂသစ္စာကိုတော့ ဒီသုတ်မှာ သရုပ်အားဖြင့် ထုတ်ပြမထားဘူး၊ ဒါပေမယ့် တဏှာပယ်စွန့်ခြင်းဆိုတဲ့ နိရောဓသစ္စာကို ဟောလိုက်ရင် တဏှာကို ပယ်စွန့်ကြောင်းလုပ်ငန်းစဉ် အကျင့်ဆိုတဲ့ မဂ္ဂသစ္စာလည်း အလိုလိုပါဝင်သွားပါတယ်။ ဒါကြောင့်ပဲ ဘုန်းကြီးက အဲဒီဘာရ-နိက္ခေပန=ဝန်ထုပ်ကို ပစ်ချခြင်းဆိုတဲ့ နိရောဓသစ္စာကို ဟောရာမှာ တဏှာကိုပယ်စွန့်ကြောင်း လုပ်ငန်းစဉ်အကျင့်ဖြစ်တဲ့ ဝိပဿနာနှင့် အရိယာမဂ် ၄-ပါးကို ထုတ်ဖော်ထည့်သွင်းပြီး ပြခဲ့ပါတယ်။ ကဲ-အဲဒီသစ္စာ၄-ပါးထဲ သွင်းပုံကိုလည်း ဆိုလိုက်ကြဦးစို့။

**ဝန်ထုပ်ဆိုတဲ့ ဥပါဒါနက္ခန္ဓာငါးပါးက ဒုက္ခသစ္စာ။**

**ဝန်ထုပ်ကို ခံယူတယ်ဆိုတဲ့ တဏှာက သမုဒယသစ္စာ။**

ဝန်ထုပ်ကို ပစ်ချတယ်ဆိုတဲ့ တဏှာချုပ်ငြိမ်းတာက နိရောဓ

http://www.dhammadownload.com



သစ္စာ။
တဏှာချုပ်ငြိမ်းကြောင်း အကျင့်ဖြစ်တဲ့ ဝိပဿနာနှင့်
မဂ်၄-ပါးက မဂ္ဂသစ္စာ။

## ဆောင်ပုဒ်ပမာ ဂါထာတရား

မြတ်စွာဘုရားက အဲဒီဘာရသုတ္တန်စကားပြေကို ဟော တော်မူပြီးတဲ့နောက် အကျဉ်းချုပ်မှတ်ဖို့ ဆောင်ပုဒ်သဖွယ်ဖြစ်တဲ့ ဂါထာဒေသနာကိုလည်း ဟောတော်မူခဲ့ပါသေးတယ်။ ဒါကြောင့် ဒီ သုတ်မှာ သင်္ဂါယနာတင် မထေရ်မြတ်တို့က-

.. ဣဒံ၊ ဤဆိုခဲ့ပြီးသော ဘာရသုတ္တန်စကားပြေတရားတော် ကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ ဟောတော်မူခဲ့ပါ သတည်း။ ဣဒံ၊ ဤစကားပြေတရားတော်ကို။ ဝတွာန၊ ဟောတော် မူပြီး၍။ သုဂတော၊ အကျိုးရှိ၍ ဟုတ်မှန်သောစကားကောင်းကိုသာ မြွက်ဆိုတော်မူတတ်သော။ သတ္ထာ၊ နတ်လူတို့၏ ဆရာသခင်ဘုရား ရှင်သည်။ အထ၊ အခြားမဲ့၌။ အပရံ၊ တစ်ပါးသော။ ဧတံ။ ဤဆို လတ္တံ့သော ဂါထာ၂-ပုဒ်အပေါင်းတရားတော်ကို။ အဝေါစ၊ အကျဉ်းမျှဖြင့် တစ်ဖန်ဆင့်၍ ကျူးရင့်ဟောကြားတော်မူပြန်ပါသ တည်း-လို့ ပြဆိုတော်မူကြပါတယ်။ အဲဒီ ဂါထာ၂-ပုဒ်ကိုလည်း ရွတ် ဆိုပြီး အနက်အဓိပ္ပါယ် ဖော်ပြသွားမယ်။

ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ၊ ဘာရဟာရော စ ပုဂ္ဂလော။
ဘာရာဒါနံ ဒုက္ခံ လောကေ၊ ဘာရနိက္ခေပနံ သုခံ။

ပဉ္စက္ခန္ဓာ၊ ခန္ဓာ၅ပါး ရုပ်နာမ်တရားတို့သည်။ ဟဝေ။ စင်စစ်အမှန်အားဖြင့်။ ဘာရာ၊ လေးလံလှစွာသော ဝန်ထုပ်ဝန်ပိုး ကြီးတို့ပါပေတည်း။ ဘာရဟာရော စ၊ ဝန်ထုပ်ဝန်ပိုးကို ထမ်း

http://www.dhammadownload.com



ဆောင်သောသူသည်ကား။ ပုဂ္ဂလော၊ ခန္ဓာငါးပါးရှိသော ပုဂ္ဂိုလ်ပါပေတည်း။ လောကေ၊ လောက၌။ ဘာရာဒါနံ၊ နှစ်သက်သာယာ တဏှာဖြစ်လျက် ဘဝသစ်ခန္ဓာဝန်ကို ခံယူခြင်းသည်။ ဒုက္ခံ၊ ဆင်းရဲလှ၏။ ဘာရနိက္ခေပနံ၊ ဝိပဿနာဉာဏ် မဂ်ဉာဏ်ဖြင့် တဏှာကို ပယ်သောအားဖြင့် ငါးပါးသောခန္ဓာဝန်ကို ပစ်ချလိုက်ခြင်းသည်။ သုခံ၊ ချမ်းသာလှပါပေ၏။

ဘုန်းကြီးကလည်း ဒီနေရာမှာ မြန်မာဂါထာကလေး စီထားပါတယ်။

**ဝန်ထုပ်ဆိုတာ၊ ငါးခန္ဓာ၊ လွန်စွာလေးလှသည်။**
**ဝန်ထမ်းခေါ်လတ်၊ ပုဂ္ဂိုလ်မှတ်၊ ပညတ်သာဖြစ်သည်။**
**ဝန်ကိုယူက၊ ဆင်းရဲစွ၊ ပစ်ချ ချမ်းသာသည်**- တဲ့။
ကဲ- ဆိုကြရမယ်။
**ဝန်ထုပ်ဆိုတာ၊ ငါးခန္ဓာ၊ လွန်စွာလေးလှသည်။** (ဆို)

ခန္ဓာငါးပါး ဆိုတဲ့ ဝန်ထုပ်ကြီးဟာ သေသေချာချာစဉ်းစားကြည့်ရင် အလွန်ဝန်လေးပါတယ်။ နေ့စဉ် နေ့တိုင်း အမြဲမပြတ် ဒီခန္ဓာဝန်ကြီးကို အစာရှာကျွေးခြင်း၊ ရေမိုးချိုးပေးခြင်း စသည်ဖြင့် ထမ်းဆောင်နေရတာဟာ အလွန်ဝန်လေးပါတယ်၊ ကံအကျိုးပေးညံ့တဲ့သူတွေမှာ ဝန်လေးကြောင်း သာပြီးထင်ရှားပါတယ်။ ရောဂါဆိုးစွဲကပ်နေတဲ့သူတွေ၊ အိုမင်းမစွမ်းဖြစ်နေတဲ့သူတွေမှာလည်း ထင်ရှားပါတယ်၊ ငရဲကျရောက်နေတဲ့သူတွေ၊ ပြိတ္တာဖြစ်နေတဲ့သူတွေမှာတော့ သာပြီးထင်ရှားပါသေးတယ်။ အဲဒီငရဲသားတွေ ပြိတ္တာတွေဟာ ခန္ဓာကိုယ်ကြီးရှိနေတဲ့အတွက် ငရဲဆင်းရဲ, ပြိတ္တာဆင်းရဲ အမျိုးမျိုးတွေကို အလူးအလဲခံနေကြရတယ်၊ ဘယ်မှပြေးလို့မလွတ်နိုင်ဘူး။ အင်မတန်ကြောက်စရာကောင်းပါတယ်၊ တိရစ္ဆာန် သတ္တဝါတွေမှာ

http://www.dhammadownload.com



လည်း ခန္ဓာဝန်ထမ်းဆောင်ရတာ တာဝန်လေးကြောင်း အလွန်ထင်ရှားပါတယ်။ တချို့တိရစ္ဆာန်တွေမှာ စားရေးအတွက် ဝန်လေးတယ်၊ တချို့သတ္တဝါတွေမှာ ဘေးရန်ကင်းရေး၊ အသက်ရှင်ရေးအတွက် ဝန်လေးတယ်၊ ပုန်းနိုင်၊ ပြေးနိုင်မှ သေဘေးမှလွတ်တယ်၊ အမြဲတမ်း တထိတ်ထိတ်နဲ့ ကြောက်လန့်နေကြရတယ်၊ အဲဒီလို တထိတ်ထိတ်နဲ့ ကြောက်လန့်ပြီး ပုန်းကွယ် တိမ်းရှောင်နေတုန်းမှာပဲ အားကြီးတဲ့ သတ္တဝါတွေရဲ့ ခံတွင်းထဲမှာ သေသွားကြရတယ်။ ကြက်၊ ဝက်၊ ဘဲ၊ ဆိတ်အစရှိတဲ့ သတ္တဝါတွေဟာ သူတို့ကိုယ်ကို ဘေးရန်ကင်းအောင် ကြောင့်ကြစိုက်ပြီး စောင့်ရှောက်နေကြတယ်၊ ဒါပေမယ့် နောက်ဆုံးအချိန်မှာ ပိုင်ရှင်ဖြစ်တဲ့လူက သတ်လိုက်လို့ ဘာမျှ အားကိုးစရာမရှိဘဲ သေသွားကြရတယ်။ နွားတွေ၊ ကျွဲတွေကမှ သာပြီးဝမ်းနည်းစရာကောင်းတာ၊ သူတို့မှာ အင်အားရှိတဲ့အရွယ်က စပြီး လူတွေရဲ့ တာဝန်ကို ထမ်းနေကြရှာတယ်။ နေပူမရှောင်၊ မိုးရွာမရှောင် လူတွေခိုင်းတာကို မငြင်းပယ်ဘဲ လုပ်နေကြရှာတယ်။ အဲဒီလိုထမ်း ဆောင်လုပ်ကိုင်နေရာက တစ်နေ့ကျတော့ သားသတ်ရုံရောက်သွားကြရှာတယ်။ အဲဒီအချိန်မှာ ဘယ်ကမှ လာပြီးကြည့်ရှုမယ့်သူမရှိဘူး၊ ဘာအပြစ်မျှမရှိပါဘဲနဲ့ ရက်ရက်စက်စက် အသတ်ခံကြရရှာတယ်။ အဲဒါတွေဟာ ဒီခန္ဓာဝန်တွေ ရှိနေလို့ပါပဲ။ ခန္ဓာဝန်မရှိရင် ဘယ်သူကမျှ ဖမ်းပြီး မခိုင်းနိုင်ဘူး၊ မနှိပ်စက် မသတ်ဖြတ်နိုင်ဘူး။ ဒါကြောင့် ဒီခန္ဓာဝန်တွေဟာ အလွန်လေးပါတယ်။ လူတွေထဲမှာတောင် တချို့လူတွေဟာ နိုင်ရာလူတွေရဲ့ နှိပ်စက်ညှဉ်းပန်းမှုကို ခံနေကြရတာ ရှိသေးတာပဲ၊ အဲဒါလည်း ဒီခန္ဓာဝန်ကြီး ရှိနေလို့ပါပဲ။ ဒါကြောင့် "ဝန်ထုပ်ဆိုတာ၊ ငါးခန္ဓာ၊ လွန်စွာလေးလှသည်"လို့ ဆိုထားပါတယ်။

http://www.dhammadownload.com



နောက်ပြီးတော့ ဒုတိယအပိုဒ်က "ဝန်ထမ်းခေါ် လတ်၊ ပုဂ္ဂိုလ်မှတ်၊ ပညတ်သာဖြစ်သည်"-တဲ့။ အဲဒါကတော့ ထင်ရှားပါတယ်၊ခန္ဓာငါးပါးကို အစွဲပြုပြီး ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမ စသည်ဖြင့် ခေါ်ရတယ်၊ ခေါ်ဝေါ်ရုံ အမည်ပညတ်မျှပါပဲ၊ ပရမတ္ထသဘောတရားအားဖြင့်တော့ ပုဂ္ဂိုလ်ဆိုတာ အသီးအခြား ထင်ရှား မရှိပါဘူး၊ ဒါပေမယ့် လောကဝေါဟာရအနေနဲ့တော့ ရှိတယ်လို့ပဲ ဆိုရပါတယ်။ အဲဒီခန္ဓာငါးပါးရှိနေတဲ့ ပုဂ္ဂိုလ်ဟာ ဝန်ထုပ်ဝန်ပိုးကို ထမ်းဆောင်နေရတဲ့ ဝန်ထမ်းသမားပါပဲ။ လူတိုင်း လူတိုင်း လူ ပုဂ္ဂိုလ်သတ္တဝါတိုင်း ကိုယ့်ခန္ဓာဝန်ကို အသီးအသီး ထမ်းဆောင်နေကြရတယ်၊ ကျန်းမာအောင်, ချမ်းသာအောင် အမြဲမပြတ်ကြောင့်ကြစိုက်ပြီး ပြုစုစောင့်ရှောက်နေကြရတယ်။ ဒါကြောင့် ဝန်ထမ်းခေါ် လတ်၊ ပုဂ္ဂိုလ်မှတ်၊ ပညတ်သာဖြစ်သည်လို့ ဆိုထားပါတယ်။ အဲဒါကိုဆိုကြရမယ်။

**ဝန်ထမ်းခေါ် လတ်၊ ပုဂ္ဂိုလ်မှတ်၊ ပညတ်သာဖြစ်သည်။**(ဆို)

နောက်ပြီးတော့ တတိယအပိုဒ်က "ဝန်ကိုယူက၊ ဆင်းရဲစွ၊ ပစ်ချချမ်းသာသည်"-တဲ့။ မြင်မှု, ကြားမှု စသည်ဖြစ်တိုင်း မရှုမှတ်နိုင်ရင် အဲဒီမြင်မှု, ကြားမှုစသည်တွေကို ကောင်းတယ်ထင်ပြီး နှစ်သက်သာယာတယ်, လိုချင်တောင့်တတယ်၊ အဲဒါဟာ တဏှာဖြစ်တာပဲ၊ အဲဒီမြင်ဆဲစသည်မှာ ချက်ချင်းဖြစ်တာလည်းရှိတယ်၊ ဘယ်ပုံဘယ်နည်းနဲ့ပဲဖြစ်ဖြစ် တဏှာဖြစ်ရင် ဥပါဒါန်, ကံ, သင်္ခါရတွေ ဖြစ်ပြီး ဘဝသစ်ခန္ဓာဝန်တွေ ဖြစ်ပေါ်လာတော့တာပဲ။ အဲဒီ ခန္ဓာဝန်တွေ ဖြစ်ပေါ်လာတော့ ခုနကပြောခဲ့တဲ့အတိုင်း ခန္ဓာဝန်တွေနဲ့စပ်ပြီး အကြီးအကျယ်ဆင်းရဲရတယ်။ ဒါကြောင့် နှစ်သက်လိုချင်မှုတဏှာ ဖြစ်ပြီး ခန္ဓာဝန်တွေကို လက်ခံယူတာဟာ အလွန်ဆင်းရဲတယ်လို့

http://www.dhammadownload.com



ဆိုရပါတယ်။ နောက်ပြီးတော့ မြင်တိုင်း, ကြားတိုင်း, နံတိုင်း, စားသိတိုင်း, တွေ့ထိတိုင်း, ကြံသိတိုင်း ရှုမှတ်ပြီး သဘောမှန်ကိုသိရင် သိတိုင်းသိတိုင်း အမှားသိ အဝိဇ္ဇာနှင့်တကွ အဲဒီနှစ်သက်လိုချင်မှု တဏှာဟာ တဒင်္ဂအားဖြင့် ချုပ်ငြိမ်း ချုပ်ငြိမ်းသွားတယ်၊ အဲဒီလို ရှုမှတ်ခြင်းဖြင့် အရိယာမဂ်ဖြစ်ပေါ်လာတဲ့ အခါမှာတော့ သမုစ္ဆေဒ အားဖြင့် ချုပ်ငြိမ်းသွားတယ်၊ အဲဒီလို တဏှာချုပ်ငြိမ်းသွားတော့ ဉပါဒါန်, ကံ, သင်္ခါရနှင့် ဘဝသစ်ခန္ဓာတွေလည်း ဖြစ်ပေါ်ခွင့်မရဘဲ အကုန်လုံးချုပ်ငြိမ်းသွားကြတယ်။ ဒါကြောင့် မြင်ခိုက်စသည်မှာ ရှုမှတ်ရတာဟာ တဏှာနှင့်တကွ ခန္ဓာဝန်ကို ပစ်ချနေတာပဲ။ အဲဒီလို ခန္ဓာဝန်ကို ပစ်ချလိုက်လို့ ခန္ဓာဝန်တွေ မရှိရင် ဆင်းရဲဟူသမျှ လုံးဝကင်းပြီး အမြဲတမ်းချမ်းသာသွားတယ်။ ဒါကြောင့် တဏှာကို ပယ်ပြီး ခန္ဓာဝန်ပစ်ချတာကို ချမ်းသာတယ်လို့ဆိုရတယ်၊ ဆင်းရဲ ကင်းငြိမ်းတာကို ဆိုတာပါပဲ။ အဲဒီခန္ဓာဝန်ယူတာနဲ့ ခန္ဓာဝန်ပစ် ချတာ ၂-မျိုးလုံးကို ပေါင်းပြီးတော့ "ဝန်ကိုယူက၊ ဆင်းရဲစွ၊ ပစ်ချချမ်း သာသည်"-လို့ ဆိုထားပါတယ်။ အဲဒါကို ဆိုကြရမယ်။

**ဝန်ကိုယူက၊ ဆင်းရဲစွ၊ ပစ်ချ ချမ်းသာသည်။** (ဆို)

ယခုပြောခဲ့တာဟာ ပထမဂါထာရဲ့ အနက်အဓိပ္ပါယ်တွေပါပဲ၊ အဲဒါနားလည်လောက်ပါပြီ။ ယခု ဒုတိယဂါထာကို ပြောမယ်။

နိက္ခိပိတွာ ဂရုံ ဘာရံ၊ အညံ ဘာရံ အနာဒိယ။

သမူလံ တဏှမဗ္ဗုယှ၊ နိစ္ဆာတော ပရိနိဗ္ဗုတော။

ဂရုံ၊ လေးလံလှစွာသော။ဘာရံ၊ မျက်မှောက်အတ္တဘော တည်းဟူသော ခန္ဓာဝန်ထုပ်ကြီးကို။ နိက္ခိပိတွာ၊ ပရိနိဗ္ဗာန်စုတိ အနေအားဖြင့် ချထားစွန့်ပယ်လိုက်ပြီး၍။

ဒီဂါထာကတော့ ရဟန္တာပုဂ္ဂိုလ်ကိုရည်ပြီး ဟောထားပါတယ်။

http://www.dhammadownload.com



ရဟန္တာပုဂ္ဂိုလ်မှာလည်း ပရိနိဗ္ဗာန် မပြုရသေးမီအတွင်းမှာ တော့ ခန္ဓာဝန်ကြီးကို ထမ်းဆောင်နေရသေးတာပဲ၊ မျက်နှာသစ်ခြင်း၊ ရေချိုးခြင်း၊ အညစ်အကြေးသုတ်သင်ခြင်း၊ ဆွမ်းခံကြွရခြင်းစသည်ဖြင့် ခန္ဓာဝန်ကြီးကို ပြုစုနေရသေးတာပဲ၊ နောက်ဆုံး ပရိနိဗ္ဗာန်စုတိဖြင့် ပရိနိဗ္ဗာန်ပြုပြီးတဲ့ အခါကျမှ တာဝန်ငြိမ်းအေးသွားတယ်။ ဒါကြောင့် ရှေ့ပိုင်းတုန်းက ပြောခဲ့တဲ့အတိုင်း ရဟန္တာပုဂ္ဂိုလ်များဟာ ပရိနိဗ္ဗာန်ပြုရမည့် အချိန်ကာလကို ဆင်ခြင်တော်မူတဲ့အခါမှာ အယံ ဒုက္ခဘာရော၊ ဆင်းရဲလှစွာသော ဤခန္ဓာဝန်ကြီးကို။ ကီဝစိရံ၊ အဘယ်မျှလောက်ကြာအောင်။ ဝဟိတဗ္ဗောနုခေါ၊ ထမ်းဆောင်နေရဦးပါလိမ့်မည်လဲ-လို့ ဆင်ခြင်တော်မူကြပါတယ်။ ဒါကြောင့် ရဟန္တာပုဂ္ဂိုလ်များမှာ ပရိနိဗ္ဗာန်ပြုရတာဟာ အင်မတန်လေးလံတဲ့ ခန္ဓာဝန်ထုပ်ဝန်ပိုးကြီးကို ပစ်ချလိုက်ရတဲ့အနေနဲ့ မြင်ပါတယ်။ တရား မကင်းသေးတဲ့သူတွေ၊ အထူးအားဖြင့် ပုထုဇဉ်တွေအနေနဲ့ဆိုတော့ မိမိနဲ့စပ်တဲ့ ရဟန္တာပုဂ္ဂိုလ် ပရိနိဗ္ဗာန်စံသွားတာကို မလိုလားဘဲလည်း ရှိနေတတ်တယ်၊ အသေကြီး သေသွားတယ်လို့ ထင်မှတ်စွဲလမ်းပြီး အကြီးအကျယ်လည်း ဝမ်းနည်းတတ်တယ်။

ဒါကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီးမှာ အရှင်အာနန္ဒာက ငိုနေခဲ့တယ်၊ ကုသိနာရုံ မြို့သူမြို့သားတွေကလည်း ငိုကြတယ်၊ နောက်ပြီးတော့ မြတ်စွာဘုရား၏ မိထွေးတော်ဖြစ်တဲ့ မဟာပဇာပတိ ဂေါတမီထေရီ ပရိနိဗ္ဗာန်ပြုခါနီးမှာလည်း အမျိုးသမီးတွေက ပရိနိဗ္ဗာန် မပြုဖို့ရန် ငိုပြီးတောင်းပန်ကြတယ်။ အဲဒီအခါမှာ မဟာပဇာပတိဂေါတမီထေရီမကြီးက "သမီးတို့၊ မငိုကြလင့်၊ ပရိနိဗ္ဗာန်ပြုရမည့်ယခုအခါသည် ငိုရမည့်အခါမဟုတ်ဘူး။ ဟာသကာလော၊ ဝမ်းမြောက်ပျော်ရွှင်ရမည့် အခါသာဖြစ်တယ်"လို့

http://www.dhammadownload.com



အမျိုးသမီးများကို သတိပေးစကား ပြောကြားပါတယ်။ အဲဒါဟာ ရဟန္တာများအတွက်တော့ ပျော်ရွှင်သင့်တဲ့ အခါဖြစ်လို့ ပြောဆိုခြင်း ဖြစ်ပါ တယ်။ ဒါကြောင့်-

ဂရုံ၊ လေးလံလှစွာသော။ ဘာရံ၊ မျက်မှောက်အတ္တဘော တည်းဟူသော ခန္ဓာဝန်ထုပ်ကြီးကို။ နိက္ခိပိတွာ၊ ပရိနိဗ္ဗာန်စုတိအနေ အားဖြင့် ချထားစွန့်ပယ်လိုက်ပြီး၍။ အညံ ဘာရံ၊ တစ်ပါးသော ဘဝသစ်ခန္ဓာဝန်ကို။ အနာဒိယ၊ မယူမူ၍။

ပုထုဇဉ် ပုဂ္ဂိုလ်တွေမှာဆိုရင် ပစ္စုပ္ပန်ဘဝက နောက်ဆုံး စုတိစိတ်ဖြင့်သေပြီး လက်ရှိခန္ဓာဝန် ကျသွားတဲ့အခါ သေခါနီးမှာ ထင်ပေါ်လာတဲ့ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် အာရုံကို စွဲလမ်းပြီး ဘဝသစ်ခန္ဓာဝန်တွေ ဖြစ်ပေါ်လာပြန်တယ်၊ အဲဒါဟာ ခန္ဓာဝန် ဟောင်းကိုချပြီး ခန္ဓာဝန်သစ်ကို ယူတာပဲ၊ အဲဒီဘဝက သေပြန်ရင် လည်း ဒီနည်းအတိုင်းပဲ ခန္ဓာဝန်အသစ် ဖြစ်လာပြန်တယ်၊ ဒီပုံဒီနည်း ဖြင့် တစ်ဘဝက သေရင် တစ်ဘဝဖြစ်၊ တစ်ဘဝက သေရင် တစ် ဘဝဖြစ်နဲ့ အဆက်မပြတ်ဖြစ်နေတာပဲ၊ အဲဒါဟာ နှစ်သက်လိုချင် တဲ့ တဏှာကရှိနေတဲ့အတွက် ခန္ဓာဝန် အသစ်အသစ်တွေကို ထပ်တ လဲလဲ လက်ခံယူနေတာပါပဲ၊ ဝန်ထုပ်တွေကို တစ်ခုပြီးတစ်ခု ထမ်း နေရတဲ့သူဟာ ဘယ်ဘက်ပခုံးက ဝန်ကိုချပြီးတာနဲ့ တစ်ပြိုင်နက် ညာဘက်ပခုံးပေါ် အခြားဝန်ထုပ်တစ်ခုကို တင်လိုက်၊ တစ်ဖန် ညာ ဘက်မှချလိုက်၊ ဘယ်ဘက်မှာတင်လိုက်နဲ့ ဝန်ထုပ်တစ်ခုပြီးတစ်ခု အဆက်မပြတ် လက်ခံပြီး ထမ်းနေရသလိုပါပဲ၊ အဲဒီဥပမာကမှ ကြားထဲမှာ ပြတ်နေတဲ့ အချိန်ရှိနိုင်သေးတယ်၊ ပုထုဇဉ်မှာ ခန္ဓာဝန် အဟောင်းအသစ် ပြောင်းလဲပြီး ထမ်းဆောင်ရတာကတော့ တစ် စက္ကန့်လောက်တောင် အပြတ်အခြားမရှိဘူး။ စိတ်တစ်ချက်ခန့်

http://www.dhammadownload.com



တောင် အပြတ်အခြားမရှိဘူး၊ ဘဝဟောင်းမှ စုတိစိတ်ဆုံးသည်နှင့် တစ်ပြိုင်နက် ဘဝသစ်မှာ ပဋိသန္ဓေစိတ်ဖြစ်ပြီး ခန္ဓာဝန်အသစ်ကို ထမ်းဆောင်ထမ်းဆောင် သွားရတော့တာပဲ၊ ပုထုဇဉ်သာမဟုတ် သေးဘူး၊ သောတာပန်လည်း တဏှာမကင်းသေးတဲ့အတွက် အကြောင်းအားလျော်စွာ ခုနစ်ဘဝအထိ ထမ်းဆောင်ရတတ်သေး တယ်၊ သကဒါဂါမ်လည်း နှစ်ဘဝအထိ ထမ်းဆောင်ရတတ်သေး တယ်၊ အနာဂါမ်လည်း ရူပဘဝဖြစ်စေ၊ အရူပဘဝဖြစ်စေ တစ်ဘဝ ထမ်းဆောင်ရသေးတယ်၊ ပဋိသန္ဓေအရဆိုရင်တော့ လေးငါးဘဝ အထိ ထမ်းဆောင်ရတတ်သေးတယ်၊ ရဟန္တာမှာတော့ ခန္ဓာဝန်ကို နှစ်သက်သာယာတဲ့ တဏှာက မရှိတော့တဲ့အတွက် ပရိနိဗ္ဗာန်စုတိ၏ အခြားမဲ့မှာ ဘယ်လိုရုပ်နာမ်ခန္ဓာမျှ မဖြစ်ပေါ်လာတော့ဘူး၊ ဒါကြောင့်. . အညံ ဘာရံ အနာဒိယ၊ တစ်ပါးသော ဘဝသစ်ခန္ဓာဝန် ကို မယူမူ၍ လို့ ဆိုထားပါတယ်၊ အဲဒီလို ဘဝသစ်ခန္ဓာကို မယူတာက လည်း ခန္ဓာဝန်ကို နှစ်သက်သာယာတဲ့ တဏှာမရှိတော့လို့ပါပဲ။ ဒါကြောင့်-

သမူလံ၊ သဘောမှန်ကို မသိဘဲ, အလွဲအမှားကို သိတတ် သော အဝိဇ္ဇာတည်းဟူသော အမြစ်အရင်းနှင့်တကွသော။ တဏှံ၊ နှစ်သက်သာယာ ဆာလောင်တတ်သော တဏှာကို။ အဗ္ဗုယှ၊ အရဟတ္တမဂ် ဉာဏ်လက်နက်ဖြင့် ထွင်းဖျက်နုတ်ပယ်ပြီး၍။ နိစ္ဆာ တော၊ နှစ်သက်ခုံမင် လိုချင်တောင့်တခြင်းဟူသော ဆာလောင်ခြင်း ကင်းသည်ဖြစ်၍။ ပရိနိဗ္ဗုတော၊ ဆင်းရဲခပ်သိမ်း အေးငြိမ်းလေ တော့သတည်း-လို့ ဟောထားပါတယ်။

ပုထုဇဉ်ပုဂ္ဂိုလ်တွေမှာ ဆာလောင်တောင့်တတဲ့တဏှာက ရှိနေတယ်၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်တွေမှာလည်း အဲဒီ

http://www.dhammadownload.com



တဏှာဟာ ရှိတန်သလောက်ရှိနေသေးတယ်။ ဒါကြောင့် အဲဒီပုထုဇဉ် အစရှိတဲ့ ပုဂ္ဂိုလ်တွေမှာ သေခါနီး၌ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ဆိုတဲ့ အာရုံက ထင်ပေါ်လာတယ်၊ အဲဒီထင်ပေါ်လာတဲ့ အာရုံကို လည်း သာယာပြီး စွဲလမ်းတတ်တယ်၊ ထင်မြင်နေတဲ့ မိမိကိုယ်ကို လည်း နှစ်သက်တွယ်တာပြီး စွဲလမ်းတယ်၊ အဲဒီလို စွဲလမ်းပြီး သေသွားတဲ့အခါ ဘဝသစ်ခန္ဓာတွေ ဖြစ်ပေါ်လာပြန်တာပဲ၊ အဲဒါဟာ တဏှာရှိနေလို့ ဘဝသစ်ခန္ဓာကို လက်ခံယူတာပါပဲ။ ရဟန္တာမှာတော့ အဲဒီတဏှာကို အရဟတ္တမဂ်ဉာဏ်ဖြင့် အကြွင်းမဲ့ပယ်နုတ်ပြီးပြီ၊ ဒီ တဏှာကို ပယ်နုတ်ရတာလည်း သူ့ချည်းသက်သက်ပယ်နုတ်လို့ ဖြစ် တာမဟုတ်ဘူး၊ သစ်ပင်များကို နုတ်ပယ်ရသလိုပဲ အမြစ်ပါနုတ် ရတယ်၊ သူ့အမြစ်က ဘယ်ဟာလဲဆိုရင် သဘောမှန်ကို မသိဘဲ သိရိုးသိစဉ်အတိုင်း အလွဲအမှားတွေကို သိနေတဲ့ အဝိဇ္ဇာပါပဲ။ မြင်ခိုက်, ကြားခိုက် စသည်မှာ မရှုမမှတ်နိုင်ရင် အဲဒီမြင်ရတဲ့အာရုံနဲ့ မြင်သိမှု၊ ကြားရတဲ့အာရုံနဲ့ ကြားသိမှု စသည်တို့ကို အမြဲတည်ရှိနေတဲ့ ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမ စသည်ဖြင့်လည်း ထင်မှတ်တယ်၊ အမြဲတည်နေတဲ့ အရာဝတ္ထုလို့လည်း ထင်မှတ်တယ်၊ လှပတင့်တယ် တယ် ကောင်းတယ်စသည်ဖြင့်လည်း ထင်မှတ်တယ်၊ အဲဒီလို ထင်မှတ် တာဟာ အဝိဇ္ဇာပဲ။ အဲဒီလို မြဲတယ်, လှတယ်, ကောင်းတယ်၊ ပုဂ္ဂိုလ် သတ္တဝါပဲ, မိန်းမပဲ, ယောကျ်ားပဲ စသည်ဖြင့် ထင်မှတ်ရင် နှစ်သက် လိုချင်တဲ့ တဏှာက ဖြစ်တော့တာပဲ။ ဒါကြောင့် အဝိဇ္ဇာက တဏှာ ဖြစ်ဖို့ အမြစ်အရင်းဖြစ်နေပါတယ်။ အဲဒီအဝိဇ္ဇာကို မပယ်ဘဲ တဏှာသက်သက်ကိုသာ ပယ်လို့တော့ တဏှာက အမြစ်ပြတ် မငြိမ်း ဘူး၊ အတန်ကြာအောင် မဖြစ်ဘဲကင်းကွာနေပေမယ့်လို့ အကြောင်း ညီညွတ်တဲ့အခါ ဖြစ်ပေါ်လာပြန်တာပဲ။ ဒါကြောင့် ဈာန်အဘိညာဉ်

http://www.dhammadownload.com



ရတဲ့ အချို့ပုဂ္ဂိုလ်တွေဟာ ချာန်လျှော့ကုန်ကြတာ။

မုဒုလက္ခဏဇာတ်မှာ ဘုရားအလောင်းရသေ့ကြီးဟာ ချာန်အဘိညာဉ်တွေကို ရနေလို့ ကာမရာဂကင်းကွာနေပါတယ်။ ဒါပေမယ့် အရိယာမဂ်နဲ့ အမြစ်ပြတ်ပယ်ထားတာမဟုတ်သေးတဲ့အတွက် မုဒုလက္ခဏာ မိဖုရားကြီးရဲ့ တပ်မက်ဖွယ် ကိုယ်အင်္ဂါတွေကို မြင်ရတဲ့အခါမှာ တပ်မက်သာယာတဲ့ကာမတဏှာ ဖြစ်ပေါ်လာတယ်၊ အဲဒီတဏှာဖြစ်ပေါ်လာတာနဲ့ မူလကရထားတဲ့ ချာန်တွေလည်း ပျောက်ကွယ်သွားတယ်၊ အဘိညာဉ်တန်ခိုးလည်း မရှိတော့ဘူး။ ဘုရင့်နန်းတော်ကို လာစဉ်တုန်းကတော့ အဘိညာဉ်တန်ခိုးဖြင့် ကောင်းကင်ကကြွလာခဲ့တယ်၊ မိဖုရားကြီး၏ ကိုယ်အင်္ဂါကိုမြင်ပြီး တပ်မက်တဲ့တဏှာကြောင့် ချာန်အဘိညာဉ်တွေ ပျက်သွားတဲ့အတွက် ဆွမ်းခံ အပြန်ကျတော့ မြေပြင်ကပဲ လမ်းလျှောက်ပြီး ပြန်ရတယ်။ ကျောင်းရောက်တဲ့ အခါကျတော့လည်း ယူလာခဲ့တဲ့ဆွမ်းကိုတောင် မစားနိုင်ဘူး။ မုဒုလက္ခဏာ မိဖုရားကြီး၏ ကိုယ်အင်္ဂါတွေကို စိတ်ကူးနဲ့ မြင်နေပြီး လိုချင်တောင့်တတဲ့ တဏှာတွေ ပွားနေတယ်။ အဲဒါဟာ အရိယာမဂ်ဖြင့် အမြစ်အရင်းဖြစ်တဲ့ အဝိဇ္ဇာကိုပါ မပယ်ဘဲ၊ ချာန်ဖြင့် ကာမတဏှာကိုသာလျှင် ခွာရုံမျှ ပယ်ထားတဲ့အတွက်ကြောင့် သူ့အာရုံနဲ့ ထင်ရှားတွေ့တဲ့အခါ တဏှာဖြစ်ပေါ်လာပြန်တာပါပဲ။

နောက်ပြီးတော့ သီဟိုဠ်ကျွန်းမှာ ဒုဋ္ဌဂါမဏိမင်းလက်ထက် သာသနာတော်နှစ် လေးရာလောက်အတွင်းက စိတ္တလတောင်မှာ ချာန်အဘိညာဉ်မျှဖြင့် တဏှာကင်းပြီး ရဟန္တာဖြစ်ပြီလို့ အထင်ရှိနေတဲ့ မထေရ်ကြီးတစ်ပါးရှိခဲ့တယ်။ တစ်နေ့သောအခါ ရဟန္တာဖြစ်တဲ့ ဓမ္မဒိန္နမထေရ်က အဲဒီမထေရ်ကြီးထံသွားပြီးတော့ မေးမြန်းတယ်။

http://www.dhammadownload.com



အဲဒီမထေရ်ကြီးက ရဟန္တာဖြစ်နေတာ အနှစ် ၆၀-လောက်ရှိတဲ့ အကြောင်း ပြောကြားတယ်။ အဲဒီ အနှစ် ၆၀-လောက်အတွင်းမှာ ထင်ထင်ရှားရှားတဏှာဖြစ်တာကို မတွေ့ရတဲ့အတွက် ပြောဆိုခြင်း ဖြစ်ပါတယ်။ ဒါပေမယ့် ဓမ္မဒိန္နမထေရ်ကတော့ အဲဒီလိုပြောတဲ့ အတိုင်း မဟုတ်ကြောင်းကို သိတဲ့အတွက် အဘိညာဉ် တန်ခိုးကို အသုံးပြုပါသေးသလားလို့ မေးပါတယ်။ အသုံးပြုတဲ့ အကြောင်းကို ကြားတော့ ရေကန်ကြီးတစ်ခုဖန်ဆင်းဖို့၊ အဲဒီရေကန်ထဲမှာ ပဒုမ္မာ ကြာရုံကြီးတစ်ခု ဖန်ဆင်းဖို့၊ အဲဒီကြာရုံကြီးထဲမှာ ကြာပန်း ကြီးဖန်ဆင်းဖို့၊ အဲဒီကြာပန်းကြီးထဲမှာ ရုပ်အဆင်းလှပတဲ့ မိန်းမ ရုပ်ဖန်ဆင်းဖို့၊ အဲဒီမိန်းမရုပ်ဟာ သီချင်းဆိုပြီး ကနေဟန် ဖန်ဆင်းဖို့ ခိုင်းပါတယ်။ မထေရ်ကြီးကလည်း ခိုင်းတိုင်းကို ဖန်ဆင်း လိုက်ပါ တယ်။ အဲဒီအခါမှာ ဓမ္မဒိန္န မထေရ်က အရှင်ဘုရား၊ သီချင်း ဆိုပြီး က,နေတဲ့ ဒီမိန်းမရုပ်ကို ခဏလောက်စူးစိုက်ပြီးကြည့်နေပါဦး ဘုရားလို့ ပြောပြီး အခန်းထဲ ဝင်သွားတယ်။ အဲဒီမထေရ်ကြီးဟာ သူ့ဟာသူဖန်ဆင်းထားတဲ့ မိန်းမရုပ်ကို ကြည့်နေရင်းက ကာမ တဏှာဖြစ်ပေါ်လာပါသတဲ့။ အဲဒီအခါမှာ ရဟန်းကိစ္စ မပြီးသေးမှန်း သိပြီး ဓမ္မဒိန္နမထေရ်ထံမှ အဝိဇ္ဇာပါပယ်တဲ့ ဝိပဿနာရှုနည်းကို တောင်းပါတယ်၊ ဓမ္မဒိန္နမထေရ်က ပေးတဲ့နည်းအတိုင်း အားထုတ်ပြီး အဝိဇ္ဇာအမြစ်အရင်းနှင့်တကွ တဏှာကိုပယ်နိုင်တဲ့ ရဟန္တာအဖြစ်သို့ ရောက်တော်မူပါသတဲ့။ ဒီဝတ္ထုမှာလည်း ပထမက အမြစ်အရင်းပါ မပယ်ဘဲ ဈာန်ဖြင့် တဏှာကို ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်ခွာရုံမျှသာ ပယ်ခွာထားတဲ့တွက် အဲဒီ မထေရ်ကြီးမှာ သူ့ဟာသူဖန်ဆင်းထားတဲ့ မိန်းမရုပ်ကို ကြည့်ရှုနေရင်း တပ်မက်သာယာတဲ့ တဏှာဖြစ်ပေါ် လာတာပါပဲ။ အရဟတ္တမဂ်ဉာဏ်ဖြင့် အမြစ်အရင်းအဝိဇ္ဇာပါ

http://www.dhammadownload.com



အကြွင်းမဲ့ ပယ်နုတ်ပြီးဖြစ်ရင်တော့ အဲဒီလိုဖန်ဆင်းထားတဲ့ အရုပ်ကို သာ မဟုတ်ဘူး၊ တကယ်အစစ်ဖြစ်တဲ့ လူမိန်းမ, နတ်မိန်းမကိုလည်း တပ်မက်သာယာမှု ဘယ်နည်းနှင့်မျှမဖြစ်နိုင်တော့ဘူး။ မိမိကိုယ်, မိမိဘဝကိုလည်း တပ်မက်သာယာမှု လုံးဝမဖြစ်နိုင်တော့ဘူး၊ အဲဒီလို သာယာမှုတဏှာ လုံးဝမရှိတဲ့အတွက် ဘဝသစ်ရုပ်နာမ်ခန္ဓာ တွေလည်း လုံးဝမဖြစ်ပေါ်လာတော့ဘဲ ချုပ်ငြိမ်းသွားတယ်။ ဒါကြောင့်-

သမူလံ၊ သဘောမှန်ကို မသိဘဲ, အလွဲအမှားကို သိတတ်သော အဝိဇ္ဇာတည်းဟူသော အမြစ်အရင်းနှင့်တကွသော။ တဏှံ၊ နှစ်သက်သာယာ ဆာလောင်တောင့်တတတ်သော တဏှာကို၊ အဗ္ဗူ ယှ၊ အရဟတ္တမဂ် ဉာဏ်လက်နက်ဖြင့် ထွင်းဖျက်နုတ်ပယ်ပြီး၍။ နိစ္ဆာတော၊ နှစ်သက်ခုံမင် လိုချင်တောင့်တခြင်းဟူသော ဆာလောင် ခြင်းကင်းသည်ဖြစ်၍။ ပရိနိဗ္ဗုတော၊ ဆင်းရဲခပ်သိမ်း အေးငြိမ်းလေ တော့သတည်း- လို့ ဟောတော်မူပါတယ်။

ယခုပြန်ဆိုခဲ့တဲ့ အနက်ကတော့ ဂါထာမှာ ရှိရင်းပုဒ်ပါဋ္ဌ် အစဉ်အတိုင်း ပြန်ဆိုတဲ့ အနက်ပဲ။ အနက်အဓိပ္ပါယ်ချောအောင် ဆိုရင်တော့ ဒီလိုလည်း ပြန်နိုင်ပါတယ်။

သမူလံ၊ သဘောမှန်ကို မသိဘဲ, အလွဲအမှားကို သိတတ်သည့် အဝိဇ္ဇာတည်းဟူသော အမြစ်အရင်းနှင့်တကွသော။ တဏှံ၊ နှစ်သက်သာယာ ဆာလောင်တောင့်တတတ်သော တဏှာကို။ အဗ္ဗူယှ၊ အရဟတ္တမဂ် ဉာဏ်လက်နက်ဖြင့် ထွင်းဖျက် နုတ်ပယ်ပြီး၍။ နိစ္ဆာတော၊ နှစ်သက်ခုံမင် လိုချင်တောင့်တခြင်းဟူသော ဆာလောင် ခြင်းကင်းသည်ရှိသော်။ ဝါ၊ ဆာလောင်ခြင်းကင်းသော ပုဂ္ဂိုလ်သည်။ ဂရုံ၊လေးလံလှစွာသော။ ဘာရံ၊ မျက်မှောက်အတ္တဘောတည်း

http://www.dhammadownload.com



ဟူသော ခန္ဓာဝန်ထုပ်ကြီးကို။ နိက္ခိပိတွာ၊ ပရိနိဗ္ဗာန် စုတိ အနေအားဖြင့် ချထားစွန့်ပယ်လိုက်ပြီး၍။ အညံ ဘာရံ၊ တစ်ပါးသော ဘဝသစ်ခန္ဓာဝန်ကို။ အနာဒိယ၊ မယူမူ၍။ ပရိနိဗ္ဗုတော၊ ဆင်းရဲ ခပ်သိမ်း အေးငြိမ်းလေတော့သတည်း-တဲ့။

ဒီအနက်က ပိုပြီးချောပါတယ်။ အတိုချုပ်အားဖြင့် ဆိုလျှင် အမြစ်အရင်း အဝိဇ္ဇာနှင့်တကွ တဏှာကို အရဟတ္တမဂ်ဉာဏ်ဖြင့် အကြွင်းမဲ့ ပယ်ပြီးဖြစ်တဲ့ ရဟန္တာပုဂ္ဂိုလ်မှာ ဘယ်လိုအာရုံ, ဘယ်လို ဘဝကိုမျှ ဆာလောင်တောင့်တမှု, လိုချင်နှစ်သက်မှု တဏှာမရှိ တော့ဘူး၊ ဒါကြောင့် မျက်မှောက်ဘဝ စုတိဆုံးသည်နှင့် တစ်ပြိုင် နက် ခန္ဓာဝန်ဟောင်းကိုလည်း စွန့်ပယ်ပြီး, ချထားပြီး ဖြစ်သွားတယ်၊ ခန္ဓာဝန်သစ် ဘဝသစ်လည်း မဖြစ်လာတော့ဘူး။ ဒါကြောင့် ဆင်းရဲ ခပ်သိမ်း အပြီးတိုင်အေးငြိမ်းသွားတယ်လို့ ဆိုလိုပါတယ်။ အဲဒါကို တိုတိုနှင့် မှတ်ရအောင် မြန်မာလို ဆောင်ပုဒ်စီထားပါတယ်။

**မြစ်ရင်းပါဖျက် တပ်မက်ပယ်လျှင်၊**
**ဆာလောင်တောင့်တ လုံးဝကင်းစင်။**
**ဝန်ဟောင်းစွန့်ပစ် ဝန်သစ် မတင်၊**
**ပူခပ်သိမ်း အေးငြိမ်းနိဗ္ဗာန်ဝင်-တဲ့။**

အဝိဇ္ဇာဆိုတဲ့ အမြစ်အရင်းနှင့်တကွ တဏှာကို ပယ်ဖျက် လိုက်ရင် ဆာလောင်တောင့်တမှု လုံးဝမရှိတော့ဘူး။ ဒါကြောင့် ပရိနိဗ္ဗာန်စုတိဖြင့် လက်ရှိခန္ဓာဝန်ဟောင်းကို စွန့်ပစ် ပယ်ချလိုက် တဲ့အခါ ဘဝသစ်ခန္ဓာဝန်ကိုလည်း မထမ်းဆောင်ရတော့ဘူး၊ ကိလေ သာဆင်းရဲ, ရုပ်နာမ်ခန္ဓာဆင်းရဲဆိုတဲ့ အပူတွေ အကုန်ငြိမ်းအေး သွားတယ်၊ အနုပါဒိသေသနိဗ္ဗာန်ကို ဝင်စံသွားရတယ်လို့ ဆိုလိုပါ တယ်။ အဲဒီ ဆောင်ပုဒ်ကို ဆိုကြရမယ်။

http://www.dhammadownload.com



မြစ်ရင်းပါဖျက် တပ်မက်ပယ်လျှင်၊
ဆာလောင်တောင့်တ လုံးဝကင်းစင်။
ဝန်ဟောင်းစွန့်ပစ် ဝန်သစ် မတင်၊
ပူခပ်သိမ်း အေးငြိမ်းနိဗ္ဗာန်ဝင်-တဲ့။

## နိဂုံးချုပ်

ဘာရသုတ္တန် တရားတော်ကတော့ ဒါလောက်ဆိုရင် တော်တော်ပြည့်စုံသွားပါပြီ၊ နိဂုံးချုပ်ရုံလောက်ပဲ လိုပါတော့တယ်။ သတ္တဝါအသီးအသီး သန္တာန်မှာ ရှိနေတဲ့ ခန္ဓာငါးပါးဟာ လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်ကြောင်းလည်း နားလည်ကြပြီ၊ သတ္တဝါတွေဟာ မိမိတို့၏ ခန္ဓာဝန်ကြီးတွေကို အစမထင်အောင် ရှည်လျားစွာသော သံသရာ ကာလပတ်လုံး ထမ်းဆောင်နေကြရတယ်ဆိုတာလည်း နားလည်ကြပြီ၊ သစ္စာဒေသနာအရအားဖြင့် ဒီခန္ဓာဝန်တွေဟာ ဆင်းရဲအစစ်အမှန် ဒုက္ခသစ္စာဖြစ်ကြောင်းလည်း နားလည်ကြပြီ၊ မြင်တိုင်း, ကြားတိုင်း, တွေ့တိုင်း, ကြံသိတိုင်း ပေါ်လာသမျှ အတွင်းအပအာရုံတွေကို နှစ်သက်သာယာရင် နှစ်သက်သာယာတိုင်း ဒုက္ခသစ္စာ ဖြစ်တဲ့ ဒီခန္ဓာဝန်ထုပ်ကြီးတွေကို ကောက်ထမ်းရာရောက်တယ်၊ လက်ခံရာရောက်တယ်ဆိုတာလည်း နားလည်ကြပြီ၊ နှစ်သက်သာယာတယ်ဆိုတာကလည်း မြင်တိုင်း, ကြားတိုင်း, တွေ့တိုင်း, ကြံသိတိုင်း မရှုမမှတ်လို့ အမှန်အတိုင်းမသိရင် မသိတိုင်း မသိတိုင်း နှစ်သက်သာယာနေသည်မည်ကြောင်းလည်း နားလည်ကြပြီ၊ အဲဒီလို နှစ်သက်သာယာတိုင်း ဘဝသစ်ခန္ဓာဝန်ကို လက်ခံရာရောက်တဲ့အတွက် ဘေးဒုက္ခရောက်ဖို့ရာ စာချုပ်ကို လက်မှတ်ထိုးမိသကဲ့သို့ပင် ကြောက်ဖွယ်ကောင်း၍ ဆင်းရဲလှကြောင်း-ဆင်းရဲကြောင်း သမု

http://www.dhammadownload.com



ဒယသစ္စာဖြစ်ကြောင်းလည်း နားလည်ကြပြီ၊ အဲဒီနှစ်သက်သာယာမှုတဏှာကို ပယ်ရင် ဘဝသစ်ခန္ဓာဝန်ထုပ်ကို ပစ်ချသည်မည်၍ ချမ်းသာအစစ် နိရောဓသစ္စာ ဖြစ်ကြောင်းလည်း နားလည်ကြပြီ၊ အဲဒီတဏှာကို ပယ်ရာမှာလည်း သူ့ချည်းသက်သက် ပယ်၍မဖြစ်၊ သူ၏ကျောထောက်နောက်ခံ အမြစ်အရင်းဖြစ်တဲ့ အဝိဇ္ဇာကိုပါ ပယ်ရကြောင်းလည်း နားလည်ကြပြီ၊ အဝိဇ္ဇာဆိုတာကလည်း မြင်တိုင်း, ကြားတိုင်း, တွေ့တိုင်း, ကြံသိတိုင်း မရှုမမှတ်မိတဲ့အာရုံတွေမှာ ဖြစ်နေတဲ့ မသိမှု, အလွဲသိမှု ဖြစ်ကြောင်းလည်း နားလည်ကြပြီ၊ မြင်တိုင်း, ကြားတိုင်း, တွေ့တိုင်း, ကြံသိတိုင်း ရှုမှတ်လျှင် သဘောမှန်ကိုသိသော ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်ကြောင်းလည်း နားလည်ကြပြီ၊ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်တိုင်း (အလင်းရောက်လာလျှင် အမှောင်ပျောက်သကဲ့သို့) အဝိဇ္ဇာအမှောင်ကင်းပျောက်ကြောင်းလည်း နားလည်ကြပြီ၊ မြဲတယ်, ချမ်းသာတယ်, ကောင်းတယ်၊ ငါကောင်ပဲလို့ ထင်မှတ်တဲ့ အဝိဇ္ဇာမရှိလျှင် နှစ်သက်သာယာမှုတဏှာ မဖြစ်နိုင်ကြောင်းလည်း နားလည်ကြပြီ၊ တဏှာမဖြစ်လျှင် ဘဝသစ်ခန္ဓာဝန်ကို ပစ်ချခြင်း ဖြစ်ကြောင်း နားလည်ကြတာကိုတော့ ခုနကပင် ပြောခဲ့ပြီ။ ဒီတော့ ဘဝသစ်ခန္ဓာဝန်ကို အလိုမရှိလျှင် ခန္ဓာဝန်ကို ပစ်ချခြင်းဆိုတဲ့ နိရောဓသစ္စာနိဗ္ဗာန်ကို ကိုယ်တိုင် မျက်မှောက်ဆိုက်ရောက်ချင်ရင် မြင်တိုင်း, ကြားတိုင်း, နံတိုင်း, စားသိတိုင်း, တွေ့ထိတိုင်း, ကြံသိတိုင်း ပေါ်လာသမျှကို သဘောမှန်အတိုင်း မပြတ်ရှုမှတ်ကြရုံပါပဲ။ အဲဒီလို ရှုမှတ်သွားလို့ ဝိပဿနာဉာဏ်ရင့်သန် ပြည့်စုံတဲ့အခါမှာ အရိယာမဂ်ဉာဏ် ၄-ပါး ဖြစ်ပေါ်လာပြီးတော့ အမြစ်အရင်း အဝိဇ္ဇာနှင့်တကွ နှစ်သက်သာယာ ဆာလောင်တောင့်တမှု တဏှာဟူသမျှကို အကြွင်းမဲ့ ပယ်သွားပါလိမ့်မယ်။

http://www.dhammadownload.com



အရိယာမဂ်ဉာဏ် ၄-ပါးရှိတဲ့အနက်က သောတာပတ္တိမဂ် ဉာဏ် ဖြစ်ပေါ်လာရင် အပါယ် ၄-ပါး ခန္ဓာဝန်တွေနဲ့ ခုနစ်ဘဝ ထက်ကို လွန်ပြီးဖြစ်မည့် သုဂတိဘဝ ခန္ဓာဝန်တွေကို အကုန်လုံး ပစ်ချသွားနိုင်ပါလိမ့်မယ်။ ဒါလောက်ဆိုရင် အပုံပေါ့သွားပါပြီ။ ဒါလောက်တော့ ပြည့်စုံအောင် အားထုတ်မယ်လို့ လူတိုင်း, ရှင်တိုင်း အမြဲဒှာန်ပြုပြီး ကြိုးစားအားထုတ်စရာကောင်းပါတယ်။ ဒါထက် တိုးတက်အောင်အားထုတ်ရင် ပါရမီအားလျော်စွာ သကဒါဂါမိမဂ် ဉာဏ်လည်း ရောက်နိုင်တယ်၊ အဲဒီအခါမှာ ၂-ဘဝထက် ပိုလွန်ပြီးဖြစ် မည့် ဘဝသစ်ခန္ဓာဝန်တွေကို အကုန်လုံး ပစ်ချသွားပါလိမ့်မယ်။ ပါရမီအားလျော်စွာ အနာဂါမိမဂ်ဉာဏ်လည်း ရောက်နိုင်တယ်၊ အဲဒီ အခါမှာတော့ ရူပ, အရူပ တစ်ဘဝထက် ပိုလွန်ပြီးဖြစ်မည့် ခန္ဓာ ဝန်တွေကို အကုန်ပစ်ချသွားပါလိမ့်မယ်။ နောက်ဆုံး အရဟတ္တမဂ် ဉာဏ် ရောက်တဲ့အခါကျတော့ ဘဝသစ်ခန္ဓာဝန်တွေဟူသမျှကို အကုန်လုံး အကြွင်းမဲ့ပစ်ချသွားပါလိမ့်မယ်။ ဒါကြောင့် အဲဒီအခါမှာ-

သမူလံ၊ သဘောမှန်ကို မသိဘဲ, အလွဲအမှားကို သိတတ်သည့် အဝိဇ္ဇာတည်းဟူသော အမြစ်အရင်းနှင့်တကွသော။ တဏှံ၊ နှစ်သက်သာယာ ဆာလောင်တောင့်တတတ်သော တဏှာကို။ အဗ္ဗု ယှ၊ အရဟတ္တမဂ် ဉာဏ်လက်နက်ဖြင့် ထွင်းဖျက်နုတ်ပယ်ပြီး၍။ နိစ္ဆာတော၊ နှစ်သက်ခုံမင် လိုချင်တောင့်တခြင်းတည်းဟူသော ဆာ လောင်ခြင်းကင်းသည်ရှိသော်၊ ဝါ၊ ဆာလောင်ခြင်းကင်းသော ပုဂ္ဂိုလ် သည်။ ဝါ။ ဆာလောင်ခြင်းကင်းသည်ဖြစ်၍။ ဂရုံ၊ လေးလံလှစွာ သော။ ဘာရံ၊ မျက်မှောက် အတ္တဘောတည်းဟူသော ခန္ဓာဝန်ထုပ် ကြီးကို။ နိက္ခိပိတွာ၊ ပရိနိဗ္ဗာန်စုတိအနေအားဖြင့် ချထားစွန့်ပယ် လိုက်ပြီး၍။ အညံ ဘာရံ၊ တစ်ပါးသော ဘဝသစ်ခန္ဓာဝန်ကို။ အနာ-

http://www.dhammadownload.com



ဒိယ၊ မယူမူ၍။ ပရိနိဗ္ဗုတော၊ ဆင်းရဲခပ်သိမ်း အေးငြိမ်းလေတော့သတည်း-လို့ ဟောတော်မူတဲ့အတိုင်း ခန္ဓာငါးပါးတည်းဟူသော ဝန်ထုပ်ဝန်ပိုးဒုက္ခသစ္စာ ဆင်းရဲအစစ်အမှန် တရားတွေ လုံးဝချုပ်ငြိမ်းသွားပါလိမ့်မယ်။ ဒါကြောင့် အဲဒီလို ဝန်ထုပ်ကို ပစ်ချရခြင်း၊ ဆင်းရဲကင်းငြိမ်းခြင်းကို အလိုရှိရင် ယခုပြောခဲ့တဲ့ ကျင့်စဉ်အတိုင်း ကျင့်ကြံအားထုတ်ကြရှုပါပဲ။ ကဲ- ဆောင်ပုဒ်တွေကို ဆိုပြီး တရားသိမ်းကြစို့။

**လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးဆိုတာ ဘယ်ဟာလဲ။**
**ငါ့, ငါ့ဥစ္စာလို့ ထင်ရတဲ့ ခန္ဓာငါးပါးတရားပဲ။**
**ဝန်ထမ်းသမားဆိုတာ ဘယ်သူလဲ။**
**ခန္ဓာငါးပါးရှိနေတဲ့ ပုဂ္ဂိုလ်ပဲ။**
**ဝန်ထုပ်ကို ခံယူတယ်ဆိုတာ ဘယ်ဟာလဲ။**
**နှစ်သက်လိုချင်တဲ့ တဏှာပဲ။**
**ဝန်ထုပ်ကို ပစ်ချတယ်ဆိုတာ ဘယ်ဟာလဲ။**
**နှစ်သက်လိုချင်တဲ့ တဏှာကို ပယ်တာပဲ။**
**ဝန်ထုပ်ဆိုတာ၊ ငါးခန္ဓာ၊ လွန်စွာလေးလှသည်။**
**ဝန်ထမ်းခေါ်လတ်၊ ပုဂ္ဂိုလ်မှတ်၊ ပညတ်သာဖြစ်သည်။**
**ဝန်ကိုယူက၊ ဆင်းရဲစွ၊ ပစ်ချ ချမ်းသာသည်။**
**မြစ်ရင်းပါဖျက် တပ်မက်ပယ်လျှင်၊**
**ဆာလောင်တောင့်တ လုံးဝကင်းစင်။**
**ဝန်ဟောင်းစွန့်ပစ် ဝန်သစ် မတင်၊**
**ပူခပ်သိမ်း အေးငြိမ်းနိဗ္ဗာန်ဝင်။**

ဤဘာရသုတ္တန် တရားတော်ကြီးကို ရိုသေစွာနာယူကြ

http://www.dhammadownload.com



ရသော ဓမ္မဿဝန ဥက္ကဋ္ဌ ကုသိုလ်ကံ စေတနာတို့၏ အစွမ်းအာနုဘော်ကြောင့် မိမိတို့၏သန္တာန်၌ မပြတ်ဖြစ်ပျက်နေသော ခန္ဓာငါးပါးတရားကို လေးလံသောဝန်ထုပ်ဝန်ပိုးကြီးတွေပါကလား ဟူ၍လည်းကောင်း၊ မြင်မှု၊ ကြားမှုစသည်နှင့် စပ်၍ နှစ်သက်သာယာသော တဏှာဖြစ်သောအားဖြင့် ဘဝသစ်ခန္ဓာဝန်လက်ခံခြင်းကို ဆင်းရဲကြောင်းပါတကား ဟူ၍လည်းကောင်း၊ မြင်တိုင်း, ကြားတိုင်း, တွေ့တိုင်း, ကြံသိတိုင်း ရှုမှတ်၍ အမြစ်အရင်း အဝိဇ္ဇာနှင့်တကွ နှစ်သက်သာယာမှု တဏှာကို ပယ်သောအားဖြင့် ဘဝသစ်ခန္ဓာဝန်ကို ပစ်ချခြင်းသာလျှင် ချမ်းသာအစစ်ပါတကား ဟူ၍လည်းကောင်း သိမြင်သဘောပေါက်ကြပြီးလျှင် ခန္ဓာဝန်ကို ပစ်ချခြင်းဟူသော ထိုချမ်းသာအစစ်ကို မျက်မှောက်တွေ့မြင်နိုင်ကြောင်းဖြစ်သော ဝိပဿနာအလုပ်ကို ပြည့်စုံစွာ အားထုတ်နိုင်ကြ၍ ဝိပဿနာဉာဏ်အစဉ် မဂ်ဉာဏ်အစဉ်ဖြင့် ဝန်ထုပ်ပစ်ချရာ ချမ်းသာအစစ်ဖြစ်သော နိဗ္ဗာန်ကို လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ ကုန်သတည်း။

**သာဓု . . . သာဓု . . . သာဓု။**

**ဒုတိယပိုင်း ပြီး၏။**

**ဘာရသုတ္တန် တရားတော်ကြီး ပြီး၏။**

http://www.dhammadownload.com



၁၃၂၇-ခု၊ ဝါခေါင်လပြည့်နေ့တွင် မြန်မာနိုင်ငံ အသံလွှင့်ဌာနမှ
**ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး အသံလွှင့်**
**ဟောကြားတော်မူသော**

# ဗြဟ္မစိုရ်တရားတော်ကြီး

## (ပထမပိုင်း)

ယခု ဘုန်းကြီးဟောမည့်တရားကတော့ ဗြဟ္မစိုရ်တရားတော် ဖြစ်ပါတယ်။ ဘုန်းကြီးက များသောအားဖြင့် ဝိပဿနာ တရားကိုသာ ဟောကြားလေ့ရှိပါတယ်။ ဝိပဿနာဆိုတာကတော့ လူတိုင်းလူတိုင်း လည်း မကျင့်နိုင်ဘူး၊ ပြီးတော့ ကျင့်တဲ့သူမှာသာ အကျိုးထူးကို ရနိုင်တဲ့အတွက် ပရဟိတနှင့် မဆိုင်သလိုလိုလည်း ဖြစ်နေပါတယ်။ ဒါကြောင့် ဒီကနေ့တော့ လူတိုင်းလည်း ကျင့်နိုင်ပြီး ပရဟိတနှင့် လည်း ဆိုင်တဲ့ ဗြဟ္မစိုရ်တရားကို ဟောဖို့စီစဉ်ထားပါတယ်။

ဗြဟ္မစိုရ်တရားဆိုတာ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ဆိုတဲ့ ဒီတရား ၄-ပါးပါပဲ။ ဒီ၄-ပါးထဲက မေတ္တာဆိုတာ သူများတွေ

http://www.dhammadownload.com



လည်း ကိုယ်လိုပဲ ချမ်းသာချင်ကြပေလိမ့်မယ်လို့ ကိုယ်ချင်းစာပြီးတော့ သူတစ်ပါးတွေကို ချမ်းသာစေလိုတဲ့ သဘောပါပဲ။ ကရုဏာဆိုတာ ကိုယ့်အောက်ကလူတွေ, ဒုက္ခရောက်နေရှာကြတဲ့ သူတွေကို ကိုယ်ချင်းစာတရားနဲ့ သနားကြင်နာတဲ့ သဘောပါပဲ။ မုဒိတာဆိုတာ ကိုယ့်အထက်ကလူတွေ, ကိုယ့်ထက်ပြည့်စုံတဲ့ ချမ်းသာတဲ့လူတွေကို ချမ်းသာမြဲ ချမ်းသာကြပါစေလို့ ဝမ်းမြောက်ကြည်သာစွာနဲ့ နှလုံးသွင်းနိုင်တဲ့ သဘောပါပဲ။ ဥပေက္ခာဆိုတာ သတ္တဝါတွေဟာ ကိုယ်တိုင်ပြုလုပ်ထားတဲ့ အမှုကံအားလျော်စွာ ဖြစ်နေကြရတာပဲလို့ ဘက်မလိုက်ဘဲ မျှမျှတတနှလုံးသွင်းတဲ့ သဘောပါပဲ။

ဒီတရား၄-ပါးကို အဘိဓမ္မာ ဒေသနာမှာ အပ္ပမညာဆိုတဲ့ အမည်နဲ့ ဟောထားပါတယ်။ အားလုံးသော သတ္တဝါတွေအပေါ်မှာ အကန့်အသတ်မရှိဘဲ ပွားချင်သလောက် ပွားများကောင်းတဲ့တရား၊ ပွားများဖို့ နယ်ပယ်အကန့်အသတ်မရှိတဲ့တရားလို့ ဆိုလိုပါတယ်။ သုတ္တန်ဒေသနာတွေမှာတော့ ဒီတရားတွေကို အများအားဖြင့် ဗြဟ္မဝိဟာရလို့ အမည်ပေးထားပါတယ်။ မြတ်သောနေထိုင်ရေးတရားလို့ ဆိုလိုပါတယ်။ မဟာဂေါဝိန္ဒသုတ်မှာတော့ ဗြဟ္မစရိယလို့ အမည်ပေးထားပါတယ်၊ ဒါကြောင့် ဗြဟ္မစိုရ်တရားလို့ ခေါ်ဝေါ်ပြောဆိုနေကြပါတယ်။ အနက်အဓိပ္ပါယ်အားဖြင့်တော့ မြတ်သောအကျင့်လို့ ဆိုလိုပါတယ်။

ဒီ ဗြဟ္မစိုရ်တရားဟာ လူမျိုးမရွေး, ဘာသာမရွေး လူတိုင်းလူတိုင်း ကျင့်သုံးသင့်တဲ့ တရားဖြစ်ပါတယ်။ စဉ်းစားကြည့်ကြပါ။ မိမိ၏ အကျိုးကိုစွန့်ပြီးမြောက်အောင် စေတနာဝန်ထမ်းသဘောဖြင့် ကူညီဆောင်ရွက်ပေးမည်ဆိုရင် ဘယ်သူက လက်မခံဘဲ ငြင်းပယ်မှာလဲ၊ ဘယ်သူမျှ ငြင်းပယ်မှာမဟုတ်ပါဘူး၊ အားလုံးဝမ်းမြောက်

http://www.dhammadownload.com



ဝမ်းသာနဲ့ လက်ခံကြမှာချည်းပါပဲ။ အဲဒါ ဘာသဘောထင်သလဲ၊ ချမ်းသာစေလိုတဲ့မေတ္တာကို လူတိုင်းက လက်ခံနိုင်တဲ့အတွက် အဲဒီ မေတ္တာကို လူတိုင်းလူတိုင်း ကျင့်သင့်တယ်ဆိုတာ ဖော်ပြနေတဲ့ သဘောပါပဲ။ လက်တွေ့လည်း စမ်းကြည့်နိုင်ပါတယ်။ လူတစ်ယောက် ကို ပြုံးရွှင်တဲ့မျက်နှာနဲ့ကြည့်ရင် အဲဒီလူကလည်း ပြုံးရွှင်တဲ့မျက်နှာနဲ့ပဲ ပြန်ပြီးကြည့်ပါလိမ့်မယ်။ လူတစ်ယောက်ကို ချိုချိုသာသာနဲ့ နှုတ် ဆက်ရင် အဲဒီလူကလည်း ချိုချိုသာသာနဲ့ပဲ ပြန်ပြီးနှုတ်ဆက်ပါလိမ့် မယ်။ လမ်းမသိတဲ့သူကို လမ်းညွှန်ပြသည်ဖြစ်စေ၊ မီးရထား၊ သင်္ဘော စသည်ဖြင့် ခရီးသွားတဲ့အခါ နေရာမရတဲ့သူကို မိမိနေရာထဲက မျှပေးလျှင်ဖြစ်စေ၊ လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးသယ်ဆောင်လာတဲ့ လူကို ဖေးမကူညီပေးလျှင်ဖြစ်စေ၊ ဒီလိုစေတနာမေတ္တာဖြင့် ကူညီ ဆောင်ရွက်ပေးရင် တစ်ဖက်သားပုဂ္ဂိုလ်က ကျေးဇူးတင်မည့်အပြင် မိမိကိုယ်တိုင်လည်း လူ့ကျင့်ဝတ်တရား ကျေပွန်သည့်အတွက် ဝမ်း မြောက်ဝမ်းသာခြင်းအကျိုးကို ချက်ချင်းပဲ ရပါလိမ့်မယ်။ မိမိမှာ အခက်အခဲရှိတဲ့အခါလည်း ကူညီမည့်သူများ ပေါ်လာတတ်ပါတယ်။ ဒီနည်းဖြင့် လူတိုင်းလူတိုင်းက လူ့ကျင့်ဝတ်ကိုသိပြီး မေတ္တာတရားနဲ့ အချင်းချင်းတက်စွမ်းနိုင်သမျှ ကူညီဆောင်ရွက်သွားကြမယ်ဆိုရင် လူ့လောကကြီးဟာ အစဉ်ထာဝရသာသာယာယာနဲ့ ဖြစ်သွားဖို့ ရှိပါတယ်၊ ဒါကြောင့် မေတ္တာတရားကို လူတိုင်းလူတိုင်း ကျင့်သုံး သင့်ကြောင်း ထင်ရှားပါတယ်။

ထို့အတူပဲ ဆင်းရဲဒုက္ခရောက်နေတဲ့လူတွေကို ကရုဏာနဲ့ သနားပြီး ကူညီစောင့်ရှောက်မယ်ဆိုရင် ငြင်းပယ်မည့်သူ ရှိပါ့မလား၊ မရှိနိုင်ပါဘူး၊ လက်ခံကြမှာချည်းပါပဲ၊ ပြီးတော့ ရရှိထားတဲ့ စီးပွားဥစ္စာ

http://www.dhammadownload.com



နဲ့ ရာထူးဌာနန္တရ, အလုပ်အကိုင်နဲ့ အခြေအရံ, ဂုဏ်သိန် ကျက်သရေတွေနဲ့ ခိုင်မြဲတည်တံ့ပြီး ချမ်းသာမြဲ ချမ်းသာနေအောင် မုဒိတာနဲ့ ဝမ်းမြောက်ကြည်သာစွာ ထောက်ခံ အားပေးမည် ဆိုလျှင်ရော ငြင်းပယ်မည့်သူရှိပါ့မလား၊ မရှိနိုင်ပါဘူး၊ လက်ခံကြမှာ ချည်းပါပဲ၊ ဒါကြောင့် ဒီကရုဏာနှင့်မုဒိတာကိုလည်း လူတိုင်းလူတိုင်း ကျင့်သုံးသင့်ကြောင်း ထင်ရှားပါတယ်။

ဥပေက္ခာဆိုတာလည်း မေတ္တာ, ကရုဏာ, မုဒိတာနဲ့ မဆောင် ရွက်နိုင်တဲ့နေရာမှာ ကျင့်သုံးသင့်တဲ့တရားပါပဲ၊ ထင်ရှားတဲ့ သာဓကနဲ့ ပြရလျှင် လူတစ်ယောက်မှာ ရာဇဝတ်မှု ရောက်နေတယ်ဆို ပါတော့၊ အဲဒီလူကို တတ်နိုင်တဲ့သူက မေတ္တာနဲ့ ကရုဏာနဲ့ အစွမ်းကုန် အကူအညီပေးသင့်ပါတယ်။ ဒါပေမယ့် ပြစ်မှုထင်ရှားတယ်ဆိုပြီး နောက်ဆုံးအနေနဲ့ ပြစ်ဒဏ်ပေးလိုက်တဲ့အခါကျတော့ ကူညီနိုင်တဲ့ အခွင့်အရေးမရှိတော့ဘူး၊ အဲဒီလိုအခါမှာ ဒီဥပေက္ခာနဲ့သာ အညီအမျှနှလုံးသွင်းသင့်တော့တယ်၊ အပြစ်ဒဏ်ခံရတဲ့သူဘက်က လိုက်ပြီး တခြားသူတွေကို အပြစ်တင်မနေသင့်တော့ဘူး၊ သူ့ကံ အတိုင်းလို့သာ မျှတစွာနှလုံးသွင်းသင့်တော့တယ်၊ ယခုလောလော ဆယ်မှာ အပြစ်မရှိဘူးလို့ထင်ပေမဲ့ ရှေးကပြုလုပ်ထားတဲ့ အပြစ် ရှိလို့သာ ခံရတာပဲလို့ ဒီလိုသာ တရားမျှတစွာ နှလုံးသွင်းသင့် တော့တယ်။ ဒါကြောင့် ဒီဥပေက္ခာကိုလည်း အခါအားလျော်စွာ ကျင့် သုံးသင့်ပါတယ်။

ဒီတော့ ပြဟ္မစိုရ်တရား ၄-ပါးကို လူတိုင်းကျင့်သုံးသင့် တယ်ဆိုတာကတော့ ထင်ရှားပါပြီ။ ယခု ကျင့်သုံးပုံကို အကျဉ်းချုပ် ပြောမယ်။ ဒါပေမယ့် ဒီကနေ့တော့ မေတ္တာတရားလောက်ပဲ ပြော

http://www.dhammadownload.com



နိုင်မယ်။ မေတ္တာဆိုတာ ကာယကံမေတ္တာ, ဝစီကံမေတ္တာ, မနောကံမေတ္တာလို့ ဒီလို ၃-မျိုးရှိတယ်၊ ခုနကပြောခဲ့တဲ့အတိုင်း ကိုယ်ချင်းစာတရားနဲ့ သူတစ်ပါးအား ချမ်းသာအောင်လို့ သူ့အကျိုးကို ကိုယ်ထိလက်ရောက် ကူညီဆောင်ရွက်ပေးတာဟာ မေတ္တာကာယကံပါပဲ။ သူများ နားချမ်းသာအောင် ပြောဆိုတာ၊ ချမ်းသာပါစေလို့ ရွတ်ဆိုပြီး မေတ္တာပို့တာ၊ သူ့အကျိုးကိစ္စပြီးမြောက်အောင် ညွှန်ကြားတာ၊ နှုတ်နဲ့ စီမံဆောင်ရွက်ပေးတာ၊ ဒါတွေဟာ ဝစီကံမေတ္တာပါပဲ။ သူတစ်ပါးတွေကို ချမ်းသာကြပါစေလို့ စိတ်သက်သက်နဲ့ နှလုံးသွင်းနေတာဟာ မနောကံ မေတ္တာပါပဲ။ ဒီမနောကံ မေတ္တာကိုတော့ အခါခပ်သိမ်းပွားများနိုင်ပါတယ်။

ဒီ မနောကံမေတ္တာကို ပွားများတာကလည်း ဈာန်ရအောင် ပွားများတာရယ်၊ ဘေးကင်းရန်ကင်း ပါရမီဖြစ် ကုသိုလ်ဖြစ်ပွားများတာရယ် ဒီလိုနှစ်မျိုးရှိပါတယ်။ ဈာန်ရအောင် ပွားများနည်းကိုတော့ ယခုလိုတိုတောင်းတဲ့ အချိန်ကလေးမှာ ပြည့်စုံအောင် မပြောနိုင်ပါဘူး၊ ဒါကြောင့် ယခုဘေးကင်းရန်ကင်း ပါရမီဖြစ် ကုသိုလ်ဖြစ်ပွားများပုံကိုပဲ ပြောမယ်။

တွေ့မြင်ရသမျှလူတွေကို အာရုံပြုပြီး "ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ"လို့ ဒီလိုလည်း ပွားများနိုင်ပါတယ်။ အမိ အဘ, ဆရာသမား စသည်ကို အာရုံပြုပြီးတော့ ချမ်းသာကြပါစေ, ချမ်းသာကြပါစေလို့ ဒီလိုလည်း ပွားများနိုင်ပါတယ်၊ ကိုယ် မေတ္တာပို့ချင်တဲ့လူတွေကို အာရုံပြုပြီးတော့ တို့အိမ်ကလူတွေ ချမ်းသာကြပါစေ၊ တို့ အရပ်ကလူတွေ ချမ်းသာကြပါစေ၊ တို့မြို့က, တို့ရွာက လူတွေ ချမ်းသာကြပါစေ စသည်ဖြင့်လည်း ပွားများနိုင်ပါတယ်။ တစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ အများကိုဖြစ်စေ၊ အာရုံပြုပြီး ဒီလို

http://www.dhammadownload.com



တစ်ကြိမ်နှလုံးသွင်းရင် ပါရမီကုသိုလ် တစ်ကြိမ်ဖြစ်တယ်၊ ဆယ်ကြိမ်နှလုံးသွင်းရင် ဆယ်ကြိမ်ဖြစ်တယ်၊ အကြိမ်တစ်ရာ နှလုံးသွင်းရင် အကြိမ်တစ်ရာဖြစ်တယ်၊ သွားရင်းလာရင်းလည်း ဒီမေတ္တာကို ပွားများနိုင်ပါတယ်။

ဒါပေမယ့် အထူးသတိပြုဖို့ကတော့ ချမ်းသာကြပါစေလို့ စိတ်နဲ့သာ မေတ္တာပွားပြီးတော့၊ သူတစ်ပါးတွေ နားမချမ်းသာအောင်၊ ဆင်းရဲဒုက္ခရောက်အောင် ပြောဆိုပြုလုပ်နေလျှင်တော့ အဲဒါဟာ မေတ္တာအစစ် မဖြစ်ဘူး၊ စိတ်နဲ့ ချမ်းသာပါစေလို့ မေတ္တာပို့တဲ့ အတိုင်း ကိုယ်နဲ့နှုတ်နဲ့ရော သူတစ်ပါးချမ်းသာအောင် တတ်နိုင်သမျှ ဆောင်ရွက်နိုင်မှ မေတ္တာအစစ် အောင်အောင်မြင်မြင်ဖြစ်တယ် လို့လည်း မှတ်ရမယ်။

ယခု ထိုထက်ကျယ်ပြန့်တဲ့ ငါးရာ့နှစ်ဆယ်ရှစ်သွယ် မေတ္တာ ပို့ပုံကို အတိုချုပ်ပြီးပြောဦးမယ်။

သဗ္ဗေသတ္တာ၊ အားလုံးသော သတ္တဝါတွေ။ အဝေရာ ဟောန္တု၊ ရန်ကင်းကြပါစေ။ ဒီလိုနှလုံးသွင်းတာက မေတ္တာတစ်ပါး၊ အဗျာပဇ္ဈာ ဟောန္တု၊ စိတ်ဆင်းရဲကင်းကြပါစေ- ဒါကလည်းမေတ္တာတစ်ပါး။ (စိတ်ဆင်းရဲဆိုတာ စိတ်ညစ်တာ, စိတ်ပူတာ, ဝမ်းနည်းတာ, ကြောက်လန့်တာ, ချစ်တဲ့သူတွေနဲ့ ကွဲနေရလို့ စိုးရိမ်ပူဆွေးနေတာ, စီးပွားဥစ္စာတွေ ဆုံးရှုံးပျက်စီးလို့ စိတ်နှလုံး ထိခိုက်နေတာ- ဒီလို ဟာတွေပါပဲ၊ အဲဒီလို စိတ်ဆင်းရဲတွေ ကင်းကြပါစေလို့ ဆိုလို ပါတယ်)။ အနီဃာဟောန္တု၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ-ဒါကလည်း မေတ္တာတစ်ပါး၊ သုခီအတ္တာနံ ပရိဟရန္တု၊ ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ဆောင်ရွက်နိုင်ကြပါစေ-ဒါကလည်း မေတ္တာတစ်ပါး။ (သတ္တဝါတွေမှာ မိမိတို့ခန္ဓာဝန်ကို ဆောင်ရွက်နေကြရတာဟာ

http://www.dhammadownload.com



အင်မတန် ဝန်လေးပါတယ်၊ ဒီခန္ဓာဝန်အတွက် စားဝတ်နေရေး၊ ကျန်းမာရေး ပြည့်စုံအောင် ရှာကြံနေကြရတာဟာ အင်မတန်ဆင်းရဲပါတယ်။ အဲဒီ ဆင်းရဲဒုက္ခတွေမှ ကင်းဝေးပြီး ချမ်းချမ်းသာသာနဲ့ မိမိတို့ ခန္ဓာဝန်ကို ဆောင်ရွက်နိုင်ကြပါစေလို့ ဆိုလိုပါတယ်)။ အဲ-ယခု ပြောခဲ့တာတွေဟာ သတ္တဝါအားလုံးကို အာရုံပြုပြီး မေတ္တာပွားပုံ ၄-ပါးတဲ့။

ထိုအတူပဲ သဗ္ဗေပါဏာ၊ အားလုံးအသက်ရှိသူတွေ၊ သဗ္ဗေဘူတာ၊ အားလုံးထင်ရှားဖြစ်သူတွေ၊ သဗ္ဗေပုဂ္ဂလာ-အားလုံးပုဂ္ဂိုလ်တွေ၊ သဗ္ဗေအတ္တဘာဝပရိယာပန္နာ၊ အားလုံးခန္ဓာကိုယ်အတ္တဘောရှိသူတွေ ဆိုတဲ့ ဒီ၄-ပုဒ်နဲ့လည်း ခုနကမေတ္တာပွားပုံ ၄-ပါးကို အသီးအသီးတွဲပြီး မေတ္တာပို့ရပါတယ်၊ ဒါကြောင့် မူလပုဒ်ငါးခုကို ခုနက မေတ္တာလေးလီနဲ့ မြှောက်လိုက်ရင် မေတ္တာပေါင်း ၂၀- ရပါတယ်၊ အဲဒါတွေဟာ သတ္တဝါအားလုံးချည်း ရည်ညွှန်းတဲ့အတွက် အနောဓိသမေတ္တာခေါ်တယ်၊ အပိုင်းအခြား အကန့်အသတ်မရှိတဲ့မေတ္တာလို့ ဆိုလိုပါတယ်။

နောက်ပြီးတော့ သဗ္ဗာဣတ္ထိယော၊ အားလုံးသော အမျိုးသမီးတွေ စသည်ဖြင့် ၂-ပိုင်းစီ ခွဲပြီးပို့တာက ၄-ပုဒ်၊ ၃-ပိုင်းခွဲပြီးပို့တာက ၃-ပုဒ်၊ ပေါင်း ၇-ပုဒ်ရှိသေးတယ်။ အဲဒီ ၇-ပုဒ်ကိုလည်း အဝေရာ ဟောန္တု၊ ရန်ကင်းကြပါစေ- အစရှိတဲ့ မေတ္တာပွားပုံ လေးလီနဲ့ မြှောက်လိုက်တော့ ၂၈-ရတယ်၊ အဲဒီ ၂၈-ပါးကတော့ အမျိုးသမီးသန့်သန့်၊ အမျိုးသားသန့်သန့် စသည်ဖြင့် ပိုင်းခြားကန့်သတ်ပြီး ပို့တဲ့အတွက် ဩဓိသမေတ္တာလို့ ခေါ်တယ်၊ အဲဒီ ဩဓိသ ၂၈-ပါးနဲ့ ခုနက အနောဓိသ ၂၀-ကို ပေါင်းလိုက်ရင် မေတ္တာ ၄၈-ပါးရတယ်။

http://www.dhammadownload.com



ထို့အတူ အရှေ့အရပ်က အားလုံးသတ္တဝါတွေ ရန်ကင်းကြပါစေ-စသည်ဖြင့် ပို့တာကလည်း ၄၈-ပါး၊ အနောက်အရပ်၊ မြောက်အရပ်၊ တောင်အရပ်၊ အရှေ့တောင်အရပ်၊ အနောက်မြောက်အရပ်၊ အရှေ့မြောက်အရပ်၊ အနောက်တောင်အရပ်၊ အောက်အရပ်၊ အထက်အရပ်တွေကလည်း နည်းတူပဲ ၄၈-ပါးစီရတယ်၊ ဒါကြောင့် အရပ်ဆယ်မျက်နှာမှာ မေတ္တာ ၄၈၀- ရပါတယ်၊ အဲဒါတွေက အရပ်မျက်နှာနဲ့ ပိုင်းခြားပြီးဖြန့်တဲ့အတွက် ဒိသာဖရဏမေတ္တာလို့ခေါ်တယ်၊ အဲဒီ၄၈၀-ထဲမှာ ခုနက အနောဓိသ, ဩဓိသ မေတ္တာ ၄၈-ပါးကို ပေါင်းထည့်လိုက်လျှင် ၅၂၈-သွယ် မေတ္တာဖြစ်တယ်၊ အဲဒီ ၅၂၈-သွယ်မေတ္တာအရ ဘုန်းကြီးက ယခုအသံလွှင့်ရုံကနေပြီး မေတ္တာပို့မယ်၊ တရားနာနေကြတဲ့ ဓမ္မမာမကပုဂ္ဂိုလ်တွေ အားလုံးကလည်း စိတ်နဲ့လိုက်ပြီး မေတ္တာပို့ကြပါ။

အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

အားလုံးအသက်ရှိသူတွေ ဘေးရန်ကင်းကြပါစေ. . . ရွက်ဆောင်နိုင်ကြပါစေ။

အားလုံးထင်ရှားဖြစ်သူတွေ ဘေးရန်ကင်းကြပါစေ. . . ရွက်ဆောင်နိုင်ကြပါစေ။

အားလုံးပုဂ္ဂိုလ်တွေ ဘေးရန်ကင်းကြပါစေ. . . . . ရွက်ဆောင်နိုင်ကြပါစေ။

အားလုံးခန္ဓာကိုယ် အတ္တဘောရှိသူတွေ ဘေးရန်ကင်းကြပါစေ. . . . ရွက်ဆောင်နိုင်ကြပါစေ။

အဲဒါတွေက အနောဓိသမေတ္တာ ၂၀-တဲ့။

http://www.dhammadownload.com



အားလုံးအမျိုးသမီးတွေ ဘေးရန်ကင်းကြပါစေ. . . . . ရှက်ဆောင်နိုင်ကြပါစေ။

အားလုံးအမျိုးသားတွေ ဘေးရန်ကင်းကြပါစေ. . . . . . ရှက်ဆောင်နိုင်ကြပါစေ။

အားလုံးအရိယာပုဂ္ဂိုလ်တွေ ဘေးရန်ကင်းကြပါစေ. . . ရှက်ဆောင်နိုင်ကြပါစေ။

အားလုံးပုထုဇဉ်ပုဂ္ဂိုလ်တွေ ဘေးရန်ကင်းကြပါစေ. . . . ရှက်ဆောင်နိုင်ကြပါစေ။

အားလုံးနတ်ဗြဟ္မာတွေ ဘေးရန်ကင်းကြပါစေ. . . . . . ရှက်ဆောင်နိုင်ကြပါစေ။

အားလုံးလူတွေ ဘေးရန်ကင်းကြပါစေ. . . . . . . . . . ရှက်ဆောင်နိုင်ကြပါစေ။

အားလုံးအပါယ်ဘုံသူ, အပါယ်ဘုံသားတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ခန္ဓာဝန်ကို ရှက်ဆောင်နိုင်ကြပါစေ။

ဒါတွေက ဩဓိသမေတ္တာ ၂၈-ပါးတဲ့။

ယခုအရပ်မျက်နှာ ၁၀-ပါးနဲ့ မေတ္တာပို့ပုံကို အတိုချုံးပြီး ပြောမယ်။

အရှေ့အရပ်က အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ခန္ဓာဝန်ကို ရှက်ဆောင်နိုင်ကြပါစေ။ ရှေ့နည်းတူ ၄၈-ပါးအပြည့်အစုံပို့ရမယ်။

အနောက်အရပ်က အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊နည်းတူ ၄၈-ပါးပဲ။

http://www.dhammadownload.com



ထိုအတူ မြောက်အရပ်က၊ တောင်အရပ်က၊ အရှေ့တောင်အရပ်က၊ အနောက်မြောက်အရပ်က၊ အရှေ့မြောက်အရပ်က၊ အနောက်တောင်အရပ်က၊ အောက်အရပ်က၊ အထက်အရပ်က၊ ၄၈-စီချည်းပဲ။ အားလုံးပေါင်း ၅၂၈-သွယ် မေတ္တာဖြစ်ပါတယ်၊ အချိန်မရှိလို့ နားလည်ရုံမျှ ချုံးပြီးပြောလိုက်ရတယ်။

ယခုမြန်မာပြည်သူပြည်သားတွေကို အထူးမေတ္တာပို့ပြီး တရားသိမ်းတော့မယ်။ အားလုံးစိတ်နဲ့ လိုက်ပြီးမေတ္တာပို့ကြပါ။

ပြည်ထောင်စု မြန်မာနိုင်ငံသူ နိုင်ငံသားတွေ အားလုံး ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

**ပြဟ္မစိုရ်တရားတော် ပထမပိုင်းပြီး၏။**

http://www.dhammadownload.com



၁၃၂၈-ခု၊ ဒုတိယဝါဆိုလပြည့်နေ့တွင် မြန်မာနိုင်ငံ
အသံလွှင့်ဌာနမှ
**ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး**
**ဟောကြားတော်မူသော**

# ပြဟ္မစိုရ်တရားတော် (ဒုတိယပိုင်း)

ဒီကနေ့ဟောမည့်တရားကတော့ လွန်ခဲ့တဲ့၁၃၂၇-ခုနှစ် ဝါခေါင်လပြည့်နေ့က ဟောခဲ့တဲ့ ပြဟ္မစိုရ်တရားတော်ရဲ့ အဆက် ပါပဲ၊ အလျင်ဟောခဲ့တာက ပထမပိုင်း၊ ယခုဟောတာက ဒုတိယ ပိုင်းပေါ့၊ ပထမပိုင်းမှာ မေတ္တာပွားပုံကို ဟောခဲ့တယ်၊ ယခု ဒုတိယ ပိုင်းမှာ ကရုဏာပွားပုံကို ဟောရမယ်။

ကရုဏာဆိုတာ ကိုယ့်အောက်ကလူတွေ၊ ဒုက္ခရောက်နေ ရှာကြတဲ့သူတွေကို ကိုယ်ချင်းစာတရားနဲ့ သနားကြင်နာတဲ့ သဘောပဲ ဆိုတာကို ပထမပိုင်းမှာ ပြောခဲ့ပြီ။ ပါဠိနည်းနဲ့ ပြောရရင်တော့ ဆင်းရဲဒုက္ခရောက်နေတဲ့သူကို မြင်တွေ့ရ၊ ကြားသိရတဲ့အခါမှာ သူတော်ကောင်းတွေရဲ့ စိတ်နှလုံးကို တုန်လှုပ်စေတတ်လို့ ကရုဏာ မည်ပါတယ်တဲ့၊ ဟုတ်တယ်၊

http://www.dhammadownload.com



သူတော်ကောင်းတွေမှာ ဆင်းရဲဒုက္ခ ရောက်နေတဲ့သူကို မြင်တွေ့ရရင်, ကြားသိရရင် ကိုယ်တိုင် ခံစား နေရသလိုပဲ စိတ်နှလုံးမှာထိခိုက်ပြီး တုန်လှုပ်တတ်ပါတယ်၊ နိုင်ရာ နိုင်ရာ တိရစ္ဆာန်အချင်းချင်း ညှဉ်းဆဲသတ်ဖြတ်နေတာပဲဖြစ်ဖြစ်၊ လူတွေက စကားမပြောနိုင်, မကာကွယ်နိုင်ရှာကြတဲ့ တိရစ္ဆာန်တွေကို ညှဉ်းဆဲသတ်ဖြတ်နေတာပဲဖြစ်ဖြစ်၊ လူလူချင်း နိုင်ရာ နိုင်ရာ ညှဉ်းဆဲ နှိပ်စက်နေတာပဲဖြစ်ဖြစ်၊ သူ့အလိုလို တစ်နည်းနည်းနဲ့ အတိဒုက္ခ ရောက်နေတာပဲဖြစ်ဖြစ် မြင်တွေ့ရ, ကြားသိရရင် စိတ်နှလုံးမှာ ထိခိုက်တုန်လှုပ်တတ်ပါတယ်၊ ဒီလိုစိတ်နှလုံးမှာ ထိခိုက်တုန်လှုပ်ရင်လည်း အဲဒီလူကို သူတော်ကောင်းပဲလို့ ဆုံးဖြတ်နိုင်ပါတယ်၊ ဒါကြောင့် ဝိသုဒ္ဓိမဂ်ကျမ်းမှာ-

ပရဒုက္ခေ၊ သူတစ်ပါး၏ဆင်းရဲသည်။ သတိ၊ ရှိလတ်သော်။ သာဓူနံ၊ သူတော်ကောင်းတို့၏။ ဟဒယ ကမ္ပနံ၊ နှလုံး၏တုန်လှုပ်ခြင်းကို။ ကရောတီတိ၊ ပြုတတ်သောကြောင့်။ ကရုဏာ၊ ကရုဏာမည်၏လို့ ဒီလိုပြဆိုထားပါတယ်။

ကရုဏာရဲ့ သဘောလက္ခဏာကတော့ သူတစ်ပါးမှာ တွေ့ကြုံခံစားနေရတဲ့ ဆင်းရဲကို ပယ်ဖျောက်ချင်တဲ့ သဘောပါပဲ၊ တတ်နိုင်တဲ့ကိစ္စဆိုရင် အဲဒီသူတစ်ပါးဆင်းရဲကို ပျောက်ကင်းအောင်လည်း သူက ကြောင့်ကြစိုက်တတ်တယ်၊ မတတ်နိုင်တဲ့ကိစ္စဖြစ်နေတောင်မှ အဲဒီသူတစ်ပါးဆင်းရဲကို ပျောက်စေချင်နေတာပဲ။ ဒါကြောင့် "ပရဒုက္ခာ ပနယနာ ကာရပ္ပဝတ္တိ လက္ခဏာ- သူတစ်ပါး၏ ဆင်းရဲကို ပယ်သောအခြင်းအရာအားဖြင့် ဖြစ်ခြင်းသဘော လက္ခဏာရှိတယ်"လို့ ပြဆိုထားပါတယ်၊ ဒါကြောင့် အတိဒုက္ခရောက်နေတဲ့သူကို တွေ့ရတဲ့အခါ သနားကြင်နာတတ်တဲ့သူမှာ ဖြစ်မှုဖြစ်

http://www.dhammadownload.com



ရလေခြင်းလို့ စုတ်တသတ်သတ်နဲ့ သနားတဲ့အမူအရာတွေ ထင်ရှားပေါ်လာတတ်ပါတယ်။

ဒီကရုဏာအရာမှာ မြတ်စွာဘုရားရဲ့ ကရုဏာတော်ကတော့ အကြီးမားဆုံးပါပဲ၊ မိမိ၏ အကျိုးမဲ့ကို ပြုရှုံမကဘဲ မိမိအား သေရာသေကြောင်း ကြံစည်အားထုတ်နေတဲ့ အရှင်ဒေဝဒတ်ကိုတောင်မှ သားတော်ရာဟုလာနဲ့ညီတူညီမျှ သနားတော်မူပါတယ်၊ တစ်လောကလုံးမှာ ရှိသမျှသတ္တဝါတွေ အားလုံးကိုပဲ ယခုမျက်မှောက် ဆင်းရဲလောက်သာ မဟုတ်ဘဲ၊ သံသရာတစ်လျှောက်လုံးမှာ တွေ့ကြုံ သွားရမယ့် ဆင်းရဲတွေပါ မြော်မြင်ပြီးတော့လည်း သနားတော် မူပါတယ်။

သနားတော်မူပုံကတော့ အချိန်ကာလတိုင်း၊ ခဏတိုင်း သေဖို့ရာဆီသို့ နီးကပ်နီးကပ် သွားနေကြရှာတယ်ဆိုတာကို မြင်တော်မူတဲ့အတွက် သတ်မည့်နွားကို သားသတ်ရုံဆီ မောင်းပို့နေသလိုလည်း မြင်ပြီး သနားတော်မူပါတယ်၊ ရာဇဝတ်ပြစ်မှုကို အကြီးအကျယ်ကျူးလွန်ထားတဲ့သူဟာ ရာဇဝတ်အပြစ်ဒဏ်ကို အကြီးအကျယ် ခံရရှာတော့မယ်ဆိုတာကို မြင်သလိုပဲ၊ သတ္တဝါတွေဟာ ညှဥ်းဆဲသတ်ဖြတ်ခြင်း၊ လုယက်ခိုးယူခြင်းအစရှိတဲ့ ဒုစရိုက်တွေကို ကျူးလွန်ထားကြတဲ့အတွက် မကြာခင်ဘဲ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာတွေဖြစ်ပြီး အတိဒုက္ခရောက်ရှာကြတော့မယ် ဆိုတာကို မြင်တော်မူပြီးတော့လည်း သနားတော်မူပါတယ်။ အိုခြင်း၊ နာခြင်း၊ သေခြင်း အစရှိတဲ့ သံသရာဆင်းရဲတွေနဲ့ တင်းကျမ်းအတိ ပြည့်နေတဲ့ သံသရာခရီးထဲမှာ ဆုံးခန်းရယ်လို့ မရှိဘဲ တသွားတည်းသွားနေရှာကြတယ်လို့ မြင်တော်မူပြီးတော့လည်း သနားတော်မူပါတယ်။ ကယ်မည့်သူလည်း မရှိ၊ လွတ်ရက် လွတ်ခွင့်လည်းမရှိတဲ့ သံသရာနှောင်အိမ်ထဲမှာ

http://www.dhammadownload.com



အတိ ဒုက္ခရောက်နေရှာကြတယ်လို့ မြင်တော်မူပြီးတော့လည်း သနား တော်မူတယ်။ ငါဘုရားမှာ သံသရာဆင်းရဲမှ လွတ်မြောက်ခဲ့ပြီ၊ သတ္တဝါတွေမှာ မလွတ်မြောက်ရှာကြသေး၊ ငါဘုရားမှတစ်ပါးလည်း ကယ်တင်မည့်သူ မရှိပါတကားလို့ မြင်တော်မူပြီးတော့လည်း သနား တော်မူပါတယ်။ ဒီနည်းဖြင့် အရာအထောင်မကတဲ့ အကြောင်းခြင်း ရာတွေနဲ့ မြင်တော်မူ ပြီးတော့လည်း အားလုံးသောသတ္တဝါတွေကို သနားတော်မူပါတယ်။

အဲဒါတွေကို ထောက်ဆပြီးတော့ ဘုရားတပည့်ဖြစ်ကြတဲ့ ရဟန်းရှင်လူ မှန်သမျှဟာ ဒီကရုဏာတရားကိုလည်း ပွားများဖို့ သင့်လျော်ပါတယ်။ ယခုလို အကျယ်ချဲ့ပြီး ပြောရတာက ဘာကြောင့် လဲဆိုရင် မေတ္တာကို ပွားများရတယ်ဆိုတာတော့ အများအားဖြင့် သိကြ, နားလည်ကြပါတယ်၊ ပွားလည်းပွားများကြပါတယ်၊ ဒါပေမယ့် ကရုဏာကိုတော့ ပွားများရမှန်း မသိကြဘူး။ သိပင်သိသော်လည်း မေတ္တာကို ကျကျနနပွားများတဲ့သူက အလွန်နည်းနေပါတယ်၊ ဒါကြောင့် ကရုဏာကိုလည်း မေတ္တာလိုပဲ လေးလေးနက်နက် ပွားများ သင့်တယ်ဆိုတာ သဘောပေါက်အောင် လို့ ယခုလိုအကျယ်ချဲ့ပြီး ပြောရခြင်းဖြစ်ပါတယ်။

ပွားများပုံကတော့ ဒီကရုဏာမှာလည်း မေတ္တာလိုပဲ ကာယ ကံ, ဝစီကံ, မနောကံအားဖြင့် ၃-မျိုးရှိပါတယ်၊ ဒါကြောင့် သူ့အလိုလို ပဲဖြစ်ဖြစ်၊ သူတစ်ပါးကနှိပ်စက်လို့ပဲဖြစ်ဖြစ် ဆင်းရဲဒုက္ခရောက်နေ တဲ့သူကို တွေ့လို့ရှိရင် တတ်နိုင်သမျှ အကူအညီပေးပါ၊ ဥပမာ - မတော်တဆခြေချော်ပြီး လဲကျသွားတဲ့သူကို တွေ့ရင် ဖေးမပြီးထူ ပေးပါ၊ ဆေးရှိရင် လူးလိမ်းပေးပါ၊ မသွားနိုင်ဘဲ ဖြစ်နေရင် ဖေးမပြီး လိုက်ပို့ပေးပါ၊ မကျန်းမမာဖြစ်နေတဲ့သူကို တွေ့ရင်လည်း

http://www.dhammadownload.com



နည်းတူပဲ တတ်နိုင်သမျှ အကူအညီပေးပါ၊ နိုင်ထက်စီးနင်း ပြုလုပ်နေတာကို တွေ့ရရင်လည်း တတ်နိုင်ရင် စောင့်ရှောက်ကာကွယ်ပေးပါ။ ဒီနည်း ဖြင့် တတ်နိုင်သမျှ ကိုယ်နဲ့အကူအညီပေးတာကို ကာကယံ ကရု ဏာပွားများတယ်လို့ ဆိုရပါတယ်။

ပြီးတော့ ဆင်းရဲဒုက္ခရောက်နေတဲ့သူကို အဲဒီဆင်းရဲမှ လွတ်မြောက်အောင်, သို့မဟုတ် သက်သာရာရအောင် တတ်နိုင်သမျှ နှုတ်နဲ့လည်း အကူအညီပေးရမယ်။ အဲဒီလို နှုတ်နဲ့ပြောပြီး စောင့်ရှောက်တာကတော့ ဝစီကံကရုဏာကို ပွားများတာတဲ့။ ဒီ ဝစီကံကရုဏာကတော့ ကိုယ့်လက်အောက်လူတွေနဲ့စပ်ပြီး ကျင့်သုံး ဖို့ရာ အလွန်အရေးကြီးပါတယ်။ ဘယ်လိုလဲဆိုရင် ဆင်းရဲဒုက္ခ ရောက်နေတဲ့လူက အကူအညီတောင်းလာရင်၊ အသနားခံလာရင် တတ်နိုင်သမျှ စီမံညွှန်ကြားပေးရမယ်။ ဘာမျှမတတ်နိုင်တဲ့ကိစ္စ ဖြစ်နေတောင်မှ ကရုဏာသက်တဲ့စကားနဲ့ အားပေးပြောဆိုရမယ်၊ ဒါဟာ အင်မတန်အရေးကြီးပါတယ်၊ တချို့ကတော့ ဒီလိုအသနား ခံလာတဲ့သူကို၊ အကူအညီတောင်းလာတဲ့သူကို ဟိန်းဟောက် ငေါက် ငန်းပြီးလွှတ်လိုက်တတ်တယ်။ အဲဒါကတော့ ကရုဏာကင်းမဲ့ရုံ တွင်မကဘဲ မေတ္တာပါ ခြောက်ခန်းနေတယ်ဆိုတာကို ဖော်ပြတဲ့ သဘောပါပဲ။

ဒီနေရာမှာ ကရုဏာပွားပြီး သနားနေရာက ဒေါသဖြစ် မှန်းမသိဖြစ်ပြီး ပါဏာတိပါတကံ အစရှိတဲ့ အပြစ်ကြီးများ ဖြစ်တတ် တယ်ဆိုတာကိုလည်း သတိပေး ပြောကြားချင်သေးတယ်။ ကိုယ်လက် အင်္ဂါချွတ်ယွင်းပျက်စီးသွားလို့ပဲဖြစ်ဖြစ် အတိဒုက္ခရောက်နေတဲ့သူကို တွေ့ရရင် သနားပြီးတော့ မြန်မြန်သေသွားတာက ကောင်းတယ်လို့

http://www.dhammadownload.com



ထင်တတ်ကြတယ်၊ အဲဒီလိုထင်တဲ့အတိုင်း မြန်မြန်သေအောင် ညွှန်ကြားတိုက်တွန်းလို့ပဲဖြစ်စေ၊ ကိုယ်တိုင်ပြုလုပ်လို့ဖြစ်စေ ရှိုးရှိုးသေချိန်ထက်စောပြီး သေသွားရင် ညွှန်ကြားတိုက်တွန်းတဲ့သူ, ပြုလုပ်တဲ့သူမှာ ပါဏာတိပါတကံ ထိုက်တယ်၊ အဲဒီလို ညွှန်ကြားစေခိုင်းလို့ မိဘဖြစ်သူ သေသွားရင် ညွှန်ကြားစေခိုင်းတဲ့ သားသမီးမှာ မာတုဃာတကကံ, ပိတုဃာတကကံ ထိုက်တယ်၊ ရဟန်း၏ ညွှန်ကြားချက်အရနဲ့ လူသားဖြစ်တဲ့ပုဂ္ဂိုလ်သေသွားရင် အဲဒီ ရဟန်းမှာ ပါရာဇိကအာပတ်သင့်တယ်ဆိုတဲ့အကြောင်း ဝိနည်း ပါဠိတော်မှာ ထင်ရှားရှိတယ်၊ အဲဒါဟာ အင်မတန်သတိပြုဖို့ ကောင်းပါတယ်။

မနောကံကရုဏာပွားများပုံကတော့ ဈာန်ရအောင် ပွားများတာလည်းရှိတယ်၊ လောကဝတ္တရားအရ ပွားများတာလည်း ရှိတယ်၊ ပါရမီဖြစ်, ကုသိုလ်ဖြစ်ပွားများတာလည်းရှိတယ်၊ ဒီ၃-မျိုးထဲမှာ ဈာန်ရအောင်ပွားများနည်းကိုတော့ ယခုလိုအချိန်အနည်းငယ်အတွင်းမှာ ပြောလို့မပြည့်စုံနိုင်ပါဘူး၊ ဒါကြောင့် လောကဝတ္တရား အရနဲ့ ပါရမီဖြစ်, ကုသိုလ်ဖြစ်ပွားများပုံကိုပဲ ပြောပါမယ်။

လောကဝတ္တရားအရကတော့ မိဘနဲ့သားသမီး, ဆရာနဲ့ တပည့်တို့ အချင်းချင်းအရေးအကြောင်းရှိတဲ့အခါ သနားကြင်နာ စိတ် ဖြစ်ကြသလိုပဲ၊ ကိုယ့်လက်အောက်ကလူတွေ၊ အင်အားနွဲ့တဲ့ သူတွေနဲ့စပ်ပြီး အဲဒီပုဂ္ဂိုလ်တွေမှာ တွေ့ကြုံနေရတဲ့ဆင်းရဲ၊ တွေ့ ကြုံရမည့်ဆင်းရဲတွေမှ လွတ်မြောက်အောင် ဘယ်ပုံဘယ်နည်း စီမံ ပေးရမယ် စသည်ဖြင့် ကြံစည်စဉ်းစားနေတာတွေဟာ လောက ဝတ္တရားနဲ့ စပ်ဆိုင်တဲ့ မနောကံ ကရုဏာတွေပါပဲ။

ပါရမီဖြစ်, ကုသိုလ်ဖြစ် ပွားများပုံကတော့ ရောဂါဒေဝနာ

http://www.dhammadownload.com



ဖြစ်ပြီး ဆင်းရဲဒုက္ခရောက်နေတဲ့သူကိုပဲဖြစ်ဖြစ်၊ ဘေးရန်အန္တရာယ်ကြောင့် ဒုက္ခရောက်နေတဲ့သူကိုပဲဖြစ်ဖြစ်၊ ချစ်ခင်တဲ့သူတွေနဲ့ သေကွဲ၊ ရှင်ကွဲ ကွဲလို့ ဒုက္ခရောက်နေတဲ့သူကိုပဲဖြစ်ဖြစ်၊ ပစ္စည်း ဉစ္စာတွေ ပျက်စီးလို့ ဒုက္ခရောက်နေတဲ့သူကိုပဲဖြစ်ဖြစ်၊ စားရမဲ့၊ ဝတ်ရမဲ့နဲ့ ဒုက္ခရောက်နေတဲ့သူကိုပဲဖြစ်ဖြစ် အဲဒီလို ဒုက္ခရောက် နေတဲ့သူကို အာရုံပြုပြီး သူ့မှာတွေ့ကြုံနေရတဲ့ ဆင်းရဲမှ လွတ်မြောက်ပါစေ၊ ဆင်းရဲမှ လွတ်မြောက်ပါစေလို့ အဖန်ဖန် နှလုံးသွင်းပွားများ နေရတယ်။ တစ်မိနစ်လောက် နှလုံးသွင်းပွားများနေရင် အဲဒီ တစ်မိနစ်အတွင်းမှာ ကရုဏာဘာဝနာကုသိုလ်တွေဖြစ်တယ်၊ ဆယ်မိနစ်လောက် ပွားများနေရင် ဆယ်မိနစ်ပတ်လုံး ကရုဏာကုသိုလ်တွေ ဖြစ်တယ်၊ အဲဒါဟာ ဆင်းရဲဒုက္ခရောက်နေတဲ့သူတွေကို အာရုံပြုပြီး သွားလာရင်း၊ လုပ်ကိုင်ရင်းလည်း ဆင်းရဲမှလွတ်မြောက်ကြပါစေ၊ ဆင်းရဲမှ လွတ်မြောက်ကြပါစေလို့ ပွားများနိုင်ပါတယ်။ ပိုက်ဆံ တစ်ပြားတစ်ကျပ်မှ မကုန်ဘဲနဲ့ ဘေးရန်အန္တရာယ်ကင်းကြောင်း ကောင်းမှုကုသိုလ်တွေ ဖြစ်ပွားပါတယ်။ အင်မတန်ကောင်းတဲ့ အလုပ်ပါပဲ။

အဋ္ဌကထာမှာတော့ ယခုလောလောဆယ်မှာ ချမ်းသာကောင်းစားနေတဲ့သူကိုလည်း အကုသိုလ်ကံများတဲ့သူဆိုရင် မကြာခင်ဘဲ လူ့ဘဝကသေပြီးတော့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံတွေကို ရောက်ပြီး အလွန်ကြီးကျယ်များပြားတဲ့ ဆင်းရဲတွေကို ခံစားရတော့မယ်ဆိုတာ မြော်တွေးပြီး**ကရုဏာ**ပွားနိုင်တယ်လို့လည်း ပြဆိုထားပါတယ်။ ပြီးတော့ မြတ်စွာဘုရားရဲ့ မဟာကရုဏာပွားနည်းအရဆိုရင် သံသရာဆင်းရဲနဲ့ မကင်းသေးတဲ့ သတ္တဝါအားလုံးကိုလည်း အာရုံပြုပြီး ကရုဏာပွားနိုင်ပါတယ်။ ဘာကြောင့်လဲဆိုရင် သံသရာထဲမှာ

http://www.dhammadownload.com



ကျင်လည်နေကြရတဲ့ သတ္တဝါဟူသမျှဟာ လုံးဝဆင်းရဲကင်းတဲ့လူ ရယ်လို့ မရှိပါဘူး၊ အနည်းနဲ့အများ, အငယ်နဲ့အကြီးလောက်သာ ကွာခြားပါတယ်၊ ဆင်းရဲတွေကတော့ ကိုယ်စီကိုယ်ငှ အသီးအသီး ရှိနေကြတာချည်းပဲ၊ ယခုလောလောဆယ်မှာ မရှိဘူးဆိုတောင်မှ နောင်အခါ တွေ့ကြုံရမယ့် ဆင်းရဲတွေ့ကတော့ ရှိနေတာပဲ။ ဒါကြောင့် အဲဒီလို ဆင်းရဲတွေကို အာရုံပြုပြီးတော့ ဆင်းရဲမှ လွတ်မြောက်ကြပါစေလို့ ဒီလိုလည်း ကရုဏာကို ပွားများနိုင်ပါတယ်။

ယခု ဝိသုဒ္ဓိမဂ်ကျမ်းမှာ ပြဆိုထားတဲ့နည်းအရ "သဗ္ဗေသတ္တာ ဒုက္ခာ မုစ္စန္တု" စသည်ဖြင့် အနောဓိသကရုဏာ, ဩဓိသကရုဏာ ပွားပုံတွေကို ဘုန်းကြီးက ရွတ်ဆိုပြီး ကရုဏာပွားမယ်။ တရား နာနေကြတဲ့ ဓမ္မာမကပုဂ္ဂိုလ်တွေ အားလုံးကလည်း စိတ်နဲ့လိုက်ပြီး ကရုဏာပွားကြပါ။

အားလုံးသတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။
အားလုံးအသက်ရှိသူတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။
အားလုံးထင်ရှားဖြစ်သူတွေ ဆင်းရဲမှ လွတ်မြောက်ကြပါ စေ။
အားလုံးပုဂ္ဂိုလ်တွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။
အားလုံးခန္ဓာကိုယ် အတ္တဘောရှိသူတွေ ဆင်းရဲမှ လွတ် မြောက်ကြပါစေ။
ဒါက အနောဓိသကရုဏာ ၅-ပါးတဲ့။
အားလုံး အမျိုးသမီးတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။
အားလုံး အမျိုးသားတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။
အားလုံး အရိယာပုဂ္ဂိုလ်တွေ ဆင်းရဲမှ လွတ်မြောက်ကြ ပါစေ။

http://www.dhammadownload.com



အားလုံး ပုထုဇဉ်ပုဂ္ဂိုလ်တွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အားလုံး နတ်ပြဟ္မာတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အားလုံး လူသားတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အားလုံး အပါယ်ဘုံသူ အပါယ်ဘုံသားတွေ ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ။

ဒါက ဩဓိသကရုဏာ ၇-ပါးတဲ့။ ခုနက ၅-ပါးနဲ့ပေါင်းလိုက်ရင် ကရုဏာ ၁၂-ပါး ဖြစ်ပါတယ်။

ဒီနည်းအတိုင်းပဲ အရှေ့အရပ်က အားလုံးသတ္တဝါတွေ ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ-စသည်ဖြင့် အရှေ့၊ အနောက်၊ မြောက်၊ တောင် ထောင့်အရပ် ၄-ခု၊ အောက်အရပ်၊ အထက်အရပ် ဆိုတဲ့ အရပ်ဆယ်မျက်နှာမှာလည်း ကရုဏာ၁၂-ပါးစီ ဖြစ်ပါတယ်၊ အရပ်ဆယ်မျက်မှာမှာ ၁၂-ပါးစီဆိုတော့ ကရုဏာပေါင်း ၁၂၀-ဖြစ်ပါတယ်။ အဲဒီ ၁၂၀-ကတော့ အရပ်မျက်နှာနဲ့ ဖြစ်တာမို့ ဒိသာဖရဏ ကရုဏာလို့ ခေါ်ပါတယ်။ ပထမပွားခဲ့တဲ့ အနောဓိသ, ဩဓိသ ကရုဏာ၁၂-ပါးနဲ့ပေါင်းလိုက်ရင် ကရုဏာပေါင်း ၁၃၂-ပါးဖြစ်ပါတယ်။ အဲဒါတွေဟာ ဝိသုဒ္ဓိမဂ်ကျမ်းမှာ ပြထားတဲ့ မေတ္တာပွားနည်းအရ ကရုဏာပွားပုံတွေပါပဲ။ ယခုပရိသတ်ကြီးထဲမှာပါတဲ့ သူတွေကို ဂါထာနဲ့ ရွတ်ဆိုပြီး ကရုဏာပွားလိုက်ဦးမယ်၊ အားလုံးကလည်း စိတ်နဲ့လိုက်ပြီး ကရုဏာပွားကြပါ။

**ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ၊**
**ဘယပ္ပတ္တာ စ နိဗ္ဘယာ။**
**သောကပ္ပတ္တာ စ နိသောကာ၊**
**ဟောန္တု သဗ္ဗေပိ ပါဏိနော။**

http://www.dhammadownload.com



ဒုက္ခပ္ပတ္တာ၊ ဆင်းရဲဒုက္ခရောက်၍ နေကြကုန်သော။ သဗ္ဗေ ပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ပါဏိနော စ၊ သတ္တဝါတို့သည် လည်း။ နိဒ္ဒုက္ခာ၊ ဆင်းရဲကင်းပ ချမ်းသာကြကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။ ဘယပ္ပတ္တာ၊ ဘေးဒဏ်သင့်၍ နေကြကုန် သော။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ပါဏိနော စ၊ သတ္တဝါ တို့သည်လည်း။ နိဗ္ဘယာ၊ ဘေးရန်ကင်းပ ချမ်းသာကြကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။ သောကပ္ပတ္တာ၊ စိုးရိမ်ပူဆွေးခြင်း သို့ ရောက်၍နေကြကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန် သော။ ပါဏိနော စ၊ သတ္တဝါတို့သည်လည်း။ နိသောကာ၊ စိုးရိမ် ကင်းပ ချမ်းသာကြကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။

**ပြဟ္မစိုရ်တရားတော် ဒုတိယပိုင်းပြီး၏။**

http://www.dhammadownload.com



၁၃၂၉-ခု၊ တော်သလင်းလပြည့်နေ့တွင် မြန်မာနိုင်ငံ
အသံလွှင့်ဌာနမှ
**ကျေးရူးရှင် မဟာစည်ဆရာတော်ဘုရားကြီး**
**ဟောကြားတော်မူသော**

# ပြဟ္မစိုရ်တရားတော် (တတိယပိုင်း)

ဒီကနေ့ ဟောမည့်တရားကတော့ လွန်ခဲ့တဲ့ ၁၃၂၈-ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့က ဟောခဲ့တဲ့ ပြဟ္မစိုရ်တရားတော်ရဲ့ အဆက်ပါပဲ၊ အဲဒီနှစ်က ဟောခဲ့တာက ဒုတိယပိုင်း၊ ယခုနှစ်ဟောမှာက တတိယပိုင်းပေါ့၊ ဒုတိယပိုင်းမှာ ကရုဏာပွားပုံကို ဟောခဲ့တယ်၊ ယခုတတိယပိုင်းမှာ မုဒိတာပွားပုံဟောရမယ်။

မုဒိတာဆိုတာ ကိုယ့်အထက်က လူတွေ, ကိုယ့်ထက်ပြည့်စုံချမ်းသာတဲ့လူတွေကို ချမ်းသာမြဲချမ်းသာကြပါစေလို့ ဝမ်းမြောက်ဝမ်းသာနဲ့ နှလုံးသွင်းနိုင်တဲ့သဘောပဲဆိုတာကို ပထမပိုင်းမှာ ပြောခဲ့ပါပြီ၊ အဲဒီမှာ ကိုယ့်ထက်သာတဲ့သူတွေကို ထုတ်ပြရတာကတော့ မေတ္တာကရုဏာတို့နှင့်နှိုင်းယှဉ်ပြီး မုဒိတာဖြစ်ပွားစေဖို့ လွယ်ကူတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ အထူးထုတ်ပြခြင်း ဖြစ်ပါတယ်။ ဒါပေမယ့် ပြဟ္မစိုရ်တရားဆိုတာ ပုဂ္ဂိုလ်မရွေးဘဲ အားလုံးသောသတ္တဝါတွေမှာ

http://www.dhammadownload.com



ပွားများသင့်တဲ့တရားဖြစ်ပါတယ်၊ ဒါကြောင့် ကိုယ်နဲ့တန်းတူတဲ့ ပုဂ္ဂိုလ်တွေရော၊ ကိုယ့်အောက်ပုဂ္ဂိုလ်တွေရော အဲဒါတွေကို အာရုံပြုပြီး မုဒိတာကို ပွားနိုင်ပါတယ်၊ ဒါပေမယ့် စစချင်းဆိုရင်တော့ ကိုယ့်အောက်က ပုဂ္ဂိုလ်တွေကို စဉ်းစားကြည့်ရင် ဝမ်းမြောက်ဖို့ထက် သနားဖို့က သာပြီးနီးစပ်နေပါတယ်၊ တန်းတူပုဂ္ဂိုလ်တွေအတွက် ဆိုရင်လည်း မေတ္တာပွားဖို့က ပိုပြီးနီးစပ်နေပါတယ်။ ဒါကြောင့် ပထမပိုင်းတုန်းက သရုပ်ခွဲပြခဲ့ရာမှာ ကိုယ့်ထက်သာတဲ့သူတွေကိုသာ မုဒိတာပွားစရာ ဝမ်းမြောက်စရာ ပုဂ္ဂိုလ်အဖြစ်နဲ့ ထုတ်ပြခဲ့ခြင်း ဖြစ်ပါတယ်။

ဒါပေမယ့် ကိုယ့်ထက်သာ မနာလိုဆိုတဲ့ စကားပုံအတိုင်း အများအားဖြင့် သတ္တဝါတွေမှာ ကိုယ့်ထက်သာတာကို မြင်ရ၊ ကြားရ၊ သိရရင် မျက်မုန်းကျိုးမှု၊ မနာလိုမှုက ဖြစ်တတ်တယ်၊ အဲဒီမနာလိုမှုဟာ မုဒိတာရဲ့ ဆန့်ကျင်ဘက် ရန်သူပဲ၊ ဒီမနာလိုမှုဟာ ဘာမျှအကျိုးမခံရစားရဘဲနဲ့ သက်သက်အကုသိုလ်ပွားတဲ့ သဘောပါပဲ၊ သူက မျက်မှောက်ဘဝမှာလည်း မကောင်းကျိုးတွေကို ပေးတတ်တယ်၊ နောင်တမလွန်မှာလည်း အပါယ်ဆင်းရဲ၊ သံသရာဆင်းရဲတွေကို ပေးတတ်တယ်၊ အဲဒါကို ပုံစံထုတ်ပြရရင်-

(၁) ရှေးတုန်းက ဘုရင်တစ်ပါးကို ရေချိုးပြီးခါစမှာ မောင်းမငယ်တစ်ယောက်က သူ့လက်ကို မီးအိုးကင်းမှာ ကင်ပြီးတော့ အဲဒီလက်နဲ့ ပွတ်တိုက်ဆုပ်နယ်ပြီး ပြုစုသတဲ့၊ အဲဒါကို မိဖုရားကြီးက မနာလိုတဲ့အတွက် အဲဒီမောင်းမရဲ့ကိုယ်ပေါ်မှာ မီးအိုးကင်းထဲက မီးကျိုးတွေနဲ့ လောင်းချလိုက်တယ်၊ အဲဒီမကောင်းမှုကြောင့် အဲဒီမိဖုရားကြီးဟာ ငရဲမှာ ကျရောက်ပြီး အနှစ်သိန်းပေါင်းများစွာ ဒုက္ခခံရပြီးတဲ့နောက် ရာဇဂြိုဟ်မြို့အနီး ဂိဇ္ဈကုဋ်တောင်မှာ

http://www.dhammadownload.com



ရဲရဲတောက်နေတဲ့မီးကျီးတွေနဲ့ အလောင်ခံနေရတဲ့ ပြိတ္တာမကြီး ဖြစ်နေ ရရှာတယ်။

(၂) နောက်ပြီးတော့ ကဿပမြတ်စွာဘုရားလက်ထက်တော်က ရဟန်းတစ်ပါးဟာလည်း ရဟန္တာတစ်ပါးကို မနာလိုပြစ်မှားခဲ့တဲ့ အကုသိုလ်ကံကြောင့် ငရဲမှာ ကျရောက်ပြီးတဲ့နောက် ယခု ဂေါတမမြတ်စွာဘုရားလက်ထက်မှာ လောသကတိဿဆိုတဲ့လူ ဖြစ်လာပြီး အကြီးအကျယ်ဒုက္ခရောက်ရရှာတယ်၊ အဲဒီလောသကတိဿ ပဋိသန္ဓေနေကတည်းက သူ့မိဘတွေနဲ့တကွ တစ်ရွာလုံးဟာ မီးဘေး၊ မင်းဘေး၊ ဝေါ်မွတ်ခေါင်းပါးတဲ့ဘေးတွေ သင့်ကြရတယ်။ ဒါနဲ့ ရွာကို နှစ်ပိုင်းခွဲလိုက်တယ်၊ အဲဒီအခါကျတော့လည်း သူပါတဲ့အပိုင်းမှာ ဒုက္ခရောက်ကြရပြန်တယ်၊ ဒါကြောင့် နောက်လည်း ထပ်ကာထပ်ကာ ရွာကို ခွဲကြရပြန်တယ်၊ ခွဲတိုင်းခွဲတိုင်း သူပါတဲ့အပိုင်းမှာ ဒုက္ခရောက်ရတာချည်းပဲ၊ နောက်ဆုံးကျတော့ သူ့မိဘတစ်အိမ်တည်း တစ်ပိုင်းဖြစ်သွားတယ်၊ အဲဒီအခါမှာလည်း သူတို့ တစ်အိမ်တည်း ဒုက္ခရောက်ကြရတယ်၊ ဒါကြောင့် လောသကတိဿ စကားပြောနိုင်၊ သွားလာနိုင်တဲ့ အခါကျတော့ မိဘတွေကလည်း သူ့ကိုစွန့်ပစ်ပြီး သင့်တော်ရာ အလွတ်ထွက်သွားကြတယ်၊ လောသကတိဿလည်း ခွက်ကလေးတစ်ခုနဲ့ ရောက်တတ်ရာရာသွားပြီး တောင်းရမ်းစားနေရရှာတယ်၊ တစ်နေ့မှ ဝဝလင်လင်စားရတယ်လို့ မရှိဘူးတဲ့။ နောက်တစ်ချိန်မှာ အရှင်သာရိပုတ္တရာက သူ့ကိုသနားလို့ ရှင်ရဟန်းပြုပေးထားတယ်၊ ရှင်ရဟန်းဖြစ်တဲ့အခါလည်း သူ့မှာ ဝဝလင်လင်စားသောက်လောက်အောင် ဆွမ်းမရရှာဘူးတဲ့၊ သူနဲ့ အတူတူဆွမ်းခံသွားရင်အခြားရဟန်းတော်တွေတောင်ဆွမ်းကောင်းကောင်းမရကြဘူးတဲ့။ နောက်ဆုံး ပရိနိဗ္ဗာန်ပြုမည့်နေ့မှာတောင်

http://www.dhammadownload.com



အရှင်သာရိပုတ္တရာက သူ့ဆီ အပို့ခိုင်းလိုက်တဲ့ ဆွမ်းဟာ သူ့ဆီ မရောက်ဘူး၊ သူ့ကို အမှတ်မရဘဲ လမ်းတွင်စားပစ်လိုက်တယ်၊ အရှင်သာရိပုတ္တရာက လာပြီးမေးမှ ဆွမ်းမစားရသေးမှန်း သိရတာနဲ့ သံဝေဂဖြစ်တော်မူရတယ်၊ အချိန်ကလည်း နေမွန်းလွဲနေတာနဲ့ စတုမဓုဆွမ်းကို ခံယူလာပြီး အရှင်လောသကတိဿကို ကျွေးရတယ်၊ ဒါတောင် သူ့လက်ထဲပေးလိုက်ရင် ကွယ်ပျောက်သွားမှာစိုးလို့ အရှင်သာရိပုတ္တရာ လက်ထဲကပဲ ယူစားစေတယ်၊ သူ့တစ်ဘဝလုံးမှာ အဲဒီတစ်နေ့ပဲ၊ ဝဝလင်လင်ဘုဉ်းပေးသုံးဆောင်ရသတဲ့။ အဲဒီနေ့မှာပဲ ပရိနိဗ္ဗာန်စံတော်မူရတယ်၊ ဣဿာဆိုတဲ့ မနာလိုမှုဟာ ပရိနိဗ္ဗာန်စံရမည့်နေ့ထိအောင် လိုက်ပြီးမကောင်းကျိုးပေးတယ်ဆိုတော့ အင်မတန်ကို ကြောက်စရာကောင်းပါတယ်။

(၃) ဘုရားလက်ထက်တော်ကာလက ကောသမ္ဗီပြည်မှာ ဃောသကဆိုတဲ့ ကျောင်းဒကာ သူဌေးတစ်ဦးရှိခဲ့တယ်၊ ငယ်စဉ်တုန်းက သူ့ကိုမွေးစားတဲ့အဘ သူဌေးကြီးက သားရင်းကလေးရလာတဲ့အခါ ဃောသက သူငယ်ကို မလိုလားတာနဲ့ ၆-ကြိမ်တိုင်တိုင် သေရာသေကြောင်း ကြံစည်ပြုလုပ်တယ်၊ ဒါပေမယ့် "သေကံမရောက် သက်မပျောက်" ဆိုတာလိုပဲ သူ့မှာသေဖို့ရာကံက မပါတဲ့အတွက် သေဘေးမှ လွတ်ခဲ့တယ်၊ အဲဒီ ၆-ကြိမ်ထဲမှာ တစ်ကြိမ်ကတော့ အိုးဖုတ်တဲ့ဖိုကြီးထဲမှာ ထည့်ပြီးမီးဖုတ်လိုက်ဖို့ အိုးထိန်းသည်ထံ ဃောသကသူငယ်ကို စေလွှတ်လိုက်တယ်၊ လမ်းခုလတ်မှာ သူဌေးကြီးရဲ့သားအရင်းက ဂုံညင်းထိုးကစားရာမှာ ရှုံးနေလို့ သူ့အစ်ကို ဃောသကကို ကူညီပြီး ကစားပေးဖို့ တောင်းပန်တယ်၊ ဘခင်က အိုးထိန်းသည်ထံ စေလွှတ်လိုက်တဲ့အကြောင်းပြောတော့ အဲဒီ သူဌေးသားအရင်းက ဂုံညင်းသာနိုင်အောင်ထိုးရစ်ပါ၊ သူသွား

http://www.dhammadownload.com



ပေးပါမယ်ဆိုပြီး အိုးထိန်းသည်ထံသွားတယ်၊ အိုးထိန်းသည်ကလည်း အဲဒီသူငယ်ကို ယောသကပဲလို့ ထင်ပြီး သူဌေးကြီးရဲ့ အမိန့်အတိုင်း အိုးဖိုထဲထည့်ပြီး မီးဖုတ်လိုက်တယ်၊ အဲဒီအကြောင်းကို သူဌေးကြီး သိရတဲ့အခါ အလွန်အကဲစိတ်ဆင်းရဲဒုက္ခ ရောက်ရှာတယ်၊ စိတ်နှလုံးပူပန်ပြီး ရောဂါဝေဒနာ အကြီးအကျယ်စွဲကပ်ခံရတယ်၊ အဲဒီ ရောဂါနဲ့ပဲ နောက်ဆုံးမှာ သေသွားရရှာတယ်၊ ဒါလည်း မနာလိုမှုရဲ့ မကောင်းကျိုးပဲ။

ဒါကြောင့် "သူများမနာလို ကိုယ်အကျိုးမရှိ"လို့ပြောစမှတ် ပြုကြတယ်၊ တစ်ခါက ဘုန်းကြီးကျောင်းတစ်ခုမှာ ဖိုးသူတော်တစ်ယောက်ရှိသတဲ့၊ အဲဒီဖိုးသူတော်က "သူများမနာလို ကိုယ်အကျိုးမရှိ"ဆိုတဲ့ ဒီစကားပုံကလေးကို မကြာမဏရွတ်ဆိုပြီး တရားနှလုံးသွင်းနေသတဲ့၊ အဲဒီကျောင်းမှာ ကိုးကွယ်ပြီး သွားလာဝင်ထွက်နေတဲ့ ဒကာမကြီးတစ်ယောက်က ဖိုးသူတော်ရွတ်ဆိုနေတဲ့ စကားကို ခဏခဏကြားရတော့ သူ့စောင်းပြီး ရွတ်ဆိုနေတယ်လို့ထင်ပြီး ဖိုးသူတော်အပေါ်မှာ ရန်ငြိုးဖွဲ့သွားသတဲ့၊ ဒါနဲ့ ဒီဒကာမကြီးက မုန့်ထဲမှာ အဆိပ်ထည့်ပြီး ဖိုးသူတော်ကို လှူသတဲ့၊ ဖိုးသူတော်က လည်း မရစဖူး အထူးရတဲ့မုန့်ပဲလို့ အလေးအမြတ်ပြုပြီး ဘုရားမှာ ဆွမ်းတော်ကပ်လိုက်သတဲ့၊ မုန့်လှူတဲ့ ဒကာမကြီးရဲ့ သားကလည်း အဲဒီကျောင်းမှာ ကျောင်းသားအဖြစ်နဲ့ နေတဲ့အတွက် အဲဒီ ကျောင်းသားက ဆွမ်းတော်တင်ထားတဲ့ အဲဒီမုန့်ကို ကောက်ပြီးစားမိလို့ အဆိပ်သင့်ပြီး သေရှာသတဲ့၊ ဒီတော့ မုန့်လှူတဲ့ဒကာမကြီးက ဖိုးသူတော်မသေဘဲ သူ့သားသေနေတာကို တွေ့ရတဲ့အတွက် (သူများမနာလို ကိုယ်ကျိုးမရှိ) ဆိုတဲ့ ဖိုးသူတော်ကမ္မဋ္ဌာန်းကို သဘောပေါက်ပြီး "ဦးသူတော်ကမ္မဋ္ဌာန်း၊ ငါ့ကိုရမ်း၊ ဗျန်းဗျန်းကွဲလေပြီ"

http://www.dhammadownload.com



လို့ မြည်တမ်းငိုကြွေးရှာသတဲ့။

ယခုပြောခဲ့တာတွေဟာ မုဒိတာကို ပွားမည့် ပုဂ္ဂိုလ်မှာ မုဒိတာ ရဲ့ ဆန့်ကျင်ဘက် ရန်သူဖြစ်တဲ့ ဣဿာဆိုတဲ့ မနာလိုမှုကို အပြစ်မြင် ပြီး မုဒိတာကို ပွားစေနိုင်ဖို့ သာဓကတွေပါပဲ။

သူတစ်ပါး ကြီးပွားချမ်းသာတာကို ဝမ်းမြောက်ကြည်သာ နိုင်တဲ့ မုဒိတာတရားကတော့ အင်မတန်အေးချမ်းပါတယ်၊ ဝမ်း မြောက် ကြည်သာနေတုန်းလည်း စိတ်ထဲမှာ ချမ်းသာပါတယ်၊ မည်သူ့မှာ စီးပွားဥစ္စာတွေ တိုးတက်နေသတဲ့၊ လုပ်ငန်းတွေ အောင်မြင်နေသတဲ့၊ စာမေးပွဲအောင်သတဲ့၊ ဘွဲ့ထူးရသတဲ့။ ရာထူးတိုး သတဲ့ စသည်ဖြင့် ကြားရ၊ တွေ့ရ၊ သိရရင် "ကောင်းပါပေတယ်၊ ကောင်းပါပေတယ်၊ ကြီးပွားမြဲ ကြီးပွားပါစေ၊ ချမ်းသာမြဲ ချမ်းသာ ပါစေ၊ ရထားတဲ့ရာထူးဌာနန္တရနဲ့ တည်မြဲပါစေ"စသည်ဖြင့် ဝမ်းမြောက်ကြည်သာ သဘောတူတာဟာ မုဒိတာပဲ၊ အင်မတန် ကြည်လင်အေးမြပါ တယ်၊ ပိုက်ဆံ တစ်ပြားတစ်ချပ်မှ မကုန်ရဘဲနဲ့ ကြီးပွားချမ်းသာကြောင်း ကုသိုလ်တွေ တသွင်သွင်ဖြစ်ပွားနေပါတယ်၊ သိပ်နေရာကျတာပဲ။

ဒီမုဒိတာကို ပွားတဲ့အတွက် ကောင်းကျိုးချမ်းသာကို မျက်မှောက်ဘဝမှာလည်း ရတတ်ပါတယ်၊ နောင်တမလွန်မှာလည်း ရတတ်ပါတယ်။

(၁) မျက်မှောက်မှာ အကျိုးရပုံကတော့- အသဒိသဒါန ဝတ္ထုဖြင့် ထင်ရှားပါတယ်။ ပသေနဒီ ကောသလမင်းကြီးက တစ်နေ့ တည်းနဲ့ ၁၄-ကုဋေ အကုန်ခံပြီး အသဒိသအလှူတော်ကြီးကို ပေး လှူတယ်လို့ ဆိုပါတယ်။ အဲဒါကို ကာဠဆိုတဲ့ အမတ်ကြီးက ဘဏ္ဍာတော်ငွေတွေ ၁၄-ကုဋေ အလဟဿပျက်စီးသွားတယ်လို့

http://www.dhammadownload.com



ကဲ့ရဲ့ ဝေဖန်တယ်၊ ဗုဏ္ဏဆိုတဲ့ အမတ်ကြီးကတော့ ပြည့်ရှင်မင်းမို့သာ ဒီလိုအလှူကြီးကို ပေးလှူနိုင်တာပဲ၊ ငါလည်း ဒီလိုအလှူကြီးကို ပေးလှူချင်ပါဘိတော့တယ်လို့ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာပြုတယ်၊ အဲဒီအကြောင်းကို ဘုရင်မင်းမြတ်က ကြားသိရတဲ့အခါ ကဲ့ရဲ့တဲ့ ကာဠအမတ်ကြီးကို ပြည်နှင်ဒဏ်ပေးတယ်၊ အနုမောဒနာပြုတဲ့ ဗုဏ္ဏအမတ်ကြီးကို ၇-ရက်ပတ်လုံး မင်းအဖြစ်ပေးပြီး မိမိလိုပဲ အသဒိသ အလှူကြီးကို ပေးလှူစေသတဲ့၊ အဲဒါဟာ မုဒိတာရဲ့ အကျိုးကို မျက်မှောက်ဘဝမှာ ရပုံ သာဓကပါပဲ။

(၂) နောင်တမလွန်မှာ အကျိုးရပုံတွေကတော့ အလွန်ပဲများပါတယ်၊ ဘုရားလက်ထက်တော်တုန်းက အမျိုးသမီးတစ်ယောက်ဟာ ဝိသာခါရဲ့ ကျောင်းအလှူကို ဝမ်းမြောက်ဝမ်းသာ အနုမောဒနာပြုရုံသက်သက်နဲ့ တာဝတိံသာနတ်ပြည်မှာ အင်မတန်ကြီးကျယ်တဲ့ နတ်ဘုံဗိမာန် အခြွေအရံတွေနဲ့တကွ ဂုဏ်သိန် ကြီးတဲ့နတ်သမီးဖြစ်နေတယ်။ နောက်ပြီးတော့ တချို့လူတွေဟာ ကုသိုလ်ကံမရှိတဲ့အတွက် ပြိတ္တာဘဝရောက်ပြီး စားရမဲ့, သောက်ရမဲ့, ဝတ်ရမဲ့နဲ့ အတိဒုက္ခရောက်နေရာမှာ ဆွေမျိုးဉာတိ, မိတ်သင်္ဂဟများက ဒါနကုသိုလ်ပြုပြီး အမျှပေးဝေတဲ့အခါ သာဓု အနုမောဒနာပြုကြတဲ့အတွက် နတ်စည်းစိမ်ချမ်းသာတွေကို ချက်ချင်းပဲ ရသွားကြတယ်၊ ဒါတွေဟာ ဒီနေရာမှာ သက်သေသာဓကတွေပါပဲ။

အဲဒီလို ကုသိုလ်ရေးမှာသာ မဟုတ်သေးပါဘူး၊ လောကရေးရာတွေမှာလည်း သူများ ကြီးပွားချမ်းသာတာကို ဝမ်းမြောက်ကြည်သာနိုင်တဲ့အတွက် နတ်ရွာသုဂတိကို ရောက်ရတဲ့အပြင် လူ့ဘဝ ရောက်လာတဲ့အခါမှာလည်း သူများထက် အခြွေအရံပေါများပြီး ကြီးပွားချမ်းသာရကြောင်းကို စူဠကမ္မဝိဘင်္ဂသုတ်မှာ

http://www.dhammadownload.com



မြတ်စွာဘုရားက အထင်အရှားဟောထားပါတယ်။

ဒါကြောင့် ဒီမုဒိတာတရားဟာ ကုသိုလ်ရေးနဲ့စပ်ပြီးတော့ဖြစ်ဖြစ်၊ လောကရေးနဲ့စပ်ပြီးတော့ဖြစ်ဖြစ် ပွားများသင့်ကြောင်း အင်မတန်ထင်ရှားနေပါတယ်။

ပွားများပုံကတော့ -ဒီမုဒိတာမှာလည်း မေတ္တာ၊ကရုဏာတို့လိုပဲ ကာယကံ, ဝစီကံ, မနောကံအားဖြင့် ၃-မျိုးရှိပါတယ်၊ ဒါကြောင့် ကြီးပွားချမ်းသာနေတဲ့သူကို ကြီးပွားမြဲ ကြီးပွားချမ်းသာနေနိုင်အောင် ကိုယ်နဲ့ အကူအညီပေးစရာ အခွင့်ပေါ်လာရင် ကိုယ်နဲ့အကူအညီပေးပါ။ အဲဒါက ကာယကံမုဒိတာတဲ့၊ နှုတ်နဲ့ အကူအညီပေးစရာရှိရင် စွမ်းနိုင်သမျှ ပြောဆိုပြီး အကူအညီပေးပါ။ ဥပမာ လူတစ်ယောက်မှာ ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာ တည်မြဲရေးအ တွက် မိမိက ဝင်ရောက်ပြီး ကူညီပြောဆိုပေးမှ ဖြစ်မည့်ကိစ္စဆိုရင် ကူညီပြောဆိုပေးပါ။ လူတစ်ယောက်ကို အကြောင်းမဲ့ ဂုဏ်သိက္ခာကျအောင် ပြောဆိုနေတာကို ကြားရရင် စွမ်းနိုင်ပါက အမှန်ကို ရှင်းလင်းထုတ်ဖော်ပြီး ထိုသူရဲ့ ဂုဏ်သိက္ခာကို ထောက်ခံပြောဆိုပါ၊ ဒါကတော့ ဝစီကံမုဒိတာတဲ့။

မနောကံမုဒိတာ ပွားပုံကတော့ ဈာန်ရအောင် ပွားများတာလည်း ရှိတယ်၊ ပါရမီဖြစ်, ကုသိုလ်ဖြစ် ပွားများတာလည်းရှိတယ်၊ ဒီနှစ်မျိုးထဲက ဈာန်ရအောင် ပွားများနည်းကိုတော့ ယခုလို အချိန်အနည်းငယ်အတွင်းမှာ ပြောလို့ မပြည့်စုံနိုင်ဘူး၊ ဒါကြောင့် ပါရမီဖြစ်, ကုသိုလ်ဖြစ် ပွားများပုံကိုပဲ ပြောမယ်။

ကြီးပွားချမ်းသာတဲ့သူတွေကို မြင်တွေ့ရတိုင်း, ကြားသိရတိုင်း "ဆုတ်ယုတ်ခြင်းမရှိဘဲ ဝမ်းမြောက်မြဲ ဝမ်းမြောက်နိုင်ကြပါစေ၊ ကြီးပွားမြဲ ကြီးပွားကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ"

http://www.dhammadownload.com



လို့ နှလုံးသွင်း ပွားများရတယ်၊ အဲဒီလို တစ်မိနစ်လောက် နှလုံးသွင်း ပွားများနေရင် အဲဒီတစ်မိနစ်အတွင်းမှာ မုဒိတာဘာဝနာ ကုသိုလ်တွေ ဖြစ်တယ်။ ဆယ်မိနစ်လောက် နှလုံးသွင်း ပွားများနေရင် ဆယ်မိနစ်လောက် မုဒိတာဘာဝနာ ကုသိုလ်တွေ ဖြစ်တယ်၊ အဲဒါဟာ သွားရင်း လာရင်းလည်း တွေ့မြင်ရ၊ ကြားသိရတဲ့သူတွေကို အာရုံ ပြုပြီး နှလုံးသွင်း ပွားများနိုင်တယ်၊ စရိတ်စက မကုန်ဘဲနဲ့ ကြီးပွား ချမ်းသာကြောင်း ကုသိုလ်တွေ ဖြစ်ပွားတယ်၊ အဲဒီလို နှလုံးသွင်း နိုင်တာကို ပြန်လည်စဉ်းစားကြည့်ရင်လည်း အင်မတန် ဝမ်းသာစရာ ကောင်းတယ်၊ တကယ့်ကို ကောင်းတဲ့ အလုပ်ပါပဲ။

ယခု ပဋိသမ္ဘိဒါမဂ် ပါဠိတော်က မေတ္တာဘာဝနာအရာမှာ ပြထားတဲ့ အနောဓိသ ၅-ပါး၊ ဩဓိသ ၇-ပါး၊ ဒိသာဖရဏ ၁၂၀-ပါးတို့အရနဲ့ ဘုန်းကြီးရွတ်ဆိုပြီး မုဒိတာပွားမယ်၊ တရားနာနေကြတဲ့ ဓမ္မာမက ပုဂ္ဂိုလ်တွေလည်း စိတ်နဲ့ လိုက်ပြီးမုဒိတာပွားကြပါ။

အားလုံးသတ္တဝါတွေ ဆုတ်ယုတ်ခြင်းမရှိဘဲ ကြီးပွားမြဲ ကြီးပွားချမ်းသာကာ ဝမ်းမြောက်နိုင်ကြပါစေ။

အားလုံးသက်ရှိသူတွေ. . . . . . . . . . . . . . . . . . . ။

အားလုံးထင်ရှားဖြစ်သူတွေ. . . . . . . . . . . . . . . . ။

အားလုံးပုဂ္ဂိုလ်တွေ. . . . . . . . . . . . . . . . . . . . . ။

အားလုံးခန္ဓာကိုယ် အတ္တဘောရှိသူတွေ . . . . . . . . . . ။

ဒါက အနောဓိသ မုဒိတာ ၅-ပါးတဲ့။

အားလုံးအမျိုးသမီးတွေ. . . . . . . . . . . . . . . . . . . ။

အားလုံးအမျိုးသားတွေ. . . . . . . . . . . . . . . . . . . ။

အားလုံးအရိယာပုဂ္ဂိုလ်တွေ. . . . . . . . . . . . . . . . ။

အားလုံးပုထုဇဉ်ပုဂ္ဂိုလ်တွေ. . . . . . . . . . . . . . . . ။

http://www.dhammadownload.com



အားလုံးနတ်ဖြုပ်ဟွာတွေ. . . . . . . . . . . . . . . . . . . . . ။
အားလုံးလူသားတွေ. . . . . . . . . . . . . . . . . . . . . ။
အားလုံးအပါယ်ဘုံသူ အပါယ်ဘုံသားတွေ. . . . . . . . . ။

ဒါက ဩဓိသမုဒိတာ ၇-ပါးတဲ့။ ခုနက ၅-ပါးနဲ့ပေါင်းလိုက်ရင် မုဒိတာ ၁၂-ပါးဖြစ်ပါတယ်။

- ဒီနည်းအတိုင်းပဲ အရှေ့အရပ်က အားလုံးသတ္တဝါတွေ "ဆုတ်ယုတ်ခြင်း မရှိဘဲ ကြီးပွားမြဲ ကြီးပွားချမ်းသာကာ ဝမ်းမြောက်နိုင်ကြပါစေ" စသည်ဖြင့် အရပ်ဆယ်မျက်နှာထဲက တစ်မျက်နှာ တစ်မျက်နှာမှာ . . . . . . . . . . . . မုဒိတာ ၁၂-ပါးစီ ဖြစ်ပါတယ်၊ အရပ်ဆယ်မျက်နှာလုံးမှာဆိုတော့ မုဒိတာပေါင်း ၁၂၀-ဖြစ်ပါတယ်၊ အဲဒီ ၁၂၀-ကတော့ အရပ်ဆယ်မျက်နှာနဲ့ ဖြန့်တာမို့ ဒိသာဖရဏာ မုဒိတာလို့ ခေါ်ပါတယ်၊ ပထမက ပွားခဲ့တဲ့ အနောဓိသ, ဩဓိသ မုဒိတာ ၁၂-ပါးနဲ့ပေါင်းလိုက်ရင် မုဒိတာပေါင်း ၁၃၂-ပါးဖြစ်ပါတယ်။

အဲဒီ ၁၃၂-ပါးဟာ အမှန်စင်စစ်တော့ မုဒိတာ ကမ္မဋ္ဌာန်းနဲ့ ဈာန်ရပြီးတဲ့အခါ ဈာန်ကစားတဲ့ အခြင်းအရာတွေသာ ဖြစ်ပါတယ်၊ ဈာန်မရပါဘဲနဲ့ ယခုပြောခဲ့တဲ့အတိုင်း ပွားတာကတော့ ပါရမီဖြစ်, ကုသိုလ်ဖြစ်မျှပါပဲ။

ကဲ- ယခုဘုန်းကြီးက ပြည်ထောင်စု မြန်မာနိုင်ငံသူ နိုင်ငံသားတွေ အားလုံးကို အာရုံပြုပြီး မုဒိတာပွားလိုက်မယ်၊ စိတ်နဲ့လိုက်ပြီးနှုတ်သွင်းပွားများကြပါ။

အားလုံးမြန်မာနိုင်ငံသူ နိုင်ငံသားတွေ ဆုတ်ယုတ်ခြင်း မရှိဘဲ ကြီးပွားမြဲ ကြီးပွားကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ၊ ဝမ်းမြောက်မြဲ ဝမ်းမြောက်နိုင်ကြပါစေ။

**ဖြုပ်ဟွာစိုရ်ရုတရားတော် တတိယပိုင်းပြီး၏။**

http://www.dhammadownload.com



၁၃၃၀-ခု၊ ဝါခေါင်လဆုတ် ၁၄-ရက်နေ့တွင်
မြန်မာနိုင်ငံ အသံလွှင့်ဌာနမှ
**ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး**
**အသံလွှင့် ဟောကြားတော်မူသော**

# ပြဟ္မစိုရ်တရားတော် (စတုတ္ထပိုင်း)

ဒီကနေ့ ဟောမည့်တရားကတော့ လွန်ခဲ့တဲ့ ၃-နှစ်က ဟောလာခဲ့တဲ့ ပြဟ္မစိုရ်တရားတော်ရဲ့ အဆက်ပါပဲ၊ အဲဒီ ၃-နှစ် က ဟောခဲ့တာဟာ ပထမ, ဒုတိယ, တတိယ ၃-ပိုင်းရှိခဲ့ပြီ၊ ယခုဟောမှာက စတုတ္ထပိုင်းပေါ့။ အလျင် ၃-ပိုင်းမှာ မေတ္တာ, ကရုဏာ, မုဒိတာပွားပုံများကို ဟောခဲ့တယ်၊ ယခု စတုတ္ထပိုင်းမှာတော့ နောက်ဆုံးဖြစ်တဲ့ ဥပေက္ခာပွားပုံကို ဟောရမယ်။

ဥပေက္ခာဆိုတာ ဘက်မလိုက်ဘဲ အညီအမျှရှုတဲ့သဘောပါပဲ။ ဒါကြောင့် ဥပပတ္တိတော ယုတ္တိတော၊ အသင့်အလျော်အညီအမျှအားဖြင့်။ ဣက္ခတိတိ၊ ရှုတတ်သောကြောင့်။ ဥပေက္ခာ၊ ဥပေက္ခာမည်တယ်လို့-ပြဆိုထားကြတယ်၊ အဲဒါကို လျစ်လျူရှုတယ်လို့လည်း မြန်မာပြန်ကြတယ်၊ လျစ်လျူရှုပုံကတော့ ၁၀-မျိုးတောင် ရှိပါတယ်၊

http://www.dhammadownload.com



ဒါကြောင့် အဋ္ဌကထာမှာ ဒီဥပေက္ခာကို ၁၀-မျိုးခွဲပြီး ပြထားတယ်၊ အဲဒီ ၁၀-မျိုးက ဘာတွေလဲဆိုရင်. . .

(၁) ဆဠင်္ဂုပေက္ခာ၊ (၂) ပြဟ္မဝိဟာရုပေက္ခာ၊ (၃) ဗောဇ္ဈင်္ဂုပေက္ခာ၊ (၄) ဝီရိယုပေက္ခာ၊ (၅) သင်္ခါရုပေက္ခာ၊ (၆) ဝေဒနုပေက္ခာ၊ (၇) ဝိပဿနုပေက္ခာ၊ (၈) တတြမဇ္ဈတ္တုပေက္ခာ၊ (၉) ဈာနုပေက္ခာ၊ (၁၀) ပါရိသုဒ္ဓုပေက္ခာ၊ ဆိုတဲ့ ဒီ၁၀-မျိုးပါပဲ။

ဒီ၁၀-မျိုးထဲမှာ အမှတ်(၁) ဆဠင်္ဂုပေက္ခာဆိုတာ အာရုံ ၆-မျိုးအကောင်းနဲ့ အဆိုးကို အညီအမျှရှုနိုင်တဲ့သဘောပါပဲ၊ အဲဒါဟာ ရဟန္တာရဲ့ ဂုဏ်ထူးပါပဲ၊ ဒါပေမယ့် ဝိပဿနာယောဂီလည်း သင်္ခါရုပေက္ခာဉာဏ်ဖြစ်ခိုက်မှာ ဒီဆဠင်္ဂုပေက္ခာနဲ့ အညီအမျှရှုနေနိုင်ပုံကို ထင်ရှားစွာတွေ့နိုင်ပါတယ်။

အမှတ်(၂) ပြဟ္မဝိဟာရုပေက္ခာဆိုတာကတော့ ယခုဟောမည့် ဥပေက္ခာပါပဲ၊ ဒါကြောင့် သူ့ကို တော်တော်ကြာမှ အကျယ်ချဲ့ပြီးဟောရမယ်။

အမှတ်(၃) ဗောဇ္ဈင်္ဂုပေက္ခာ ဆိုတာကတော့ ဗောဇ္ဈင်၇-ပါးထဲက နောက်ဆုံးဖြစ်တဲ့ ဥပေက္ခာသမ္ဗောဇ္ဈင်ပါပဲ၊ တရားကိုယ်အားဖြင့်တော့ တတြမဇ္ဈတ္တတာ စေတသိက်ပါပဲ၊ သူက သူနဲ့ အတူတကွဖြစ်တဲ့ ယှဉ်ဖော်ယှဉ်ဖက် တရားတွေကို မယုတ်မလွန် ညီမျှစေတယ်၊ ဒါကြောင့် သူ့ကို သမဝါဟိတလက္ခဏာ-ယှဉ်ဘက် တရားတွေကို အညီအမျှဖြစ်စေခြင်း လက္ခဏာရှိတယ်-လို့ အဘိဓမ္မာကျမ်းဂန်တွေမှာ ပြဆိုထားပါတယ်၊ ဒါပေမယ့် ဒီဥပေက္ခာ ဗောဇ္ဈင်ရဲ့ ဖြစ်ပုံကို သုတမယ, စိန္တာမယမျှနဲ့တော့ ကောင်းကောင်း သဘောပေါက်ဖို့ မလွယ်ပါဘူး၊ ဝိပဿနာရှုကြည့်မှ ကိုယ်တွေ့အားဖြင့် ကောင်းကောင်းသဘောပေါက်တတ်ပါတယ်။

http://www.dhammadownload.com



ဝိပဿနာ ယောဂီဟာ ဥဒယဗ္ဗယဉာဏ် ရောက်တဲ့အခါ ညီမျှစေတဲ့ ဒိဋ္ဌုပေက္ခာ ရဲ့သဘောကို (ရှဉ်းစုံကောင်းတဲ့နွားလှည်း မောင်းနေရသလိုပဲ) ထင်ရှားတွေ့ရပါတယ်။

အမှတ်(၄) ဝီရိယုပေက္ခာဆိုတာကတော့ သမထ ဝိပဿနာ ဘာဝနာအချိုးကျနေတဲ့ အခါမှာ မယုတ်မလွန်ညီမျှနေတဲ့ ဝီရိယပါပဲ၊ ဒါကလည်း ဘာဝနာအလုပ်ကို ကျကျနနအားထုတ်ဘူးတဲ့ သူ့မှာမှ ကောင်းကောင်းထင်ရှားတတ်ပါတယ်။

အမှတ် (၅) သင်္ခါရုပေက္ခာ ဆိုတာကတော့ သင်္ခါရတရားတွေကို အညီအမျှရှုတဲ့ သဘောပါပဲ။

အမှတ် (၆) ဝေဒနုပေက္ခာ ဆိုတာကတော့ ဝေဒနာ ၃-ပါးထဲက ဥပေက္ခာဝေဒနာပါပဲ။

အမှတ် (၇) ဝိပဿနုပေက္ခာဆိုတာကတော့ ဝိပဿနာရှုနေတဲ့ ယောဂီမှာ အနိစ္စ, ဒုက္ခ, အနတ္တ သဘောတွေကို ကောင်းကောင်းမြင်ပြီးတဲ့အခါ အဲဒါတွေကို မစူးစမ်းမဆင်ခြင်တော့ပဲ ရုပ်နာမ်တရားတို့၏ အဖြစ်အပျက်ကို သိရုံ သိရုံကလေး အညီအမျှရှုသွားတဲ့ ဝိပဿနာဉာဏ်ပါပဲ။ ဒါကလည်း ဥဒယဗ္ဗယဉာဏ် ရောက်ဖူးတဲ့သူမှ ကိုယ်တွေ့အားဖြင့် ထင်ရှားသိနိုင်ပါတယ်။

အမှတ် (၈) တတြမဇ္ဈတ္တုပေက္ခာ ဆိုတာကတော့ အမှတ်(၃)တုန်းက ဟောခဲ့တဲ့ တတြမဇ္ဈတ္တတာ စေတသိက်ပါပဲ။ သူက ဒါန, သီလစသော ကုသိုလ်အမှုတို့ကို ကြံတိုင်း, ပြောတိုင်း, ပြုတိုင်း ပါဝင်ပြီးဖြစ်နေပါတယ်။ ဒါပေမယ့် သာမန်ကုသိုလ်စိတ်တွေ ဖြစ်ခိုက်မှာတော့ သူက မထင်ရှားဘူး၊ ထက်သန်တဲ့ ဘာဝနာကုသိုလ်စိတ် ဖြစ်ခိုက်မှာ သူက ထင်ရှားတယ်။

အမှတ် (၉) ဈာနုပေက္ခာ ဆိုတာကတော့ တတိယဈာန်

http://www.dhammadownload.com



နဲ့ယှဉ်တဲ့ တတြမဇ္ဈတ္တတာ စေတသိက်ပါပဲ။

အမှတ် (၁၀) ပါရိသုဒ္ဓုပေက္ခာ ဆိုတာလည်း စတုတ္ထဈာန်နဲ့ယှဉ်တဲ့ အဲဒီစေတသိက်ပါပဲ။ ဈာန်နဲ့ယှဉ်တဲ့ ဒီဥပေက္ခာ ၂-မျိုးကတော့ အဲဒီဈာန်တွေရတဲ့သူမှ ထင်ရှားသိနိုင်မယ်။ ဒါကြောင့် ဒါတွေကိုတော့ အကျယ်မပြောတော့ဘူး။

ယခုပြောခဲ့တဲ့ ဥပေက္ခာ ၁၀-မျိုးထဲမှာ ယနေ့ဟောရမှာကတော့ အမှတ် (၂) မှာပြခဲ့တဲ့ ဗြဟ္မဝိဟာရုပေက္ခာပါပဲ။ ဒီဥပေက္ခာရဲ့ သဘောကတော့ "သတ္တဝါတွေဟာ ကိုယ်တိုင်ပြုလုပ် ထားတဲ့ ကံအားလျော်စွာ ဖြစ်နေကြရတာပဲ"လို့ ဘက်မလိုက်ဘဲ မျှမျှတတ နှလုံးသွင်းတဲ့သဘောဖြစ်ကြောင်းကို ပထမပိုင်းတုန်းက ပြောခဲ့ပါပြီ။ ဒါကြောင့် သူ့ကိုပွားတဲ့အခါမှာ မေတ္တာ, ကရုဏာ, မုဒိတာတို့လို သတ္တဝါတွေအား အကျိုးပြုတဲ့အနေနဲ့ ပွားရတာမဟုတ်ဘဲ၊ သဗ္ဗေ သတ္တာ ကမ္မဿကာ-လို့ဆိုတဲ့အတိုင်း "သတ္တဝါတွေဟာ သူတို့ကိုယ်တိုင်ပြုထားတဲ့အမှု -ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြတာပဲ၊ ကောင်းတဲ့အမှု-ကံကို ပြုတဲ့သူတွေဟာ ကောင်းစားချမ်းသာကြမှာပဲ၊ ဆိုးတဲ့အမှု-ကံကို ပြုတဲ့သူတွေဟာ ဆင်းရဲဒုက္ခရောက်ကြမှာပဲ၊ သူ့ကံနဲ့သူ သူ့အမှုနဲ့သူပဲ"လို့ ဒီလိုလျစ်လျူရှုပြီး ပွားရပါတယ်။

ဒီလိုဆိုတော့ ဒီဥပေက္ခာက "ဘယ်သူသေသေ ငတေမာ ရင်ပြီးရော" ဆိုတာလို သူတစ်ပါး၏ အကျိုးစီးပွားကို ဆောင်ရွက်တဲ့သဘော မပါတဲ့အတွက် မကောင်းတဲ့တရား-စိမ်းကားတဲ့တရားပဲ-လို့ တချို့က အပြစ်တင်ချင်လည်း တင်ကြပေလိမ့်မယ်။ အမှန်ကတော့ ဒီလိုလည်း အပြစ်မတင်ထိုက်ပါဘူး၊ ဒီဥပေက္ခာက နေရာတိုင်းမှာ ပွားရတာမဟုတ်ပါဘူး၊ အခြားနည်းနဲ့ မဖြစ်နိုင်တဲ့ နေရာမှာသာ ပွားရတဲ့တရားဖြစ်ပါတယ်။

http://www.dhammadownload.com



ဘယ်နေရာမှာလဲဆိုရင် ပထမပိုင်းတုန်းက ပြောခဲ့တဲ့ အတိုင်း မေတ္တာ, ကရုဏာ, မုဒိတာတို့ဖြင့် မဆောင်ရွက်နိုင်တဲ့ နေရာမှာသာ ပွားရပါတယ်၊ ဘယ်လိုလဲဆိုရင် မေတ္တာ, ကရုဏာ, မုဒိတာတို့ကို ပွားပြီး တတိယစျာန်ကို ရပြီးဖြစ်တဲ့သူဟာ စတုတ္ထစျာန်ကို တက်ချင်ရင် ဒီဥပေက္ခာကို ပွားမှသာ တက်နိုင် တယ်။ ဒါကြောင့် သမထစျာန်လမ်းအရဆိုလျှင် ဒီနေရာမှာသာ ပွားရပါတယ်။

လောကရေးရာဘက်က ဆိုရင်တော့ တတ်နိုင်လို့ရှိရင် အခြားသူတွေရဲ့ ချမ်းသာရေးအတွက် မေတ္တာ, ကရုဏာ, မုဒိတာနဲ့ အစွမ်းကုန်ကူညီဆောင်ရွက်ရပါတယ်၊ ဒါပေမယ့် ဘယ်နည်းနဲ့မျှ ကူညီဆောင်ရွက်ခွင့်မရှိတော့တဲ့ အခြေအနေကျတော့ ဒီဥပေက္ခာ နဲ့ပဲ အသင့်အတင့်နှလုံးသွင်းရတယ်၊ ဒါမှ စိတ်သက်သာရာ ရနိုင် ပါတယ်၊ ဥပမာ-ဆွေမျိုးမိတ်ဆွေဖြစ်တဲ့ လူတစ်ယောက် ရာဇဝတ် မှုနဲ့ အရေးယူခံနေရတယ်ဆိုပါတော့၊ အဲဒီကိစ္စမှာ တတ်နိုင်မယ်ဆို ရင် အဲဒီလူလွတ်မြောက်ရေးအတွက် အစွမ်းကုန်ဆောင်ရွက်ရပါ တယ်၊ ဒါပေမယ့် တရားရုံးတော်က ပြစ်မှုထင်ရှားတယ်ဆိုပြီး အဆုံး သတ် စီရင်ချက်ချလိုက်တဲ့အခါကျတော့ မေတ္တာ, ကရုဏာ, မုဒိတာ နဲ့ ဆောင်ရွက်ဖို့ အခွင့်အရေးမရှိတော့ဘူး၊ သူ့ကံနဲ့ သူပဲလို့ နှလုံးသွင်းဖို့သာ ရှိတော့တယ်။ ယခုလောလောဆယ်မှာ အမှုအပြစ် မရှိဘူးလို့ ထင်ရပေမဲ့ သူ့မှာ ရှေးဘဝများက ပြုခဲ့တဲ့ မကောင်းမှုကံ ရှိနေလို့သာ ခံရတာပဲ-လို့ ဒီလိုသာ နှလုံးသွင်းပြီး ဖြေရတယ်၊ ဒီလို ဖြေမှပဲ စိတ်သက်သာရာ ရနိုင်မယ်။

ဒီနေရာမှာ သက်သေသာဓက တစ်ခုကို ထုတ်ပြချင်တယ်။ မြတ်စွာဘုရားလက်ထက်တော်ကာလတုန်းက သာဝတ္ထိပြည်မှာ

http://www.dhammadownload.com



မဟာကာလဆိုတဲ့ သောတာပန် ဥပါသကာတစ်ယောက်ရှိတယ်၊ အဲဒီဥပါသကာဟာ ဇေတဝန်ကျောင်းတော်မှာ ဥပုသ်စောင့် ညအိပ်ပြီး တရားနာနေရာက နံနက်စောစောထပြီး ဇေတဝန်ကျောင်းတိုက် အဝကရေကန်မှာ မျက်နှာသစ်နေတယ်၊ အဲဒီအချိန်မှာ သူခိုးလိုက်ဖမ်းကြတဲ့ လူတစ်စုက မဟာကာလရဲ့အနီးမှာ သူခိုးက ပစ်ချခဲ့တဲ့ ခိုးရာပါပစ္စည်းနှင့်တကွ တွေ့ရတဲ့အတွက် သူ့ကို သူခိုးထင်ပြီး ဝိုင်းရိုက်ကြလို့ မဟာကာလ ဥပါသကာဟာ သေဆုံးသွားရရှာတယ်။

အဲဒီအခါမှာ ရဟန်းတော်များက မဟာကာလဟာ ဥပုသ်စောင့်ပြီး ကျောင်းမှာပဲ ညအိပ်တရားနာနေတဲ့ သူတော်ကောင်းစင်စစ်ဖြစ်ပါလျက်နဲ့ သူခိုးလို့ အစွပ်ခံရ၊ အသတ်ခံရတာဟာ မသင့်လျော်တဲ့အကြောင်း မြတ်စွာဘုရားကို လျှောက်ကြတယ်။

ဒီတော့ မြတ်စွာဘုရားက ပစ္စုပ္ပန်အခြေအနေအရ မသင့်လျော်သော်လည်း သူ၏ ရှေးကံအရဆိုလျှင်တော့ သင့်လျော်တဲ့အကြောင်း မိန့်တော်မူပါတယ်။

သင့်လျော်ပုံကတော့ ဒီလိုတဲ့- မဟာကာလဟာ တစ်ခုသောဘဝတုန်းက လမ်းဓားပြတွေ ပေါများတဲ့ တောတစ်ခု၏ အဝမှာ တောစခန်းစောင့်အရာရှိ ဖြစ်ခဲ့တယ်၊ အဲဒီတော့ စခန်းဖြတ်သန်းသွားလိုတဲ့ ခရီးသည်တွေကို တစ်ဖက်မှ တစ်ဖက်အရောက်ဘေးရန်ကင်းအောင် သူက စောင့်ရှောက်ပြီး ပို့ဆောင်ပေးရတယ်၊ တစ်နေ့သောအခါမှာ လူတစ်ယောက်ဟာ ရုပ်ရေအဆင်းလှပတဲ့ ဇနီးနှင့်တကွ **လှည်းယာဉ်**ကလေးစီးပြီး အဲဒီတောစခန်းကို ရောက်လာတယ်၊ တောစခန်းစောင့်က အဲဒီလူရဲ့ ဇနီးချောကလေးကို လိုချင်တာနဲ့ သူ့အိမ်မှာ တစ်ညအိပ်စေပြီးတော့ နောက်တစ်ရက်

http://www.dhammadownload.com



ခရီးထွက်တဲ့အခါမှာ "ပတ္တမြားပျောက်တယ် မသင်္ကာဘူး"ဆိုပြီး အဲဒီလှည်းကို ရှာဖွေစစ်ဆေးတယ်၊ စောစောက သူ့ဟာသူ ထည့်ထားတဲ့ပတ္တမြားကို တွေ့ရတဲ့အခါမှာ သူက အဲဒီခရီးသည်ကို ပတ္တမြားသူခိုးလို့ စွဲချက်တင်ပြီး သတ်ခဲ့တယ်။

အဲဒီ မကောင်းမှုကံကြောင့် မဟာကာလအလောင်း တောစခန်းစောင့်ဟာ အဲဒီဘဝက သေတဲ့အခါ အဝီစိငရဲမှာ ကျရောက်ပြီး ရှည်မြင့်စွာသော ကာလပတ်လုံး ငရဲဒုက္ခတွေကို အကြီးအကျယ်ခံစားခဲ့ရတယ်၊ ငရဲမှ လွတ်ပြန်တော့လည်း အဲဒီကံကြွင်းကြောင့် ဘဝတစ်ရာတိုင်တိုင် ဒီပုံဒီနည်းဖြင့် သူခိုးလို့ အစွဲခံရပြီး အသတ်ခံခဲ့ရတယ်၊ ဒါကြောင့် ရှေးဘဝက ရက်ရက်စက်စက်ပြုခဲ့တဲ့ သူ့မကောင်းမှုကံအရ ဆိုလျှင်တော့ သူခိုးထင်ပြီး မဟာကာလ အသတ်ခံရတာဟာ သင့်လျော်ထိုက်တန်လှပါပေတယ်-လို့ မြတ်စွာဘုရားက ရှင်းလင်းဟောကြားတော်မူပါတယ်။

ဒါဟာ အပြစ်မရှိဘဲ ခံရတယ်လို့ ထင်ရတဲ့သူအတွက် သူ့ကံနဲ့သူပဲလို့ နှလုံးသွင်းသင့်တယ်လို့ ဆိုရာမှာ သက်သေသာဓကတစ်ခုပါပဲ၊ ဒီလို သာဓကဝတ္ထုတွေကတော့ အများကြီးရှိပါတယ်။

ဒီလိုနေရာမှာ ယခုပြောခဲ့တဲ့အတိုင်း သူ့ကံနဲ့သူပဲလို့ အသင့်အတင့်နှလုံးမသွင်းဘဲ မျက်မြင်လောက်သာကြည့်ပြီး"မည်သူမည်ဝါတွေက မတရားလုပ်တယ်၊ မတရားနှိပ်စက်တယ်၊ အနိုင်ကျင့်တယ်" စသည်ဖြင့် အပြစ်တင်နေမယ်ဆိုရင်တော့ သူတစ်ပါးကို ပြစ်မှားတဲ့ ဒေါသ-အကုသိုလ်တွေလည်း ဖြစ်ပွားမယ်၊ စိတ်ထဲမှာ မခံသာတဲ့ စိတ်ဆင်းရဲတွေလည်း များစွာဖြစ်မယ်၊ သူ့ကံနဲ့ သူပဲလို့ ဥပေက္ခာဖြင့် လျစ်လျူရှုလိုက်ရင်တော့ အဲဒီအကုသိုလ်တွေ, စိတ်ဆင်းရဲတွေဟာ အကုန်လုံးငြိမ်းပြီး စိတ်အေးချမ်းခြင်း သုခကို ရနိုင်

http://www.dhammadownload.com



ပါတယ်။

နောက်ပြီးတော့ ဒီဥပေက္ခာနဲ့ တရားမျှတစွာ နှလုံးသွင်းတာဟာ တရားသူကြီးများအတွက် ဆိုရင်လည်း အံကျကိုက်ပြီး အလွန်ပင် သင့်လျော်ပါတယ်၊ တရားသူကြီးများဟာ တရားလိုနဲ့ တရားခံ မည်သူ့ကိုမျှ ကွက်ပြီး မေတ္တာ, ကရုဏာ, မုဒိတာဖြင့် အခွင့်အရေး မပေးသင့်ဘူး၊ ဒီလူကို ချမ်းသာစေချင်တယ်၊ ဟိုလူကို သနားတယ်၊ ဟောဒီလူကိုတော့ ချမ်းသာမြဲ ချမ်းသာစေချင်တယ်-ဆိုပြီး တစ်ဖက်သတ် အခွင့်အရေးပေးလိုက်ရင် ဆန္ဒာဂတိနှင့် မောဟာဂတိ တစ်ခုခုဖြစ်သွားလိမ့်မယ်။ ဒါကြောင့် သူ့အမှုကံနဲ့ သူပဲလို့ လျစ်လျူရှုပြီး အမှုမှန်အတိုင်း တရားမျှတစွာဖြစ်အောင်သာ ဘက်မလိုက်ဘဲ စစ်ဆေးဆောင်ရွက်သင့်ပါတယ်၊ ဒီလိုပဲ ဆောင်ရွက်နေကြတယ်လို့လည်း ကြားသိရပါတယ်။ ဒါကြောင့် ဒီ ဥပေက္ခာဟာ တရားစီရင်ရာမှာလည်း အလွန်သင့်လျော်တယ်လို့ မှတ်ယူသင့်ပါတယ်။

အမှန်စင်စစ်ကတော့ ဥပေက္ခာဘာဝနာဆိုတာ မေတ္တာ, ကရုဏာ, မုဒိတာဖြင့် တတိယစျာန်ကို ရပြီးမှ စတုတ္ထစျာန် ရဖို့ ပွားများရတဲ့ တရားဖြစ်ပါတယ်။ ဒါပေမယ့် ဥပေက္ခာကို ပွားရင် ခုနက ပြောခဲ့တဲ့အတိုင်း အပြစ်ကင်းပြီး စိတ်သက်သာရာလည်း ရနိုင်ပါတယ်၊ ပါရမီကုသိုလ်လည်း ဖြစ်ပွားနိုင်ပါတယ်။ ဒါကြောင့် (ကရုဏာ မုဒိတာ ပွားပုံကို ဟောတုန်းကလိုပဲ) ဩဓိသ, အနောဓိသ, ဒိသာဖရဏ နည်းများဖြင့် ဥပေက္ခာကိုလည်း ပွားများလိုက်ကြဦးစို့။ ဘုန်းကြီးက အသံထွက် ရွတ်ဆိုပြီး ပွားများမယ်၊ တရားနာနေတဲ့ ဓမ္မမာမက ပုဂ္ဂိုလ်တွေအားလုံးကလည်း စိတ်နဲ့လိုက်ပြီး ဥပေက္ခာကို ပွားကြပါ။

အားလုံးသတ္တဝါတွေ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာ

http://www.dhammadownload.com



ရှိကြပါတကား။

အားလုံး အသက်ရှိသူတွေ. . . . . . . . . . . . . . . . .။

အားလုံး ထင်ရှားဖြစ်သူတွေ. . . . . . . . . . . . . . .။

အားလုံး ပုဂ္ဂိုလ်တွေ . . . . . . . . . . . . . . . . . . . .။

အားလုံး ခန္ဓာကိုယ်အတ္တဘောရှိသူတွေ. . . . . . . . . .။

ဒါက အနောဓိသ ဥပေက္ခာ ၅-ပါးတဲ့။

အားလုံး အမျိုးသမီးတွေ. . . . . . . . . . . . . . . . . .။

အားလုံး အမျိုးသားတွေ. . . . . . . . . . . . . . . . . .။

အားလုံး အရိယာပုဂ္ဂိုလ်တွေ. . . . . . . . . . . . . . .။

အားလုံး ပုထုဇဉ်ပုဂ္ဂိုလ်တွေ. . . . . . . . . . . . . . .။

အားလုံး နတ် ဗြဟ္မာတွေ. . . . . . . . . . . . . . . . . .။

အားလုံး လူသားတွေ. . . . . . . . . . . . . . . . . . . .။

အားလုံး အပါယ်ဘုံသူ အပါယ်ဘုံသားတွေ. . . . .။

ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြပါတကား။ ဒါက ဩဓိသ ဥပေက္ခာ ၇-ပါးတဲ့။ ခုနက ၅-ပါးနဲ့ ပေါင်းလိုက်ရင် ဥပေက္ခာ ၁၂-ပါးဖြစ်ပါတယ်။

ဒီနည်းအတိုင်းပဲ၊ "အရှေ့အရပ်က အားလုံးသတ္တဝါတွေ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြပါတကား"စသည်ဖြင့် တူရူအရပ်က ၄-မျက်နှာ၊ ထောင့်အရပ်က ၄-မျက်နှာ၊ အောက်အရပ်က တစ်မျက်နှာ၊ အထက်အရပ်က တစ်မျက်နှာဆိုတဲ့ အရပ်ဆယ်မျက်နှာမှာလည်း ဥပေက္ခာ ၁၂-ပါးစီ ပွားနိုင်ပါတယ်။ အဲဒါတွေက တစ်ဆယ် ၁၂-လီဆိုတော့ ဥပေက္ခာ၁၂၀-ဖြစ်ပါတယ်။ အဲဒီ၁၂၀-ကတော့ အရပ်မျက်နှာနဲ့ ဖြန့်တာမို့ ဒိသာဖရဏ ဥပေက္ခာလို့ခေါ်တယ်။ ပထမက ပွားခဲ့တဲ့ အနောဓိသ, ဩဓိသ

http://www.dhammadownload.com



ဥပေက္ခာ ၁၂- ပါးနဲ့ ပေါင်းလိုက်ရင် ဥပေက္ခာပေါင်း ၁၃၂-ပါး ဖြစ်ပါတယ်၊ အဲဒါတွေဟာ ဝိသုဒ္ဓိမဂ်ကျမ်းမှာပြထားတဲ့ မေတ္တာပွားပုံမှ နည်းမှီးပြီးပြတဲ့ ဥပေက္ခာပွားပုံတွေပါပဲ။

ဒီဥပေက္ခာ ၁၃၂-ပါး ပွားပုံတွေဟာ အမှန်စင်စစ်ကတော့ ဒီဥပေက္ခာကမ္မဋ္ဌာန်းနဲ့ စတုတ္ထဈာန်ကို ရပြီးမှ ဈာန်ကစားတဲ့ အခြင်းအရာတွေသာ ဖြစ်ပါတယ်။ ဒါပေမယ့် "သတ္တဝါတွေဟာ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြတယ်"လို့ အဖန်ဖန်နှလုံး သွင်းနေရင် မကောင်းမှုကို ရှောင်ကြဉ်လိုတဲ့စိတ်တွေလည်းဖြစ်မယ်၊ ကောင်းမှုကို ပြုလိုတဲ့စိတ်တွေလည်း ထက်သန်လာမယ်။ ဒါကြောင့် ဈာန်မရဘဲနဲ့ ဒီဥပေက္ခာကို ပွားတာဟာလည်း အပြစ်ကင်းပြီးကုသိုလ် တရားပွားများခြင်းအကျိုးရှိပါတယ်။

နောက်ပြီးတော့ အားလုံး ကံတရားအတိုင်းပဲလို့ နှလုံး သွင်းနေတဲ့အတွက် မရနိုင်တဲ့ အခွင့်အရေးမျှော်လင့်တောင့်တခြင်း လည်း ကင်းမယ်၊ အဆင်မပြေတာရှိရင်လည်း ကံတရားအတိုင်းပဲလို့ ဆင်ခြင်ပြီး စိတ်သက်သာရာရမယ်၊ နောက်ပြီးတော့ နတ်, သိကြား, ဗြဟ္မာ, ဂိုဏ်းဆရာ စသော သူတစ်ပါးကို အားမကိုးဘဲ ကြီးပွား ချမ်းသာရန် နည်းလမ်းမှန်ဖြစ်တဲ့ အလုပ်အကိုင်ကိုသာ အားကိုး ပြီးတော့လည်း လုပ်ကိုင်မယ်။ ဒီလိုလုပ်ကိုင်တဲ့အတွက် မျက်မှောက် မှာလည်း စီးပွားဥစ္စာတွေကို ရသွားနိုင်ပါတယ်။ ဒါကြောင့် အဘိဏှ သုတ်မှာ မြတ်စွာဘုရားက ကိုယ့်ကိုယ်ကိုလည်း ဒီနည်းအတိုင်း ဆင်ခြင်ဖို့ ညွှန်ကြားတော်မူပါတယ်။

> "ငါ့မှာ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိတယ်၊ ကံ၏ အမွေခံ ဖြစ်တယ်၊ ကံသာလျှင် ချမ်းသာဖို့, ဆင်းရဲဖို့ အကြောင်း ရှိတယ်၊ ကံသာလျှင် ဆွေမျိုးအစစ်ရှိတယ်၊ ကံသာလျှင်

http://www.dhammadownload.com



အားကိုးရာရှိတယ်၊ ကောင်းမှုကံကို ပြုလျှင် ကောင်းကျိုး အမွေကို ခံစံရမယ်၊ မကောင်းမှုကံကို ပြုလျှင် မကောင်း ကျိုး အမွေဆိုးကို ခံစားရမယ်”လို့ အဖန်တလဲလဲ ဆင်ခြင် ပါတဲ့။

ဒါကြောင့် ယခုမိမိကိုယ်တိုင်ပါ တစ်လောကလုံးက သတ္တ ဝါတွေကို အာရုံပြုပြီး ဥပေက္ခာကို ပွားလိုက်ကြဦးစို့။

တစ်လောကလုံးရှိ သတ္တဝါတွေအားလုံးဟာ ကိုယ့်အမှုကံ သာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြပါတကား။ ဒီဥပေက္ခာကို ပွားများခြင်းဖြင့် ကိုယ့်အမှုကံကိုသာ အားကိုးပြီး ကုသိုလ် ကံကို ပြုစုပွားများနိုင်ကြပါစေ။

စီးပွားချမ်းသာဖြစ်ကြောင်း အလုပ်အကိုင်တို့ကိုလည်း ကြိုးစားအားထုတ် ပြုလုပ်နိုင်ကြပါစေ။

ထိုသို့ ပြုလုပ်နိုင်ခြင်းကြောင့် မျက်မှောက် သံသရာ နှစ်ဖြာလုံး၌ အလိုရှိအပ်သော လောကီ လောကုတ္တရာ ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံ ကြပါစေ။

**သာဓု . . . သာဓု . . . သာဓု။**

**စတုတ္ထပိုင်း ပြီး၏။**

**ဗြဟ္မစိုရ်တရားတော် ပြီး၏။**

http://www.dhammadownload.com



## မဟာစည် ဆရာတော်ဘုရား၏
## ဓမ္မဒေသနာ ဆောင်ပုဒ်များ

၁၃၂၉-ခုနှစ်၊ နယုန်လပြည့်နေ့မှစ၍
ဟောကြားတော်မူသော-

### ၁။ ရာဟုလသုတ် ဆောင်ပုဒ်များ

၁။ အတူနေကြာလျှင်၊ ပညာရှင်၊ အထင်သေးတတ်သည်။
၂။ အတူနေကြာလည်း၊ မူမကွဲ၊ အမြဲရှိသေလေး။
၃။ ကာမဂုဏ်ပယ်ခွာ၊ တောထွက်လာ၊ သင့်ရာဆင်းရဲ
ဆုံးပါစေ။
၄။ မှီလေမိတ်ဟောင်း တောကျောင်းမှာနေ၊
စားဖွယ်၌လည်း သိမြဲတိုင်းရှေး။
ပစ္စည်းလေးရပ် တွယ်ကပ်ပယ်လေ၊
လောကတွင်း ပြန်ခြင်းကင်းပါစေ။
၅။ သီ ဣန္ဒြေ နှစ်ဖြာ၊ စောင့်ရှောက်ကာ၊ ကောင်းစွာလုံပါစေ။
၆။ အမှတ် သတိ၊ ကိုယ်မှာရှိ၊ နိဗ္ဗိဒါ များပါစေ။
(ကိုယ်မှာမှတ်၍၊ ညာဏ်မြင်တွေ့၊ ငြီးငွေ့များပါစေ)
၇။ အာရုံတင့်တယ်၊ တပ်မက်ဖွယ်၊ ရှောင်ပယ်ပစ်ပါလေ။

http://www.dhammadownload.com



၈။ မတင့်တယ်ဟု၊ ဆင်ခြင်ရှု၊ တည်မှုမြဲပါစေ။
၉။ မမြဲသိတာ၊ ပွားစေကာ၊ သုံးဖြာမာန်ကင်းစေ။
၁၀။ မာနကင်းက၊ မပူရ၊ မုချ ငြိမ်းအေးမည်။

## ၂။ အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ် ဆောင်ပုဒ်များ

၁။ လိမ်ရန်အတွက် မရှက်သူမှာ၊
ခွက်ထဲနည်းကျဉ်း ရေကြွင်းပမာ။
ကျင့်ကြံစောင့်ရေး အားသေးလှစွာ၊
ရဟန်းဖြစ် စင်စစ်တူလှပါ။
၂။ လိမ်ရန်အတွက် မရှက်သူမှာ၊
ခွက်မှရေကြွင်း စွန့်ခြင်းပမာ။
ကျင့်ကြံအားသစ် စွန့်ပစ်မည်ကာ၊
ရဟန်းဖြစ် စင်စစ်တူလှပါ။
၃။ လိမ်ရန်အတွက် မရှက်သူမှာ၊
ရေခွက်ကိုမှောက် ရေခြောက်ပမာ။
အကျင့်ခန်းခြောက် ကွယ်ပျောက်လေကာ၊
ရဟန်းဖြစ် စင်စစ်တူလှပါ။
၄။ လိမ်ရန်အတွက် မရှက်သူမှာ၊
ရေခွက်ထီးတည်း ချည်းနှီးပမာ။
အကျင့်မမှီး ချည်းနှီးဖြစ်ကာ၊
ရဟန်းဖြစ် စင်စစ်တူလှပါ။
၅။ အပြစ်မရှိ၊ ဆင်ခြင်ဘိ၊ မှန်ကြည့်တူစွာ ကျင့်လေပါ။
၆။ မပြုခင်လည်း ဆင်ခြင်ပါ၊ ပြုနေဆဲလည်း ဆင်ခြင်ပါ၊
ပြုပြီးတော့လည်း ဆင်ခြင်ပါ။
၇။ မပြောခင်လည်း ဆင်ခြင်ပါ. . . . . . . . . . . . . . . . ။

http://www.dhammadownload.com



မကြံခင်လည်း ဆင်ခြင်ပါ. . . . . . . . . . . . . . . . ။

၈။ ရှေးကာလကလည်း ရဟန်းသူမြတ်တို့သည် ဆင်ခြင်၍ ကံသုံးပါးကို စင်ကြယ်စေကြသည်။နောက်ကာလ၌လည်း နည်းတူပင် စင်ကြယ်စေကြမည်။ ယခုကာလ၌လည်း နည်းတူပင် စင်ကြယ်စေကြသည်။ သို့ဖြစ်၍ ကံသုံးပါးကို ဆင်ခြင်ကာ စင်ကြယ်စေမည်ဟု ကျင့်ကြံအားထုတ်ရမည်။

## ၃။ မဟာရာဟုလောဝါဒသုတ် ဆောင်ပုဒ်များ

၁။ ကိုယ်ထဲ၌ရှိသော ဆံပင်, မွေးညင်း, လက်သည်း, ခြေသည်း, သွား, အရေ, အသား, အကြော, အရိုး, ခြင်ဆီ အညှို့, နှလုံး, အသည်း, အမြှေး, အဖျဉ်း, အဆုတ်, အူမ, အူသိမ်, အစာသစ်, အစာဟောင်း, (ဦးနှောက်) တို့နှင့် ထို့ပြင်လည်း ကိုယ်ထဲက ခက်မာကြမ်းတမ်းတာဟူသမျှကို ကိုယ်တွင်းပထဝီဓာတ်ခေါ်သည်၊ ကိုယ်ထဲက ခက်မာကြမ်းတမ်းတာလည်း ပထဝီဓာတ်ပင်၊ ကိုယ်ပက တုံး, တိုင်, ကျောက်ခဲ, မြေကြီးခဲ အစရှိတဲ့ ခက်မာကြမ်းတမ်းတာတွေလည်း ပထဝီဓာတ်ပင်၊ ပုဂ္ဂိုလ်သတ္တဝါကောင်မဟုတ်၊ နှစ်သက် သာယာဖွယ်လည်းမဟုတ်၊ ဂုဏ်ထူးမာန်တက်ဖွယ်လည်းမဟုတ်၊ သဘောတရားမျှသာ ဖြစ်သည်။

၂။ ကိုယ်ထဲ၌ရှိသော သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ, မျက်ရည်, ဆီကြည်, တံထွေး, နှပ်,

http://www.dhammadownload.com



အစေး၊ ကျင်ငယ်တို့နှင့် ထို့ပြင်လည်း ကိုယ်ထဲက အရည်စို ဟူသမျှကို ကိုယ်တွင်း အာပေါဓာတ် ခေါ်သည်။ ကိုယ်ထဲက အရည်စိုလည်း အာပေါဓာတ်ပင်၊ ကိုယ်ပက ချောင်းရေ အစရှိတဲ့ အရည်စိုလည်း အာပေါဓာတ်ပင်၊ ပုဂ္ဂိုလ်သတ္တဝါကောင်မဟုတ်၊ သဘောတရားမျှသာ ဖြစ်သည်။

၃။ ကိုယ်ထဲ၌ရှိသော အဖျားရှိန်၊ အပူငွေ့၊ အိုရင့်စေတတ်သော ကိုယ်ငွေ့၊ အလွန်ပြင်းထန်သော အပူငွေ့၊ အစာကြေစေတတ်သော ဝမ်းမီးအပူငွေ့တို့နှင့် ထို့ပြင်လည်း ကိုယ်ထဲ အပူငွေ့ဟူသမျှကို ကိုယ်တွင်း **တေဇောဓာတ်** ခေါ်သည်။ ကိုယ်ထဲက အပူငွေ့လည်း တေဇော ဓာတ်ပင်၊ ကိုယ်ပက ထင်းမီး အစရှိတဲ့ အပူငွေ့လည်း တေဇောဓာတ်ပင်၊ ပုဂ္ဂိုလ် သတ္တဝါကောင်မဟုတ်။

၄။ ကိုယ်ထဲ၌ရှိသော တက်လေ၊ သက်လေ၊ ဝမ်းတွင်းလေ၊ အူတွင်းလေ၊ လက် ခြေ ကိုယ်အင်္ဂါ လျှောက်လေ၊ ရှူရှိုက်လေတို့နှင့် ထို့ပြင်လည်း ကိုယ်ထဲက လေဟူသမျှကို ကိုယ်တွင်း ဝါယောဓာတ်ခေါ်သည်။ ကိုယ်ထဲက လေလည်း ဝါယောဓာတ်ပင်၊ ကိုယ်ပက တောင်လေ မြောက်လေ အစရှိတဲ့လေလည်း ဝါယောဓာတ်ပင်၊ ပုဂ္ဂိုလ်သတ္တဝါကောင်မဟုတ်။

၅။ ကိုယ်ထဲ၌ရှိသော နားပေါက်၊ နှာခေါင်းပေါက်၊ ပါးစပ်ပေါက်၊ လည်ချောင်းပေါက်၊ အစာအိမ်ခေါင်း၊ အူခေါင်းတို့နှင့် ထို့ပြင်လည်း ကိုယ်ထဲက ဟင်းလင်း

http://www.dhammadownload.com



အရုပ်ဟူသမျှကို ကိုယ်တွင်း အာကာသဓာတ်ခေါ်သည်၊ကိုယ်ထဲကဟင်းလင်းအရုပ်လည်း အာကာသဓာတ်ပင်၊ ကိုယ်ပကာ တံခါးပေါက် အစရှိတဲ့ ဟင်းလင်းအရုပ်လည်း အာကာသဓာတ်ပင်၊ ပုဂ္ဂိုလ် သတ္တဝါကောင် မဟုတ်၊ နှစ်သက်သာယာဖွယ်လည်း မဟုတ်၊ ငုဏ်ယူ၍ မာန်တက်ဖွယ်လည်းမဟုတ်၊ သဘောတရားမျှသာ ဖြစ်သည်။

၆။ ကောင်းဆိုးနှစ်ပါး၊ တွေ့သော်ငြား၊ မခြားမြေလိုကျင့်ရမည်။

(အကောင်းနှင့် တွေ့သည်ဖြစ်စေ၊ အဆိုးနှင့်တွေ့သည်ဖြစ်စေ ထူးခြားခြင်းမရှိသော မြေကြီးနှင့်တူအောင်ကျင့်ရမည်-ဟုဆိုလို၏။)

၇။ ကောင်းဆိုးနှစ်ပါး၊ တွေ့သော်ငြား၊ မခြားရေလိုကျင့်ရမည်။

၈။ ကောင်းဆိုးနှစ်ပါး၊ တွေ့သော်ငြား၊ မခြားမီးလိုကျင့်ရမည်။

၉။ ကောင်းဆိုးနှစ်ပါး၊ တွေ့သော်ငြား၊ မခြားလေလိုကျင့်ရမည်။

၁၀။ ဘယ်အရုပ်မှာမျှ မတည်ရ၊ အာကာသလို ကျင့်ရမည်။

၁၁။ မေတ္တာ, ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာလည်း ပွားရမည်။

၁၂။ ရုပ်ကိုယ်ကာယ၊ အသုဘ၊ အနိစ္စလည်း ရှုရမည်။

၁၃။ ရှူရှိုက်လေမှာ၊ ဆယ့်ခြောက်ဖြာ၊ စုံစွာ ရှုရသည်။

http://www.dhammadownload.com



# ၁၃၃၀-ခုနှစ်၊ ကဆုန်လဆုတ် ၁-၂-၃-ရက်နေ့ညများတွင် ကျားကူး ဓမ္မပီမာန်တော်ကြီး၌ ဟောကြားသော ဗုဒ္ဓမြတ်စွာ၏ ဝါတော်စဉ် အကျဉ်းဆောင်ပုဒ်

ပ-ဗာ တိ-ရာ၊ ဝေ-မ-တာ-ဝယ်၊ တဝါစီ ရှု၊ ရှစ် သံသု-နှင့်၊ ကိုးခု စ-ကာ၊ ကော-ပါ-နာ-ဝေ၊ စာ-ဇေ-က-အာ၊ ရာ-စာ- စာ-၌၊ တစ်ဝါစီမျှ၊ ရာ-ဝီသတည့်၊ ထိုမှနောက်ဝယ်၊ ဝါနှစ်ဆယ်နှင့်၊ စွန်းကယ်လေးဖြာ၊ သာဝတ်မှာ၊ ဆုံးဝါ ဝေဠုတည်း။

## ရှင်းလင်းချက်

ပ-ဗာ =ပထမဝါ ဗာရာဏသီပြည် မိဂဒါဝုန်။

တိ-ရာ =တိ-သုံးဝါ (ဒုတိယ, တတိယ, စတုတ္ထ ဝါ)ရာဇဂြိုဟ် ဝေဠုဝန်ကျောင်း။

ဝေ-မ-တာ-ဝယ်၊ တစ်ဝါစီ ရှု=ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရသာလာ၌ ပဉ္စမ ဝါ၊ မကုလတောင်၌ ဆဋ္ဌမ ဝါ၊ တာဝတိံသာ၌ သတ္တမ ဝါ၊ ဤသို့ ဤ၃-ဌာန၌ တစ်ဝါစီ။

ရှစ် သံသု= ရှစ်ခုမြောက် ဝါ သံသုမာရဂိရမြို့၌ သီတင်း

http://www.dhammadownload.com



သုံးသည်။

ကိုးခု စ-ကာ၊ ကော-ပါ-နာ-ဝေ၊ စာ-ဇေ-က-အာ၊ ရာ-စာ-စာ-၌၊ တစ်ဝါစီမျှ -ဟူရာဝယ် ကောသမ္ဗီပြည်၌ ကိုးခုမြောက်ဝါ ဤသို့ စသည်ဖြင့် အတိုကောက်ဌာနအမည် တစ်ခုတစ်ခု၌ တစ်ဝါစီမျှ မှတ်ရန်ဖြစ်သည်၊ ထိုကြောင့် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ နဝမဝါ၊ ပါလိလေယျကခေါ် ပလလဲ တော၌ ဒသမဝါ၊ နာလာမည်သော ပုဏ္ဏားရွာ၌ ကောဒသမ ဝါ၊ ဝေရဉ္ဇာပြည်၌ ဒွါဒသမ ဝါ၊ စာလိယတောင်၌ တေရသမ၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ စုဒ္ဒသမ ဝါ၊ ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ ပန္နရသမ ဝါ၊ အာဠဝီပြည်၌ သောဠသမ ဝါ၊ ရာဇဂြိုဟ်၌ သတ္တရသမ ဝါ၊ စာလိယတောင်၌ အဋ္ဌာရသမ တစ်ဆယ့်ရှစ်ခုမြောက်-ဝါနှင့် ဧကူနဝီသတိမ-တစ်ဆယ့်ကိုးခု မြောက်ဝါ၊ ဤသို့ မှတ်ရမည်။

ရာ- ဝီသတည့် = ရာဇဂြိုဟ်၌ ဝီသတိမ- နှစ်ဆယ်မြောက်ဝါ။

ထိုမှနောက် ၂၄-ဝါမှာ သာဝတ္ထိပြည်၌ သီတင်းသုံးသည်၊ ထို ၂၄-ဝါတွင် ဇေတဝန်၌ ၁၈-ဝါ၊ ပုဗ္ဗာရုံ၌ ၆-ဝါ၊ ၄င်းတို့၌ ၁၅-ဝါမြောက် ဝါကို ထည့်လျှင် သာဝတ္ထိ၌ ၂၅-ဝါဖြစ်သည်။

ဆုံး ဝါ ဝေဠုတည်း = ၄၅ ဝါမြောက် နောက်ဆုံးဝါမှာ ဝေသာလီမြို့အနီး ဝေဠုဝရွာ၌ သီတင်းသုံးကြောင်း မဟာပရိနိဗ္ဗာနသုတ်၌ ပြဆိုထားသည်။

http://www.dhammadownload.com



## အကျယ်ဆောင်ပုဒ်များ

၁။ ပဋ္ဌမဝါ၊ မိဂဒါ၊ သုံးဝါ ရာဇဂြိုဟ်။

၂။ ဝေ-မကုလ၊ ငါး-ခြောက်ကျ၊ တာဝ ခုနစ် ဆို။

၃။ သံသု- ကောသမ်၊ ရှစ်-ကိုးစံ၊ ဆယ်တန် ပါလိ ဆို။

၄။ နာလာ ဆယ့်တစ်၊ တစ်ဆယ့်နှစ်၊ မှတ်လစ် ဝေရဉ် ဆို။

၅။ စာ-ဇေ-ကပိ၊ အာဠဝိ၊ ကပ်၏ တစ်စီ ဆို။

၆။ ရာဇဂြိုဟ် တစ်၊ စာလီ နှစ်၊ ထပ်လစ် ရာဇဂြိုဟ်။

၇။ နှစ်ဆယ့်လေးခါ၊ သာဝတ်မှာ၊ ဆုံးဝါ ဝေဠု ဆို။

၈။ နှစ်ဆယ့်လေးဝါမှ၊ ခြောက်ပုဗ္ဗ၊ ဇေတ အကြွင်း ဆို။

**(အင်္ဂုတ္တရ အဋ္ဌကထာ ဒုတိယနှာ-၃၀၊ ဓမ္မပဒ အဋ္ဌကထာ ပဌမနှာ-၃)**

## ၁၃၃၀-ခုနှစ်၊ နယုန်လပြည့်နေ့ ဟောကြားတော်မူသော အာနာပါနဿတိကမ္မဋ္ဌာန်း ဆောင်ပုဒ်များ

၁။ ရှု+ရှိုက်လေမှာ၊ ဆယ့်ခြောက်ဖြာ၊ စုံစွာရှုရသည်။

၂။ အမှတ်ရလျက်သာ၊ရှု+ရှိုက်ပါ၊ ညွှန်တာအကျဉ်းမှတ်။

(အမှတ်ရလျက်သာ ရှုသွင်း၏၊ အမှတ်ရလျက်သာ ရှုထုတ်၏-ဟူသော ညွှန်ပြချက်ကို အကျဉ်းချုပ်ဟုမှတ်။)

၃။ အကျယ်ဖွင့်ပြ၊ စတုက္က၊ လေးဝ ဆယ့်ခြောက်ရပ်။

(ထိုအကျဉ်းချုပ်ကိုပင် စတုက္က ၄-ပါး၊ နည်း ၁၆-ပါးတို့ဖြင့် အကျယ်ဖွင့်ပြသည်ဟု ဆိုလို၏။)

၄။ ရှည်+တို သိလတ်၊ စဉ်တိုင်းမှတ်၊ ၂-ရပ်ပ+ဒု-သာ။

(ရှည်သော ရှုရှိုက်လေကို သိတာက ပထမနည်း၊ တိုသော ရှုရှိုက်လေကို သိတာက ဒုတိယနည်း။)

http://www.dhammadownload.com



၅။ လုံးစုံ သိက၊ တတိယ၊ ငြိမ်းက စတုတ္ထာ။

(စ-လယ်-အဆုံး အကုန်လုံး သိတာက တတိယနည်း၊ ကြမ်းသော ရှူရှိုက်လေကို ငြိမ်းစေတာက စတုတ္ထနည်း။)

၆။ ပ-စတုက္က ၄-နည်းပြ ကာယာနုပဿနာ။

(ပထမ စတုက္က ၄-နည်းဖြင့် ကာယာနုပဿနာကိုပြသည်၊)

၇။ ပီတိ+သုခ၊ သိပြန်က၊ ပဌ ဆဋ္ဌမာ။

(ပီတိကို သိသည်ဟု ပြတာက ပဌမနည်း၊ သုခကိုသိသည်ဟု ပြတာက ဆဋ္ဌမနည်း။)

၈။ စိတ်သင်္ခါရ သတ္တမ၊ အဋ္ဌငြိမ်းစေရာ။

(စိတ္တသင်္ခါရခေါ် ဝေဒနာ, သညာကို သိတာက သတ္တမ နည်း၊ ၎င်းတို့ကို ငြိမ်းစေတာက အဋ္ဌမနည်း။)

၉။ ဒု-စတုက္က၊ ၄-နည်းပြ၊ ဝေဒနာအနုပဿနာ။

(ဒုတိယ စတုက္က ၄-နည်းဖြင့် ဝေဒနာအနုပဿနာကို ပြသည်။)

၁၀။ စိတ်ကို သိက၊ နဝမ၊ တက်ကြွ ဒသမာ။

(စိတ်ကို သိသည်ဟု ပြတာက နဝမနည်း၊ စိတ်ကိုဝမ်းမြောက် တက်ကြွစေသည်ဟု ပြတာက ဒသမနည်း။)

၁၁။ စိတ်ကို ထားလစ်၊ တစ်ဆယ့်တစ်၊ ဆယ့်နှစ် လွတ်စေရာ။

(စိတ်ကို တည်တံ့စွာ ထားတာက ဧကာဒသမနည်း၊ လွတ်မြောက်စေတာက ဒွါဒသမနည်း။)

၁၂။ တ-စတုက္က၊ ၄-နည်းပြ၊ စိတ္တ အနုပဿနာ။

(တတိယ စတုက္က ၄-နည်းဖြင့် စိတ္တာနုပဿနာကိုပြသည်၊)

၁၃။ အနိစ္စနှင့်၊ ဝိရာဂ၊ ရှုရ နိရောဓာ။

http://www.dhammadownload.com



၁၄။ ပဋိနိဿဂ်၊ ရှုပြန်လျက်၊ လေးချက် နောက်ဆုံးပါ။

(အနိစ္စဟု ရှုလျက်၊ ဝိရာဂကို ရှုလျက်၊ နိရောဓကို ရှုလျက်၊ ပဋိနိဿဂ္ဂအားဖြင့် ရှုလျက် ရှူ+ရှိုက်သည်ဟု ပြသော ဤ၄-ချက်သည် နောက်ဆုံး စတုက္ကဖြစ်သည်။)

၁၅။ စ-စတုက္က၊ ၄-နည်းပြ၊ ဓမ္မ အနုပဿနာ။

(စတုတ္ထ စတုက္က ၄-နည်းဖြင့် ဓမ္မာနုပဿနာကို ပြသည်၊)

၁၆။ သို့ ရှုပါက၊ ကျိုးများလှ၊ ဗုဒ္ဓ ဟောမိန့်မှာ။

၁၇။ သမထအရာ၊ နှာသီးမှာ၊ ထိတာ ရှုရသည်။

(သမထအရာဖြစ်လျှင် နှာသီးဖျားနှင့် အထက်နှုတ်ခမ်း၌ ထိရာက ရှုရသည်။)

၁၈။ နေရာတိုင်းမှာ၊ ဝိပဿနာ၊ မှန်စွာရှုရသည်။

(ဝိပဿနာအရာဖြစ်လျှင် ရှူရှိုက်လေ ထိရာတိုင်းမှာ ရှုနိုင်သည်၊ ထို့ကြောင့်ပင် စတုတ္ထ စတုက္ကအရာ၌ ခန္ဓာငါးပါး စသည်တို့ကိုလည်းကောင်း၊ ကေသာ လောမာ-စသည်တို့ကိုလည်းကောင်း၊ အနိစ္စစသည်ဖြင့် ရှုရန် ပဋိသမ္ဘိဒါမဂ်၌ အကျယ်ဖွင့်ပြထားပေသည်။)

## မဟာရာဟုလောဝါဒသုတ် အာနာပါနကမ္မဋ္ဌာန်း ပထမ စတုက္ကနှင့် စပ်၍ ထည့်သွင်းဟောကြားသော မဟာသတိပဋ္ဌာန် ကာယာနုပဿနာပိုင်းဆိုင်ရာ ဆောင်ပုဒ်များ

၁။ သွားတာရပ်တာ၊ ထိုင်လျောင်းတာ၊ မှန်စွာသိရမည်။

၂။ ရှေ့သွား နောက်ပြန်၊ ရှုကြည့်ဟန်၊ အမှန်သိရမည်။

၃။ ကွေးတာ ဆန့်တာ၊ ကိုင်ယူတာ၊ မှန်စွာသိရမည်။

http://www.dhammadownload.com



၄။ စားတာ သောက်တာ၊ ခဲ-လျက်တာ၊ မှန်စွာ သိရမည်။
၅။ ကျင်ကြီးတဖြာ၊ ကျင်ငယ်ပါ၊ စွန့်တာ သိရမည်။
၆။ ကိုယ်အမူအရာ၊ ပြုတိုင်းမှာ၊ မှန်စွာသိရမည်။

## မဟာရာဟုလောဝါဒသုတ် အာနာပါနကမ္မဋ္ဌာန်း ဒုတိယ စတုက္ကနှင့် စပ်၍ ထည့်သွင်းဟောကြားသော မဟာသတိပဋ္ဌာန် ဝေဒနာနုပဿနာပိုင်းဆိုင်ရာ ဆောင်ပုဒ်များ

၁။ ကိုယ်ထဲ, စိတ်ထဲ၌ ချမ်းသာမှု, ကောင်းမှုဖြစ် ပေါ်လာလျှင် ချမ်းသာသည်, ကောင်းသည်, ဝမ်းသာသည် စသည်ဖြင့် ရှုရမည်။
၂။ ကိုယ်ထဲ, စိတ်ထဲ၌ စိတ်ဆင်းရဲမှု, မခံသာမှုဖြစ်ပေါ်လာလျှင် ဆင်းရဲသည်, အခံခက်သည်, နာသည်, ကျင်သည်, စိတ်ညစ်သည် စသည်ဖြင့် ရှုရမည်။
၃။ မဆိုး, မကောင်း အလယ်အလတ် ခံစားမှုဖြစ်ပေါ်လာလျှင် မဆိုးလှဘူး, မကောင်းလှဘူး, နေသာသည် စသည်ဖြင့် ရှုရမည်။
၄။ (အိမ်သူ အိမ်သား, စီးပွားဥစ္စာ စသော) ကာမဂုဏ်နှင့် စပ်၍ ဖြစ်သော စိတ်ရွှင်လန်း ဝမ်းသာမှုကို သာမိသသုခ(ကာမဂုဏ်အစာနှင့် စပ်သော ချမ်းသာမှု) ဟုခေါ်သည်။
၅။ ဒါန, သီလ, ဘာဝနာ လောကုတ္တရာနှင့်စပ်၍ ဖြစ်သော စိတ်ရွှင်လန်း ဝမ်းသာမှုကို နိရာမိသသုခ (ကာမဂုဏ်အစာနှင့် မစပ်သော ချမ်းသာ) ဟုခေါ်သည်။ ဤ

http://www.dhammadownload.com



ချမ်းသာ ၂-မျိုးကိုလည်း ဖြစ်ပေါ်လာတိုင်း ရှုရမည်။

၆။ ကာမဂုဏ်နှင့်စပ်၍ဖြစ်သော စိတ်နှလုံးမသာမှုကို သာမိသဒုက္ခ (ကာမဂုဏ်အစာနှင့် စပ်သော ဆင်းရဲ) ဟုခေါ်သည်။

၇။ ဒါန, သီလ, ဘာဝနာ လောကုတ္တရာနှင့်စပ်သော စိတ်ပင်ပန်းမှုကို နိရာမိသဒုက္ခ (ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲ) ဟုခေါ်သည်။ ဤဆင်းရဲ ၂-မျိုးကိုလည်း ဖြစ်ပေါ်လာတိုင်း ရှုရမည်။

၈။ ကာမဂုဏ်နှင့်စပ်၍ ဖြစ်သော မဆိုး မကောင်း အလယ်အလတ်သဘောကို သာမိသဥပေက္ခာ (ကာမဂုဏ်အစာနှင့် စပ်သော လျစ်လျူရှုမှု) ဟုခေါ်သည်။

၉။ ဒါန, သီလ, ဘာဝနာ လောကုတ္တရာနှင့်စပ်၍ ဖြစ်သော မဆိုး, မကောင်း အလယ်အလတ် သဘောကို နိရာမိသဥပေက္ခာ (ကာမဂုဏ်အစာနှင့် မစပ်သော လျစ်လျူရှုမှု) ဟုခေါ်သည်။ ဤ ဥပေက္ခာ ၂-မျိုးကိုလည်း ဖြစ်ပေါ်လာတိုင်း ရှုရမည်။

http://www.dhammadownload.com



# မဟာရာဟုလောဝါဒသုတ် အာနာပါနကမ္မဋ္ဌာန်း တတိယ စတုက္ကနှင့် စပ်၍ ထည့်သွင်းဟောကြားသော မဟာသတိပဋ္ဌာန် စိတ္တာနုပဿနာပိုင်းဆိုင်ရာ ဆောင်ပုဒ်များ

၁။ ရာဂ ရှိတာ၊ မရှိတာ၊ နှစ်ဖြာစိတ်ကို သိရမည်။

၂။ ဒေါသရှိတာ၊ မရှိတာ၊ နှစ်ဖြာစိတ်ကို သိရမည်။

၃။ မောဟ ရှိတာ၊ မရှိတာ၊ နှစ်ဖြာစိတ်ကို သိရမည်။

၄။ တွန့်ဆုတ်လျော့တာ၊ ပျံ့လွင့်တာ၊ နှစ်ဖြာစိတ်ကို သိရမည်။

၅။ ဈာန်စိတ်ဟုတ်တာ၊ မဟုတ်တာ၊ နှစ်ဖြာစိတ်ကို သိရမည်။

၆။ လွန်ကဲ ရှိတာ၊ မရှိတာ၊ နှစ်ဖြာစိတ်ကို သိရမည်။ (အောက်တန်းကျတာ၊ လွန်မြတ်တာ၊ နှစ်ဖြာစိတ်ကို သိရမည်။)

၇။ စူးစိုက် တည်တာ၊ မတည်တာ၊ နှစ်ဖြာစိတ်ကို သိရမည်။

၈။ မလွတ်မြောက်တာ၊ လွတ်မြောက်တာ၊ နှစ်ဖြာစိတ်ကို သိရမည်။

http://www.dhammadownload.com



## ဓမ္မပဒပါဠိတော်လာ စိတ္တာနုပဿနာပိုင်းဆိုင်ရာ ဆောင်ပုဒ်များ

၁။ နိမ်နိုင်ခဲစွ၊ လျင်မြန်လှ၍၊ သူကျလိုရာ၊ ကျတတ်ပါသည့်၊ ဝိညာဏသွမ်း၊ စိတ်သရမ်းကို၊ စောင့်ဖမ်းရှုရေး၊ ဆုံးမပေး၍၊ ယဉ်ကျေးလိမ်မာ၊ သူဖြစ်လာသော်၊ ချမ်းသာဆောင်ပေးတတ်သတည်း။ (ဂါထာ အမှတ် ၃၅)

၂။ မြင်နိုင်ခဲစွ၊ သိမ်မွေ့လှ၍၊ သူကျလိုရာ၊ ကျတတ်ပါသည့်၊ ဝိညာဏသွမ်း၊ စိတ်သရမ်းကို၊ စောင့်ဖမ်းရှုကာ၊ လုံခြုံပါမူ၊ ချမ်းသာဆောင်ပေးတတ်သတည်း။

## ၁၃၃၀-ပြည့်နှစ်၊ နယုန်လပြည့်နေ့ ဟောကြားတော်မူသော စူဠရာဟုလောဝါဒသုတ် ဆောင်ပုဒ်များ

၁။ သဒ္ဓါဝီရိ၊ သတိ သမာ၊ မြတ်ပညာ၊ ငါးဖြာ ဣန္ဒြေ။

၂။ ဣန္ဒြေငါးပါး၊ မဲ့သူများ၊ ရှောင်ရှားဝေးစွာနေ။

၃။ ဣန္ဒြေငါးရပ်၊ ရှိသူမြတ်၊ ဆည်းကပ်မှီဝဲလေ။

၄။ ကြည်ညိုဖွယ်သုတ္တန်၊ သမ္ပပ္ပဓာန်နှင့်၊ သတိပဋ္ဌာန်တဝ၊ ဝိမောက္ခစျာန်၊ နက်နဲဉာဏ်၊ သုတ္တန်ဆင်ခြင်လေ။

၅။ ရှောင်ခြင်းငါးလီ၊ မှီခြင်းငါးအင်၊ ဆင်ခြင်ငါးပါး၊ ဤဆယ့်ငါး၊ မှတ်သားဝိမုတ် ရင့်ကြောင်းတွေ။

၆။ ဣန္ဒြေရင့်ခါ၊ ကျင့်ကြားနာ၊ လျင်စွာ မဂ်ဖိုလ်ရောက်တတ်ပေ။

http://www.dhammadownload.com



## သုတ်၏ ဘာသာပြန် အကျဉ်းချုပ်

၁။ မျက်စိသည် မြဲသလော၊ မမြဲသလော။ (မမြဲပါအရှင်ဘုရား။)

မမြဲသော တရားသည် ဆင်းရဲလော၊ ချမ်းသာလော။ (ဆင်းရဲပါအရှင်ဘုရား။)

မမြဲ ဆင်းရဲ ပြောင်းလဲ ဖောက်ပြန်တတ်သော တရားကို ငါ့ဥစ္စာဟု သာယာသိမ်းပိုက်ထားရန် သင့်ပါမည်လော။ (မသင့်ပါအရှင်ဘုရား။)

ငါပဲဟု ဂုဏ်ယူ၍ မာန်တတ်ရန်ကော သင့်ပါမည်လော။ (မသင့်ပါအရှင်ဘုရား။)

ငါ၏ အတ္တအထည်ကိုယ်ဟု ထင်မှတ်စွဲလမ်းရန်ကော သင့်ပါမည်လော။ (မသင့်ပါ အရှင်ဘုရား။)

၂။ မြင်ရသည့် အဆင်းသည် မြဲသလော၊ မမြဲသလော။ (မမြဲ ပါအရှင်ဘုရား။)

၃။ မြင်သိမှုသည်. . . ၄။ မြင်တွေ့မှုသည်. . . ၅။ မြင်တွေ့လို့ ပေါ်လာသော ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တရားစုသည် မြဲသလော၊ မမြဲသလော။ (မမြဲပါ အရှင် ဘုရား။)

၁။ နားသည် ၂။ ကြားနာရသည့် အသံသည်. . ၃။ ကြားသိမှုသည် (၄-၅ နည်းတူဖော်လေ။)

၁။ နှာခေါင်းသည် ၂။နံရသည့် အနံ့သည်. . ၃။ နံသိမှုသည် (၄-၅ နည်းတူဖော်လေ။)

၁။ လျှာသည် ၂။အရသာသည်. . ၃။ အရသာ သိမှုသည် (၄-၅ နည်းတူဖော်လေ။)

http://www.dhammadownload.com



၁။ ကိုယ်သည် ၂။ အတွေ့သည်. . ၃။ ထိသိမှုသည် (၄-၅ နည်းတူဖော်လေ။)

၁။ စိတ်နှလုံးသည် ၂။ သဘောအာရုံသည်. . ၃။ ကြံသိမှုသည် (၄-၅ နည်းတူဖော်လေ။)

ယခုမေး-ဖြေခဲ့သည့်အတိုင်း သိမြင် သဘောကျလျှင် မျက်စိ၌လည်း ငြီးငွေ့သည်။ အဆင်း၌လည်း- မြင်သိမှု၌လည်း- မြင်တွေ့မှု၌လည်း- မြင်တွေ့လို့ ဖြစ်ပေါ်လာသော ဝေဒနာ, သညာ,သင်္ခါရ, ဝိညာဏ်တရား၌လည်း- နား၌လည်း- အသံ၌လည်း- ကြားသိမှု၌လည်း- နှာခေါင်း၌လည်း- အနံ့၌လည်း- နံသိမှု၌လည်း- လျှာ၌လည်း- အရသာ၌လည်း- အရသာသိမှု၌လည်း- ကိုယ်၌လည်း- အတွေ့၌လည်း- ထိသိမှု၌လည်း- စိတ်နှလုံး၌လည်း- သဘော အာရုံ၌လည်း- ကြံတွေ့မှု၌လည်း- ကြံတွေ့လို့ ဖြစ်ပေါ်လာသော ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် တရားစု ၌လည်း ငြီးငွေ့သည်။ ငြီးငွေ့လျှင် တပ်မက်ကင်းသည်။ တပ်မက်ကင်းသောကြောင့် လွတ်မြောက်သည်၊ လွတ်မြောက်လျှင် လွတ်မြောက်ပြီဟု သိလေတော့သည်။ "ဘဝအသစ် ဖြစ်မှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်ပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤကိစ္စအတွက် တစ်ဖန်ပြုရန် မရှိတော့ပြီ"ဟု ကိုယ်တိုင်သိလေတော့သည်။

http://www.dhammadownload.com



# ၁၃၃၀-ပြည့်နှစ်၊ တော်သလင်းလပြည့်နေ့မှစ၍ ဟောကြားတော်မူသော အာနာပါန- စတုတ္ထ စတုက္ကနှင့် နိဝရဏ ဓမ္မာနုပဿနာ ဆောင်ပုဒ်များ

၁။ အနိစ္စနှင့်၊ ဝိရာဂ၊ ရှုရ နိရောဓာ။

၂။ ပဋိနိဿဂ်၊ ရှုပြန်လျက်၊ လေးချက် နောက်ဆုံးပါ။

၃။ စ-စတုက္က၊ ၄-နည်းပြ၊ ဓမ္မ အနုပဿနာ။

၄။ အာရုံနှင့် မှတ်စိတ် ပျက်ပြယ်သွားတာက ခယဝိရာဂ။

၅။ သင်္ခါရအားလုံး မပေါ်လာဘဲ ကင်းတာက အစ္စန္တဝိရာဂ။

၆။ ဤဝိရာဂ နှစ်မျိုးကို မှတ်လျက် ရောက်လျက် တွေ့မြင်တာက ဝိရာဂါနုပဿနာ။

၇။ အာရုံနှင့် မှတ်စိတ် ချုပ်ဆုံးသွားတာက ခယနိရောဓ။

၈။ သင်္ခါရအားလုံး မပေါ်လာဘဲ ချုပ်ငြိမ်းသွားတာက အစ္စန္တနိရောဓ။

၉။ ဤနိရောဓ နှစ်ပါးကို မှတ်လျက် ရောက်လျက် တွေ့မြင်တာက နိရောဓာနုပဿနာ။

၁၀။ မရှုမိတဲ့ အာရုံ၌ ဖြစ်နိုင်သည့် ကိလေသာခန္ဓာတို့ကို စွန့်လွှတ်သော ရှုမှတ်မှုက ပရိစ္စာဂပဋိနိဿဂ္ဂ။

၁၁။ နိဗ္ဗာန်အာရုံထဲသို့ ပြေးဝင်သွားသလို ဖြစ်သော အရိယာမဂ်က ပက္ခန္ဒနပဋိနိဿဂ္ဂ။

၁၂။ ဤသို့ စွန့်လွှတ်လျက် ပြေးဝင်လျက် ရှုမြင်တာက ပဋိနိဿဂ္ဂါနုပဿနာ။

http://www.dhammadownload.com



# နီဝရဏ ဓမ္မာနုပဿနာ ဆောင်ပုဒ်များ
# (၁-ကာမစ္ဆန္ဒ)

၁။ တင့်တယ်ဟန်များ၊ ရှုစဉ်းစား၊ ဖြစ်ပွား ကာမစ္ဆန်။

၂။ မတင့်တယ်အား၊ ရှုစဉ်းစား၊ ပယ်ရှား ကာမစ္ဆန်။

၃။ မမြဲတာကို မြဲသည်ဟု ရှုတာက အယောနိသော မနသိကာရ။

၄။ မမြဲတာကို မမြဲဟု ရှုတာက ယောနိသော မနသိကာရ။

၅။ ဆင်းရဲကို ချမ်းသာဟု ရှုတာက အယောနိသော မနသိကာရ။

၆။ ဆင်းရဲကို ဆင်းရဲဟု ရှုတာက ယောနိသော မနသိ ကာရ။

၇။ ငါကောင် မဟုတ်တာကို ငါကောင်ဟု ရှုတာက အယောနိသော မနသိကာရ။

၈။ ငါကောင် မဟုတ်တာကို ငါကောင်မဟုတ်ဟု ရှုတာက ယောနိသော မနသိကာရ။

၉။ မတင့်တယ်တာကို တင့်တယ်သည်ဟု ရှုတာက အယောနိသော မနသိကာရ။

၁၀။ မတင့်တယ်တာကို မတင့်တယ်ဟု ရှုတာက ယောနိသော မနသိကာရ။

၁၁။ ရှုံ့ဖွယ်ထင်စေ၊ ပွားလျက်နေ၊ ဣန္ဒြေစောင့်စည်းရာ။

၁၂။ စားသောက်တိုင်းရှေ့ မိတ်ကောင်းစေ၊ ပြောလေသင့်လျော်သာ။

၁၃။ ကာမစ္ဆန္ဒ၊ ပယ်ကြောင်းပြ၊ ခြောက်ဝ အဌကထာ။

http://www.dhammadownload.com



## (၂-ဗျာပါဒ)

၁။ စိတ်ဆိုးဖွယ်များ၊ ရှုစဉ်းစား၊ ဖြစ်ပွားဗျာပါဒ။

၂။ မေတ္တာတရား၊ ရှေးရှုပွား၊ ပယ်ရှား ဗျာပါဒ။

၃။ မေတ္တာထင်စေ၊ ပွားလျက်နေ၊ ရှုလေ ကံဥစ္စာ။

၄။ ဆင်ခြင်များစေ၊ မိတ်ကောင်းစေ၊ပြောလေ
သင့်လျော်သာ။

၅။ ဗျာပါဒေါသ၊ ပယ်ကြောင်းပြ၊ ခြောက်ဝ အဋ္ဌကထာ။

## (၃-ထိနမိဒ္ဓ)

၁။ ပျင်းရိဖွယ်များ၊ ရှုစဉ်းစား၊ ဖြစ်ပွားထိုင်းမှိုင်းမှု။

၂။ လုံ့လ သုံးပါး၊ နှလုံးထား၊ ပယ်ရှား ထိုင်းမှိုင်းမှု။

၃။ အစားလွန်ကြဉ်၊ နေထိုင်ပြင်၊ ဆင်ခြင်ရောင်လင်းမှာ။

၄။ လွင်ပြင်မှာနေ၊ မိတ်ကောင်းစေ၊ ပြောလေ သင့်လျော်သာ။

၅။ ထိနမိဒ္ဓ၊ ပယ်ကြောင်းပြ၊ ခြောက်ဝ အဋ္ဌကထာ။

## (၄-ဥဒ္ဓစ္စကုက္ကုစ္စ)

၁။ ပူပန်ဖွယ်များ၊ ရှုစဉ်းစား၊ ဖြစ်ပွား ပျံ့-ပူပန်။

၂။ ငြိမ်းအေးတရား၊ ရှုပွားများ၊ ပယ်ရှား ပျံ့-ပူပန်။

၃။ များစွာကြားမြင်၊ မေးမြန်းလျှင်။ ကျွမ်းကျင်ဝိနည်းမှာ။

၄။ ကြီးသူမှီနေ၊ မိတ်ကောင်းစေ၊ ပြောလေ သင့်လျော်သာ။

၅။ ပျံ့လွင့် ပူပန်၊ ပယ်ကြောင်းမှန်၊ ခြောက်တန် ဋ္ဌ-မိန့်မှာ။

http://www.dhammadownload.com



## (၅-ဝိစိကိစ္ဆာ)

၁။ မယုံဖွယ်များ၊ တွေးစဉ်းစား၊ ယုံမှားဖြစ်တတ်သည်။

၂။ ကုသိုလ်စသား၊ ရှုပိုင်းခြား၊ ယုံမှား ကင်းပျောက်သည်။

၃။ များစွာကြားမြင်၊ မေးမြန်းလျှင်၊ ကျွမ်းကျင်ဝိနည်းမှာ။

၄။ ဆုံးဖြတ်များပေ၊ မိတ်ကောင်းစေ၊ ပြောလေ သင့်လျော်သာ။

၅။ ယုံမှားပယ်ရန်၊ ကြောင်းခြောက်တန်၊ ထုတ်ပြန် အဋ္ဌကထာ။

http://www.dhammadownload.com



# ၁၃၃၀-ပြည့်နှစ် သီတင်းကျွတ် လပြည့်နေ့မှစ၍ ဟောကြားတော်မူသော ပဋ္ဌာန်းတရားတော်နှင့် ခန္ဓာဓမ္မာနုပဿနာ ဆောင်ပုဒ်များ

ပစ္စည်းဆိုတာက အကြောင်းတရား၊ ပစ္စယုပ္ပန်ဆိုတာက အကျိုးတရား။

(က) ကမ္မပစ္စယော-ပြုမှုဖြစ်၍ ကျေးဇူးပြုသော တရား။

၁။ စေတနာက ကမ္မပစ္စည်း၊ ယှဉ်ဘက်နာမ်နှင့် စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်က ပစ္စယုပ္ပန်။

၂။ ကုသိုလ် အကုသိုလ် စေတနာက ခဏကွဲ ကမ္မပစ္စည်း၊ အကျိုးခန္ဓာက ပစ္စယုပ္ပန်။

(ခ) ဝိပါကပစ္စယော- အကျိုးဖြစ်၍ ကျေးဇူးပြုသောတရား။

၁။ ဝိပါက် စိတ်နာမ်က ဝိပါကပစ္စည်း၊ ယှဉ်ဘက်နာမ်နှင့် စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်က ပစ္စယုပ္ပန်။

(ဂ) အာဟာရပစ္စယော- အားသစ်ပေး၍ ကျေးဇူးပြုသော တရား။

၁။ သြဇာရုပ်က အာဟာရပစ္စည်း၊ တစ်ကိုယ်လုံးရှိ ရုပ်က ပစ္စယုပ္ပန်။

၂။ ဖဿ စေတနာ ဝိညာဏ်က အာဟာရပစ္စည်း၊ ယှဉ်ဘက်နာမ်နှင့် စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်က ပစ္စယုပ္ပန်။

(ဃ) ဣန္ဒြိယ ပစ္စယော-အုပ်စိုး၍ ကျေးဇူးပြုသောတရား။

http://www.dhammadownload.com



၁။ မျက်စိ, နား, နှာ, လျှာ, ကိုယ်- ဤရုပ် ၅-ပါးက ဣန္ဒြိယ ပစ္စည်း၊ မြင်မှုစသော စိတ်နာမ် ၅-ပါးက ပစ္စယုပ္ပန်။

၂။ ဇီဝိတခေါ် အသက်ရုပ်က ဣန္ဒြိယပစ္စည်း၊ တွဲဖက်ကမ္မဇရုပ်က ပစ္စယုပ္ပန်။

၃။ ဇီဝိတခေါ် အသက်နာမ်နှင့် စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ ဤရှစ်ပါးက ဣန္ဒြိယပစ္စည်း၊ ယှဉ်ဖက်နာမ်နှင့် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်က ပစ္စယုပ္ပန်။

(အထူးလျှောက်တောင်းပန်ချက်ရှိ၍ ဤ၄-ပစ္စည်းကို ထည့်သွင်းဟောသည်)

## ခန္ဓဓမ္မာနုပဿနာ ဆောင်ပုဒ်များ

(၁) ထင်လွှဲ သာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာ ဥပါဒါန်။

(၂) ငါ ငါ့ဥစ္စာ၊ စွဲနိုင်တာ၊ ဥပါဒါနက္ခန်။

(၃) ရုပ် ဝေ သညာ၊ သင်္ခါရာ၊ ဝိညာ ဤငါးတန်။

(၄) ဒါက အာရုံကို မသိတတ်တဲ့ရုပ်ပဲ၊ ဒါက ရုပ်၏ဖြစ်မှုပဲ၊ ဒါက ရုပ်၏ ပျက်မှုပဲ-ဟုသိရမည်။

(၅) ဒါက အကောင်းအဆိုး ခံစားတတ်တဲ့ ဝေဒနာပဲ၊ ဒါက ဝေဒနာ၏ ဖြစ်မှုပဲ။

(၆) ဒါက မှတ်သားတတ်တဲ့ သညာပဲ၊ ဒါက ပြုလုပ်တတ်တဲ့ သင်္ခါရတွေပဲ. . . ဒါက သိတတ်တဲ့ စိတ်ပဲ။

၁။ ပထဝီ, အာပေါ, တေဇော, ဝါယော မဟာဘုတ် ၄-ပါး။

http://www.dhammadownload.com



၂။ မျက်စိ, နား, နှာ, လျှာ, ကိုယ် အကြည်ရုပ် ၅-ပါး။

၃။ အဆင်း, အသံ, အနံ့, အရသာ, အတွေ့-အာရုံရုပ် ၅-ပါး။

(အတွေ့ဆိုတာ၊ ပ-တေ-ဝါ၊ မဟာဘုတ်ပင်တည်း။)

၄။ မိန်းမဖြစ်ကြောင်းမျိုးစေ့၊ ယောကျ်ားဖြစ်ကြောင်း မျိုးစေ့-ဘာဝရုပ်က ၂-ပါး။

၅။ အသက်, နှလုံး, အာဟာရ သီးခြားရုပ်က ၃-ပါး။

၆။ ဘုတ်, လေးကြည်, ငါး၊ အာရုံ, ငါး၊ နှစ်ပါးဘာဝမည်။

၇။ သီးခြားသုံးပါ၊ ဆယ့်ရှစ်ဖြာ၊ သဘာဝရုပ်မည်။

၈။ သဘာဝရုပ်ခေတ်၊ ပရမတ်၊ ဝိပဿနာရှုရသည်။

၉။ ကြွင်းရုပ်ဆယ်ဖြာ၊ ပညတ်သာ၊ ရှုစရာမလိုပြီ။

၁၀။အာကာသခေတ်၊ နှစ်ဝိညတ်၊ ပေါ့လတ်, နူး, ခံ့သည်။

၁၁။ဖြစ်, ပွား, ရင့်လတ်၊ သေပျက်မှတ်၊ ပညတ်ရုပ်ဆယ်မည်။

http://www.dhammadownload.com



# ၁၃၃၀-ပြည့်နှစ်၊ နတ်တော်လပြည့်နှင့် လကွယ်နေ့များ၌ ဟောကြားသော ခန္ဓာဓမ္မ နုပဿနာတရားတော်-ရူပက္ခန္ဓာ ဆောင်ပုဒ်များ

## ကလာပ်ဖွဲ့ပုံ

၁။ ဆင်း နံ့ ရသာ၊ ဘုတ် ၄-ဖြာ၊ ဩဇာ အဋ္ဌက
လာပ်။

၂။ အသက်နှင့်တကွ၊ ထိုအဋ္ဌ၊ နဝ ရုပ်ကလာပ်။(ဇီဝိတ
နဝမကလာပ်)

၃။ အကြည် ဘာဝ၊ ဟဒယ၊ ဒသရုပ်ကလာပ်
(ဒသကကလာပ် ရှစ်ခု)

၄။ အသံနှင့်တကွ၊ ထိုအဋ္ဌ၊ နဝရုပ်ကလာပ်။ (သဒ္ဒနဝ
ကကလာပ်)

## ကလာပ်နှင့် ရုပ်အရေအတွက်

၁။ နှပ်, တံတွေး, ချွေး, မျက်ရည်-စိတ် ဥတုကြောင့်ဖြစ်သည်၊
အဋ္ဌကလာပ်ရုပ် ၂-ခု၊ ရုပ်ပေါင်း ၆၄-ရသည်။ (၆၄)

၂။ အစာသစ်, အစာဟောင်း, ကျင်ငယ်, ပြည်-ဥတုကြောင့်
ဖြစ်သည်၊ အဋ္ဌကလာပ်ရုပ် ၁-ခုစီ၊ ရုပ်ပေါင်း၃၂-
ရသည်။ (၆၄+၃၂= ၉၆)

၃။ ကြွင်းသော ပထဝီ အာပေါအဖို့ အစု ၂၄-မည်-
ကံဥတု ကြောင့်ဖြစ်သည်၊ ကာယနှင့် ဘာဝဒသက ကလာပ်၂-

http://www.dhammadownload.com



ခုစီ- ကံကြောင့်ဖြစ်သည်၊ အဌ ကလာပ် ၃-ခုစီ-စိတ်ဥ
ဟာကြောင့်ဖြစ်သည်၊ ရုပ်ပေါင်း ၁၀၅၆-ရသည်။
(၉၆+၁၀၅၆= ၁၁၅၂)

၄။ သုံးဆယ့်နှစ်ကောဋ္ဌာ၊ ကလာပ်မှာ၊ တစ်ရာသုံးဆယ်နှစ်။ (၁၃၂)

၅။ ရုပ်ပေါင်း သချာ၊ ထောင့်တရာ၊ စွန်းသာငါးဆယ့်နှစ်။ (၁၁၅၂)

၆။ သန္တပ်, ဒါဟ၊ ဇီရဏ၊ ပါစက မီး ၄-ဖြာ။

၇။ ဆန်, စုန်, ဝမ်း, အူ၊ လှုပ်ပြုမှု၊ သက်ရှူ လေ၆-ဖြာ။

၈။ ပါစကတေဇောသည် ကံကြောင့်သာဖြစ်သည်၊ ဇီဝိတ နဝက ကလာပ်သာရသည်။ (၉)

၉။ ရှူရှိုက်လေသည် စိတ်ကြောင့်သာဖြစ်သည်၊ သဒ္ဒနဝက ကလာပ်သာရသည်။(၉)

၁၀။ ကြွင်းသော တေဇော, ဝါယော အဖို့အစု ရှစ်မည် ကံ, စိတ်, ဥ, ဟာကြောင့်ဖြစ်သည်။ ဇီဝိတ နဝကနှင့် အဌ ကလာပ် ၃-ခုစီ၊ ရုပ်ပေါင်း ၂၆၄-ရသည်။
(၉+၉+၂၆၄= ၂၈၂)

၁၁။ မီး-လေ ဆယ်ရပ်၊ ရုပ်ကလာပ်၊ သိအပ်သုံးဆယ့်လေး။ (ကလာပ် ၃၄)

၁၂။ နှစ်ရာ့ရှစ်ဆယ်၊ နှစ်ခုကယ်၊ မှတ်ဖွယ် ရုပ်သချေ်။ (ရုပ်ပေါင်း ၂၈၂)

၁၃။ ဒွါရ ၆-ဝယ်၊ ရုပ် ၆၀၊ ၆-သွယ် ကလာပ်ပေါင်း။ (ကလာပ် ၆-ခု၊ ရုပ် ၆၀)

၁၄။ တစ်ရာခုနစ်ဆယ်၊ နှစ်ခုကယ်၊ ကိုယ်ဝယ်ကလာပ်

http://www.dhammadownload.com



ပေါင်း။ (၁၃၂+၃၄+၆=၁၇၂ ကလာပ်ပေါင်း)

၁၅။ ကိုးဆယ့်လေးစွန်းသာ၊ ထောင့်လေးရာ၊ ကိုယ်မှာရုပ်အပေါင်း။ (၁၁၅၂+၂၈၂+၆၀= ၁၄၉၄ရုပ်အပေါင်း)

၁၆။ ဝိသုဒ္ဓိမဂ်၊ ထုတ်ဖော်မြွက်၊ ရေတွက်သိစကောင်း။

၁၇။ သံခိပ်တလီ၊ မဟာဋီ၊ ပြင်ပြီ ရှေးနည်းဟောင်း။

၁၈။ ကိုယ်ဒွါရတွက်၊ မတိုးတက်၊ ဝင်ထွက် သံမပေါင်း။

(ဒွါရ၆-ဝယ်၊ ရုပ် ၆၀ဆိုရာ၌ ကာယဒွါရအတွက် ထပ်၍ မတိုးဘဲ ရုပ်၅၀-သာ ယူသည်။ ဝင်သက်ထွက်သက်၌ အသံမပါဘဲ အဋ္ဌကလာပ်ရုပ် ၈-ခုသာ ယူသည်၊ ထို့ကြောင့် ရုပ် ၁၁-ခု လျော့သွားသည်ဟု ဆိုလို၏။)

၁၉။ သဒ္ဒနဝက၊ စိတ်-ဥဇ၊ နှစ်ဝ ထိုးဆင့်လောင်း။

(စိတ္တဇ၊ ဥတုဇ သဒ္ဒနဝက ကလာပ် ၂-ခု၊ရုပ်၁၈-ခု တိုးလာသည်ဟု ဆိုလို၏။)

၂၀။ တစ်ရာ့ခုနစ်ဆယ်၊ သုံးခုကယ်၊ ကိုယ်ဝယ်ကလာပ်ပေါင်း။ (၁၇၃)

၂၁။ တစ်ခုစွန်းသာ၊ ထောင့်ငါးရာ၊ ကိုယ်မှာ ရုပ်အပေါင်း။ (၁၅၀၁)

၂၂။ သံခိပ်မိန့်မှာ၊ ဋီမဟာ၊ သချာလှပေတောင်း။

http://www.dhammadownload.com



# ၁၃၃၀-ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့ ဟောကြားတော်မူသော ခန္ဓာဓမ္မာနုပဿနာတရားတော် ဝိညာဏက္ခန္ဓာ ဆောင်ပုဒ်များ

## စိတ်အစဉ်ဖြစ်နေပုံ

၁။ ဘဝင်ဆင်ခြင်၊ မြင်ပြီးလျှင်၊ ထိုပြင် လက်ခံတုံ။

(ဘဝင်အစဉ်ပြတ်၍ ဆင်ခြင်သော အာဝဇ္ဇန်းစိတ် ဖြစ်သည်၊ ထို့နောင် မြင်သော စက္ခုဝိညာဏ်စိတ်၊ ထို့နောင် လက်ခံသော သမ္ပဋိစ္ဆိုန်းစိတ် ဖြစ်သည်ဟု ဆိုလို၏)

၂။ စုံစမ်း ဆုံးဖြတ်၊ ဇောစိတ်သတ်၊ ၂-ရပ် တဒါရုံ။

(ထို့နောင် စုံစမ်းသော သန္တီရဏစိတ်၊ ထို့နောင် ဆုံးဖြတ်သော ဝုဋ္ဌောစိတ်၊ ထိုနောင်ဇောစိတ်ခုနစ်ကြိမ်၊ထို့နောင် ထိုဇော၏ အာရုံကိုပင် ဆက်လက်အာရုံပြုသော တဒါရုံစိတ် ၂-ကြိမ်ဖြစ်ပြီးနောက် အိပ်ပျော်သွားသကဲ့သို့ ဘဝင် စိတ်အစဉ် ပြန်ဖြစ်သွားသည်ဟု ဆိုလို၏။)

၃။ အဆင်းမြင်လျှင်၊ ဖြစ်ရိုးပင်၊ စိတ်စဉ်မှတ်ပါကုန်။

(မြင်လျှင် ဤစိတ်အစဉ်အတိုင်း ဖြစ်သည်။)

၄။ ကြား, နံ, စား, ထိ၊ မြင်တူ၏၊ မှတ်ဘိစိတ်ဖြစ်ပုံ။

(ကြားလျှင်၊ နံလျှင်၊ စားသိလျှင်၊ ထိသိလျှင် မြင်ခိုက်စိတ် အစဉ်နှင့်တူသည်၊ မြင်ပြီးလျှင် ဟူသော နေရာ၌ ကြားပြီး လျှင်၊ နံပြီးလျှင်၊ စားပြီးလျှင်၊ ထိပြီးလျှင်ဟု ပြင်ဆိုရုံ ယူရုံ မျှသာ ထူးသည်ဟု

http://www.dhammadownload.com



ဆိုလိုသည်။)

၅။ ဆင်ခြင်ပြီးခါ၊ ဇောတဒါ၊ ကြံရာ စိတ်ဖြစ်ပုံ။

(ဘဝအစဉ်ပြတ်၍ ဆင်ခြင်သော အာဝဇ္ဇန်းစိတ်၊ ထို့နောင်ဇောခုနစ်ကြိမ်၊ ထို့နောင် တဒါရုံ ၂-ကြိမ်၊ ဤစိတ်အစဉ်အတိုင်း ကြံသိ ရှုမှတ်သောအခါ ဖြစ် သည်ဟု ဆိုလို၏။)

## ကာမဇောစိတ်များ

၁။ အကုသယ်နှစ်၊ ကုသိုလ်ရှစ်၊ အပြစ်ကောင်းကျိုးပေး။

၂။ ရဟန္တာမှာ၊ ကိရိယာ၊ ကိုးဖြာ ကျိုးမပေး။

၃။ ကာမဇောမျိုး၊ နှစ်ဆယ့်ကိုး၊ ဖြစ်ရိုးကျယ်လှသေး။

## အကုသိုလ်စိတ် ၁၂-ပါး

၁။ လောဘရှစ်, ဒေါနှစ်။ မောလည်းနှစ်၊ ဆယ့်နှစ် အကုမည်။

၂။ ဝမ်းသာ, မသာ၊ ဒိဋ္ဌိနှင့်ယှဉ်, မယှဉ်၊ တိုက်တွန်းမှု ရှိ, မရှိ၊ ခွဲလေဘိ၊ ဖြစ်၏လောဘရှစ်မည်။

၃။ တိုက်တွန်းမှု ရှိတာ၊ မရှိတာ၊ နှစ်ဖြာ ဒေါစိတ်မည်။

၄။ ပျံ့လွင့်, ယုံမှား၊ ဤနှစ်ပါး၊ မှတ်သား မောစိတ်မည်။

## သဟိတ် ကာမ-ကုသိုလ်-ဝိပါက်-ကြိယာ-စိတ် ၂၄-ပါး

၁။ ဝမ်းသာ မသာ၊ ဉာဏ်ယှဉ် မယှဉ်၊ တိုက်တွန်းမှု ရှိ မရှိ၊ ခွဲလေဘိ၊ ဖြစ်၏ ကု-ရှစ်မည်။

၂။ ဝိပါက် ကြိယာ၊ နည်းတူသာ၊ မှတ်ပါ ရှစ်ခုစီ။

http://www.dhammadownload.com



## အဟိတ်စိတ် ၁၈-ပါး

၁။ စုံစမ်းလက်ခံ၊ ငါးဝိညာဏ်၊ နှစ်တန် ဝိပါက်စိတ်။ (ကုသလဝိပါက်၊ အကုသလဝိပါက်စိတ်ဟု နှစ်ပါးစီ ခွဲယူရမည်။)

၂။ စုံစမ်းနှစ်ချက်၊ ကုဝိပါက်၊ တချက် အကုဝိ။ (ထိုတွင် စုံစမ်းစိတ်မှာ ကုသလဝိပါက် ၂-ခု၊ အကုသလဝိပါက် ၁-ခု။

ပေါင်း ၃-ခု ရှိသည်ဟု ဆိုလို၏။)

၃။ ဆင်ခြင် နှစ်ဖြာ၊ ပြုံးရွှင်တာ၊ မှတ်ပါ ကြိယာစိတ်။

၄။ ဤဆယ့်ရှစ်ခုမှာ၊ ဟိတ်ကင်းကွာ ၊ မှတ်ပါအဟိတ်စိတ်။

## တဒါရုံစိတ် ၁၁-ပါး

၁။ စုံစမ်းသုံးချက်၊ ရှစ်ဝိပါက်၊ ရေတွက် တဒါစိတ်။

## မဟာဂ္ဂုတ်စိတ် ၂၇-ပါး

၁။ ရျာန် ကုသိုလ် ၉၊ ဝိပါက် ၉၊ ကြိယာ ၉၊ ပေါင်းမဟာဂ္ဂုတ်စိတ် ၂၇-ပါး။

## လောကီစိတ် ၈၁-ပါး

၁။ ကာမစိတ် ၅၄-ပါး၊ မဟာဂ္ဂုတ်စိတ် ၂၇-ပါး၊ ပေါင်း လောကီစိတ် ၈၁-ပါး။

၂။ ဤလောကီစိတ် ၈၁-ပါးကို ဝိညာဏုပါဒါနက္ခန္ဓာဟု ခေါ်သည်၊ ဤလောကီစိတ်ကိုသာ ဝိပဿနာရှုရသည်။

http://www.dhammadownload.com



# ၁၃၃၀-ပြည့်နှစ်၊ တပေါင်းလပြည့်နေ့မှစ၍ ဟောကြားသော ဓမ္မာနုပဿနာတရားတော်- စေတသိက်ခန္ဓာ ၃-ပါး ဆောင်ပုဒ်များ

စိတ်နှင့် တပေါင်းတည်းဖြစ်သော နာမ်တရားများကို စေကသိတ်လို့ ခေါ်သည်။

## သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး

၁။ အာရုံကို တွေ့တာက ဖဿ။

၂။ အကောင်းအဆိုးကို ခံစားတာက ဝေဒနာ။

၃။ အာရုံကို မှတ်သားတာက သညာ။

၄။ စေ့ဆော်တိုက်တွန်းတာက စေတနာ။

၅။ စူးစိုက်တည်ကြည်တာက ဧကဂ္ဂတာ။

၆။ အသက်ရှင်နေတာက ဇီဝိတိန္ဒြေ။

၇။ နှလုံးသွင်းတာက မနသိကာရ။

ဤ (၇) ပါးမှာ စိတ်တိုင်းနှင့် ယှဉ်သည်။

## ပကိဏ်းစေတသိက် ၆-ပါး

၁။ ကြံစည်တာက ဝိတက်။ (ပဋ္ဌဝိညာဏ်မှတစ်ပါး ကာမစိတ် ၄၄၊ ပထမဈာန်စိတ် ၁၁၊ ပေါင်း ၅၅-ပါးနှင့် ယှဉ်သည်။)

၂။ ဆင်ခြင်တာက ဝိစာရ။ (ဒုတိယဈာန် ၁၁-ပါ ၆၆-ပါးနှင့်ယှဉ်သည်။)

၃။ နှစ်သိမ့်ဝမ်းမြောက်တာက ပီတိ။ (စိတ် ၅၁-နှင့် ယှဉ်

http://www.dhammadownload.com



သည်။)

၄။ အားထုတ်တာက ဝီရိယ။ (စိတ် ၇၃-နှင့် ယှဉ်သည်)

၅။ လိုလားတာက ဆန္ဒ။ (အဟိတ် မောဟမူမှတစ်ပါး ၆၉-နှင့်ယှဉ်သည်။)

၆။ ဆုံးဖြတ်တာက အဓိမောက္ခ။ (ပဉ္စဝိညာဏ် ဝိစိကိစ္ဆာတို့မှတစ်ပါး ၇၈-ပါးနှင့်ယှဉ်သည်။)

ဤ (၆) ပါးမှာ စိတ်အမျိုးမျိုးနှင့် ပြိုးပြွမ်းယှဉ်သည်။

## အကုသိုလ်စေတသိက် ၁၄-ပါး

၁။ အမှန်မသိ-အမှားသိတာက မောဟ။

၂။ မကောင်းမှုမှ မရှက်တာက အဟိရိက။

၃။ မကောင်းမှုမှ မကြောက်တာက အနောတ္တပ္ပ။

၄။ ပျံ့လွင့်တာက ဥဒ္ဓစ္စ။

ဤလေးပါးမှာ အကုသိုလ်စိတ်တိုင်းနှင့် ယှဉ်သည်။

၅။ တပ်မက်လိုချင်တာက လောဘ။ (လောဘမူစိတ်ရှစ်ပါးနှင့် ယှဉ်သည်။)

၆။ အယူမှားတာက ဒိဋ္ဌိ။ (ဒိဋ္ဌိသမ္ပယုတ်စိတ် ၄-ပါးနှင့်ယှဉ်သည်။)

၇။ အထင်ကြီးတာက မာန။ (ဒိဋ္ဌိဝိပ္ပယုတ်စိတ် ၄-ပါးနှင့်ယှဉ်သည်။)

ဤ (၃)ပါးမှာ လောဘစိတ်တို့နှင့်သာ ယှဉ်သည်။

၈။ စိတ်ဆိုးပြစ်မှားတာက ဒေါသ။

၉။ မနာလိုတာက ဣဿာ။

၁၀။ ဝန်တိုတာက မစ္ဆရိယ။

http://www.dhammadownload.com



၁၁။ နောင်တပူပန်တာက ကုက္ကုစ္စ။
ဤ ၄-ပါးမှာ ဒေါသစိတ်တို့နှင့်သာ ယှဉ်သည်။
၁၂-၁၃။ ထိုင်းမှိုင်းပျင်းရိတာက ထိနနှင့် မိဒ္ဓ။ ဤ၂-ပါးမှာ လျှော့လျှည်းသော လောဘစိတ်, ဒေါသစိတ်တို့နှင့်သာ ယှဉ်သည်။
၁၄။ ယုံမှားတာက ဝိစိကိစ္ဆာ။ ဝိစိကိစ္ဆာစိတ် ၁-ပါးနှင့်သာ ယှဉ်သည်။)

## သောဘနသာဓာရဏ စေတသိက် ၁၉-ပါး

၁။ ယုံကြည်တာ ကြည်ညိုတာက သဒ္ဓါ။
၂။ အမှတ်ရတာက သတိ။
၃။ မကောင်းမှုမှ ရှက်တာက ဟိရီ။
၄။ မကောင်းမှုမှ ကြောက်တာက ဩတ္တပ္ပ။
၅။ မတပ်မက် မလိုချင်တာက အလောဘ။
၆။ စိတ်မဆိုး မပြစ်မှားတာက အဒေါသ။
၇။ အညီအမျှ ဖြစ်နေတာက တတြမဇ္ဈတ္တတာ။
၈-၉။ ငြိမ်းအေးတာက ပဿဒ္ဓိ။
၁၀-၁၁။ ပေါ့ပါးတာက လဟုတာ။
၁၂-၁၃။ နူးညံ့တာက မုဒိတာ။
၁၄-၁၅။ ပြုရန် ခံ့တာက ကမ္မညတာ။
၁၆-၁၇။ သန့်စွမ်းတာက ပါဂုညတာ။
၁၈-၁၉။ ဖြောင့်မတ်တာက ဥဇုကတာ။
ဤ ၁၉-ပါးမှာ တင့်တယ်သော စိတ်တိုင်းနှင့်ယှဉ်သည်။
(ဤ၁၉-ပါးတွင် ပဿဒ္ဓိ စသည်တို့ကို ကာယပဿဒ္ဓိ, စိတ္တ

http://www.dhammadownload.com



ပဿဒ္ဓိ စသည်ဖြင့် ၂-ပါးစီ ခွဲ၍ယူရမည်။)

(က) ကုသိုလ်စိတ် ဟိတ်ရှိသော ဝိပါက် ကြိယာစိတ်တို့ကို တင့်တယ်သော စိတ်ဟုခေါ်သည်။

(ခ) အကုသိုလ်စိတ် အဟိတ်စိတ် (ဟိတ်မရှိသောစိတ်) တို့ကို မတင့်တယ်သောစိတ်ဟုခေါ်သည်။

၂၀။ အမှန်ကို သိတာက အမောဟ၊ ဉာဏ်ပညာဟူ၍လည်း ခေါ်သည်။ တင့်တယ်သော စိတ်တို့နှင့် ယှဉ်သည်။

## အပ္ပမညာ စေတသိက် ၂-ပါး

၂၁။ သနားတာက ကရုဏာ၊ သနားခိုက်၌ ဖြစ်သည်။

၂၂။ သူတစ်ပါးကောင်းစားတာကို ကြည်ဖြူဝမ်းမြောက်တာက မုဒိတာ၊ ကြည်ဖြူ ဝမ်းမြောက်ခိုက်၌ ဖြစ်သည်။

## ဝိရတီ စေတသိက် ၃-ပါး

၂၃။ မကောင်းသောစကားကို ကြဉ်ရှောင်တာက သမ္မာဝါစာ။

၂၄။ မကောင်းသောအမှုကို ကြဉ်ရှောင်တာက သမ္မာကမ္မန္တ။

၂၅။ မတရားစီးပွားရှာမှုကို ကြဉ်ရှောင်တာက သမ္မာအာဇီဝ။

ဤ ၃-ပါးမှာကြဉ်ရှောင်လိုတဲ့စိတ်။ မဂ်ဖိုလ် စိတ်တို့နှင့်သာယှဉ်သည်။

(ဂ) သဗ္ဗစိတ္တသာဓာရဏ (၇)ပါး၊ ပကိဏ်း (၆)ပါး၊ အကု

http://www.dhammadownload.com



သိုလ် (၁၄)ပါး၊ သောဘန (၂၅)ပါး၊ ပေါင်း စေတသိက် (၅၂)ပါးဖြစ်သည်။ ဤ (၅၂)ပါးတို့တွင် ဝေဒနာက ဝေဒနာက္ခန္ဓာ၊ သညာက သညာက္ခန္ဓာ၊ ကျန်ငါးဆယ်က သင်္ခါရက္ခန္ဓာ။ ထိုတွင်လည်း လောကီစိတ်တို့နှင့် ယှဉ်သော လောကီစေတသိက် ခန္ဓာတို့ကိုသာ ဝိပဿနာရှုရသည်။

## ၁၃၃၀-ပြည့် နှောင်းတန်ခူးလကွယ်(သင်္ကြန်အတက်)နေ့တွင် ဟောကြားတော်မူသော သုတ်ပေါင်းစု ဝိပဿနာတရားတော် ဆောင်ပုဒ်များ

၁။ စိတ်အလိုကျ၊ လွှတ်ထားက၊ ကာမသုခ နုယောဂ်။
၂။ ပင်ပန်းရုံမျှ၊ အားထုတ်က၊ အတ္တကိလမထာ နုယောဂ်။
၃။ စိတ်တည်ရုံမျှ၊ ရှုနေက၊ သမထဘာဝနာ။
၄။ သတိညာဏ်မြတ်၊ ဖြစ်အောင်မှတ်၊ ဝိပဿနာပါ။
၅။ ခြောက်ဒွါရမှ၊ ပေါ်သမျှ၊ သိက ဝိပဿနာ။
၆။ ယထာဘူတ၊ သိပါမှ၊ မဂ္ဂညာဏ်ပေါ်လာ။

## ယထာဘူတညာဏ်ဖြစ်ပုံ

(၁) မျက်စိလည်းမမြဲ၊ အဆင်းလည်းမမြဲ၊ မြင်သိတာလည်း မမြဲ၊ မြင်တွေ့တာလည်း မမြဲ၊ မြင်လို့ကောင်းတာ မကောင်းတာလည်း မမြဲ။ ဒီလို မှန်စွာသိမှ ဝိပဿနာ ညာဏ်အစစ် ဖြစ်သည်၊ ဝိဇ္ဇာညာဏ် အလင်းပေါက်၍ အဝိဇ္ဇာမှောင် ကင်းပျောက်သည်၊ မဂ်ဖိုလ်နိဗ္ဗာန်သို့

http://www.dhammadownload.com



လည်း ရောက်နိုင်သည်။

(၂) နားလည်းမမြဲ. . အသံလည်း- ကြားသိတာလည်း- ကြားတွေ့တာလည်း- ကြားလို့ကောင်းတာ . . .

(၃) နှာခေါင်းလည်း- အနံ့လည်း- နံသိတာလည်း- နံတွေ့တာလည်း နံလို့ ကောင်းတာ မကောင်းတာ. . .

(၄) လျှာလည်း-အရသာလည်း- စားသိတာလည်း- စားတွေ့တာလည်း- စားလို့ကောင်းတာ. . .

(၅) ကိုယ်လည်း-တွေ့ထိရတာလည်း- ထိသိတာလည်း- ထိတွေ့တာလည်း ထိတွေ့လို့ကောင်းတာ . . .

(၆) နှလုံးလည်း မမြဲ၊ ကြံသိရတာလည်း-ကြံသိတာလည်း-ကြံတွေ့တာလည်း-ကြံစည်စဉ်းစားလို့ ကောင်းတာ မကောင်းတာလည်းမမြဲ။ ဒီလိုမှန်စွာသိမှ ဝိပဿနာဉာဏ်အစစ် ဖြစ်သည်၊ ဝိဇ္ဇာဉာဏ်အလင်းပေါက်၍ အဝိဇ္ဇာမှောင်ကင်းပျောက်သည်၊ မဂ်ဖိုလ်နိဗ္ဗာန်သို့လည်း ရောက်နိုင်သည်။

## အကျဉ်းချုပ်အားဖြင့် သိပုံ

(က) ပေါ်လာသမျှ ရုပ်လည်း မမြဲ၊ နာမ်လည်း မမြဲ၊ ဒီလိုမှန်စွာသိမှ ဝိပဿနာဉာဏ်အစစ်. . .

(ခ) မှတ်သိရတာ ဟူသမျှလည်း မမြဲ၊ မှတ်သိတဲ့စိတ်လည်း မမြဲ၊ ဒီလိုမှန်စွာသိမှ. . .

(ဂ) အနိစ္စ မြင်လျှင် ဒုက္ခထင်သည်၊ ဒုက္ခထင်တော့ အနတ္တ မြင်သည်။

အနတ္တ မြင်၊ နိဗ္ဗာန်ခွင်၊ ပြေးဝင်ဆိုက်ရောက်သည်။

http://www.dhammadownload.com



## ဉာဏ်စဉ်အကျဉ်းချုပ်

မှန်စွာသိမြင်လျှင် ငြီးငွေ့လေတော့သည်၊ ငြီးငွေ့လျှင် တပ်မက်ကင်းလေတော့သည်၊ တပ်မက်ကင်းလျှင် လွတ်မြောက်လေတော့သည်။

## ဆိုင်ရာသာဓကပါဠိအချို့

ဇာနတော အဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံ ဝဒါမိ၊ နော အဇာနတော နော အပဿတော။ (သံ၊ ၂။ ၁၂၄) စက္ခုံ အနိစ္စန္တိ ယထာဘူတံ ပဇာနာတိ။ (သံ၊၂။ ၃၀၂) စက္ခုံ ခေါ ဘိက္ခု အနိစ္စတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။ (သံ၊၂။ ၂၅၉) စက္ခုံ အနဘိဇာနံ အပရိဇာနံ. . အဘဗ္ဗော ဒုက္ခက္ခယာယ။ စက္ခုံ အဘိဇာနံ ပရိဇာနံ. . . ဘဗ္ဗော ဒုက္ခက္ခယာယ။ (သံ၊ ၂။ ၂၄၉) အနိစ္စသညိနော ဘိက္ခဝေ အနတ္တသညာ သဏ္ဌာတိ။ (အံ၊ ၃။ ၁၆၅) ဧဝံ ပဿံ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ။ (သုတ်များစွာ)

http://www.dhammadownload.com

## ဆဋ္ဌသင်္ဂါယနာပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ
## ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး

## ဟောကြားရေးသားပြုစုတော်မူသောတရားစာအုပ်များနှင့် ကျမ်းစာအုပ်များစာရင်း

၁။ ကမ္မဋ္ဌာန်းတရားအားထုတ်ရခြင်း
၂။ ကမ္မဋ္ဌာန်းဆရာတို့၏မှတ်တမ်း
၃။ ကမ္မဝါ
၄။ ကာမသုတ္တန်တရားတော်
၅။ ကမ္ဘာ့သာသနာပြုစာတမ်း
၆။ ကမ္ဘာ့သာသနာပြုတရားတော် (ပ)
၇။ ကမ္ဘာ့သာသနာပြုတရားတော် (ဒု)
၈။ ကမ္ဘာ့သာသနာပြုမွေ့ဒူတခရီး
၉။ ကျွန်တော်(သို့) ၃၃–နှစ် မဟာစည်
၁၀။ ငွေရတုတရားတော်
၁၁။ စူဠဝေဒလ္လသုတ်တရားတော်
၁၂။ တက္ကသိုလ်တရားတော်
၁၃။ တုဝဋ္ဋကသုတ်တရားတော်
၁၄။ ထေရဝါဒတ္တန္တဝိလာသိနီ (ပ)
၁၅။ ထေရဝါဒတ္တန္တဝိလာသိနီ (ဒု)

http://www.dhammadownload.com

၁၆။ ဒုလ္လဘာရဟန်းသစ်များဩဝါဒကထာ
၁၇။ ဓမ္မစကြာ
၁၈။ ဓမ္မဒါယာဒသုတ်တရားတော်
၁၉။ ဓမ္မဒေသနာဆောင်ပုဒ်များ
၂၀။ ဓမ္မဒေသနာစာစောင်များ (ပ)
၂၁။ ဓမ္မဒေသနာစာစောင်များ (ဒု)
၂၂။ ဓမ္မဒေသနာစာစောင်များ (တ)
၂၃။ ဓမ္မဒေသနာစာစောင်များ (စ)
၂၄။ နိဗ္ဗာန်ဆိုင်ရာတရားတော်
၂၅။ နိုင်ငံခြားသာသနာပြုခရီးအတွေ့အကြုံ
၂၆။ ပဋိစ္စသမုပ္ပါဒ် (ပထမတွဲ)
၂၇။ ပဋိစ္စသမုပ္ပါဒ် (ဒုတိယတွဲ)
၂၈။ ပဋိပတ္တိသာသနာ
၂၉။ ပုရာဘေဒသုတ်တရားတော်
၃၀။ ဗုဒ္ဓသာသနာ့အန္တရာယ်ကာကွယ်ရေးတရားတော်
၃၁။ ဗြဟ္မစိုရ်တရားတော်ကြီး
၃၂။ ဗြဟ္မဝိဟာရတရားတော်
၃၃။ ဗောဇ္ဈင်သုတ်တရားတော်
၃၄။ ဘဝပြဲသာသနာ
၃၅။ ဘာရသုတ္တန်တရားတော်
၃၆။ ဘုရားရှိခိုး

http://www.dhammadownload.com

၃၇။ မဟာစည်ဆရာတော်ဘုရားကြီးထေရုပ္ပတ္တိအကျဉ်း (ပထမပိုင်း)
၃၈။ မဟာစည်ဆရာတော်ဘုရားကြီးဓါတ်ပုံ (စက္ကူအထူ)
၃၉။ မဟာစည်ဆရာတော်ဘုရားကြီးဓါတ်ပုံ (စက္ကူအပါး)
၄၀။ မဟာသမယသုတ်၊ (၃)သုတ်တရားတော်
၄၁။ မဟာသတိပဋ္ဌာန်(၃) စောင်တွဲ
(ဓမ္မစကြာ+အနတ္တ+မဟာသတိပဋ္ဌာန်)
၄၂။ မဟာသတိပဋ္ဌာန် ပါဠိ နိဿယ
၄၃။ မဟာသတိပဋ္ဌာန် ဝိပဿနာရှုနည်း (အကျဉ်း)
၄၄။ မာလုကျပုတ္တသုတ်တရားတော်
၄၅။ ရှစ်ဖြာမဂ္ဂင်နိဗ္ဗာန်ဝင်တရားတော်
၄၆။ ဝိပဿနာရှုနည်းကျမ်း (ပ)
၄၇။ ဝိပဿနာရှုနည်းကျမ်း (ဒု)
၄၈။ ဝိပဿနာအလုပ်ပေးတရားတော်
၄၉။ ဝိပဿနာလမ်းညွှန်ကျမ်း
၅၀။ ဝိပဿနာအခြေခံတရားတော်
၅၁။ ဝိသုဒ္ဓိမဂ်-မြန်မာပြန် (ပ)
၅၂။ ဝိသုဒ္ဓိမဂ်-မြန်မာပြန် (ဒု)
၅၃။ ဝိသုဒ္ဓိမဂ်-မြန်မာပြန် (တ)
၅၄။ ဝိသုဒ္ဓိမဂ်-မြန်မာပြန် (စ)
၅၅။ ဝိသုဒ္ဓိနှင့်ဉာဏ်စဉ်တရားတော် (ဆရာကိုင်)

http://www.dhammadownload.com

၅၆။ ဝိသုဒ္ဓိနှင့်ဉာဏ်စဉ်တရားတော်မှ ဆောင်ပုဒ်များ
၅၇။ ဝမ္မိကသုတ်တရားတော်
၅၈။ ဝါကျာဝယ ဝဏ္ဏနာကျမ်း
၅၉။ ဝိနယဝိနိစ္ဆယသင်္ဂဟကျမ်း
၆၀။ ဝတ်ရွတ်စဉ် (မဟာစည်)
၆၁။ ဝိပဿနာရှုနည်းကျမ်းပါဠိသက်သက် (ပ)
၆၂။ ဝိပဿနာရှုနည်းကျမ်းပါဠိသက်သက်(ဒု)
၆၃။ သက္ကပဉ္ဟသုတ်တရားတော်
၆၄။ သမ္မာပရိဗ္ဗာဇနီယသုတ်
၆၅။ သီလဝန္တသုတ်တရားတော်
၆၆။ သလ္လေခသုတ်တရားတော် (ပ)
၆၇။ သလ္လေခသုတ်တရားတော် (ဒု)
၆၈။ သစ္စာလေးပါးတရားတော်
၆၉။ ဟေမဝတသုတ်တရားတော်
၇၀။ ဟောဇဉ်သုတ်
၇၁။ အနတ္တလက္ခဏာသုတ်တရားတော်
၇၂။ အရိယာဝါသ
၇၃။ အဘိဓမ္မာတရားတော်
၇၄။ အာသီဝိသောပမသုတ်
၇၅။ ဩဝါဒအမွေများ
၇၆။ ဩဝါဒကထာပေါင်းချုပ်

http://www.dhammadownload.com

## သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ
## အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

---

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ပရိယတ္တိ ပဋိပတ္တိစွမ်းရည်များ ထင်ရှားထက်မြက်လှပါသည်။ မြတ်ဗုဒ္ဓဟောကြား တော်မူသော တရားဒေသနာနှင့်အညီ ကျမ်းစာအုပ်ပေါင်း(၈၀)ကျော် ရေးသားပြုစုခဲ့ပါသည်။ ဆရာတော် ဘုရားကြီးရေးသားပြုစုခဲ့သည့် ကျမ်းစာအုပ်များသည် သာသနာ တော်အတွက် အကျိုး ကျေးဇူးများလှပါသည်။

ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာတော်ကို ချီးကျူးထောက်ပံ့ လျက်ရှိသော ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်က မဟာစည်ဆရာတော် ဘုရားကြီး၏ ကျမ်းစာအုပ်များကို ပုံနှိပ်ဖြန့်ချိလျက်ရှိပါသည်။ ကျမ်းစာအုပ် များပုံနှိပ်ထုတ်ဝေရာ၌ အဆင့်အတန်းမြင့်မြင့်ဖြင့် ပိုမိုကောင်းမွန်သည်ထက် ကောင်းမွန်အောင် စီစဉ်ဆောင်ရွက် လျက်ရှိပါသည်။

"သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ"ဟု ဘုရားဟောပါဠိလာရှိသည့် အမြတ်ဆုံး အလှူဖြစ်သော "တရားစာအုပ်များလှူဒါန်းလိုပါက" မဟာစည် တရားတော် ပြန့်ပွားရေး ထာဝရပဒေသာပင်တစ်ပင်လျှင် ကျပ် ၅၀၀၀/-ဖြင့် စိုက်ထူလှူဒါန်းနိုင်ပါသည်။ သီးသန့် ငွေပဒေသာပင်စိုက်ထူ၍ မိမိနှစ်သက်ရာ ကျမ်းစာအုပ်ကို ရိုက်နှိပ် လှူဒါန်းလိုပါက (သို့မဟုတ်) အုပ်ရေ ၁၀၀-နှင့်အထက် လှူဒါန်းလိုပါက ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်နှင့် ဆက်သွယ်လှူ ဒါန်းနိုင်ပါကြောင်း။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
မဟာစည်သာသနာ့ရိပ်သာ
အမှတ်(၁၆) သာသနာ့ရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၅၄၁၉၇၁

http://www.dhammadownload.com

၇၇။ လောကဓံတရားတော်
၇၈။ မဟာစည်နှစ်(၅၀)ရွှေရတုတရားညွှန့်ပေါင်း (ပ)
၇၉။ မဟာစည်နှစ်(၅၀)ရွှေရတုတရားညွှန့်ပေါင်း (ဒု)
၈၀။ မဟာစည်နှစ်(၅၀)ရွှေရတုသမိုင်းမှတ်တမ်း
၈၁။ မဂ္ဂင်ရှစ်ပါး
၈၂။ ဝိသုဒ္ဓိမဂ်မဟာဋီကာ
၈၃။ ရာပြည့်မော်ကွန်း
၈၄။ အာဒိတ္တသုတ္တန်တရားတော်